# ချင်းပြည်နယ် ဖွံ့ဖြိုးရေးအတွက် ငါးနှစ်တာ ပံ့ပိုးရေးစီမံချက်နှင့် နယ်မြေဒေသ လူမှုဖွံ့ဖြိုးရေး နှစ်အလိုက် အစီအစဉ် (၂၀၁၆ - ၂၀၂၁)








အောက်တိုဘာ၊ ၂၀၁၄

# ကျေးဇူးတင်လွှာ

ယခုတင်ပြမည့် အစီအစဉ်များသည် ချင်းပြည်နယ်အစိုးရ၊ ချင်းအမျိုးသားတပ်ဦး၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍမှ ကျွမ်းကျင်ကိုယ်စားလှယ်များ၏ ကူညီပံ့ပိုးမှုသာ မပါဝင်ခဲ့ပါလျှင် ဤသို့ ပေါ်ထွက်လာလိမ့်မည် မဟုတ်ပေ။ တွေ့ဆုံမေးမြန်းရာ၌လည်းကောင်း၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးပွဲများ၊ အုပ်စုဖွဲ့မေးမြန်းခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ရာ၌လည်းကောင်း နိုင်ငံနှင့်အဝှမ်း လှုပ်ရှားသွားလာ ပါဝင်ကူညီပေးခဲ့ကြသူများ အားလုံးကို ယခုအစီအစဉ် ရေးသားသူများက အထူးကျေးဇူးတင်ရှိပါသည်။ လုပ်ငန်း၏ အဓိက အစိတ်အပိုင်းအတွက် ဘဏ္ဍာရေးပံ့ပိုးမှုပေးခဲ့သော ဒိန်းမတ်အစိုးရ (Danida) နှင့် နယ်မြေဒေသ လူမှုဖွံ့ဖြိုးရေးအစီအစဉ်အတွက် ဘဏ္ဍာရေး ထောက်ပံ့ပေးခဲ့သော ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့၏ စေတနာရက်ရောမှုကိုလည်း ကောင်းစွာ အသိအမှတ်ပြုပါသည်။

## မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ အသံဖလှယ်ရေးသားမှုအတွက်မှတ်ချက်

မြန်မာမှ အင်္ဂလိပ်ဘာသာစကားသို့ အသံဖလှယ်ပြန်ဆိုရာတွင် တိကျသောစံသတ်မှတ်ချက် မထားရှိထားသည့်အတွက် အမည်နာမ ကဲ့သို့သော အရာများတွင် သင့်တော်သလို စာလုံးပေါင်းရေးသားထားကြောင်း အသိပေးလိုပါသည်။ သို့သော် အနီးစပ်ဆုံးဖြစ်နိုင်သည့် စံသတ်မှတ်ချက်တစ်ခု ချမှတ်ပြီး ကိုက်ညီအောင် အတတ်နိုင်ဆုံး ဖလှယ်ထားပါသည်။

## စာတမ်းအတွဲ

ယခုစာတမ်းသည် အောက်ပါ အတွဲလိုက်ရှိသောစာတမ်းများ၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။

၁။ ချင်းပြည်နယ် ဖွံ့ဖြိုးရေးအတွက် ငါးနှစ်တာ ပံ့ပိုးရေးစီမံချက်နှင့် နယ်မြေဒေသ လူမှုဖွံ့ဖြိုးရေး နှစ်အလိုက် အစီအစဉ် (၂၀၁၆ - ၂၀၂၁)

၂။ ချင်းပြည်နယ် ဖွံ့ဖြိုးရေးအတွက် ငါးနှစ်တာ ပံ့ပိုးရေးစီမံချက်နှင့် နယ်မြေဒေသ လူမှုဖွံ့ဖြိုးရေး နှစ်အလိုက် အစီအစဉ် (၂၀၁၆ - ၂၀၂၁)။ အတွဲ (၂)၊ ဖွံ့ဖြိုးရေးဆိုင်ရာအဆိုပြုချက်များ

၃။ ချင်းပြည်နယ်၏ နယ်မြေဒေသလူမှုဖွံ့ဖြိုးရေးအစီအစဉ် - ချင်းပြည်နယ် ဖွံ့ဖြိုးရေးအတွက် ငါးနှစ်တာ ဘက်စုံ ပံ့ပိုးရေးစီမံချက်များနှင့် နှစ်အလိုက် အစီအစဉ် (၂၀၁၆ - ၂၀၂၁)ကို အထောက်အကူ ပြုပေးမည့် မူဝါဒဆိုင်ရာစာတမ်းများ

၄။ ချင်းပြည်နယ်၏ နယ်မြေဒေသလူမှုဖွံ့ဖြိုးရေးအစီအစဉ် - ချင်းပြည်နယ် ဖွံ့ဖြိုးရေးအတွက် ငါးနှစ်တာ ဘက်စုံ ပံ့ပိုးရေးစီမံချက်များနှင့် နှစ်အလိုက် အစီအစဉ် (၂၀၁၆ - ၂၀၂၁)ကို အထောက်အကူ ပြုပေးမည့် မူဝါဒဆိုင်ရာစာတမ်းများ။ အတွဲ (၂)၊ ဖွံ့ဖြိုးရေးဆိုင်ရာ အဆိုပြုချက်များ

**Myanmar Institute for Integrated Development**
41/7 B, Golden Hill Avenue
Bahan Township
Yangon Myanmar
Contact: info@mmiid.org

**မာတိကာ**


**ဝေါဟာရအညွှန်း** VII

**ပုံ (၁) - ချင်းပြည်နယ်မြေပုံ** IX

**အနှစ်ချုပ်အကြောင်းအရာ** 1

**စီမံကိန်းချဉ်းကပ်ပုံနှင့်နည်းလမ်းများ** 2

**ဖွံ့ဖြိုးရေးအတွက်ဦးစားပေးသင့်သည့်ကဏ္ဍများကိုအသေးစိတ်လေ့လာခြင်း** 4

**စီမံကိန်းအစိတ်အပိုင်းများ** 4

**၁ မိတ်ဆက်ခြင်း** 13

၁.၁။ နည်းလမ်းနှင့် ကဏ္ဍများ 13

၁.၂။ ဖြန့်ဝေရန် 15

**၂။ နောက်ခံအကြောင်းအရာ** 15

၂. ၁။ ချင်းပြည်နယ်၏ နောက်ခံသမိုင်းနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် 15

**၃။ ယနေ့ချင်းပြည်နယ်** 18

၃.၁။ လူဦးရေနှင့် ပထဝီအနေအထား 18

၃.၂။ ရာသီဥတု 18

၃.၃။ မြေအသုံး ချ မှု 19

၃.၄။ စိုက်ပျိုးထုတ်လုပ်ခြင်း 20

၃.၅။ အခြေခံအဆောက်အအုံနှင့် ဆက်သွယ်ရေး 26

၃.၆။ လူမှုဖွံ့ဖြိုးရေး အညွှန်းကိန်း 27

၃.၇။ အုပ်ချုပ်ရေးဖွဲ့စည်းပုံ 28

**၄။ ချင်းပြည်နယ်ကို သက်ရောက်မှုရှိစေသော မြန်မာ့စီမံကိန်းလုပ်ငန်းစဉ်** 29

၄.၁။ အမျိုးသားအဆင့် စီမံကိန်းရေးဆွဲမှု ညွှန်ကြားချက် 29

**၅။ စီမံကိန်း** 32

၅.၁။ စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ် 32

၅.၂။ ချင်းပြည်နယ်တွင် ရင်ဆိုင်ကြုံတွေ့နေရသော အဓိကပြဿနာများ 37

၅.၃။ ဖွံ့ဖြိုးရေးမျှော်မှန်းချက် 41

၅.၄။ ဘက်စုံဖွံ့ဖြိုးရေး စီမံချက်နှင့် နယ်မြေဒေသ လူမှုဖွံ့ဖြိုးရေး အစီအမံ၏ အစိတ်အပိုင်းများ 41

၅.၅။ စီမံကိန်းအဆိုပြုချက်များ - လူမှုရေးလိုအပ်ချက်များကို သတ်မှတ်ခြင်းနှင့် LSP အတွက် ပါဝင်ကူညီခြင်း 46

၅.၆။ မျှော်မှန်း ရလဒ်- LSP ရှေ့ဆောင်လုပ်ငန်းများကောင်အထည်ဖော်မှု 49

**အပိုင်း (ခ) - ကဏ္ဍအလိုက် သုံးသပ်တင်ပြခြင်း 51**

**စိုက်ပျိုးရေး/သဘာဝအရင်းအမြစ် 51**

**၁။ စိုက်ပျိုးရေး - ကြုံတွေ့နေရသောအခြေအနေနှင့်အခွင့်အလမ်းများ 51**

၁.၁။ ရွှေ့ပြောင်းတော်ယာစိုက်ပျိုးမှုခက်အခဲများ 51

၁.၂။ စိုက်ပျိုးရေးတွင် တွေ့ကြုံနေရသော ရာသီဥတုပြောင်းလဲသည့်ဒဏ် 52

၁.၃။ စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ခြင်း 52

၁.၄။ မြေယာအသုံး ချမှုနှင့် ပိုင်ဆိုင်ခွင့် 53

၁.၅။ စိုက်ပျိုးရေးနည်းပညာနှင့် စွမ်းရည်မြှင့်တင်ခြင်း 54

၁.၆။ စိုက်ပျိုးရေးအတွက် နည်းဗျူဟာ 54

၁.၇။ စိုက်ပျိုးရေးစီမံကိန်း 55

**၂။ မွေးမြူရေး ကြုံတွေ့နေရသောအခြေအနေနှင့်အခွင့်အလမ်းများ 56**

၂.၁။ မွေးမြူထု တ်လုပ်ရေးအ တွက် ဗျူဟာများ 57

၂.၂။ မွေးမြူရေးစီမံကိန်း 57

**၃။ ရေလုပ် ငန်း - ကြုံ တွေ့နေရသည့်အ ခြေအနေနှင့် အခွင့်အလမ်းများ 58**

၃.၁။ ငါးမွေးမြူရေးအတွက် နည်းဗျူဟာ 58

၃..၂။ ငါးလုပ်ငန်းစီမံကိန်း 58

**၄။ သစ်တော - တွေ့ကြုံ နေရသော အခြေအနေနှင့်အခွင့်အလမ်းများ 58**

၄.၁။ သစ်တောကဏ္ဍအတွက် မဟာဗျူဟာ 59

၄.၂။ သစ်တောကဏ္ဍအတွက် စီမံကိန်း 59

**အသေးစားနှင့် အလတ်စား လုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် သင်တန်းများ 60**

**၅။ အသေးစားနှင့်အလတ်စားလုပ်ငန်းများ (SME) - တွေ့ကြုံနေရသော အခြေအနေ နှင့် အခွင့်အလမ်း 60**

၅.၁။ စီးပွားရေးလုပ်ကိုင်ရန် သင့်လျော်သောဝန်းကျင် ဖန်တီးပေးခြင်း 61

၅.၂။ စီးပွားရေးလုပ်ကိုင်ရန် အခြားသော စိန်ခေါ်မှုများ 61

၅.၃။ ဈေးကွက်သတင်းအချက်အလက် ဖွံ့ဖြိုးတိုးတက်ခြင်း 62

၅.၄။ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (SME) တိုးချဲ့ခြင်းနည်းဗျူဟာ 63

၅.၅။ အသေးစားနှင့်အလတ်စားလုပ်ငန်းများ (SME)အတွက် စီမံကိန်းများ 63

**၆။ အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် သင်တန်းများ (TVET) - တွေ့ကြုံနေရသည့် အကြောင်းအရာနှင့် အခွင့်အလမ်းများ 64**

၆.၁။  TVET အတွက် နည်းဗျူဟာ 64
၆.၂။ TVET အတွက် စီမံကိန်း 65

**အခြေခံအဆောက်အအုံ 66**

**၇. အခြေခံအဆောက်အအုံ - တွေ့ကြုံနေရသော အကြောင်းအရာနှင့်အခွင့်အလမ်းများ 66**

၇.၁။  အခြေခံအဆောက်အအုံဆိုင်ရာ ကွင်းဆင်းသုတေသနမှ တွေ့ရှိချက်များ 67
၇.၂။ လမ်းတည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး မဟာဗျူဟာ 76
၇.၃။ လမ်းတည်ဆောက်ရေးအတွက် စီမံကိန်းအဆိုပြုချက်များ 77

**၈။ ချင်းပြည်နယ် လေကြောင်းပို့ဆောင်ရေး- ကြုံ တွေ့နေ ရ သည့် အခြေအနေများနှင့်အခွင့်အလမ်း 77**

**၈.၁။ လေကြောင်းပို့ဆောင်ရေးအတွက်နည်းဗျူဟာ 78**

၈.၂။ ချင်းပြည်နယ်တွင်း လေကြောင်းဆက်သွယ်မှုအတွက် စီမံကိန်းအဆိုပြုချက်များ 79

**၉။ လျှပ်စစ်မီး - တွေ့ကြုံ နေရ သ ည့် အခြေအနေနှင့်အခွင့်အလမ်းများ 79**

၉.၁။ လေ့လာတွေ့ရှိချက် - ဟားခါးမြို့တော်သို့ လျှပ်စစ်ဓာတ်အားပေးဝေမှု 79
၉.၂။ ပြန်လည် ပြည့်ဖြိုး မြဲစွမ်းအင် 81

**၁၀။ ရေရရှိမှု - တွေ့ကြုံ နေရသ ည့် အခြေအနေနှင့် အခွင့်အလမ်းများ 81**

၁၀.၁။ လေ့လာတွေ့ရှိချက်ဟားခါး 82
၁၀.၂။ ကျေးလက်ဒေသရေရ ရှိမှု 83
၁၀.၃။ ချင်းပြည်နယ် ရေရရှိရေးအတွက် နည်းဗျူဟာ 84
၁၀.၄။ ဆည်မြောင်းရေသွင်းခြင်း 85

**၁၁။ ခရီးသွားကဏ္ဍ - တွေ့ကြုံနေရသည့် အခြေအနေနှင့် အခွင့်အလမ်းများ 86**

၁၂.၁။ ခရီးသွားကဏ္ဍတိုးတက်ရေးအတွက် နည်းဗျူဟာ 86
၁၂.၂။ သဘာဝအခြေခံခရီးသွားလာရေးအတွက် စီမံကိန်းအဆိုပြုချက်များ 88

**၁၃။ အဖွဲ့အစည်းမှုဘောင်သွင်းခြင်းဆိုင်ရာဓလေ့များပေါ်ထွန်းခြင်း - တွေ့ကြုံနေရသ ည့်အခြေအနေနှင့်အခွင့်အလမ်း 88**

၁၃.၁။ စွမ်းရည်မြှင့်တင်ခြင်း 90
၁၃.၂။ စွမ်းရည်မြှင့်တင်ပေးခြင်းနှင့် အဖွဲ့အစည်းမှုဘောင်သွင်းခြင်းဆိုင်ရာ ဓလေ့များ တိုးတက်စေခြင်း စီမံကိန်းအဆိုပြုချက်များ 90

**အပိုင်း (ဂ) - အလုံးစုံခြုံငုံမိသော ဖွံ့ဖြိုးရေးနည်းဗျူဟာနှင့် စီမံကိန်းအကောင်အထည်ဖော်မှုအတွက် ထောက်ခံချက်များ 91**

**၁။ လူမှုစီးပွားရေး ဖွံ့ဖြိုးမှုအတွက် လူထုဗဟိုပြုနည်းလမ်း 91**

၁.၁။ ကလေးသူငယ်တို့၏ အာဟာရဖွံ့ဖြိုးရေး 92

၁.၂။ အရင်းအမြစ်အခြေပြုနည်းလမ်းဖြင့် ချင်းပြည်နယ် ဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲခြင်း 93

၁.၃။ ဖွံ့ဖြိုးရေးအစီအစဉ်များတွင် လူထုဗဟိုပြုနည်းလမ်းနှင့် အရင်းအမြစ်အခြေပြုနည်းလမ်းတို့ကို ပေါင်းစပ်ခြင်း 94

၁.၄။ စိုက်ပျိုးထုတ်ကုန် တိုးမြင့်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံရေး၊ ကလေးသူငယ် အာဟာရမပြည့်မီခြင်း၊ ဆင်းရဲနွမ်းပါးမှု၊ ကျန်းမာရေးနှင့် စီးပွားရေးအခြေအနေများ တိုးတက်ကောင်းမွန်လာခြင်း 95

၁.၅။ မွေးမြူရေးအ‌ဆန်း ကဏ္ဍ - အရေးပါသော ဝင်ငွေရ "သီးနှံ" နှင့် ဘေးကင်းလုံခြုံရေးအစီအမံ 97

၁.၆။ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများကို စွမ်းရည်မြှင့်တင်ရန်နှင့် ကျား၊ မ လူမှုကဏ္ဍရေးရာနှင့် ချိတ်ဆက်ခြင်း- 98 -

၁.၇။ စီမံကိန်းရေးဆွဲမှု မူဘောင်တွင် ပါရှိသော SMEs ၏ အခန်းကဏ္ဍ 98

၁.၈။ စီမံကိန်းရေးဆွဲမှု မူဘောင်တွင် ပါရှိသော သဘာဝအခြေခံခရီးသွားလုပ်ငန်း၏ အခန်းကဏ္ဍ 99

၁.၉။ စီမံကိန်းရေးဆွဲမှု မူဘောင်တွင် ပါရှိသော အခြေခံအဆောက်အအုံ၏ အခန်းကဏ္ဍ 99

**၂။ အရင်းအမြစ်များ ပြောင်းရွှေ့ခြင်း - ရှိရင်းစွဲ အခွင့်အလမ်းများ 100**

**၃။ နိဂုံးချုပ် 102**

**နောက်ဆက်တွဲ ဇယားများ 103**

**ပါဝင်သောပုံများ**


| | | |
|---|---|---|
| ပုံ (၁) | ချင်းပြည်နယ်မြေပုံ | ix |
| ပုံ (၂) | လစဉ်အပူချိန် အနိမ့်အမြင့် | 19 |
| ပုံ (၃) | လစဉ်မိုးရေချိန်နှင့် မိုးရွာသွန်းသည့် ရက်များ | 19 |
| ပုံ (၄) | ချင်းပြည်နယ်အတွင်း မြေအသုံးချမှု ပိုင်းခြားသတ်မှတ်ခြင်းနှင့် မြေယာအမျိုးအစားများ | 20 |
| ပုံ (၅) | ထွန်ယက်စိုက်ပျိုးမှုပုံစံ | 21 |
| ပုံ (၆) | စိုက်ပျိုးထုတ်လုပ်သော သီးနှံအမျိုးအစား | 21 |
| ပုံ (၇) | ချင်းပြည်နယ်အတွင်း မြို့နယ်များ၏ စားနပ်ရိက္ခာဖူလုံမှုအခြေအနေ | 25 |
| ပုံ (၈) | ချင်းပြည်နယ်၏ ဘဏ္ဍာရေးအသုံးစရိတ်လျာထားချက် (၂၀၁၄-၂၀၁၅) | 32 |
| ပုံ (၉) | ထိခိုက်လွယ်အုပ်စုများ | 42 |
| ပုံ (၁၀) | အိမ်ထောင်စုများ ထိခိုက်လွယ်ဖြစ်ရသည့်အကြောင်းရင်း | 43 |
| ပုံ (၁၁) | ကလေးသူငယ်များ ထိခိုက်လွယ်ရခြင်း | 43 |
| ပုံ (၁၂) | အမျိုးသမီးများထိခိုက်လွယ်ရခြင်း | 44 |
| ပုံ (၁၃) | ဗျူဟာနည်းကျသောအစီအစဉ်နှင့် နယ်မြေဒေသလူမှုဖွံ့ဖြိုးရေးအစီအစဉ်အချိတ်အဆက် | 45 |
| ပုံ (၁၄) | စိုက်ပျိုးရေးအခြေခံစီးပွားနှင့် ထိခိုက်လွယ်အိမ်ထောင်စုများအပေါ် သက်ရောက်မှု | 46 |
| ပုံ (၁၅) | ဆင်ခြေလျှောစောက်များ မတည်ငြိမ်ရခြင်းအကြောင်းရင်း | 67 |
| ပုံ (၁၆) | စနစ်ကျသော ရေအသုံးချစီမံခန့်ခွဲမှုမရှိခြင်း၏ ရလဒ် | 69 |
| ပုံ (၁၇) | မြေပြိုမှုထိန်းချုပ်ခြင်းဆိုင်ရာအသေးစိတ်နည်းလမ်းများ | 71 |
| ပုံ (၁၈) | တန်ဖိုးနည်းကျောက်တမံဖြင့် ဆင်ခြေလျှောက်စောက်များတည်ငြိမ်မှုကို ထိန်းသိမ်းပြပုံ | 72 |
| ပုံ (၁၉) | မြေဆီလွှာ ထိန်းသိမ်းရန်နည်းလမ်းများ အသေးစိတ်သရုပ်ပြပုံ | 73 |
| ပုံ (၂၀) | ကျောက်စရစ်လမ်းတည်ဆောက်ခြင်းလုပ်ငန်းစဉ် | 74 |


**ပါဝင်သောဇယားများ**


| | | |
|---|---|---|
| ဇယား (၁) | ချင်းပြည်နယ်၊ မြို့နယ်ဆိုင်ရာအချက်အလက်များ | 28 |
| ဇယား (၂) | ချင်းပြည်နယ်ဖွံ့ဖြိုးရေး မျှော်မှန်းချက်အတွက် အားသာချက်၊အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ (SWOT)ကို လေ့လာဆန်းစစ်ခြင်း | 34 |
| ဇယား (၃) | လမ်းတည်ဆောက်ခြင်းနှင့်ပုံစံရေးဆွဲခြင်းတို့တွင် စရိတ်လျှော့ချနိုင်သော အခြားသော နည်းလမ်းများအနှစ်ချုပ် | 76 |


**နောက်ဆက်တွဲဇယားများ**


| | | |
|---|---|---|
| နောက်ဆက်တွဲ (၁) | စီမံကိန်းရေးဆွဲမှု လုပ်ငန်းစဉ်အသစ် | 104 |


| | | |
|---|---|---|
| နောက်ဆက်တွဲ (၂) | ချင်းပြည်နယ်၏ (၂၀၁၄-၂၀၁၅) ဘဏ္ဍာနှစ်အတွက် အသုံးစာရင်းလျာထား ချက်နှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို သုံးသပ်ခြင်း | 105 |
| နောက်ဆက်တွဲ (၃) | မြို့နယ်ကော်မတီ ဖွဲ့စည်းပုံ | 109 |

# ဝေါဟာရအညွှန်း

| | |
|---|---|
| **ADB** | (Asian Development Bank) အာရှဖွံ့ဖြိုးရေးဘဏ် |
| **CBO** | (Community-based Organization) ရပ်ရွာအခြေပြုအဖွဲ့အစည်း |
| **CNC** | ( Chin National Conference) ချင်းအမျိုးသားညီလာခံ |
| **CNF** | (Chin Naitonal Front) ချင်းအမျိုးသားတပ်ဦး |
| **CNP** | (Chin National Party) ချင်းအမျိုးသားပါတီ |
| **CDP** | (Comprehensive Development Plan) ဘက်စုံကောင်းမွန်သော စီမံကိန်း |
| **ECCD** | (Early Child Care and Development) ရှေးဦးကလေးသူငယ် စောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးရေး |
| **EFY** | (Elephant Foot Yams) ဝဥ |
| **FAO** | (Food and Agriculture Organization) စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ |
| **GAD** | (General Administration Department) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| **GRET** | (Groupe de Recherche et d'Echanges Technologique) နည်းပညာဖလှယ်ရေးနှင့် သုတေသနအဖွဲ့ |
| **ICIMOD** | (International Centre for Integrated Mountain Development) အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးရေးအဖွဲ့အစည်း |
| **ICT** | (Information Communication Technology) သတင်းအချက်အလက် ဆက်သွယ်ရေး နည်းပညာ |
| **INGO** | (International Non Governmental Organization) နိုင်ငံတကာ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်း |
| **JICA** | (Japan International Cooperation Agency) ဂျပန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ |
| **KFW** | Kreditanstalt fuer Wiederaufbau [German Bank for Reconstruction] ပြန်လည်တည်ဆောက်ရေး ဂျာမန်ဘဏ် |
| **KOICA** | (Korea International Cooperation Agency) ကိုရီးယား နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ |
| **LIFT** | (Livelihood and Foods Security Trust Fund) အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့ |
| **LSP** | (Local Social Plan) နယ်မြေဒေသ လူမှုဖွံ့ဖြိုးရေးအစီအမံ |
| **MICS** | (Myanmar Multiple Indicator Cluster Survey) မြန်မာနိုင်ငံ ကဏ္ဍစုံအညွှန်းကိန်းများ စစ်တမ်း |
| **MIID** | (Myanmar - Institute for Integrated Development) မြန်မာနိုင်ငံဘက်စုံဖွံ့ဖြိုးရေး သုတေသနအဖွဲ့အစည်း |
| **MDRI** | (Myanmar Development Resource Institute) မြန်မာဖွံ့ဖြိုးရေး အရင်းအမြစ် အဖွဲ့အစည်း |
| **MIMU** | (Myanmar Information Management Unit) မြန်မာ သတင်းအချက်အလက် စီမံခန့်ခွဲမှု အဖွဲ့ |
| **NGO** | (Non Governmental Organization) အစိုးရမဟုတ်သော အဖွဲ့အစည်း |
| **NSA** | (Non State Actors) နိုင်ငံပြုမဟုတ်သောဇာတ်ကောင်များ |
| **NCDP** | ဘက်စုံအမျိုးသား ဖွံ့ဖြိုးရေး စီမံကိန်း |
| **QSEM** | (Qualitative Social Economic Monitoring) လူမှုစီးပွားရေးအခြေအနေကို အရည်အသွေးအားဖြင့် စောင့်ကြည့်လေ့လာခြင်း |
| **SALT** | (Sloping Agriculture Land Technology) တောင်စောင်းတောင်ယာစိုက်ပျိုးနည်းပညာ |
| **SEE** | (State Economic Entreprise) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ |
| **SME** | (Small and Medium Enterprises) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ |
| **SPPRG** | (Social Policy and Poverty Research Group) လူမှုဖွံ့ဖြိုးရေးမူဝါဒနှင့် ဆင်းရဲနွမ်းပါးမှုလေ့လာသော သုတေသနအဖွဲ့ |
| **SRG** | (Self Reliance Group) ကိုယ့်အားကိုယ်ကိုးအဖွဲ့ |
| **TMC** | (Township Management Committee) မြို့နယ်စီမံခန့်ခွဲရေးကော်မတီ |
| **TMAC** | (Township Municipal Affairs Committee) မြို့နယ်စည်ပင်သာယာရေးရာ ကော်မတီ |
| **TDSC** | (Township Development Supportive Committee) မြို့နယ် ထောက်ကူပြုကော်မတီ |
| **TPIC** | (Township Planning and Implementation Committee) မြို့နယ်စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ရေး ကော်မတီ |

| | |
|---|---|
| **USDP** | (Union Solidarity and Development Party) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **WFP** | (World Food Programme) ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် |
| **WG** | (Working Group) လုပ်ငန်းတာဝန်ယူဆောင်ရွက်သောအဖွဲ့ |
| **WS** | (Workshop) အလုပ်ရုံဆွေးနွေးပွဲ |

# ပုံ (၁) - ချင်းပြည်နယ်မြေပုံ




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

# အနှစ်ချုပ်အကြောင်းအရာ

ချင်းပြည်နယ်အတွက် ဘက်စုံဖွံ့ဖြိုးရေးအစီအစဉ် (CDP) နှင့် နယ်မြေဒေသလူမှုဖွံ့ဖြိုးရေး အစီအမံများ (LSP) မှာ ချင်းပြည်နယ်အစိုးရနှင့် မြန်မာနိုင်ငံဘက်စုံဖွံ့ဖြိုးရေးသုတေသန အဖွဲ့အစည်း (MIID)တို့ကြား သဘောတူညီမှုဖြင့် ထွက်ပေါ်လာခဲ့ရခြင်း ဖြစ်သည်။ ဒိန်းမတ်အစိုးရ(DANIDA) က စီးပွားရေးဆိုင်ရာ လေ့လာမှုအတွက် ဘဏ္ဍာရေး ပံ့ပိုးပေးခဲ့ပြီး၊ ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ကမူ လူမှုကာကွယ်ရေးလေ့လာချက်အတွက် ရန်ပုံငွေကူညီပေးခဲ့ပါသည်။ အဆိုပါ အစီအစဉ်များတွင် ချင်းပြည်နယ်အစိုးရနှင့် ဒေသခံများက ၎င်းတို့၏ လိုအပ်ချက်အပေါ် မူတည်ပြီး ဦးစားပေး ထည့်သွင်းထားသော စီမံကိန်းအဆိုပြုချက်များနှင့် အစီအစဉ်များ ပါဝင်ပါသည်။ ယင်းအစီ အစဉ်များကို ချင်းပြည်နယ် အစိုးရရေးဆွဲထားသော စီမံကိန်းများနှင့်လည်း ကိုက်ညီအောင် ပြင်ဆင်ထားပြီး ပြည်ထောင်စု အစိုးရ ထံသို့တင်ပြမည့် ဘက်စုံအမျိုးသား ဖွံ့ဖြိုးရေး စီမံကိန်း (NCDP) နှင့် ချိတ်ဆက်မည့် ချင်းပြည်နယ်ဖွံ့ဖြိုးရေး ငါးနှစ်တာ စီမံကိန်း (၂၀၁၆ - ၂၀၂၁)အတွက်လည်း အထောက်အကူဖြစ်စေရန် ရေးဆွဲ ထားပါသည်။

# ဗျူဟာနည်းကျအရေးပါမှုအခြင်းအရာ

ချင်းပြည်နယ်သည် မြန်မာနိုင်ငံအနောက်ပိုင်းတွင် တည်ရှိပြီး အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းဒေသကြီးများနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။ ခန့်မှန်းခြေလူဦးရေ ၄၇၈၆၉၀ ဦး[၁] နေထိုင်လျှက်ရှိကာ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဒုတိယအငယ်ဆုံးပြည်နယ်ဖြစ်သည်။ ပြည်နယ်၏ လူနေသိပ်သည်းမှုမှာ အလွန်နည်းပါးပြီး ၎င်းအခြင်းအရာကပင် ချင်းပြည်နယ်လူထု၏ လူမှုရေးနှင့် စီးပွားရေး အခြေအနေများကို အဆုံးအဖြတ်ပေးနိုင်သော အရေးပါသည့် အကြောင်းတစ်ရပ်ဖြစ်နေပါသည်။

ပထဝီအနေအထားအရ တောင်ပေါ်ဒေသဖြစ်သဖြင့် ချင်းပြည်နယ်ကို “ချင်းတောင်တန်း” ဟူ၍ လူသိများပါသည်။ တောင်တန်းများသည် ပြည်နယ်တလျှောက် မြောက်မှတောင်သို့ သွယ်တန်းနေပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၀၀၀ မှ ပေ ၈၀၀၀ ခန့်အထိ မြင့်မားကာ ပေ ၁၀၅၀၀ ခန့် (၃၂၀၀ မီတာခန့်) မြင့်သော နတ်မတောင် (ခ) ဂိတိုရိယ တောင်ထွတ်မှာ အမြင့်ဆုံးဖြစ်ပါသည်။ တောင်များမှာ ကျဉ်းမြောင်းမတ်စောက်သော လျှိုမြောင်များနှင့်ဖြစ်ပြီး စိုက်ပျိုးရေးလုပ်နိုင်သော မြေပြန့်အနည်းငယ်သာ ရှိပါသည်။ မြေမျက်နှာသွင်ပြင်မှာ အလွန်ကြမ်းတမ်းသောကြောင့် လမ်းပန်းတည်ဆောက်ရေးနှင့် စိုက်ပျိုးရေးတို့တွင် အခက်အခဲဖြစ်စေသဖြင့် ဒေသခံတို့၏ အလုံးစုံသောဘဝတိုးတက်မှုကို ဟန့်တားစေပါသည်။

ပဋိပက္ခနှစ်ကာလများကျော်လွန်၍ ချင်းအမျိုးသားတပ်ဦးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရတို့အကြား ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးပြီးသည့် နောက်ပိုင်းတွင် ပြည်ထောင်စုအစိုးရနှင့် ချင်းလူထုအကြား ဖြေရှင်းရမည့် နိုင်ငံရေး၊ စစ်ရေး၊ တိုင်းရင်းသားနှင့် ယဉ်ကျေးမှုဆိုင်ရာ အရေးကိစ္စများ၊ ဘာသာရေးနှင့် လူ့အခွင့်အရေးကိစ္စရပ်တို့ကို ဆွေးနွေးရန် အခွင့်အရေး ရလာခဲ့ပါသည်။ ဤနည်းအားဖြင့် အစိုးရနှင့် ချင်းပြည်နယ်လူထုအကြား ပူးပေါင်းဆောင်ရွက်မှုများရှိလာစေရန် အခြေအနေကောင်းများ ပေါ်ထွန်းစေခဲ့ပါသည်။ အဆိုပါအခြေအနေကောင်းများသည် ချင်းပြည်နယ် ရပ်ရွာလူထု၏ လူမှုစီးပွားရေး ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖန်တီးပေးခဲ့သည်။ ထိုအခွင့်အရေးကို အမိအရဖမ်းဆုပ်ကာ အစွန့်ရှည်ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် ချင်းပြည်နယ်လူထု လူမှုစီးပွားရေး တိုးတက်မှုကို ဆောင်ကြဉ်းပေးမည့် ဒေသဖွံ့ဖြိုးရေး ရေ့ပြေးအစီအစဉ်များတွင် ထည့်သွင်းရန်အလွန်အရေးကြီးပါသည်။

[၁] လူဦးရေနှင့် အိမ်ထောင်စုသန်းခေါင်စာရင်း၊ ၂၀၁၄ ခုနှစ်

ပြည်ထောင်စုအစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့အကြား သဘောတူညီမှုများတွင် ချင်းပြည်နယ်ဒေသခံတို့၏ လူမှုရေးနှင့် စီးပွားရေး ဦးစားပေးဆောင်ရွက်ရမည့် အချက်များကို ဦးတည်ထားပါသည်။

- ဖွံ့ဖြိုးရေးအတွက် ဦးစားပေးစီမံချက်များ ဆုံးဖြတ်ရာတွင် ချင်းပြည်နယ်ဒေသခံများ ပူးပေါင်းပါဝင်ရန်
- သတင်းနှင့် ဆက်သွယ်ရေးနည်းပညာသစ်များနှင့် ကွန်ပြူတာအသုံးချခြင်းစွမ်းရည် တိုးမြှင့်လုပ်ဆောင်ရန်
- ခရီးသွားကဏ္ဍမြှင့်တင်ရန်
- အခြေခံလူမှုအဆောက်အအုံများဖြစ်သော ရေ၊ မီး၊ ကျန်းမာရေး၊ ပညာရေးနှင့် စားနပ်ရိက္ခာဖူလုံရေးတို့ ပြည့်စုံရေးအတွက် ပံ့ပိုးပေးရန်
- ချင်းပြည်နယ်အတွင်း အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ပေးရန်
- အနည်းဆုံး လေဆိပ်တစ်ခု တည်ဆောက်ပေးရန်

ဖော်ပြပါဦးစားပေးအစီအစဉ်များသည် ဒေသဖွံ့ဖြိုးရေးအတွက် သုံးသပ်သင့်သော အစီအမံများပါဝင်သည့် ဘက်ပေါင်းစုံထိရောက်မှု ရှိစေသော မူဘောင်တစ်ခုကို ဖြည့်ဆည်းပေးပါသည်။ အထူးသဖြင့် ပထမအချက်ဖြစ်သော "ဖွံ့ဖြိုးရေးအတွက် ဦးစားပေးစီမံချက်များ ဆုံးဖြတ်ရာတွင် ချင်းပြည်နယ်ဒေသခံများ ပူးပေါင်းပါဝင်ရန်" အချက်နှင့် လက်ရှိလုပ်ငန်းစဉ်တို့မှာ ဆက်စပ်မှုရှိပါသည်။ ဆိုခဲ့သည့်အတိုင်း အစီအစဉ်ရေးဆွဲခြင်းနှင့် ဦးစားပေးသင့်သည်များ သတ်မှတ်ရာတို့တွင် လူထုအားလုံးတပြေးညီပါဝင်ရေးကို လုပ်ငန်း၏အချက်အခြာအဖြစ် သတ်မှတ်ထားပါသည်။

# ချင်းပြည်နယ် ဒေသလူမှုဖွံ့ဖြိုးရေးအစီအမံနှင့် ဘက်စုံဖွံ့ဖြိုးရေး အစီအစဉ်အတွက် ပံ့ပိုးမှုများ

ဒေသလူမှုဖွံ့ဖြိုးရေးအစီအမံနှင့် ဘက်စုံဖွံ့ဖြိုးရေးအစီအစဉ်အတွက် ပံ့ပိုးမှုများ ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်မှာ ချင်းပြည်နယ်အစိုးရ၏ နှစ်စဉ်နှင့် ရေလတ် လူမှုစီးပွားရေးအစီအစဉ်များ ပြင်ဆင်ခြင်း လုပ်ငန်းစဉ်များတွင် လူထုပါဝင်လာနိုင်စေရန် လမ်းကြောင်းပေးလို၍ ဖြစ်ပါသည်။ ဤနည်းလမ်းဖြင့် ချင်းပြည်နယ်အစိုးရက ပြည်ထောင်စုအစိုးရ၏ ရှေ့ပြေးမူဝါဒဖြစ်သော လူထုဗဟိုပြုဖွံ့ဖြိုးရေးကို ရှေ့ဆောင် ဆောင်ရွက်ပြခဲ့ခြင်းဖြစ်ပါသည်။ သမ္မတကြီး ဦးသိန်းစိန် ဆိုခဲ့သည့်အတိုင်း ယခုနည်းလမ်းမှာ ရှေ့ဆက်မည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် စီးပွားရေးတိုးတက်မှုကိစ္စရပ်တို့အတွက် ပြည်နယ်၊ တိုင်းဒေသကြီးနှင့် မြို့နယ်များ၏ အရေးပါမှုကို အထူးအလေးပေးရာလည်း ရောက်ပါသည်။ ဆယ်လတာ သုတေသနနှင့် စီမံကိန်း ရေးဆွဲခြင်းကာလတွင် စီမံကိန်းနှင့်ဆက်နွှယ်သူများ၏ လူမှုဘဝကာကွယ်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းတို့လိုလားသော မျှော်မှန်းချက်များ ပြည့်စုံနိုင်ရန် လိုအပ်သော လုပ်ငန်းများ သတ်မှတ်ရာတွင် ကူညီပေးနိုင်ခဲ့သည်။

### စီမံကိန်းချဉ်းကပ်ပုံနှင့် နည်းလမ်းများ

ငါးနှစ်တာ စီမံကိန်းကို အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံချက်နှင့် ကိုက်ညီအောင် ရေးဆွဲထားပြီး ချင်းပြည်နယ်ဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၆ - ၂၀၂၁)ကို များစွာ အထောက်အကူပြုစေပါသည်။ စီမံကိန်းအတွက် ကြိုတင်ပြင်ဆင်မှုများကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း ဆောင်ရွက်ခဲ့ပြီး အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ သက်ဆိုင်သူများအနေဖြင့် အောက်ခြေလူထုနှင့် ချိတ်ဆက်ပါဝင်နိုင်သော ပုံစံဖြင့် လမ်းဖွင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ စတင်မိတ်ဆက်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပခဲ့ပြီး၊ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်ငိုင် ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်၍ ၎င်း၏အဖွဲ့ဝင်များစွာတို့

တက်ရောက်ခဲ့ကြသည်။ ဒေါက်တာဆွေခါး (ပူးတွဲအထွေထွေအတွင်းမှူး၊ ချင်းအမျိုးသားတပ်ဦး)က ၎င်း၏မိန့်ခွန်းတွင် လူ့အခွင့်အရေးအခြေခံ ဖွံ့ဖြိုးရေးသဘောတရားများနှင့် စီမံကိန်းရေးဆွဲမှုတွင် ပါဝင်သင့်သော ငြိမ်းချမ်းရေး တည်ဆောက်ရေးတို့ကို အလေးထားပြောကြားသွားခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ဖွံ့ဖြိုးရေးဦးစားပေး အစီအစဉ်များ သတ်မှတ်နိုင်ရန် ဒေသ၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ (SWOT)အပေါ် လေ့လာဆန်းစစ်ခဲ့ကြပါသည်။

| **ချင်းပြည်နယ်ဖွံ့ဖြိုးရေးမျှော်မှန်းချက်အတွက် SWOT လေ့လာဆန်းစစ်မှု** | |
|---|---|
| **အားသာချက် - အားပြုတည်ဆောက်ရန်** | **အားနည်းချက် - အလေးထားပြုပြင်ရန်** |
| • ဘုရားကျောင်းများအပါအဝင် တောင့်တင်းခိုင်မာပြီး အသွေးအရောင်စုံလင်သောအရပ်ဘက်အဖွဲ့အစည်း<br>• မြေယာကြွယ်ဝမှုနှင့် စိုက်ပျိုးရေးဖြစ်ထွန်းနိုင်ခြေများ<br>• သဘာဝအလှအပနှင့် ခရီးသွားလုပ်ငန်း အတွက် ရှင်းသန့်သော ပတ်ဝန်းကျင်အနေအထား<br>• တည်ငြိမ်ပြီးသဟဇာတဖြစ်သောလူမှုဝန်းကျင်ကြောင့် အပစ်အခတ်ရပ်စဲရေး အတည်တကျ ဖြစ်ခြင်း<br>• လူသားအရင်းအမြစ်အတွက် ပညာရေး | • လမ်းပန်းအဆောက်အအုံနှင့်ဆက်သွယ်ရေး နိမ့်ကျခြင်း<br>• ကျောင်းနှင့် ကျန်းမာရေးထောက်ကူပစ္စည်းစသော လူမှုအခြေခံအဆောက်အအုံများ နိမ့်ကျခြင်း<br>• ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကြေးနန်းဆက်သွယ်ရေးနှင့် ဓာတ်အားလျှပ်စစ် စသော နည်းပညာ အဆောက်အအုံတို့ နည်းပါးခြင်း<br>• ဈေးကွက်သို့လက်လှမ်းမီနိုင်မှု အားနည်းခြင်း<br>• ရုပ်ပိုင်းနှင့် ဉာဏပိုင်း သီးခြားတည်ရှိခဲ့ခြင်းအခြားသော အားနည်းချက်များ<br>• ပညာရေးသို့လက်လှမ်းမီနိုင်မှု နည်းပါးခြင်း (အတန်းပညာ အဆင့်အားလုံးပါဝင်သည်)<br>• လုပ်သားအင်အားမလုံလောက်ခြင်း၊ ကျွမ်းကျင်လုပ်သား ရှားပါးခြင်းနှင့် ဦးနှောက်ယိုစီးမှုပြဿနာ<br>• အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အရင်းအနှီးနည်းပါးခြင်း<br>• နည်းပညာနှင့် ကျွမ်းကျင်မှု မပြည့်စုံခြင်း<br>• မြေယာသယံဇာတကို အသုံးချမှုနည်းပါးခြင်းနှင့် ထုတ်လုပ်မှုနည်းပါးခြင်း (ရွှေ့ပြောင်းစိုက်ပျိုးမှု)<br>• မျိုးနွယ်နှင့် ဘာသာစကား ကွဲပြားမှုများ<br>• သစ်တောနှင့် သဘာဝဝန်းကျင် ပျက်စီးမှု - တောမီး၊ ရွှေ့ပြောင်းတောင်ယာ၊ သစ်တောပြုန်းခြင်းများ |
| **အခွင့်အလမ်းများ - အမိအရဆုပ်ကိုင်ရန်** | **ခြိမ်းခြောက်စိန်ခေါ်မှုများ- စီမံခန့်ခွဲပြီးလျှော့ချရန်** |
| • နယ်စပ်ကုန်သွယ်ရေးအတွက် အိန္ဒိယနှင့် နီးကပ်စွာ တည်ရှိခြင်း<br>• စိုက်ပျိုးရေးနှင့် သဘာဝအခြေခံ ခရီးသွားလာရေး အတွက် သဘာဝအရင်းအမြစ်များ ပေါများခြင်း<br>• ပြင်ပအကူအညီအတွက် ဆွဲဆောင်မှုများ<br>• လွတ်လပ်ခိုင်မာသော သတင်းပြန်ကြားရေး<br>• ကြေးနန်းဆက်သွယ်ရေးနှင့် အင်တာနက်တို့သည် ဒေသအထီးကျန်မှုကို လျှော့ချစေနိုင်သည်။ | • ပြင်းထန်သောရာသီဥတု - မြေပြိုခြင်းများ<br>• ပထဝီအနေအထားအရ ဝေးလံခေါင်းပါးခြင်း<br>• ရာသီဥတုဖောက်ပြန်ခြင်း<br>• ပြင်ပသို့ရွှေ့ပြောင်းနေထိုင်ခြင်းကြောင့် ဦးနှောက်ယိုစီးမှုပြဿနာ<br>• သင်ကြားရေး သင်ထောက်ကူများ မရှိခြင်း<br>• သင်ကြားရေး အရည်အသွေး နိမ့်ကျခြင်း |

**ဖွံ့ဖြိုးရေးအတွက် ဦးစားပေးသင့်သည့်ကဏ္ဍများကို အသေးစိတ်လေ့လာခြင်း**

ကဏ္ဍများကို အောက်ပါအတိုင်း ပိုင်းခြားသတ်မှတ်ထားသည်။

- လူမှုဘဝကာကွယ်ရေး
- စိုက်ပျိုးရေး
- အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများ
- သဘာဝအခြေခံ ခရီးသွားလာရေး
- အခြေခံအဆောက်အအုံ
- အဖွဲ့အစည်းမူဘောင်သွင်းခြင်းဆိုင်ရာ ဖလှေ့ဖွံ့ဖြိုးရေး

အဆိုပါကဏ္ဍများသည် ပြည်တွင်းပြည်ပ အတတ်ပညာရှင်များက အစိုးရနှင့် အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့စည်းများမှ ကျွမ်းကျင်သူများနှင့် ပူးတွဲလေ့လာပြီး ချင်းပြည်နယ်တွင် ကျင်းပခဲ့သော အလုပ်ရုံဆွေးနွေးပွဲ (၉) ခုမှ ဒေသခံလူထု၏ အကြံပေးချက်များနှင့်အတူ ပေါ်ထွက်လာရခြင်း ဖြစ်သည်။ ပိုင်းဖွဲ့ဆွေးနွေးခြင်းဖြင့် ဒေသခံလူထုနှင့်တိုင်ပင်နီးနောကာ ၎င်းတို့ နေ့စဉ်ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ဖော်ထုတ်ပြီး ဖွံ့ဖြိုးရေးအတွက် ဦးစားပေးဖြေရှင်းသင့်သည်များကို ရှင်းလင်းစွာ သိမြင်လာ ခဲ့ရပါသည်။ ဒေသခံလူထုက တင်ပြသော ၎င်းတို့၏လိုအပ်ချက်နှင့် မျှော်မှန်းချက်များအပေါ် မူတည်၍ ကျွမ်းကျင်ပညာရှင်အဖွဲ့က ဖွံ့ဖြိုးရေးကဏ္ဍ တစ်ခုချင်းစီအလိုက် ဖွံ့ဖြိုးရေးအဆိုပြုချက်များကို ပြင်ဆင်ပေးခဲ့ပါသည်။ ယင်းအဆိုပြုလွှာများကို စီမံကိန်းနှင့် အဓိကသက်ဆိုင်သည့်သူများက ၂၀၁၄ ခုနှစ်၊ မတ်လတွင် ကျင်းပသော "အရေးပါအဆင့်သတ်မှတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ"တစ်ခုတွင် ပြန်လည်သုံးသပ်ကာ သဘောတူညီခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသော ရလဒ်အပေါ်မူတည်ပြီး နယ်မြေဒေသလူမှုဖွံ့ဖြိုးရေး အစီအမံနှင့် စီမံကိန်းအတွက် အစီရင်ခံစာမူကြမ်းကို ပြင်ဆင်နိုင်ခဲ့သည်။ ထိုအစီရင်ခံစာများ အနှစ်ချုပ်ကို ချင်းပြည်နယ်ဝန်ကြီးအဖွဲ့နှင့် ဌာနဆိုင်ရာခေါင်းဆောင်များကို ၂၀၁၄ ခုနှစ်၊ ဖွန်လတွင် ကျင်းပသော အစည်းအဝေးတွင် တင်ပြခဲ့ပြီးဖြစ်ပါသည်။ ဝန်ကြီးချုပ်က ၎င်းအစည်းအဝေးကို သဘာပတိအဖြစ် ဦးဆောင်ပြီး အဆိုပြုလွှာများကိုလည်း လက်မှတ်ရေးထိုးပေးပြီး ဖြစ်ပါသည်။ ချင်းပြည်နယ်အတွက် ဘက်စုံဖွံ့ဖြိုးရေး အစီအစဉ်ကို အထောက်အကူပြုမည့် အဓိကအဆိုပြုချက်များကို သဘောတူကြောင်း ဆုံးဖြတ်ပေးခဲ့ပါသည်။

**စီမံကိန်းအစိတ်အပိုင်းများ**

**လူမှုဘဝကာကွယ်ရေး -** ချင်းပြည်နယ် ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းစဉ်အတွက် အဓိကအစိတ်အပိုင်းဖြစ်သော နယ်မြေဒေသလူမှုဖွံ့ဖြိုးရေး အစီအမံအတွက် ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့(Unicef)က ပံ့ပိုးပေးခဲ့ပါသည်။ ချင်းပြည်နယ်အတွက် ဒေသလူမှုဖွံ့ဖြိုးရေးအစီအမံမှာ မြန်မာနိုင်ငံတွင် ပထမဆုံးဖြစ်ပြီး အခြားပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဆင့်ပွားဆောင်ရွက်နိုင်စေရန် အတွေ့အကြုံနှင့် သင်ခန်းစာများ ပြန်လည်သင်ယူနိုင်မည့် ရှေ့ပြေးလုပ် ငန်းရပ်အဖြစ် ရေးဆွဲထားပါသည်။ ဤလုပ်ငန်းစဉ်မှတဆင့် ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့သည် မြန်မာနိုင်ငံအဝှမ်းရှိ ကလေးများ၏ လူမှုဘဝကာကွယ်ရေး မူဝါဒဖြစ်ထွန်းရေးအတွက် ပြည်ထောင်စုအစိုးရကို ထောက်ကူပေး သွားမည်ဖြစ် သည်။

စီမံကိန်းတွင် အဓိကသက်ဆိုင်မည့်သူများ၏ ဆွေးနွေးအကြံပေးချက်အရ နယ်မြေဒေသ လူမှုဖွံ့ဖြိုးရေးအစီအမံ(LSP) ကို ပြင်ဆင်ခဲ့ပါသည်။ လတ်တလောရင်ဆိုင်နေရသော အခက်အခဲများနှင့် ဒေသ၏ အားသာ၊ အားနည်းချက်များအပေါ်မူတည်ပြီး အရေးပါသည်များ သတ်မှတ်ခြင်း၊ ကွင်းဆင်းသုတေသန ဆောင်ရွက်ခြင်းနှင့် စီမံကိန်းအတွက် ဦးစားပေးအချက်များ ထုတ်နုတ်မှုကို အောက်ပါအဆင့်များအတိုင်း ဆောင်ရွက်ပါသည်။

- ပြည်နယ်အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများကို စီမံကိန်းအတွက် တာဝန်ယူမှုရှိစေခြင်း
- စီမံကိန်းတွင် အဓိကပါဝင်ပတ်သက်သူမည့်သူများကို သတ်မှတ်ခြင်းနှင့် တရားဥပဒေနှင့်ဖျူဟာရေးရာ အကြောင်းအရာများကို သဘောပေါက်နားလည်ရန် ကြိုးစားခြင်း

- ရရှိနိုင်သော ကိန်းဂဏန်းအချက်အလက်များ အပါအဝင် စာရွက်စာတမ်းများကို လေ့လာသုံးသပ်ခြင်း
- မြို့နယ်နှင့်ကျေးရွာများတွင် ကွင်းဆင်းသုတေသနဆောင်ရွက်ခြင်း
- တွေ့ရှိချက်များကို အတည်ပြုခြင်း၊ အရေးပါသည့်အချက်များ သတ်မှတ်ရွေးထုတ်ခြင်းနှင့် စီမံကိန်းအတွက် သဘောတူညီချက် ရယူခြင်း

လူထုဆွေးနွေးပွဲရလဒ်များအရ ကလေးများ၊ အမျိုးသမီးများ၊ မသန်စွမ်းများနှင့် သက်ကြီးရွယ်အိုများကို ချင်းပြည်နယ်၏ ထိခိုက်လွယ်အုပ်စုအဖြစ် သတ်မှတ်ထားပါသည်။ အထူးသဖြင့် မိဘမဲ့သူ၊ မသန်စွမ်းသောသူ၊ အာဟာရချို့တဲ့သူ၊ ကျန်းမာရေးချို့တဲ့သူ (ငှက်ဖျားနှင့်ဝမ်းရောဂါခံစားရသူများ)နှင့် ပညာသင်ကြားရန်ခက်ခဲသော ကလေးငယ်များမှာ အလွန်ထိခိုက်လွယ်သော အင်အားနည်းအုပ်စုဖြစ်ပါသည်။ ထို့အတူ အမျိုးသမီးအခွင့်အရေးကို မသိရှိခြင်းနှင့် လက်မခံခြင်း၊ ၎င်းတို့၏အခွင့်အရေး ပြည့်ဝစွာမရခြင်းနှင့် မိသားစုဝင်ငွေအပေါ် ထိန်းချုပ်နိုင်ခွင့် နည်းခြင်း၊ အိမ်တွင်း အကြမ်းဖက်ခံဘဝ ရောက်ရှိနေခြင်း၊ လူထုနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်နိုင်မှုနည်းခြင်း၊ သားဆက်ခြားစီမံကိန်းနှင့် ကလေးမမွေးဖွားမီနှင့် မွေးဖွားပြီး ကျန်းမာရေးပြုစုစောင့်ရှောက်မှု အစီအမံများ လက်လှမ်း မှီသဖြင့် ၎င်းတို့၏ မျိုးပွားခွင့်ကို အထူးကန့်သတ်ခံရခြင်းတို့ကြောင့် အမျိုးသမီးများမှာလည်း ထိခိုက်လွယ်သူများ ဖြစ်နေရပါသည်။ မသန်စွမ်းသူများထဲတွင် မသန်စွမ်းကလေးငယ်ဆိုလျှင်လည်း ကျောင်းများတွင် ၎င်းတို့၏ အခွင့်အရေးကို အသိအမှတ်ပြုမှု နည်းပါးခြင်း၊ မသန်စွမ်းတို့အတွက် အစိုးရ၏ပံ့ပိုးမှုဖြင့် လူမှုဘဝကာကွယ်ရေး အစီအမံ မရှိခြင်း၊ မသန်စွမ်းတို့အတွက် ကိုယ်စားပြုအရေးဆိုပေးမည့် အဖွဲ့အစည်းနည်းပါးခြင်း တို့ကြောင့် ၎င်းတို့ကို ထိခိုက်လွယ်သူများအဖြစ် သတ်မှတ်ထားပါသည်။ သက်ကြီးရွယ်အိုများသည် နိုင်ငံတော်မှ ၎င်းတို့အတွက် ထောက်ပံ့မှု နည်းပါးခြင်း၊ မိသားစုဝင်များကိုသာ မှီခိုနေရခြင်း၊ အမှီခိုခံမိသားစုကလည်း စီးပွားရေးအခြေမခိုင်ခြင်းနှင့် သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပံ့ပိုးမှုနည်းပါးခြင်းတို့ကြောင့် ထိခိုက်လွယ်အုပ်စုတွင် ပါဝင်နေရခြင်း ဖြစ်သည်။

နယ်မြေဒေသ လူမှုဘဝဖွံ့ဖြိုးရေး အစီအမံသည် စီးပွားရေးကြောင့် လူမှုဘဝတွင် ထိခိုက်မှုရှိသော ကိစ္စရပ်များကို အလေးထားစဉ်းစားပါသည်။ ထို့ကြောင့် ရပ်ရွာလူထု၏ ဘဝကို ရိုက်ခတ်မှုရှိသော စီးပွားရေးအကြောင်းအရာများနှင့် ၎င်းတို့ လက်လှမ်းမီနိုင်သော လုပ်ငန်းကိစ္စတို့ကို ထည့်သွင်းစဉ်းစားရပါသည်။ သို့ဖြစ်ပါ၍ နယ်မြေဒေသ လူမှုဘဝကာကွယ်ရေးအစီအမံမှ တွေ့ရှိချက်များသည် စီမံကိန်းလုပ်ငန်းစဉ်တစ်ခုလုံးနှင့် ချိတ်ဆက်နေပြီး ဤအစီရင်ခံစာ၏ အရေးပါသော အစိတ်အပိုင်းလည်း ဖြစ်ပါသည်။

အဆိုပါထိခိုက်လွယ်အုပ်စုနှင့် ၎င်းတို့နှင့် ပူးတွဲလုပ်ကိုင် နေသော ရပ်ရွာအခြေပြုအဖွဲ့အစည်းများက တင်ပြလာသော လူမှုဘဝပြဿနာများကို တုန့်ပြန်ဆောင်ရွက်ရန် လူမှုဘဝကာကွယ်ရေးအစီအမံက နည်းဗျူဟာတစ်ရပ်ကို အဆိုပြုထားပါသည်။ အဆိုပါနည်းဗျူဟာတွင် ထိခိုက်လွယ်အုပ်စုများ၏ ခံနိုင်ရည်ကို ပံ့ပိုးမြှင့်တင်ပေးမည့် အဆိုပြုချက်များစွာ ပါဝင်ပါသည်။ ယင်းတို့မှာ (က) စွမ်းရည်မြှင့်တင်ပေးခြင်း၊ (ခ) ကလေးသူငယ်အခွင့်အရေး၊ (ဂ) အမျိုးသမီး အခွင့်အရေး၊ (ဃ) မသန်စွမ်းသူများ၏ အခွင့်အရေး၊ (င) ကျန်းမာရေးနှင့်အာဟာရဆိုင်ရာ ကျယ်ပြန့်သော ကိစ္စရပ်များ ရှုထောင့်မှ တင်ပြထားခြင်းဖြစ်သည်။ အောက်ပါနယ်ပယ်များအလိုက် စီမံကိန်းမြုပ်နှံဆောင်ရွက်မှုများ ပြုလုပ်ရန် အဆိုပြုထားသည်။

- စွမ်းရည်မြှင့်တင်ပေးခြင်း – လူမှုဘဝကာကွယ်ရေး အခြင်းအရာနှင့် ထိခိုက်လွယ်အုပ်စုများ၏ အခွင့်အရေးကို ပိုမိုသဘောပေါက်နားလည်စေရန်၊ ပညာရေးသို့လက်လှမ်းမီနိုင်မှုနှင့် သင်ကြားရေး အရည်အသွေး တိုးတက်ကောင်းမွန်စေရန် ဦးတည်ဆောင်ရွက်ပါမည်။
- ကလေးသူငယ်အခွင့်အရေး - အာဟာရတိုးရန်နှင့် ချင်းဘာသာစကား သင်ကြားမှုအပါအဝင် ရှေးဦး ကလေးသူငယ်ဖွံ့ဖြိုးရေးအတွက် နည်းလမ်းများကို တိုးမြှင့်ဆောင်ရွက်ပါမည်။
- အမျိုးသမီးအခွင့်အရေး - အမျိုးသမီးတို့၏ မျိုးပွားခြင်းဆိုင်ရာအခွင့်အရေး၊ ယင်းတို့၏ လူမှုဘဝနှင့် ဆုံးဖြတ်ချက်ချက်ရာတွင် ပါဝင်နိုင်မှုတို့ကို တိုးမြှင့်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းများ တိုးပွားစေရန် ပံ့ပိုး ပေးပါမည်။

- မသန်စွမ်းသူများအခွင့်အရေး - မသန်စွမ်းကလေးငယ်များ ပညာသင်ကြားနိုင်ခွင့်နှင့် မသန်စွမ်းသူများအတွက် ကိုယ်စားပြုအရေးဆိုခြင်းများ ပေါ်ထွန်းရန် ပံ့ပိုးပေးခြင်းတို့ကို ဦးတည်ဆောင်ရွက်ပါမည်။
- ကျန်းမာရေး - သင်တန်းဆင်း ကျွမ်းကျင်လုပ်သားများ ခန့်ထားခြင်းဖြင့် ကျန်းမာရေးဂန်ထမ်းလစ်လပ်မှုကို လျှော့ချပေးရန်၊ ငှက်ဖျားနှင့် အူရောင်ငန်းဖျားကဲ့သို့သော ကူးစက်ရောဂါများ ဖြစ်ပွားမှုနှင့် ကလေးသူငယ်များတွင် အဖြစ်များသော အဓိကရောဂါများကို လျှော့ချရန်နှင့် ထိန်းချုပ်ရန် ဆောင်ရွက်ပါမည်။

နယ်မြေဒေသ လူမှုဘဝဖွံ့ဖြိုးရေးအစီအစဉ်အောက်တွင် စီမံကိန်းအဆိုပြုလွှာ (၁၄) ခု ပါဝင်ပြီး အမေရိကန်ဒေါ်လာ ၈.၃ သန်း ရင်းနှီးမြှုပ်နှံပါမည်။

**စိုက်ပျိုးရေး -** စိုက်ပျိုးရေးသည် ချင်းပြည်နယ်၏ အဓိကစီးပွားရေးဖြစ်ပြီး စိုက်ပျိုးရေးကို အသက်မွေးဝမ်းကျောင်းအဖြစ် မှီခိုနေရသော ချင်းလူထုအတွက်လည်း အခရာကျပါသည်။ စိုက်ပျိုးရေးအတွက် အသေးစားထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့အတွက် အထောက်အကူပြုမည်ဖြစ်သည်။

လက်ရှိအနေအထားတွင် အိမ်ထောင်စုဂင်များသည် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးကို ကျင့်သုံးကြပြီး ၎င်းတို့မိသားစုဂင်များ လိုအပ်သော စားနပ်ရိက္ခာကိုမူ လုံလောက်စွာ မထုတ်လုပ်နိုင်ကြပေ။ အုပ်ချုပ်ရေးဒေသဂန်းကျင်တွင် လူဦးရေ တိုးပွားလာခြင်း၊ မြေလွတ်မြေရိုင်းဧရိယာများ နည်းပါးလာခြင်းနှင့် မြေဆီလွှာခမ်းခြောက်လာခြင်းတို့ကြောင့် ရိုးရာစိုက်ပျိုးနည်းစနစ်မှာလည်း အသုံးပြုမှုကျဆင်းလာပါသည်။ သို့ဖြစ်၍ သီးနှံအထွက်နှုန်းလျော့ကျပြီး ချင်းပြည်နယ်ရှိ အိမ်ထောင်စုဂင်များမှာ နှစ်စဉ် လပေါင်းများစွာ စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ရင်ဆိုင်ကြရပါသည်။ ချင်းပြည်နယ်မှာ ယခုအခါ ၎င်းတို့၏ လိုအပ်ချက် ၃၀% ကို ဖြည့်ဆည်းပေးနိုင်ရန် တင်ပို့သီးနှံနှင့် ပံ့ပိုးလှူဒါန်းသော ရိက္ခာတို့ကိုသာ အားထားနေရပါသည်။ အဆိုပါအခြင်းအရာမှာ ချင်းပြည်နယ်တွင် လူသိနည်းစွာ လှိုက်စားနေသော ပြဿနာတစ်ရပ် ဖြစ်ပါသည်။ စားနပ်ရိက္ခာပြတ်လပ်ခြင်းသည် လတ်တလောတွင် ချင်းပြည်နယ်ရှိ ကလေးသူငယ် ထက်ဂက်ခန့်၏ ကြီးထွားမှုကို အဟန့်အတားပြုလျှက်ရှိသည်။ ဤအရေးကိစ္စသည် အလွန်အရေးကြီးပြီး အခြားဖွံ့ဖြိုးရေးဦးစားပေး အချက်များထက် ဦးလျင်စွာ ဖြေရှင်းသင့်သည် အရာဖြစ်သည်။

အဆိုပြုထားသော စိုက်ပျိုးရေးအတွက် နည်းဗျူဟာသည် ရိက္ခာထုတ်လုပ်မှုမြင့်မားစေသော အချက်များအပေါ်တွင် မူတည်ရေးဆွဲထားပါသည်။ မျိုးစေ့ကောင်းနှင့် မြေသြဇာအသုံးပြုမှုကို တိုးမြှင့်ခြင်းအားဖြင့် လက်ရှိထုတ်လုပ်မှုကို တိုးတက်အောင် ဆောင်ရွက်မည်ဖြစ်ပါသည်။ ရေရှည်တွင်မူ အသုံးပြုမှုကျဆင်းလာသော ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုအပြင် စီးပွားရေးအတွက် အခြားသောရွေးချယ်စရာ အခွင့်အလမ်းကို ရှာဖွေရမည်ဖြစ်သည်။ လက်ရှိ ကျင့်သုံးနေသော မြေပြန့်လွင်ပြင်တည်ဆောက်ပြီး သီးနှံစိုက်ပျိုးခြင်းနည်းမှာလည်း ကုန်ကျစရိတ်များပြားခြင်းနှင့် သီးနှံအထွက်နည်းခြင်းတို့ကြောင့် အစားထိုးရွေးချယ်စရာ စီးပွားရေးအဖြစ် ရွေးချယ်ရန် မသင့်တော်ပေ။ ရေသွင်းစိုက်ပျိုးရန် အဆင်မပြေလျှင်လည်း ထိုဒေသရှိ လယ်သမားတို့မှာ ရွေးချယ်စရာမရှိ၍ ရွှေ့ပြောင်းတောင်ယာကိုပင် ဆက်လက်လုပ်ကိုင်ကြမည် ဖြစ်သည်။ ထို့ကြောင့် ရွှေ့ပြောင်းတောင်ယာကို အစားထိုးနိုင်မည့် အသုံးစရိတ် နည်းကာ စီးပွားရေးအရ တွက်ခြေကိုက်သော နည်းလမ်းများကို အဆိုပြုထားပါသည်။ အဆိုပါ နည်းလမ်းများတွင် သစ်သီးပင်စိုက်ပျိုးခြင်း၊ ကျွဲ၊ နွား၊ သိုးစသည်တို့ မွေးမြူခြင်း၊ အသေးစား (သို့) လူထုအခြေပြု စီးပွားဖြစ် သစ်တောစိုက်ပျိုးခြင်းတို့ ပါဝင်ပါသည်။ အဆိုပါလုပ်ငန်းရပ်အတွက် အာဏာပိုင်တို့ဘက်မှာ ရေရှည်မြေယာ အသုံးချခွင့်ကို အသေးစားထုတ်လုပ်သူများအတွက် ခွင့်ပြုပေးရန် လိုအပ်ပါသည်။

ထို့ပြင် ရေသွင်းစိုက်ပျိုးနည်းမှာလည်း စားနပ်ရိက္ခာလုံခြုံရေးအတွက် ထိရောက်မှုအရှိဆုံးနည်းလမ်း ဖြစ်ပါသည်။ အကြောင်းမှာ ရေသွင်းစိုက်ပျိုးခြင်းနည်းသည် ရာသီဥတုဖောက်ပြန်မှုကို တန်ပြန်ခံနိုင်ပါသည်။ လက်ရှိတွင် ချင်းပြည်နယ်၌ ရေသွင်းစိုက်ပျိုးဧရိယာအနည်းငယ်သာ ရှိပြီး၊ ကြမ်းတမ်းသော မြေမျက်နှာပြင်များတွင် ရေသွင်းစိုက်ပျိုးမှု မရှိသေးသော်လည်း ၎င်းတို့မှာ စရိတ်နည်း အသေးစား ရေသွင်းစီမံကိန်းများနှင့် စိုက်ပျိုးနိုင်သော အလားအလာရှိသည့် မြေဧရိယာများဖြစ်ပါသည်။ အဆိုပါနည်းစနစ်သည် ဥတုဒဏ်ကို ခံနိုင်ရည်အားကောင်းသော ဒေသစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအတွက် အထောက်အကူပြုမည် ဖြစ်ပြီး "ဥတုရာသီနှင့် လိုက်လျောညီထွေရှိခြင်း" ရန်ပုံငွေ ရရှိရန်လည်း ပံ့ပိုးပေးနိုင်ပါသည်။

၀ဥ စိုက်ပျိုးထုတ်လုပ်မှုမှာ လတ်တလောနှစ်များတွင် တိုးတက်လာ၍ ၎င်းမှာ အလားအလာကောင်းသော စီးပွားဖြစ်သီးနှံ ဖြစ်လာပါသည်။ ဝင်ငွေရသီးနှံစိုက်ပျိုးခြင်းဖြင့် ဒေသအိမ်ထောင်စုများသည် လိုအပ်သော ရိက္ခာကို ဝယ်ယူနိုင်မည်ဖြစ်၍ ယင်းတို့၏ စားနပ်ရိက္ခာပြဿနာကို ဖြေရှင်းပေးနိုင်ပါသည်။ ထို့ကြောင့် သစ်သီးပင်နှင့် စီးပွားဖြစ်သစ် ကဲ့သို့သောဝင်ငွေရအပင်များစိုက်ပျိုးခြင်းနှင့် မွေးမြူရေးလုပ်ငန်းတို့ကို ရွှေ့ပြောင်းတောင်ယာအပြင် အခြားသောရွေးချယ်စရာ လုပ်ငန်းအဖြစ် လုပ်ကိုင်နိုင်ပါသည်။

စိုက်ပျိုးရေးကဏ္ဍအတွက် စုစုပေါင်း စီမံကိန်းအဆိုပြုလွှာ (၉) ခု ပါဝင်ပြီး အမေရိကန်ဒေါ်လာ ၈.၄ သန်း ရင်းနှီး မြှုပ်နှံမည်ဖြစ်သည်။

**မွေးမြူရေး** - ကျေးလက်နေအိမ်ထောင်စု အများစုမှာ မွေးမြူရေးလုပ်ကိုင်ကြသဖြင့် ဤလုပ်ငန်းသည် ၎င်းတို့ စီးပွားရေးအတွက် အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။ ဆင်းရဲသောအိမ်ထောင်စုအတွက်လည်း သီးနှံအထွက်နှုန်းလျော့ကျသည့်အခါ လိုအပ်သော ရိက္ခာဝယ်ယူနိုင်ရန်အတွက် မွေးမြူရေးလုပ်ငန်းဖြင့် အသက်ဆက်နိုင်ပါသည်။ ထို့ပြင် ပညာရေးနှင့် ကျန်းမာရေးအသုံးစရိတ်တို့အတွက်လည်း မွေးမြူရေးမှ ဝင်ငွေဖန်တီးပေးပါသည်။

သို့ရာတွင် မွေးမြူရေးကဏ္ဍအတွက် အကြီးမားဆုံးသော အဟန့်အတားမှာ (က) ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ထိရောက်သော ပံ့ပိုးမှုမရှိခြင်း၊ (ခ) လယ်ယာလုပ်ငန်းတွင် တိရိစ္ဆာန်အစာနှင့် အာဟာရအတွက် ကောင်းမွန်စွာ မဖြည့်ဆည်းပေးနိုင်ခြင်း၊ (ဂ) မွေးမြူရေးလုပ်ငန်း တိုးချဲ့ရန် (သို့) အစပြုရန် ငွေကြေးမရှိခြင်းတို့ ဖြစ်ပါ သည်။ ကြက်နှင့် ဝက်မွေးမြူခြင်းနှင့် စပ်လျဉ်း၍ အသေးစားမွေးမြူရေး ဖွံ့ဖြိုးရန် အလားအလာကောင်းများကို တွေ့မြင်နေရသော်လည်း အသေးစား စီးပွားဖြစ်မွေးမြူရေးအတွက် တိရိစ္ဆာန်အစာစပ်လုပ်ငန်း ကျယ်ပြန့်စွာ မရှိသည်ကို တွေ့ရပါသည်။ ချင်းပြည်နယ်သို့ ကြက်နှင့် ဝက်တို့အတွက် အစာများ တင်သွင်းမှုမှာလည်း ကုန်တင်ခကြောင့် ကုန်ကျစရိတ်ကြီးမားလွန်းနေပါသည်။

မွေးမြူရေးလုပ်ငန်းတွင် အလားအလာကောင်းများ ရှိနေရခြင်းမှာ (က) စွန့်ပစ်သွားသော ရွှေ့ပြောင်းတောင်ယာမြေလွတ်များတွင် ကျွဲ၊ နွား၊ နွားနောက်နှင့် ဆိတ်တို့အတွက် စားကျက်မြေများ ဖန်တီးနိုင်ခြင်း၊ (ခ) ရောဂါကာကွယ်တားဆီးမှုနည်းလမ်းများ မြှင့်တင်ပြီး စရိတ်အနည်းဆုံးဖြင့် ထုတ်လုပ်မှုကို တိုးမြှင့်နိုင်ခြင်း၊ (ဂ) စိုက်ပျိုးမြေများကို မွေးမြူရေးလုပ်ငန်းကြီးအတွက် တစ်လှည့်စီ တဖန်ပြန်လည်အသုံးချခြင်းဖြင့် မြေဆီလွှာကို ထိန်းသိမ်းပေးနိုင်ခြင်းတို့ကြောင့် ဖြစ်သည်။

မွေးမြူရေးဖွံ့ဖြိုးမှုအတွက် စုစုပေါင်းစီမံကိန်းအဆိုပြုလွှာ (၅) ခုပါဝင်ပြီး အမေရိကန်ဒေါ်လာ ၄.၄ သန်း ရင်းနှီး မြှုပ်နှံမည်ဖြစ်ပါသည်။

**ရေလုပ်ငန်း** - အိမ်တွင်းငါးမွေးမြူရေးကို ဒေသခံအိမ်ထောင်စုများ၏ အစာအာဟာရ တိုးပွားရေးအတွက် ဖြည့်ဆည်းပေးနိုင်သော လုပ်ငန်းအဖြစ် ထည့်သွင်းစဉ်းစားနိုင်ပါသည်။ လက်ရှိ ချင်းပြည်နယ်တွင် အသေးစား ငါးမွေးမြူရေးလုပ်ငန်းများရှိသော်လည်း နည်းပညာအသုံးပြုမှု အားနည်းနေပြီးမွေးမြူရေးအတွက် သင့်တော်သော ပတ်ဝန်းကျင်နှင့် ငါးမျိုးစိတ် ရွေးချယ်ခြင်းတို့တွင် စနစ်ကျမှု လျော့ရဲနေပါသည်။ ချင်းပြည်နယ်မှာ မိုးရွာသွန်းမှု များပြားသဖြင့် ငါးမွေးမြူ ထုတ်လုပ်ခြင်း တိုးချဲ့ရန် အလားအလာကောင်းများစွာ ရှိနေပါသည်။

ရေလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်မှာ နွမ်းပါးမိသားစုများ ရိက္ခာတိုးပွား ရရှိရန်နှင့် ငါးမွေးမြူရောင်းချခြင်းမှ ဝင်ငွေ ရရှိစေရန် ဖြစ်ပါသည်။ ငါးမွေးကန်မှ ရေများကိုလည်း အိမ်ဝင်းအတွင်းရှိ သီးပင်စားပင်စိုက်ပျိုးရေးတွင် ပြန်လည် အသုံးချနိုင်ပါသည်။

အိမ်တွင်းငါးမွေးမြူရေးအတွက် စီမံကိန်း (၁) ခု အဆိုပြုထားပြီး အမေရိကန်ဒေါ်လာ ၈၅၅၀၀၀ ရင်းနှီးမြှုပ်နှံမည် ဖြစ်သည်။

**သစ်တော** - ချင်းပြည်နယ် သစ်တောကဏ္ဍတွင် ကြုံတွေ့နေရသည်များမှာ (က) ရွှေ့ပြောင်းတောင်ယာ ရာသီစက်ဝန်း တိုတောင်းလာသဖြင့် မိသားစုသုံး ထင်းအဖြစ်စုဆောင်းနိုင်သော သစ်တောမရှိခြင်း၊ (ခ) မြေယာအသုံး

ချခြင်း ဆိုင်ရာ ပြဿနာရပ်များသည် အချို့သော နေရာများတွင် အစုအဖွဲ့ပိုင်သစ်တော ထူထောင်မှုကို အဟန့်အတား ပြုနေခြင်း၊ (ဂ) ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရန်အတွက် အတားအဆီးမရှိ တောမီးရှို့နေခြင်းကြောင့် သစ်တောများ ဆုံးရှုံးရခြင်း၊ (ဃ) အိမ်ထောင်စုအဆင့်မှသည် ပြည်နယ်အဆင့်အထိ ရေရှည်ခိုင်မာသော သစ်တောများ စီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာများ လိုအပ်နေခြင်း တို့ဖြစ်ပါသည်။

ချင်းပြည်နယ်၏ သစ်တောကဏ္ဍသည် အလားအလာကောင်းများစွာကို ဖန်တီးပေးနိုင်ပါသည်။ ထိုအလားအလာကောင်းများသည် ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုစေနိုင်ပါသည်။ သစ်တောများသည် ပြည်နယ်၏ အကြီးမားဆုံး စီးပွားရေးအရင်းအမြစ်ဖြစ်ဖွယ်ရှိပြီး၊ ဖန်တီးပေးနိုင်သော အခွင့်အလမ်းကောင်းများမှာ (က) ရေရှည်ခိုင်မာသော သစ်တော စီမံခန့်ခွဲမှု အလေ့အထများ မိတ်ဆက်ပေးခြင်းဖြင့် အကျိုးကျေးဇူးများ ဆတိုးစေခြင်း၊ (ခ) အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်မြှုပ်နှံခြင်း၊ (ဂ) ထင်းရှူးစေ့၊ သစ်ခွအပါအဝင် အခြားသော ဆေးဘက်ဝင် အပင်များ၊ ဂဉကဲ့သို့သော ကြွယ်ဝသော သစ်တောထုတ်ကုန်များကို ရေရှည်အသုံးပြုနိုင်ရန် ရင်းနှီးမြှုပ်နှံခြင်းတို့ ဖြစ်ပါသည်။

သစ်တောကဏ္ဍတွင် စီမံကိန်း (၃) အဆိုပြုထားပြီး အမေရိကန်ဒေါ်လာ ၂.၂ သန်း ရင်းနှီးမြှုပ်နှံမည် ဖြစ်ပါသည်။

**အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ -** ချင်းပြည်နယ်တွင် စက်မှုလုပ်ငန်းအနည်းငယ်သာ ရှိပြီး အသေးစားနှင့်အလတ်စား စီးပွားရေးကဏ္ဍမှာလည်း ကျဉ်းမြောင်းလွန်းကာ ဖွံ့ဖြိုးမှု နိမ့်ကျလျှက်ရှိပါသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရန် ရင်ဆိုင်နေရသော အခက်အခဲများမှာ (က) အခြေခံအဆောက်အအုံ နိမ့်ကျခြင်း၊ (ခ) ရင်းနှီးမတည်ငွေ မရှိခြင်း၊ (ဂ) နည်းပညာမရှိခြင်း၊ (ဃ) အမျိုးမျိုးသော စိုက်ပျိုးထွက်ကုန်များနှင့် ရိတ်သိမ်းပြီးနောက် ထုတ်ကုန်ထိန်းချုပ်ခြင်းနည်းစနစ် အားနည်းခြင်း၊ (င) စီးပွားရေး ကျွမ်းကျင်မှု နည်းပါးခြင်း၊ (စ) အစိုးရမှ ထိရောက်သော ပံ့ပိုးမှုမရှိခြင်းတို့ ပါဝင်ပါသည်။ သို့ရာတွင် အတားအဆီးများ ရှိနေသော်လည်း ချင်းပြည်နယ်၏ နေရာတော်တော်များများတွင် နိုင်းရအားသာချက်များကိုလည်း တွေ့နိုင်ပါသည်။ အားသာ ချက်များမှာ (က) ရာသီဉတုအခြေအနေအရ တန်ဖိုးမြင့်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း (ဉပမာ - ဟင်းခတ်၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်)၊ (ခ) အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်ရှိ ဈေးများနှင့် နီးကပ်စွာ တည်ရှိခြင်း၊ (ဂ) သစ်နှင့် ပန်းရံအစရှိသော ဆောက်လုပ်ရေးပစ္စည်းများ ထုတ်လုပ်နိုင်ရန် အလားအလာကောင်း ရှိခြင်း၊ (ဃ) ခရီးသွားဧည့်သည်များ မှာယူဝတ်ဆင်ကြသည့် တမူထူးခြားသော ရိုးရာဂျပ်ခုတ်အထည် ရက်လုပ်ခြင်း တို့ဖြစ်ပါသည်။

အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးရေး ဗျူဟာသည် စီးပွားရေးလုပ်ငန်းများ အားကောင်းမှုကို ထောက်ကူပေးသော နည်းနာဉပဒေ ပေါ်ထွန်းရေးနှင့် လုပ်ငန်းများ၊ စက်ရုံများ၏ လိုအပ်ချက်ကို စရိတ်နည်းနည်းနှင့် ဖြည့်ဆည်းပေးနိုင်သော အခြေခံအဆောက်အအုံများ လျှင်မြန်စွာ ပေါ်ထွန်းရေးအတွက် နေရာကောင်းများ ရွေးချယ်သတ်မှတ်ခြင်းတို့ကို ဦးတည်ထားပါသည်။ အထူးသဖြင့် အိန္ဒိယမှ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရန်အတွက် လေ့လာစူးစမ်းမှုများ ထပ်မံပြုလုပ်ရန် လိုအပ်ပြီး၊ ထိုသို့သော ရင်းနှီးမြှုပ်နှံမှုများကြောင့် ထုတ်ကုန်များ တိုးပွားလာကာ မြန်မာနိုင်ငံ၏ အခြားသော ဒေသများနှင့်လည်းကောင်း၊ ဖြစ်နိုင်လျှင် တရုတ်နိုင်ငံသို့တိုင်အောင် ကုန်ပစ္စည်းများ တင်ပို့ရောင်းချနိုင်ရန် ရည်ရွယ်ပါသည်။ ဒေသခံတို့ ရင်းနှီးမြှုပ်နှံရန် အခွင့်ကောင်းတစ်ခုမှာ ဒေသစိုက်ပျိုးရေးထုတ်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် အသွင်ပြောင်းနိုင်ရန်ဖြစ်သည်။

အသေးစားနှင့် အလတ်စား စီးပွားရေးကဏ္ဍအတွက် စီမံကိန်း နှစ်ခု အဆိုပြုထားပြီး အမေရိကန်ဒေါ်လာ ၂.၃ သန်း ရင်းနှီး မြှုပ်နှံမည်ဖြစ်ပါသည်။

**အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် သင်တန်းများ -** ချင်းပြည်နယ်တွင် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်နေသော်လည်း ၎င်းတို့မှာ ကျောင်းသားများ အလုပ်ရရှိစေရန် လိုအပ်သော လက်တွေ့နည်းပညာ ဖြည့်ဆည်းပေးနိုင်ရေးနှင့် ချင်းပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးမှုတွင် အထောက်အကူပေးနိုင်ရေး တို့တွင် အားနည်းလျှက်ရှိပါသည်။ လုပ်ငန်းခွင်ဝင်ရန် လက်တွေ့အတွေ့အကြုံဖြည့်တင်းပေးနိုင်သော အရေးပါသည့် သင်ကြားထောက်ကူ ပစ္စည်းများနှင့် အလုပ်ရုံများ လစ်ဟာနေပါသည်။ သင်တန်းအများစုမှာ သင်တန်းဆင်း လက်မှတ်ပေးနိုင်ရေးကိုသာ ဦးတည်နေပြီး၊ စက်ရုံအလုပ်ရုံ၊ လယ်ယာနှင့် အခြားသော စီးပွားရေးကဏ္ဍတွင် ပါဝင်နိုင်ရန် လိုအပ်ချက်နှင့်မှု ကွာဟနေပါသည်။

အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွံ့ဖြိုးရေး နည်းဗျူဟာတွင် ဦးစွာပထမ သင်တန်းသားများ၊ ယခင်သင်တန်းဆင်းများ၊ စိတ်ပါဝင်စားသူ အလုပ်ရှင်များနှင့် အနီးကပ်တွေ့ဆုံပြီး လက်ရှိ သင်ကြားရေးပုံစံကို အသေးစိတ် သုံးသပ်လေ့လာရန်ဖြစ်ပါသည်။ သင်ထောက်ကူပစ္စည်းများကို တိုးမြှင့်ရုံသာမက စက်ရုံအလုပ်ရုံနှင့် စီးပွားရေးလုပ်ငန်းများမှ လိုအပ်သော ကျွမ်းကျင်သင်တန်းသားများ မွေးထုတ်ပေးနိုင်သည့် သင်တန်းကျောင်း ဖြစ်စေရန်လည်း အရေးကြီးလှပေသည်။ သို့မှသာ ကျွမ်းကျင်အရည်အသွေး ပြည့်ဝနေသည့် သင်တန်းဆင်း ကျောင်းသားများမှာ အလုပ်အကိုင်ရရှိရေးအတွက် အာမခံချက်ရှိမည်ဖြစ်ပါသည်။ နည်းဗျူဟာ၏ ဒုတိယပိုင်းမှာ ဆောက်လုပ်ရေးလုပ်ငန်းခွင် (အထူးသဖြင့် အိမ်ဆောက်ခြင်း) တွင် အရည်အသွေးကျွမ်းကျင်မှု ကွာဟနေခြင်းကို ဖြည့်ဆည်းပေးရန်ဖြစ်ပါသည်။ တတိယပိုင်းမှာ စိုက်ပျိုးရေးထုတ်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန်များသို့ ပြောင်းလဲရန် အစားအသောက် ပြုပြင်ဖန်တီးရေးနည်းပညာနှင့် ပစ္စည်းကိရိယာများ ပံ့ပိုးပေးရန်ဖြစ်ပါသည်။

အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွံ့ဖြိုးရေးအတွက် စီမံကိန်း သုံးခု လျာထားပြီး အမေရိကန်ဒေါ်လာ ၄.၇ သန်း အသုံးပြုမည်ဖြစ်ပါသည်။

**လမ်းပန်းအဆောက်အအုံ -** လမ်းပန်းတည်ဆောက်ရေး စရိတ်ကြီးမြင့်မှုမှာ ချင်းပြည်နယ် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အဓိက အတားအဆီးဖြစ်သည်။ လမ်းပန်းတည်ဆောက်ရေးနှင့် ပြုပြင်ရေးအတွက် အသုံးစရိတ်လျာထားချက်မှာ ပြည်နယ်၏ ဘဏ္ဍာရေးတွင် အကြီးမားဆုံးအစိတ်အပိုင်းဖြစ်သည်။ လမ်းပန်းအဆောက်အအုံ တိုးမြှင့်ရေး နည်းဗျူဟာတွင် ပြည်နယ်အတွင်း ချိတ်ဆက်သော လမ်းများ တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ရန် ပါဝင်ပါသည်။ ချင်းပြည်နယ်၏ စီးပွားရေးကျယ်ပြန့်တိုးတက်စေရန် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို စရိတ်စက သက်သာစွာဖြင့် ထိထိရောက်ရောက် ဗျူဟာနည်းကျကျ တိုးမြှင့်သင့်ပါသည်။ နည်းဗျူဟာ၏ ဒုတိယအချက်မှာ အသစ်တည်ဆောက်သော လမ်းများနှင့် လမ်းဟောင်းပြုပြင်ရေးတို့ကို ချထားပေးသော ဘတ်ဂျက်အတွင်းတွင် ဘက်မျှအောင် ဆောင်ရွက်နိုင်ရေးဖြစ်သည်။ ဆင်ခြေလျှောစောက် တည်ငြိမ်အောင် ပြုပြင်ခြင်း၊ မြေပြိုမှုကို တားဆီးခြင်း၊ ရေနုတ်မြောင်းများ ဖောက်လုပ်ခြင်းနှင့် လမ်းမျက်နှာပြင် ကောင်းမွန်အောင် ဆောင်ရွက်ခြင်းတို့ဖြင့် စရိတ်စက နည်းပါးစွာဖြင့် တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အစီအစဉ် ရေးဆွဲထားပါသည်။

လမ်းပန်းအဆောက်အအုံ စီမံကိန်းအဆိုပြုလွှာများတွင် ထိရောက်သော အစီအစဉ်ရေးဆွဲခြင်း၊ လမ်းတံတား ဒီဇိုင်းပုံကောင်းများ စတင်အသုံးပြုစေခြင်း၊ ပြုပြင်ထိန်းသိမ်းရေးနှင့် ကနဦး ကုန်ကျစရိတ်ကို လျှော့ချပေးနိုင်သော ဆောက်လုပ်ရေး နည်းပညာတို့နှင့် မိတ်ဆက်ပေးနိုင်အောင် စီမံထားပါသည်။

စီမံကိန်း သုံးခု လျာထားပြီး အမေရိကန်ဒေါ်လာ ၃၇ သန်း ကျခံသုံးစွဲမည်ဖြစ်ပါသည်။

**လေကြောင်းပို့ဆောင်ရေး -** စိုက်ပျိုးရေးအခြေခံ အဓိကစီးပွားရေးအပြင် ချင်းပြည်နယ်ရှိ လူငယ်များအတွက် အလုပ်အကိုင် ဖန်တီးပေးနိုင်ရေးအတွက် နိုင်ငံ၏ အခြားသော နေရာများနှင့် လေကြောင်းဆက်သွယ်ရေး တိုးမြှင့်ရပါမည်။ ထိုအစီအစဉ်တွင် လုပ်ငန်းဖြစ်နိုင်ခြေ၊ ချင်းပြည်နယ်အတွင်းနှင့် ချင်းပြည်နယ်ကို မြန်မာနိုင်ငံအနှံ့အပြားသို့ ပြည်တွင်းလေကြောင်း ဝန်ဆောင်မှုဖြင့် ချိတ်ဆက်ခြင်းဖြင့် ရနိုင်သော အခွင့်အလမ်းတို့ကို လေ့လာရန် စီမံကိန်းအဆိုပြုလွှာတစ်ခု ပါဝင်ပါသည်။ ထိုလေ့လာမှုအတွက် အမေရိကန်ဒေါ်လာ ၃၅၀၀၀၀ ကုန်ကျမည်ဟု ခန့်မှန်းထားပါသည်။

**ရေရရှိမှု -** လူမှုဘဝသက်ရောက်မှုများကို တိုးတက်ကောင်းမွန်ရန် အိမ်တွင်းရေရရှိမှုနည်းလမ်းများ မြှင့်တင်ခြင်းကို ဖွံ့ဖြိုးရေးဦးစားပေး အစီအစဉ်အဖြစ် ဆောင်ရွက်သင့်ပါသည်။ သန့်ရှင်းသော သောက်သုံးရေ မရရှိသဖြင့် အူရောင်ငန်းဖျားရောဂါ ဖြစ်ပွားနိုင်ပြီး ချင်းပြည်နယ်မှာ ပြည်ထောင်စုနိုင်ငံတွင် ရေကြောင့်ဖြစ်ပွားသော ရောဂါဝေဒနာ အများဆုံးခံစားရသော ပြည်နယ်ဖြစ်ပါသည်။ ရေရရှိရေး အစီအမံမရှိသည့် ကျေးရွာများတွင် ချင်းအမျိုးသမီးများမှာ မြစ်ချောင်းများမှ ရေကို သယ်ယူနိုင်ရေးအတွက် အချိန်အသုံးပြုရမှုမှာလည်း ပြည်ထောင်စုနိုင်ငံအတွင်းရှိ အခြားပြည်နယ်များထက် ပိုများပါသည်။[၂] အစိုးရက ကျေးလက်နှင့် မြို့ပြ ရေရရှိရေးစနစ်တိုးမြှင့်ရန် ဆောင်ရွက်နေပါသည်။

[၂] UNICEF/MICS ၏ "Myanmar Multiple Indicator Cluster Survey 2009 – 2010" အစီရင်ခံစာ

သို့သော် ရေရရှိရေးတွင် အိမ်တွင်းတစ်ပိုင်တစ်နိုင် စိုက်ပျိုးသော သီးပင်စားပင်အတွက်လည်း ရေပေးဝေနိုင်စေရန် ထည့်သွင်းစဉ်းစားသင့်ပါသည်။ နည်းဗျူဟာတွင် ရေကြောင့်ဖြစ်ပွားသော ရောဂါများကို လျှော့ချရေး ပညာပေးအစီအစဉ်တို့ကို ပံ့ပိုးပေးရန်တို့ ပါဝင်ပါသည်။

**စွမ်းအင် -** ချင်းပြည်နယ်၏စွမ်းအင်ကဏ္ဍတွင် ပြန်လည်အသုံးပြုနိုင်သော ပြည့်မြဲစွမ်းအင် အရင်းအမြစ်များဖွံ့ဖြိုး ရေးကိုအထူး အလေးထား စဉ်းစားသင့်ပါသည်။ အသေးစား ရေအားလျှပ်စစ်နှင့် လေအားလျှပ်စစ်တို့သည် ကျေးလက်များ မီးလင်းရေးအတွက် အားသာချက်များဖြစ်ပါသည်။ ပြည်နယ်အစိုးရအတွက်လည်း ဖွံ့ဖြိုးရေးအတွက် ရှုထောင့်ပေါင်းစုံမှ ချဉ်းကပ်ရာတွင် "စိမ်းရောင်စိုစီမံချက်"ကို ဗျူဟာနည်းကျ အသုံးပြုနိုင်ရန် အခွင့်အလမ်းကောင်းဖြစ်ပါသည်။ ဤနည်းလမ်းသည် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးကို ဖယ်ကြဉ်ပြီး ရေရှည်တည်တံ့သော သစ်တောစီမံခန့်ခွဲမှု အလေ့အထ ဖွံ့ဖြိုးရေးနှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေသော သင့်လျော်သည့် နည်းလမ်းဖြစ်သည်။ ဤနည်းလမ်းသည် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေးနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ လျှော့ချရေးအတွက် နိုင်ငံတကာရန်ပုံငွေ ရရှိစေနိုင်သော နည်းလမ်းလည်း ဖြစ်ပါသည်။ (အရင်းအမြစ်များ ရွှေ့ပြောင်းခြင်းကို အောက်တွင် ကြည့်ရန်)

**ခရီးသွားလာရေး -** ချင်းပြည်နယ်တွင် နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်ရန်နေရာများစွာ ရှိသော်လည်း ခရီးသွားအနည်းငယ်သာ ရှိပါသည်။ ခရီးသွားဧည့်သည်တို့အတွက် အဓိက အခက်အခဲမှာ (က) မြန်မာနိုင်ငံရှိ အခြားသော ဒေသများနှင့် တိုက်ရိုက်လေကြောင်းလိုင်း မရှိခြင်း၊ (ခ) ခရီးသွားလာရေး အုပ်ချုပ်စီမံမှုတွင် အားနည်းခြင်း၊ (ဂ) ခရီးသွားထုတ်ကုန်များ မြှင့်တင်ရာတွင် အားနည်းနေခြင်း၊ (ဃ) ခရီးသွားတို့အတွက် ကောင်းမွန် သောနေရာထိုင်ခင်း၊ အဆောက်အအုံမပြည့်စုံခြင်း၊ (င) ဒေသတွင်ရှိသော ခရီးသွားတို့ လည်ပတ်စရာ နေရာများကိုထိရောက်စွာ မမြှင့်တင်နိုင်ခြင်းတို့ ဖြစ်ပါသည်။

ခရီးသွားကဏ္ဍတိုးမြှင့်ရေး နည်းဗျူဟာတွင် (က) ခရီးသွားလာရေးကို မြှင့်တင်ပေးနိုင်သည့် ဖွဲ့စည်းပုံကောင်းတစ်ခု ပေါ်ထွန်းလာစေရန်၊ (ခ) ခရီးသွားတို့ကို အဓိကဆွဲဆောင်သော အရာများကို ကောင်းစွာစီမံခန့်ခွဲနိုင်ရန်၊ (ဂ) အခြေခံအဆောက်အအုံ တိုးတက်ရန်၊ (ဃ) ကဏ္ဍတစ်ခုလုံးရှိ အဆင့်တိုင်းတွင် ကျွမ်းကျင်သင်တန်းများ ပို့ချရန် တို့ကို ဦးတည်ထားပါသည်။

ခရီးသွားကဏ္ဍတိုးတက်ရေးအတွက် စီမံကိန်းနှင့် လေ့လာရေးအတွက် အဆိုပြုလွှာ ငါးခုပါဝင်ပြီး အမေရိကန်ဒေါ်လာ ၅၃၅၀၀၀ ရင်းနှီးမြှုပ်နှံရန် လိုအပ်ပါသည်။

**အဖွဲ့အစည်းမှုဘောင်သွင်းခြင်းဆိုင်ရာ ဓလေ့ဖွံ့ဖြိုးရေး -** ပြည်ထောင်စုအစိုးရသို့ တင်ပြထားသော စီမံကိန်းမူဘောင်ကို အကျယ်ချဲ့ပြီး အသေးစိတ်လေ့လာသည့်အခါ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ အထူးသဖြင့် မြို့နယ်အဆင့်တွင် လုပ်ငန်းစဉ်အသစ်ကို အကောင်အထည်ဖော်ရန် လုပ်ကိုင်နိုင်စွမ်း လျော့နည်းနေပြီး ရလဒ်များကို တင်ပြရာတွင်လည်း အခက်အခဲရှိကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ချင်းပြည်နယ်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ တို့တွင် အစီအစဉ်ရေးဆွဲ အကောင်အထည်ဖော်ရေးအတွက် စွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာ ပြည့်စုံကောင်းမွန်သော အစီအမံများ လိုအပ်လျက်ရှိပါသည်။ ၎င်းအစီအမံသည် ပြည်ထောင်စုအစိုးရ၏ ဖွံ့ဖြိုးရေးအစီအစဉ်အတွက် ချင်းပြည်နယ်သို့ ချပေးသော ဘတ်ဂျက်ကို ထိရောက်စွာဖြန့်ဝေနိုင်ရေးနှင့် အရင်းအမြစ်များကို အကျိုးရှိရှိ အသုံးပြုနိုင်ရေး မျှော်မှန်းချက် ဖြည့်ဆည်းရေးကို ဦးတည်ပါသည်။ တစ်ချိန်တည်းမှာပင် ပြည်ထောင်စုအစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များသည် ပြည်နယ်အစိုးရများအနေဖြင့် နိုင်ငံတကာအလှူရှင်များထံမှ အလှူငွေများ တိုက်ရိုက်ရရှိစေရန် လမ်းဖွင့်ပေးထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်နယ်အစိုးရတာဝန်ရှိသူများအနေဖြင့် နိုင်ငံတကာ အလှူရှင်များထံမှ ရန်ပုံငွေများတောင်းခံရန် ဖွံ့ဖြိုးရေးအဆိုပြုလွှာများ ပြင်ဆင်ရာတွင် ကျွမ်းကျင်ပိုင်နိုင်စေရန် အရေးကြီးလာပါသည်။

အဆိုပါစီမံကိန်းတွင် ချင်းပြည်နယ်အစိုးရ၏ စီမံကိန်းရေးဆွဲမှု၊ အသုံးစရိတ်လျာထားခြင်း၊ စီမံကိန်းအကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့ကို ထောက်ကူပေးမည့် အဖွဲ့အစည်းမှုဘောင်သွင်းခြင်းဆိုင်ရာ စွမ်းရည်များ မြှင့်တင်ပေးမည့် အဆိုပြုလွှာပါဝင်ပါသည်။ သို့မှသာ ပြည်ထောင်စုအစိုးရနှင့် အလှူရှင်အဖွဲ့အစည်းများထံမှ ရန်ပုံငွေများ တိုးမြှင့်ရရှိစေရန် အထောက်အကူဖြစ်စေပါမည်။

အဆိုပါစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၂၈၀၀၀၀၀ ရင်းနှီးမြှုပ်နှံရန် လိုအပ်ပါသည်။

**အရင်းအမြစ်များ ပြောင်းရွှေ့ခြင်း -** စီမံကိန်းအဆိုပြုလွှာများမှာ ချင်းပြည်နယ်အတွက် ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းနှင့်နယ်မြေဒေသလူမှုဘဝဖွံ့ဖြိုးရေး အစီအမံအတွက် ပြင်ဆင်ထားချက်များဖြစ်ပါသည်။ အဆိုပြုလွှာများသည်ပြည်နယ်အစိုးရထံသို့ ကဏ္ဍပေါင်းစုံပါဝင်သော ဖွံ့ဖြိုးရေးအစီအစဉ်အဖြစ် တစ်စုတစ်စည်းထဲ တင်ပြခဲ့ပြီး အလှူရှင်များထံမှ ပံ့ပိုးမှုရရှိရန် ဖွံ့ဖြိုးရေးရှေ့ပြေးလုပ်ငန်းစဉ်များကို သီးခြားစီ ပေးပို့တောင်းခံရာတွင် အသုံးပြုနိုင်ရန် ရည်ရွယ်ပါသည်။

မြန်မာ့စီးပွားရေးနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူရှင်နှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်း အမျိုးအစား ငါးမျိုး ရှိပါသည်။ (က) ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရများ၊ ရပ်ရွာအခြေပြုအဖွဲ့များ၏ ဆောင်ရွက်ချက်များကို ပံ့ပိုးပေး သည့် အပြန်အလှန်ရှိသော အလှူရှင်အစိုးရများ၊ (ခ) UNICEF, WFP, UNDP, ILO, EC စသော နိုင်ငံတကာ ဘက်စုံပါဝင်သောအဖွဲ့အစည်းများ၊(ဂ)နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းနှင့် ရပ်ရွာအခြေပြုအဖွဲ့များ၊(ဃ) ကမ္ဘာ့ဘဏ်၊ အာရှဘဏ်နှင့် IFAD အစရှိသော နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများ၊ (င) ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ရန်ပုံငွေ (GEF)၊ လိုက်လျောညီထွေရှိခြင်း ရန်ပုံငွေ (the Adaptation Fund) တို့ကဲ့သို့သော ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် IFIs တို့မှ စီစဉ်ကွပ်ကဲသည့် ကမ္ဘာ့နိုင်ငံများရန်ပုံငွေ (Global Fund) တို့ဖြစ်ပါသည်။ အလှူရှင်အဖွဲ့အစည်းတစ်ခုချင်းစီသည် စီမံကိန်းပြင်ဆင်မှုနှင့် အကောင်အထည်ဖော်ရာတို့တွင် ၎င်းတို့လိုလားချက်များကို သီးခြားပြဌာန်းထားကြပါသည်။ ထို့ကြောင့် ပြည်နယ်အစိုးရအနေဖြင့် စီမံကိန်းအဆိုပြုလွှာ ပြင်ဆင်ရာတွင် အလှူရှင်တစ်ဖွဲ့ချင်းစီ၏ လိုလားချက်များနှင့် နှစ်သက်မှုများကို နားလည်သဘောပေါက်ထားရန် လိုအပ်ပါသည်။

**နိဂုံးချုပ် -** ဤစီမံကိန်းအစီရင်ခံစာသည် ချင်းပြည်နယ်၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုနှင့် အဓိကဆက်နွှယ်နေသူများပါဝင်ရေးဆွဲခြင်းဖြင့် ထွက်ပေါ်လာခဲ့ရခြင်းဖြစ်သည်။ အစီအစဉ်ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ချင်းပြည်နယ်၏ စီးပွားရေးအခြေအနေကို ဘက်ပေါင်းစုံမှ လေ့လာခဲ့ပြီး ချင်းပြည်နယ်လူထုနှင့် အစိုးရ ရင်ဆိုင်နေရသော ပြဿနာနှင့် မျှော်မှန်းချက်များကို တွေ့ဆုံဆွေးနွေးပွဲများမှ ရှင်းလင်းစွာ သိမြင်ခွင့်ရခဲ့ပါသည်။ ထို့ကြောင့် စီမံကိန်းသည် စီးပွားရေး တိုးတက်ရေးနှင့် လူထုကို စိန်ခေါ်နေသော ကိစ္စရပ်များကို တုန့်ပြန်ဖြေရှင်းပေးနိုင်မည့် ဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ် ပေါ်ထွန်းရန် အားထုတ်ထားပါသည်။

အစီအစဉ်ရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် နယ်မြေဒေသ လူမှုဘဝဖွံ့ဖြိုးရေး အစီအမံအတွက် လုပ်ဆောင်ချက်များလည်း ပါဝင်ပါသည်။ လူမှုဘဝဖွံ့ဖြိုးရေး အစီအမံအတွက် ပြင်ဆင်ရာတွင် ချင်းပြည်နယ်လူထု နေ့စဉ်ကြုံတွေ့ရသော စားနပ်ရိက္ခာပြတ်လပ်ခြင်း၊ ကလေးများ ပညာသင်ကြားခွင့်နည်းပါးခြင်း၊ ကျန်းမာရေးကုသမှုအတွက် လက်လှမ်းမမီခြင်း အစရှိသော အခက်အခဲများကို မီးမောင်းထိုးပြမည့် လေ့လာဆန်းစစ်ခြင်းတစ်ရပ်ကိုလည်း ပြုလုပ်ခဲ့ပါသည်။ ထိုကိစ္စရပ်များ (အထူးသဖြင့် စားနပ်ရိက္ခာပြတ်လပ်ခြင်း)ကို အလေးထားအသိအမှတ်ပြုပြီး စီမံကိန်း၏ ချဉ်းကပ်ပုံနည်းလမ်းများတွင် ဝတ်မွတ်ခေါင်းပါးမှုနှင့် ရိက္ခာပြတ်လပ်ခြင်းတို့ကို ဖြေရှင်းပေးမည့် နည်းလမ်းများ ထည့်သွင်းထားသည်။ကလေးများအာဟာရပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုကိုဖွံ့ဖြိုးရေးအညွှန်းကိန်းအဖြစ်အသုံးပြုမည် ဖြစ်သည်။

ထွက်ပေါ်လာသော အစီအစဉ်များနှင့် စီမံကိန်း၏ ရည်ရွယ်ချက်မှာ ချင်းပြည်နယ်ဖွံ့ဖြိုးရေးအတွက် ကဏ္ဍအလိုက်မျိုးစုံသောနည်းဗျူဟာများကို တစ်ပေါင်းထဲ စုစည်းပြီး ညီညွတ်မျှတပြီး အားကောင်းသော စီမံချက်များ ထွက်ပေါ်လာစေရေးဖြစ်ပါသည်။ အဆိုပါ တစ်ပေါင်းတစ်စုထဲသော နည်းဗျူဟာကို ပြည်ထောင်စုအစိုးရ ချမှတ်ထားသည့်နိုင်ငံတော်ဦးစားပေးသတ်မှတ်ချက်များနှင့်အညီ ရေးဆွဲထားခြင်းဖြစ်ပါသည်။ လေ့လာဆန်းစစ်မှုမှာ အထူးအရေးပါသော ဖွံ့ဖြိုးရေးမဏ္ဍိုင်နှစ်ခုဖြစ်သည့် **လူမှုဘဝကာကွယ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးမှုအတွက် လိုအပ်ချက်** တို့ကို ဦးတည် ထားပါသည်။

လက်တွေ့တွင် အဆိုပါ ဖွံ့ဖြိုးရေးမဏ္ဍိုင်နှစ်ရပ်မှာ တစ်ခုနှင့်တစ်ခုအပြန်အလှန် ဆက်စပ်မှီခိုနေရပါသည်။ ပြည်ထောင်စုအစိုးရ လိုလားလျှက်ရှိသော လူထုဗဟိုပြုဖွံ့ဖြိုးရေးအရ၊ ချင်းပြည်နယ်တွင် ကြုံတွေ့နေရသော စားနပ်ရိက္ခာပြတ်လပ်ခြင်း အဓိကပြဿနာကြီးကို အရေးပေါ်ဖြေရှင်းပေးရန် လိုအပ်ပါသည်။ စားနပ်ရိက္ခာ ပြတ်လပ်ခြင်းသည် လူမှုဘဝ ပြဿနာအဖြစ် တည်ရှိရုံသာမက နိုင်ငံရေးပြဿနာတစ်ရပ်လည်း ဖြစ်ပါသည်။

ထို့ကြောင့် စီမံကိန်း၏ အစီအစဉ်များသည် လူမှုဘဝဖွံ့ဖြိုးရေး အညွှန်းကိန်းများကို မြင့်တက်စေနိုင်သည့် စီးပွားရေး အခွင့်အလမ်းနှင့် လုပ်ဆောင်ချက်များကို စုစည်းပေးထားပါသည်။ စီမံကိန်းအဆိုပြုချက်များတွင် ဖော်ပြထားသော ရှေ့ဆောင်လုပ်ငန်းစဉ်များအတွက် အမေရိကန်ဒေါ်လာ ၇၀ သန်း ကုန်ကျမည်ဟု ခန့်မှန်းထားပါသည်။ ၎င်းအစီအစဉ်များသည် ချင်းပြည်နယ် အရပ်ဘက်လူ့အဖွဲ့အစည်း၊ ချင်းပြည်နယ် အစိုးရ၊ ချင်းအမျိုးသားတပ်ဦး တို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ထွက်ပေါ်လာရခြင်းဖြစ်သည်။ ထို့ပြင် ပြည်ထောင်စုအစိုးရ၏ ဘက်စုံအမျိုးသားဖွံ့ဖြိုးရေး စီမံကိန်း နှင့် ပြည်နယ်အစိုးရ၏ နှစ်စဉ်နှင့် ရေလတ် အစီအစဉ်များနှင့်လည်း ချိတ်ဆက်မှုရှိပါသည်။ ထိုမှုမက နိုင်ငံတကာအလှူရှင်အဖွဲ့အစည်းများထံမှ လိုအပ်သော ရန်ပုံငွေ ရရှိရန် လျှောက်ထားရာတွင်လည်း ထောက်ကူပေးပါသည်။

# အပိုင်း (က) - စီမံကိန်းချဉ်းကပ်ပုံ

## ၁ မိတ်ဆက်ခြင်း

နယ်မြေဒေသ လူမှုဘဝဖွံ့ဖြိုးရေး အစီအမံ (LSP) ပူးတွဲပါဝင်သော ချင်းပြည်နယ်အတွက် ဘက်စုံဖွံ့ဖြိုးရေး အစီအစဉ် (CDP)သည် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘက်စုံဖွံ့ဖြိုးရေးသုတေသန အဖွဲ့အစည်း (MIID) တို့ သဘော တူညီမှုဖြင့် ထွက်ပေါ်လာသော ရလဒ်ဖြစ်ပါသည်။ ဒိန်းမတ်အစိုးရ(DANIDA) က စီးပွားရေးဆိုင်ရာ လေ့လာမှု အတွက် ဘဏ္ဍာရေးပံ့ပိုးပေးခဲ့ပြီး၊ ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ကမူ လူမှုကာကွယ်ရေး လေ့လာချက် အတွက် ရန်ပုံငွေ ကူညီပေးခဲ့ ပါသည်။ အဆိုပါ အစီအစဉ်များတွင် ချင်းပြည်နယ်အစိုးရနှင့် ဒေသခံများက ၎င်းတို့၏ လိုအပ်ချက်အပေါ် မူတည်ပြီး ဦးစားပေး ထည့်သွင်းထားသော စီမံကိန်းအဆိုပြုချက်များနှင့် အစီအစဉ်များ ပါဝင် ပါသည်။ ယင်းအစီအစဉ်များကို ချင်းပြည်နယ် အစိုးရရေးဆွဲထားသော စီမံကိန်းများနှင့်လည်း ကိုက်ညီအောင် ပြင်ဆင်ထားပြီး ပြည်ထောင်စုအစိုးရ ထံသို့ တင်ပြမည့် ဘက်စုံ အမျိုးသားဖွံ့ဖြိုးရေး စီမံကိန်း (NCDP) နှင့် ချိတ်ဆက်မည့် ချင်းပြည်နယ်ဖွံ့ဖြိုးရေး ငါးနှစ်တာစီမံကိန်း (၂၀၁၆ - ၂၀၂၁)အတွက်လည်း အထောက်အကူ ဖြစ်စေရန် ရေးဆွဲထားပါသည်။

ပြည်ထောင်စုအစိုးရ၏ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှု မူဘောင်နှင့်၊ သမ္မတကြီးဦးသိန်းစိန် ညွှန်ကြားထား သော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး မူဝါဒအတွက် အစီအစဉ် (၈) ရပ်တို့တွင် ရှင်းလင်း တင်ပြ ထားသည့်အတိုင်း နိုင်ငံတော်အစိုးရ၏ စီမံချက်အသစ်များကို လမ်းညွှန်ချက်အဖြစ် မှတ်သား နာယူလျက် မြန်မာနိုင်ငံဘက်စုံ ဖွံ့ဖြိုးရေးသုတေသနအဖွဲ့အစည်း (MIID) သည် ချင်းပြည်နယ်အစိုးရနှင့် ရပ်ရွာအခြေပြု အဖွဲ့မှ တာဝန်ရှိသူတို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ MIID အနေဖြင့် စိန်ခေါ်မှုများ၊ ဖြေရှင်းရန်နည်းလမ်းများ၊ စီမံကိန်းအကောင်အထည်ဖော်ရန် အစီအစဉ်များ ချမှတ်ရာတွင် လူထုဗဟိုပြုနည်းလမ်းဖြင့် လူထုကို ပါဝင်စေလျက် ရေးဆွဲခဲ့ပါသည်။

### ၁.၁။ နည်းလမ်းနှင့် ကဏ္ဍများ

စီမံကိန်းအတွက် ကြိုတင်ပြင်ဆင်မှုများကို အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ သက်ဆိုင်သူများက အောက်ခြေ လူထုနှင့် ချိတ်ဆက်ပါဝင်နိုင်သော ပုံစံဖြင့် လမ်းဖွင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ စတင်မိတ်ဆက်ခြင်း အလုပ်ရုံ ဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပခဲ့ပြီး ဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်များ သတ်မှတ်နိုင်ရန် ဒေသ၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် ခြိမ်းခြောက်မှုများ (SWOT)အပေါ် လေ့လာ ဆန်းစစ်ခဲ့ ကြပါသည်။ ကဏ္ဍများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- လူမှုဘဝကာကွယ်ရေး
- စိုက်ပျိုးရေး
- အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများ
- သဘာဝအခြေခံ ခရီးသွားလာရေး
- အခြေခံအဆောက်အအုံ
- အဖွဲ့အစည်းမူဘောင်သွင်းခြင်းဆိုင်ရာ ဓလေ့ဖွံ့ဖြိုးရေး



*စီမံကိန်းမိတ်ဆက် အလုပ်ရုံဆွေးနွေးပွဲ (ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ချင်းအမျိုးသားတပ်ဦးမှ အထွေထွေ အတွင်းရေးမှူး၊ MIID နှင့် UNICEF အဖွဲ့)*

စတင်မိတ်ဆက်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်ငိုင် ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်၍ ၎င်း၏အဖွဲ့ဝင်များစွာတို့ တက်ရောက်ခဲ့ကြသည်။ ဒေါက်တာဆွေခါး (ပူးတွဲအထွေထွေအတွင်းမှူး၊ ချင်းအမျိုးသား တပ်ဦး)က ၎င်း၏မိန့်ခွန်းတွင် လူ့အခွင့်အရေးအခြေခံ ဖွံ့ဖြိုးရေးသဘောတရားများနှင့် စီမံကိန်းရေးဆွဲမှုတွင် ပါဝင် သင့်သော ငြိမ်းချမ်းရေးတည်ဆောက်ရေးတို့ကို အလေးထားပြောကြားသွားခဲ့သည်။ ၎င်းက "ချင်းပြည်နယ် အတွက် ရေရှည်တည်တံ့မယ့် လူမှုစီးပွားရေး ဖွံ့ဖြိုးရေး နှစ်ရှည်အစီအစဉ်တွေ ရေးဆွဲရာမှာ လူထုရဲ့ လတ်တလော လိုအပ်ချက်တွေကိုလည်း မေ့လျော့ပစ်ပယ်ထားလို့ မရပါဘူး" ဟု ပြောကြားခဲ့ပါသည်။

ကဏ္ဍတစ်ခုချင်းစီအလိုက် စိန်ခေါ်မှုများကို တုန့်ပြန်ဖြေရှင်းရန် လိုအပ်သော ကူညီပံ့ပိုးမှုအတွက် ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များပါဝင်သော သုတေသနအဖွဲ့က လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ ကနဦးကွင်းဆင်းလေ့လာ တွေ့ရှိချက်များကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပခဲ့သော အစီအစဉ်ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် တင်ပြခဲ့ပါသည်။ စီမံကိန်းနည်းလမ်းများကိုလည်း အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ရှင်းလင်းတင်ပြခဲ့ပြီး၊ အစိုးရနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းမှ တက်ရောက်လာသူများက ကဏ္ဍတစ်ခုချင်းစီအလိုက် ဖြစ်ပွားနေသော အခြေအနေ နှင့် အခွင့်အလမ်းများကို ဖော်ထုတ်ပေးနိုင်သော ထပ်မံ လိုအပ်သည့် ကွင်းဆင်းဆောင်ရွက်ချက်များ အတွက် အဆုံးအဖြတ်ပေးခဲ့ပါသည်။

ထို့ကြောင့် ကွင်းဆင်းသုတေသနကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လများတွင် ချင်းပြည်နယ်ရှိ မြို့နယ် (၉) ခုတွင် ဆောင်ရွက်ခဲ့ပါသည်။ သုတေသနအဖွဲ့သည် ကဏ္ဍအလိုက် စိန်ခေါ်မှုနှင့် အခွင့်အလမ်းများကို လေ့လာ ဆန်းစစ်ခဲ့ကြပြီး ဖွံ့ဖြိုးရေးအဆိုပြုချက်များ ပါဝင်သော အသေးစိတ်အစီရင်ခံစာကို ရေးသားခဲ့ပါသည်။ ထိုအဆို ပြုလွှာများကို စီမံကိန်းတွင် အဓိကပါဝင်ဆက်နွယ်မည့်သူများက ၂၀၁၄ ခုနှစ်၊ မတ်လတွင် ကျင်းပသော ဦးစားပေး အရာများ သတ်မှတ်သော အလုပ်ရုံဆွေးနွေးပွဲတွင် လေ့လာသုံးသပ်ခဲ့ပါသည်။

ကဏ္ဍအလိုက် အစီရင်ခံစာများတွင် တွေ့ရှိချက်များကို ထည့်သွင်းဖော်ပြထားပါသည်။ ဦးစားပေးအရာများ သတ်မှတ်သော အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်သူများက အရေးတကြီး ဆောင်ရွက်ရန်လိုသည့်အချက်များနှင့် ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းသင့်သည့် နည်းလမ်းများကို ရှင်းပြပြောဆိုခဲ့ကြပြီး ၂၀၁၄ ခုနှစ် ဖွန်လတွင် သဘော

တူလက်မှတ် ရေးထိုးပေးခဲ့သည်[၇]။ အဆိုပါ စီမံကိန်းစာတမ်းများရေးသားရာတွင် အစီအစဉ်ရေးဆွဲခြင်းနှင့် ဦးစားပေး အရာများ သတ်မှတ်ခြင်းလုပ်ငန်းစဉ် တလျှောက်လုံးတွင် ပါဝင်ခဲ့ကြသော စီမံကိန်းနှင့်သက်ဆိုင်သူများ ထုတ်ဖော် ပြောဆိုသည့် စိုးရိမ်ပူပန်မှုနှင့် မျှော်လင့်ချက်များကို ထင်ဟပ်စေရန် ကြိုးပမ်းထားပါသည်။ အထူးသဖြင့် သဘော တူညီချက်ရယူသည့် အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့(Unicef) နှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများက ပေးခဲ့သော အကြံဉာဏ်များပါဝင်အောင် ကြိုးစားထားပါသည်။ .

ထိုကဲ့သို့ အထောက်အကူပေးမည့် ဆွေးနွေးပွဲများမှတဆင့် ချင်းပြည်နယ်အတွက် စီမံကိန်းရေးဆွဲမှုလုပ်ငန်းစဉ်တို့ ပေါ်ထွက်လာရပါသည်။ ၎င်းအခြင်းအရာသည် နိုင်ငံတော်အစိုးရက ညွှန်းဆိုသော အောက်ခြေလူထု ပါဝင်လာ နိုင်ရေးကို အထူးအလေးထား ဆောင်ရွက်ရာရောက်ပြီး၊ နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် အစိုးရ၏ လုပ်ငန်းစဉ် များနှင့်စပ်လျဉ်း၍ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အမြင်များ ပါဝင်လာနိုင်စေရန်လည်း နေရာဖန်တီးပေးခဲ့ခြင်း ဖြစ်ပါသည်။

## ၁.၂။ ဖြန့်ဝေရန်

ယခုစီမံကိန်းအတွက် အောက်ပါစာရွက်စာတမ်းများ ရေးသားထုတ်ဝေခဲ့ပါသည်။

- လုပ်ငန်းစတင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ အစီရင်ခံစာ၊ SWOT ဆန်းစစ်ချက်နှင့် လေ့လာရေးနည်းလမ်းများ
- သတ်မှတ်ဖော်ထုတ်ထားသော လူမှုကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်တို့ကို တုန့်ပြန်ဖြေရှင်းပေးမည့် နယ်မြေ ဒေသ လူမှုဖွံ့ဖြိုးရေးအစီအမံနှင့် စီမံကိန်းအဆိုပြုလွှာများ
- စိုက်ပျိုးရေးဖွံ့ဖြိုးမှု အစီအစဉ်၊ စားနပ်ရိက္ခာဖူလုံနှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးနှင့် ရေရှည်ခိုင်မာသော စိုက်ပျိုးထုတ်လုပ်ခြင်း နည်းစနစ် တိုးတက်ကောင်းမွန်ရေး စီမံကိန်းအဆိုပြုလွှာများ
- ချင်းပြည်နယ်တွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် တာဝန်သိ ခရီးသွားလုပ်ငန်း၏ အလားအလာကို ပြန်လည်သုံးသပ်ချက်နှင့် အနာဂတ်တွင် ရေရှည်တည်တံ့နိုင်သော ခရီးသွားလုပ်ငန်း အုတ်မြစ်ချနိုင်ရေး စီမံကိန်းအဆိုပြုလွှာများ
- အသေးစားနှင့်အလတ်စား လုပ်ငန်းများ (SME)ကို အားပေးမြှင့်တင်မှု အစီရင်ခံစာနှင့် ရင်းနှီးမြှုပ်နှံမှု အစီရင်ခံစာများပါဝင်သော လိုအပ်နေသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ပံ့ပိုးပေးရေးအစီအမံ
- သယ်ယူပို့ဆောင်ရေး အဆောက်အအုံများဆိုင်ရာ အစီရင်ခံစာနှင့် လမ်းဖောက်လုပ်ရေးအတွက် စီစဉ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက် စီမံကိန်းအဆိုပြုလွှာများ
- ချင်းပြည်နယ်တွင် ဓာတ်အား၊ အိမ်သုံးရေရရှိရေးနှင့် ဆည်မြောင်းအစရှိသော အဆောက်အအုံဆိုင်ရာ အစီရင်ခံစာမူကြမ်း
- ဦးစားပေးအချက်များ သတ်မှတ်သည့် အလုပ်ရုံဆွေးနွေးပွဲ အစီရင်ခံစာ
- သဘောတူလက်မှတ်ရေးထိုးခြင်း အလုပ်ရုံဆွေးနွေးပွဲ အစီရင်ခံစာ

# ၂။ နောက်ခံအကြောင်းအရာ

## ၂. ၁။ ချင်းပြည်နယ်၏ နောက်ခံသမိုင်း နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်

### ၂.၁.၁။ ဗြိတိသျှတို့လက်အောက်မှ လွတ်လပ်ရေး မရရှိမီ အစောပိုင်းကာလ

ချင်းလူမျိုးတို့သည် တိဗက်-ဗမာအုပ်စုဝင် မျိုးနွယ်မှ ဆင်းသက်လာသူများဖြစ်ပြီး အေဒီထောင်စုနှစ် အစောပိုင်း ကတည်းက ချင်းတောင်တန်းများတွင် အခြေချနေထိုင်ခဲ့ကြပါသည်။ ၁၈၈၅ ခုနှစ် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ အပြီးတွင် ဗြိတိသျှစစ်တပ်တို့ ထိုဒေသသို့ ရောက်ရှိလာခဲ့သဖြင့် ဒေသခံခေါင်းဆောင်တို့ အပြင်းအထန် ခုခံခဲ့ကြရာ

[၇] အလုပ်ရုံဆွေးနွေးပွဲကို အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပခဲ့သည်။ ပထမပိုင်းကို ချင်းပြည်နယ်အစိုးရ၏ ဝန်ကြီးချုပ်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ပြည်နယ်အစိုးရဌာနမှ တာဝန်ရှိသူများနှင့် ဝန်ကြီးအဖွဲ့ တက်ရောက်ခဲ့ပါသည်။ ဒုတိယပိုင်းတွင် ချင်းပြည်နယ်တွင် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေကြသော ပြည်တွင်း၊ ပြည်ပ လူမှုရေးအဖွဲ့အစည်းများနှင့် ရပ်ရွာအခြေပြုအဖွဲ့များ တက်ရောက်ခဲ့ပါသည်။ ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) သည် အစည်းအဝေးပွဲတိုင်းတွင် ပါဝင်ခဲ့သည်။

၁၈၉၆ခုနှစ်တွင် ဗြိတိသျှတို့ ချင်းတောင်တန်းကို သိမ်းယူနိုင်ခဲ့သည်။ ထိုအချိန်မှစတင်၍နယ်စပ်ဒေသများအုပ်ချုပ် ရေးလက်အောက်တွင် ထားရှိ အုပ်ချုပ်ခဲ့သည်။ အမေရိကန်သာသနာပြုအဖွဲ့များ ရောက်ရှိလာ ခဲ့သည့် နောက်ပိုင်း ၂၀ ရာစုနှစ်လယ်ပိုင်းတွင် ချင်းလူမျိုးအများစုမှာ ခရစ်ယာန်ဘာသာသို့ ပြောင်းလဲ ကိုးကွယ်ခဲ့ကြပါသည်။ ၁၉၄၃ ခုနှစ်မှ ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန် ကာလအထိမူ ဂျပန်တို့ အုပ်ချုပ်ခဲ့ကြသည်။ စစ်ပွဲကာလအပြီး၌ ဗြိတိသျှတို့ မြန်မာနိုင်ငံကို ပြန်လည် သိမ်းယူခဲ့ပြီး ဗမာတို့က တောင်တန်း-မြေပြန့် တစ်ပေါင်းထဲ လွတ်လပ်ရေးတောင်းဆိုမှုများ အရှိန်မြှင့်လာသော်လည်း ဗြိတိသျှတို့ကမူ ချင်းတောင်တန်းများအပါအဝင် တောင်တန်းဒေသအုပ်ချုပ်ရေး မူဝါဒကိုဆုပ်ကိုင်ထားလိုကြသည်။ ၁၉၄၇ ခုနှစ်၊ ပင်လုံစာချုပ်တွင် ရှမ်း၊ ကချင်၊ ချင်းပြည်နယ် ခေါင်းဆောင်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး၊ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရရှိခဲ့ရာ ချင်းပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပါဝင်လာခဲ့သည်။

## ၂.၁.၂။ ကိုလိုနီလက်အောက်မှ လွတ်မြောက်ပြီးကာလ - ပဋိပက္ခများဖြစ်ပွားချိန်

ကိုလိုနီလက်အောက်မှ လွတ်မြောက်ပြီးစ မြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုး ၁၀၀ ကျော်နှင့် မျိုးနွယ်ပေါင်းမြောက်များစွာ ပါဝင်သော နိုင်ငံတော်၏ အမျိုးသားညီညွတ်ရေးအတွက် များစွာ ရုန်းကန်လှုပ်ရှားခဲ့ရပါသည်။ ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးကို မြေပြန့်နေဗမာတို့က ညှိနှိုင်းရယူခဲ့ကြရာတွင် တောင်တန်းဒေသနေ တိုင်းရင်းသားတို့ကမူ ၎င်းတို့အနေဖြင့် အင်္ဂလိပ်အုပ်ချုပ်ရေးအောက်မှ လွတ်လပ်လိုသည်မှာ မှန်သော်လည်း ဗမာတို့နှင့်အတူ အမျိုးသားသွေးစည်းရေးအတွက် ခိုင်မာတိကျသော ကတိခံဝန်ချက် မပေးခဲ့ပါ။

မြန်မာ့လွတ်လပ်ရေး လှုပ်ရှားမှုသည် ဆိုရှယ်လစ်လမ်းစဉ်များတွင် အမြစ်တွယ်နေခဲ့ပြီး ဗဟိုအစိုးရက အမျိုးသားစုစည်းညီညွတ်ရေးဆိုသည်မှာ ဗဟိုချုပ်ကိုင်သော တစ်စုတစ်စည်းထဲပုံစံဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ထိုအခါ တိုင်းရင်းသားမျိုးနွယ်စုများပါဝင်သည့် ပြည်နယ်များက ပြည်မနှင့် သဘောထားကွဲလွဲကာ သီးခြားနေထိုင်ရန် လမ်းစဉ်ကို ဆုပ်ကိုင်ခဲ့ပါသည်။ ဆန့်ကျင်ရေးလမ်းစဉ်များကြောင့်၊ အထူးသဖြင့် ပြည်နယ်များရှိ သဘာဝသယံဇာတ အရင်းအမြစ်တို့ကို ထိန်းချုပ်ရန် ကြိုးစားလာသည့်အခါ ပဋိပက္ခမီးပွားများလည်း စတင်လာခဲ့ပါသည်။ တစ်ဘက်က သယံဇာတမှန်သမျှသည် ပြည်ထောင်စုပိုင်ဖြစ်သည်ဟု ယုံကြည်လျှက်ရှိပြီး၊ အခြားတစ်ဘက်ကမူ သယံဇာတသည် သီးခြားမျိုးနွယ်စုတို့သာပိုင်ဆိုင်သော ဘိုးဘွားအမွေဟု ခံယူကြသည်။ ရလဒ်အားဖြင့် မြန်မာနိုင်ငံတွင် ပဋိပက္ခများ ဆယ်စုနှစ်ချီ ဖြစ်ပွားခဲ့ပါသည်။ ထို့ပြင် နိုင်ငံစီးပွားရေးကိုလည်း အကြီးအကျယ် ထိခိုက်ခဲ့ရပြီး မြန်မာလူထု၏ လူနေမှုအဆင့်ကို တိုးမြှင့်ပေးနိုင်ရေးသော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် ထိရောက်စွာအသုံးချရမည့် သဘာဝ သယံဇာတ ထုတ်ယူမှုမှာ လမ်းလွဲခဲ့ရပါသည်။

လွတ်လပ်ရေးရရှိပြီးကာစ အချိန်က မြန်မာနိုင်ငံကို အာရှ၏ဆန်အိုးကြီးဟု တင်စားခေါ်ဝေါ်ခဲ့ကြသည်။ ကျောက်စိမ်း၊ ရေနံနှင့် အခြားသော တွင်းထွက်ဓာတ်သတ္တု သယံဇာတများ ပေါကြွယ်ဝခဲ့သည်။ အရှေ့တောင်အာရှ နိုင်ငံများထဲတွင် မြန်မာနိုင်ငံကို စီးပွားရေးဖွံ့ဖြိုးမှု အလားအလာအရှိဆုံး နိုင်ငံအဖြစ် မှတ်ထင်ခဲ့ကြသော်လည်း ဆယ်စုနှစ်ချီသော ပြည်တွင်းပဋိပက္ခနှင့် နိုင်ငံရေးမတည်ငြိမ်မှုတို့ကြောင့် စီးပွားရေးကျဆင်းခဲ့ရပါသည်။

## ၂.၁.၃။ ဒီဇင်ဘာ၊ ၂၀၁၂ ခုနှစ် - အပစ်အခတ်ရပ်စဲရေး သဘောတူ စာချုပ်

ပဋိပက္ခနှစ်ကာလများစွာ ကြာပြီးသည့်နောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ စတင်နိုင်ခဲ့ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့အကြား ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုစာချုပ် ချုပ်ဆိုနိုင်ခဲ့ပါသည်။ အဆိုပါ သဘောတူညီမှုတွင် ရေရှည်ဖြေရှင်းရမည့် နိုင်ငံရေး၊ စစ်ရေး၊ တိုင်းရင်းသား ယဉ်ကျေးမှုအရေး၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းထားပါသည်။ ထို့နောက် ပြည်နယ်ဖွံ့ဖြိုးရေးအတွက် တရားဝင်ထုတ်ပြန်ချက်မြောက်များစွာကိုလည်း ထုတ်ပြန်ပေးခဲ့ပါသည်။

## ၂.၂။ ငြိမ်းချမ်းရေးကို ခိုင်မာစေခြင်း

### ၂.၂.၁။ ချင်းအမျိုးသားညီလာခံ၊ နိုဝင်ဘာ၊ ၂၀၁၃ ခုနှစ်

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ခိုင်မာရေးအတွက် ချင်းအမျိုးသားညီလာခံကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ဟားခါးမြို့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါညီလာခံသည် ၁၉၄၈ ခုနှစ်နောက်ပိုင်းတွင် ပထမဦးဆုံးအကြိမ် ကျင်းပခဲ့သော ညီလာခံဖြစ်ပြီး ချင်းမျိုးနွယ်အုပ်စုများ၊ နိုင်ငံရေးပါတီများက ချင်းပြည်နယ်လူထု၏ အရေးကိစ္စများကို အတူတကွ ဆွေးနွေးအဖြေရှာခဲ့ကြပါသည်။ ထိုညီလာခံကို အဖွဲ့ ၂၇ ဖွဲ့၊ ပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် ဘာသာရေးအဖွဲ့အစည်းများအပါအဝင် နိုင်ငံရပ်ခြားတွင်နေထိုင်သော မူလချင်းလူမျိုးများကို ကိုယ်စားပြုသည့် လူပေါင်း ၅၇၁ ဦး တက်ရောက်ခဲ့ကြပါသည်။

### ၂.၂.၂။ ငြိမ်းချမ်းရေးအကျိုးကျေးဇူး

ယခုအခါ ပဋိပက္ခများသည် မြန်မာနိုင်ငံ၏ လူမျိုးရေးပြဿနာကို ဖြေရှင်းပေးမည့်အရာမဟုတ်ကြောင်း သိရှိနားလည်ပြီး ဖြစ်ကြပါလိမ့်မည်။ စစ်မှန်သော အမျိုးသားညီညွတ်ရေးကို အင်အားသုံးဆောင်ရွက်၍ မရနိုင်သလို ထိုပြည်နယ်များ စိတ်ဝမ်းကွဲပြား သီးခြားရပ်တည်အောင်လည်း အင်အားသုံးပြီး မဆောင်ရွက်နိုင်ပါ။ အပစ်အခတ်ရပ်စဲရေး သဘောတူညီစာချုပ်များကို မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးစုအတော်များများနှင့် ချုပ်ဆိုထားပြီး နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း လက်ခံယုံကြည်ကာ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနေပြီဟု ယူဆကြပါသည်။ ချင်းပြည်နယ်အရေးတွင် ချင်းအမျိုးသားတပ်ဦးနှင့် ချုပ်ဆိုသော သဘောတူစာချုပ်၌ ပြည်ထောင်စုအစိုးရအနေဖြင့် တာဝန်ယူဆောင်ရွက်ပေးမည့် လူမှုစီးပွားရေး ဦးစားပေးအချက်များ များစွာပါဝင်ပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ဖွံ့ဖြိုးရေးအတွက် ဦးစားပေးစီမံချက်များ ဆုံးဖြတ်ရာတွင် ချင်းပြည်နယ်ဒေသခံများ ပူးပေါင်းပါဝင်ရန်
- သတင်းနှင့် ပြန်ကြားရေးနည်းပညာသစ်များနှင့် ကွန်ပြူတာအသုံးချခြင်းစွမ်းရည် တိုးမြှင့်လုပ်ဆောင်ရန်
- ခရီးသွားကဏ္ဍမြှင့်တင်ရန်
- အခြေခံလူမှုအဆောက်အအုံများဖြစ်သော ရေ၊ မီး၊ ကျန်းမာရေး၊ ပညာရေးနှင့် စားနပ်ရိက္ခာဖူလုံရေးတို့ ပြည့်စုံရေးအတွက် ပံ့ပိုးပေးရန်
- ချင်းပြည်နယ်အတွင်း အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ပေးရန်
- လေဆိပ်တစ်ခု အနည်းဆုံး တည်ဆောက်ပေးရန်

ဖော်ပြပါဦးစားပေးအစီအစဉ်များသည် ဒေသဖွံ့ဖြိုးရေးအတွက် သုံးသပ်သင့်သော အစီအမံများပါဝင်သည့် ဘက်ပေါင်းစုံထိရောက်မှု ရှိစေသော မူဘောင်တစ်ခုကို ဖြည့်ဆည်းပေးပါသည်။ အထူးသဖြင့် ပထမအချက်ဖြစ်သော "ဖွံ့ဖြိုးရေးအတွက် ဦးစားပေးစီမံချက်များ ဆုံးဖြတ်ရာတွင် ချင်းပြည်နယ်ဒေသခံများ ပူးပေါင်းပါဝင်ရန်" နှင့် လက်ရှိလုပ်ငန်းစဉ်တို့မှာ ဆက်စပ်မှုရှိသည်။ ဆိုခဲ့သည့်အတိုင်း အစီအစဉ်ရေးဆွဲခြင်းနှင့် ဦးစားပေးသင့်သည်များ သတ်မှတ်ရာတို့တွင် လူထုအားလုံးတပြေးညီပါဝင်ရေးကို လုပ်ငန်း၏အချက်အခြာအဖြစ် သတ်မှတ်ထားပါသည်။ လူထုပါဝင်စေရေးနည်းလမ်းကို လူမှုဘဝဖွံ့ဖြိုးရေးအစီအမံအတွက် ကမ္ဘာ့ကလေးများအဖွဲ့ (Unicef)နှင့် ပူးပေါင်းသော လုပ်ငန်းရပ်တွင်လည်းကောင်း၊ သမ္မတကြီးချမှတ်သော လူထုပူးပေါင်းမှုလုပ်ငန်းစဉ်အရလည်းကောင်း အဓိကအသုံးပြုခဲ့ပါသည်။

## ၃။ ယနေ့ချင်းပြည်နယ်

### ၃.၁။ လူဦးရေနှင့် ပထဝီအနေအထား

ချင်းပြည်နယ်သည် မြန်မာနိုင်ငံအနောက်ပိုင်းတွင် တည်ရှိပြီး အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းဒေသကြီးများနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။ ခန့်မှန်းခြေလူဦးရေ ၄၇၈၆၉၀ ဦး[၄] (မြန်မာနိုင်ငံ၏ လူဦးရေ ၁% ခန့်) နေထိုင်လျှက်ရှိကာ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဒုတိယလူဦးရေအနည်းဆုံး ပြည်နယ်ဖြစ်သည်။ ဧရိယာအားဖြင့် ၁၃၉၀၇ စတုရန်းမိုင် (၃၆၀၁၉ စတုရန်းကီလိုမီတာ) (သို့မဟုတ်) မြန်မာနိုင်ငံ၏ စုစုပေါင်းဧရိယာ ၅.၃% ကျယ်ဝန်းပါသည်။ ပြည်နယ်၏ လူနေသိပ်သည်းမှုမှာ အလွန်နည်းပါးပြီး စတုရန်းမိုင်တစ်မိုင်လျှင် ၃၅ ယောက်အောက် (တစ်စတုရန်းကီလိုမီတာလျှင် လူ ၁၄ ယောက်အောက်) နေထိုင်ပါသည်။ ထိုသို့ လူဦးရေနည်းပါးခြင်း အခြင်းအရာကပင် ချင်းပြည်နယ်လူထု၏ လူမှုရေးနှင့် စီးပွားရေး အခြေအနေများကို အဆုံးအဖြတ်ပေးနိုင်သော အရေးပါသည့် အကြောင်းတစ်ရပ်ဖြစ်နေပါသည်။

ပထဝီအနေအထားအရ တောင်ပေါ်ဒေသဖြစ်သဖြင့် ချင်းပြည်နယ်ကို "ချင်းတောင်တန်း" ဟူ၍ လူသိများပါသည်။ တောင်တန်းများသည် ပြည်နယ်တလျှောက် မြောက်မှတောင်သို့ သွယ်တန်းနေပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၀၀၀ မှ ပေ ၈၀၀၀ ခန့်အထိ မြင့်မားကာ ပေ ၁၀၅၀၀ ခန့် (၃၂၀၀ မီတာခန့်) မြင့်သော နတ်မတောင် (ခ) ဂိတ်ိုရိယ တောင်ထွတ်မှာ အမြင့်ဆုံးဖြစ်ပါသည်။ တောင်များမှာ ကျဉ်းမြောင်းမတ်စောက်သော လျှိုမြောင်များနှင့်ဖြစ်ပြီး စိုက်ပျိုးရေးလုပ်နိုင်သော မြေပြန့် (သို့) လေယာဉ်ကွင်း[၅]တည်ဆောက်ရန် မြေပြန့်အနည်းငယ်သာ ရှိပါသည်။ မြေမျက်နှာသွင်ပြင်မှာ အလွန်ကြမ်းတမ်းသောကြောင့် လမ်းပန်းတည်ဆောက်ရေးနှင့် စိုက်ပျိုးရေးတို့တွင် အခက်အခဲဖြစ်စေသဖြင့် ဒေသခံတို့၏ အလုံးစုံသော ဘဝတိုးတက်မှုကို ဟန့်တားစေပါသည်။

### ၃.၂။ ရာသီဉတု

ချင်းပြည်နယ်၏ ရာသီဉတုမှာ မုတ်သုံဆန်ပြီး ဧပြီနှင့် မေလများမှာ အပူဆုံးလဖြစ်၍ ပျမ်းမျှအမြင့်ဆုံး နေ့အပူချိန်မှာ ၃၀ ဒီဂရီစင်တီဂရိတ်ကျော်ရှိပါသည်။ နိုဝင်ဘာမှ ဇန်နဝါရီလများသည် အအေးဆုံးလဖြစ်ပြီး အနိမ့်ဆုံးအပူချိန်မှာ အနုတ် ၄.၄ ဒီဂရီစင်တီဂရိတ်သို့ ကျဆင်းပါသည်။ လစဉ်အမြင့်ဆုံးနှင့် အနိမ့်ဆုံး အပူချိန်ကို ပုံ(၁)တွင် ပြထားပါသည်။ အပူချိန်သည် စိုက်ပျိုးရေးကို သက်ရောက်မှုရှိစေပါသည်။ အေးသောကာလများတွင် မြန်မာနိုင်ငံ၏ အပူပိုင်းဇုံတွင် မပေါက်ရောက်နိုင်သော ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများ(ဥပမာ- စတော်ဘယ်ရီ)၊ ခြံထွက်သီးနှံများ (ဥပမာ- စပျစ်နှင့် အစေ့မာအသီးများ) တို့စိုက်ပျိုးရန် အခွင့်အရေးရပါသည်။ အပူချိန်လျော့ကျချိန်တွင် ဆီးနှင်းများ ကျဆင်းတတ်၍ ၎င်းသည် သီးနှံဖြစ်ထွန်းအောင်မြင်မှု၊ စပါးနှင့် သီးညှပ်စိုက်ပျိုးမှုကို အဟန့်အတားဖြစ်စေပါသည်။ အဘယ့်ကြောင့်ဆိုသော် ဆီးနှင်းများကြောင့် အနှံဖြစ်ထွန်းစအချိန်တွင် အထူးသတိထားရ၍ဖြစ်သည်။
အပူချိန်သည် လူ့ကျန်းမာရေးအပေါ်တွင်လည်း သက်ရောက်မှုရှိသည်။ အပူချိန်လျော့ကျချိန်တွင် ငှက်ဖျား ရောဂါထ နိုင်ဖို့ အခွင့်အလမ်းများပါသည်။ အများအားဖြင့် ချင်းပြည်နယ်မှာ ရာသီဉတုအရ အားမပေးသော်လည်း ငှက်ဖျားရောဂါ ဖြစ်ပွားမှုမှာ အလွန်မြင့်တက်လျှက်ရှိပါသည်။ ငှက်ဖျားရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အပူချိန်များပြောင်းလဲမှုကို ထပ်မံလေ့လာရန်လိုအပ်ပါသည်။

မိုးရွာသွန်းမှု ပုံစံမှာ[၆]ပူနွေးစွတ်စိုသော ရာသီဉတုများဖြစ်သည့် မေလမှ အောက်တိုဘာလအထိ မုတ်သုံဝင်ပြီး ဩဂုတ်လတွင် မိုးရွာသွန်းမှု အများဆုံးဖြစ်ပါသည်[၇]။ ပြည်နယ်တစ်ခုလုံးတွင် နှစ်စဉ် စုစုပေါင်းမိုးရွာသွန်းမှုမှာ ၁၈၀၀

---


[၄] ရည်ညွှန်းဇစ်မြစ် - လူဦးရေနှင့် အိမ်ထောင်စုသန်းခေါင်စာရင်း၊ ၂၀၁၄ ခုနှစ်

[၅] ချင်းပြည်နယ်တွင် ဒုတိယကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သော လေယာဉ်ကွင်းငယ်များသာ ရှိခဲ့သော်လည်း ယခုအချိန်အထိ မြန်မာနိုင်ငံအခြားဒေသများနှင့် ဆက်သွယ်နိုင်သော မည်သည့် ပြည်တွင်းလေဆိပ် (သို့) မည်သည့်လေကြောင်းဆက်သွယ်မှုမျှ မရှိပေ။ ပြည်ထောင်စုအစိုးရသည် အပစ်အခတ်ရပ်စဲခြင်းသဘောတူညီချက်၏ အစိတ်အပိုင်းတစ်ခုအဖြစ် လေယာဉ်ကွင်းနှင့် လေကြောင်းဆက်သွယ်မှုကို ဖြည့်ဆည်းပေးရန် ကတိပြုထားပါသည်။


[၆] ရည်ညွှန်းဇစ်မြစ် - အုပ်ချုပ်ရေးဦးစီးဌာန၊ ချင်းပြည်နယ်

မီလီမီတာခန့် ရှိပါသည်[၇]။ ခြောက်သွေ့ရာသီဖြစ်သော ၂၀၁၃ ခုနှစ် နိုဝင်ဘာမှ ဇန်နဝါရီလများတွင် မိုးရွာသွန်းမှုမရှိကြောင်းတွေ့ရပါသည်။ ပျမ်းမျှလစဉ်မိုးရွာသွန်းမှုနှင့် တစ်လလျှင် မိုးရွာသွန်းသောရက် အရေအတွက်တို့ကို ပုံ (၂)တွင် ပြထားပါသည်။ သို့ရာတွင် မြေမျက်နှာသွင်ပြင်နှင့် ပင်လယ်ရေမျက်နှာပြင် အနိမ့်အမြင့်အရ ကွာခြားနိုင်ပါသည်။ ထိုသို့ကွာခြားမှုအလိုက် သီးနှံအထွက်နှုန်းပေါ်တွင် သက်ရောက်မှုရှိပါသည်။ ချင်းပြည်နယ်တွင် ရေသွင်းစိုက်ပျိုးမှုနည်းပါးပြီး သီးနှံစိုက်ပျိုးချိန်တွင် ကာလရှည်ကြာစွာ ရာသီဥတုခြောက်သွေ့နေသဖြင့် ပြည်နယ်အဟုမ်းရှိ အိမ်ထောင်စုဝင်များ၏ စားနပ်ရိက္ခာဖူလုံမှုကို ခြိမ်းခြောက်လျက်ရှိပါသည်။

မိုးရွာသွန်းမှုသည် လမ်းပန်းတည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအတွက် အဓိကကျသော အကြောင်းအရာတစ်ရပ်ဖြစ်ပြီး၊ မြေသားလမ်းများမှာ စိုစွတ်သောရာသီဥတုတွင် အသုံးမပြုနိုင်သည့်အပြင် မကြာခဏ မြေပြိုတတ်သဖြင့် ကတ္တရာလမ်းများကိုပင်လျှင် ထိုအချိန်၌ ရက်ပေါင်းများစွာ အသုံးပြုလို့မရပေ။ ထို့ကြောင့် လမ်းတည်ဆောက်ရာတွင် လိုအပ်သော ရေနုတ်မြောင်းတည်ဆောက်ရေးနှင့် မြေပြိုမှု တားဆီးကာကွယ်ပေးမည့် တမံများတည်ဆောက်ရေးအတွက် မိုးရွာသွန်းမှုပုံစံကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ လက်ရှိ အခက်အခဲများ ကြောင့် လမ်းပန်းတည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ကုန်ကျစရိတ်ကို ထပ်တိုး အသုံးပြုနေရပြီး အခြားသောဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် လိုအပ်သော အရင်းအမြစ်များကိုပါ အသုံးပြုနေရပါသည်[၉]။




*ပုံ (၂) - လစဉ်အပူချိန်အနိမ့်အမြင့်*




*ပုံ (၃) - လစဉ်မိုးရေချိန်နှင့် မိုးရွာသွန်းသည့်ရက်များ*

## ၃.၃။ မြေအသုံးချမှု


ချင်းပြည်နယ်၏ မြေယာအသုံးချမှုပုံစံကို ပုံ (၃)တွင် ပြထားပါသည်။ ပြည်နယ်၏ မူလသဘာဝ အရင်းအမြစ်မှာ သစ်တောအခြေခံဖြစ်သည်။ ကာလရှည်ကြာစွာ သစ်တောပြုန်းတီးမှု ဖြစ်ပေါ်ခဲ့သော်လည်း သစ်တောဧရိယာ၏ ၁၆% ခန့်ကို ကြိုးဝိုင်းသစ်တောအဖြစ် သတ်မှတ်ထားပြီး၊ ၁၃% မှာ ကျန်သစ်တောဧရိယာ ဖြစ်ပါသည်။ သစ်တောပိုင်နက်ကို ပြည်ထောင်စုအစိုးရ၏ သစ်တောနှင့် သဘာဝပန်းကျင်ထိန်းသိမ်းကာကွယ်ရေး ဝန်ကြီးဌာနက ကြေညာပြီး သစ်တောဥပဒေနှင့်အညီ အုပ်ချုပ်စီမံပါသည်။ ထိန်းသိမ်းထားသော ကြိုးဝိုင်းသစ်တောဧရိယာတွင် သစ်ထုတ်လုပ်ခြင်း၊ ထင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်းနှင့် ငါးဖမ်းခြင်းတို့အတွက် ဝန်ကြီးဌာနမှ ခွင့်ပြုချက် ရယူရန် လိုအပ်ပါသည်။ လူဦးရေအများစုမှာ စိုက်ပျိုးရေးအပေါ် မှီခိုအားထားနေရပြီး မြေယာ၏ ၃% တွင်သာ စိုက်ပျိုးကြပါသည်။ ခန့်မှန်းခြေ ၃၄%

[၇] ဩဂုတ်လတွင် ပျမ်းမျှမိုးရွာသွန်းသည့်ရက် ၂၃ ရက်ရှိပြီး ပျမ်းမျှမိုးရေချိန်စုစုပေါင်း ၅၀၀ မီလီမီတာရရှိသည်။

[၈] ပုံပြဇယားအရ မြို့နယ်များတွင် နှစ်စဉ်မိုးရွာသွန်းမှု များပြားကြောင်း သိရပါသည်။ ၂၀၁၃ ခုနှစ်တွင် မင်းတပ်မြို့၌ မိုးရေချိန် ၆၆ လက်မနှင့် ပလက်ဝမြို့တွင် ၁၁၄ လက်မ ရွာသွန်းခဲ့သည်။ တွန်းဇံ၊ တီးတိန်နှင့် ဟားခါးမြို့များတွင် ၆၈ လက်မခန့်ရှိပြီး ပလက်ဝနှင့် မတူပီမြို့နယ် (ချင်းပြည်နယ်တောင်ပိုင်း) တို့တွင် မိုးရေချိန် ၉၁ လက်မနှင့် ၉၅.၆ လက်မ အသီးသီး ရှိခဲ့ပါသည်။

[၉] MIID အဆောက်အအုံတည်ဆောက်ရေးအဖွဲ့က ရေနုတ်မြောင်းနှင့် မြေပြိုခြင်းပြဿနာကို ဖြေရှင်းပေးနိုင်မည့် လမ်းပန်းပုံစံတို့ကို ရှင်းပြထားပါသည်။ လမ်းပန်းတည်ဆောက်ရေး စာတမ်းတွင် ကြည့်ရန်။

သော မြေဧရိယာကို အစိုးရက လယ်မြေ၊ ယာမြေနှင့် ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲနိုင်သည့် "စိုက်ပျိုးနိုင်သော မြေလွတ်မြေရိုင်းများ" အဖြစ်သတ်မှတ်ထားပါသည်။ အစိုးရက ထိုမြေများကို နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၊ အကျိုးတူ ဖက်စပ်လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်တို့ ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းလုပ်ကိုင်နိုင်ရန် အသုံးပြုခွင့်ပေးပါသည်။ "အခြားသော မြေဧရိယာ" ဟူသော ခေါင်းစဉ်အောက်တွင် စားကျက်မြေတည်ခြင်း၊ လမ်းဖောက်ခြင်း၊ မြို့၊ ရွာ၊ မီးရထားလမ်း၊ ဆည်နှင့် ရေသွင်းမြောင်း၊ စက်ရုံ၊ မိုင်းတွင်း၊ ရေတွင်းရေကန် တည်ဆောက်ရေး လုပ်နိုင်သည့် မြေဧရိယာများ ပါဝင်ပါသည်။




*ပုံ (၄) ချင်းပြည်နယ်အတွင်း မြေအသုံးချမှု ပိုင်းခြားသတ်မှတ်ခြင်းနှင့် မြေယာအမျိုးအစားများ*

## ၃.၄။ စိုက်ပျိုးထုတ်လုပ်ခြင်း

မြေယာ၏ ၃% အပေါ်တွင်သာ စိုက်ပျိုးကြသည်။ စိုက်ပျိုးနိုင်သော မြေယာများ ပိုင်းခြားသတ်မှတ်ပုံကို ပုံ (၄) တွင် ပြထားပါသည်။

စိုက်ပျိုးနိုင်သော မြေဧရိယာတွင် လယ်မြေအမျိုးအစား (၅) မျိုး ပါဝင်ပါသည်။ (က) လယ်မြေ၊ (ခ) ယာမြေ၊ (ဂ) ဥယျာဉ်ခြံမြေ၊ (ဃ) ကိုင်းကျွန်း၊ (င) တောင်ယာ ဟူ၍ ဖြစ်ပါသည်။


စိုက်ပျိုးသော မြေဧရိယာ၏ ၈၀% ခန့်မှာ တောင်ယာဖြစ်ပါသည်။ စုစုပေါင်းစိုက်ပျိုးဧရိယာ ၂၃၆၃၃၈ ဧကရှိပြီး၊ ၎င်းတို့၏ ၈၀% ခန့်မှာ ရွှေ့ပြောင်းတောင်ယာများဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေလွတ်မြေရိုင်းများမှာ ဟားခါး၊ ပလက်ဝ၊ ကန်ပက်လက်၊ မင်းတပ်မြို့နယ်များတွင် အများဆုံးတည်ရှိပြီး ထိုနေရာများတွင် သီးနှံစိုက်ပျိုးမှု အလား အလာများ မြင့်တက်လျှက်ရှိပါသည်။ ထန်တလန်၊ တွန်းဇံ၊ ကန်ပက်လက်နှင့် မင်းတပ်မြို့နယ်များတွင် စိုက်ပျိုးရေး တိုးချဲ့ရန် မြေလွတ်မြေရိုင်း အနည်းငယ်သာရှိပါသည်။ ဤအခြေအနေများကို စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက် ရာနှင့် အစားထိုးအလုပ်အကိုင်များ ဖန်တီးပေးရာတို့တွင် ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

သီးနှံဖြစ်ထွန်းမှုမှာ[၁၀] ပင်လယ်ရေမျက်နှာပြင်အနိမ့်အမြင့်ပေါ် မူတည်ပါသည်။ ပုံ(၅) တွင် အဓိကသီးနှံအမျိုးအစား အလိုက် မြေယာအချိုးစားကို ပြထားပါသည်။ နှံစားသီးနှံထုတ်လုပ်မှုမှာ စုစုပေါင်းသီးနှံ ထုတ်လုပ်မှု၏ ၆၃% ရှိပါသည်။ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ဂျင်း၊ ငရုတ်အစရှိသော မီးဖိုချောင်သုံး စားပင်စိုက်ပျိုးမှုမှာ စုစုပေါင်း စိုက်ပျိုးမြေဧရိယာ၏


[၁၀] ရည်ညွှန်းဇစ်မြစ် - အုပ်ချုပ်ရေးဦးစီးဌာန၊ ချင်းပြည်နယ်

၃% ရှိပြီး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးနှင့် တစ်နှစ်ပတ်လုံး ရှင်သန်သော အခြားသော သီးနှံစိုက်ပျိုးသော မြေဧရိယာမှာ ၁% အောက်တွင် ရှိပါသည်။

နံစားသီးနံစိုက်ပျိုးမှု၏ ၅၄% ရာခိုင်နှုန်းမှာ စပါးဖြစ်ပါသည်။ ပြောင်း၊ ပြောင်းဆန်ဂါ၊ ပြောင်းဆန်နီစသော နံစားသီးနှံတို့ကိုလည်း စိုက်ကြပါသည်။ စပါးနှင့် ပြောင်းကို အိမ်တွင်းစားသုံးရန်အတွက် စိုက်ပျိုးကြပြီး အကြီးစားစိုက်ပျိုးနိုင်သူများကမူ အချို့ကို ပြန်လည်ရောင်းချကြပါသည်။ ပြောင်းကို လူတို့စားသုံးရန် အဓိက အသုံးပြုပြီး အချို့ကိုမူ ဝက်နှင့် ကြက်အစာအတွက် အသုံးချပါသည်။ ကေပေါင်း ၁၈၀၀၀ တွင် ကောက်ပဲသီးနှံများစိုက်ပျိုးပြီး အဓိကမှာ အရက်ချက်ရန်အတွက် ရောင်းချပြီး ဝင်ငွေရှာဖို့ဖြစ်သည်။ စပါးကို ရွှေ့ပြောင်းတောင်ယာနှင့် မြေပြန့်လွင်ပြင် (မိုးရေဖြင့်ဖြစ်စေ၊ ရေသွင်း၍ဖြစ်စေ)တွင် စိုက်ပျိုးပါသည်။ စီးပွားဖြစ် ဝင်ငွေရရှိစေသော အသီးအနှံများမှာ အာလူး၊ နေကြာ၊ မြေပဲ၊ ပဲနီကလေးနှင့် ပဲပုပ်တို့ဖြစ်ပါသည်။ ၎င်းတို့ကို ဒေသဝန်းကျင် ဈေးငယ်လေးများ (သို့မဟုတ်) စစ်ကိုင်းတိုင်းဒေသကြီးရှိ ကလေးမြို့တို့တွင် သွားရောက်ရောင်းချပါသည်။




*ပုံ(၅) - ထွန်ယက်စိုက်ပျိုးမှုပုံစံ*




ပုံ (၆) - စိုက်ပျိုးထုတ်လုပ်သော သီးနှံအမျိုးအစား

## ၃.၄.၁။ သီးနှံစိုက်ပျိုး မှုပုံစံ

ချင်းပြည်နယ်၏ စိုက်ပျိုးမှု ၈၀% ခန့်မှာ ရွှေ့ပြောင်းတောင်ယာများဖြစ်ပါသည်။ တောင်ယာခုတ်ထွင် ရှင်းလင်းခြင်းကို စက်တင်ဘာ၊ အောက်တိုဘာလများတွင် စတင်လုပ်ကိုင်ပြီး ဖေဖော်ဝါရီလတွင် အပြီးသတ်ပါသည်။ ဖေဖော်ဝါရီနှင့် မတ်လများတွင် ထိုမြေနေရာကို တောင်ယာမီးရှို့၍ ဧပြီလ (အစောဆုံး မတ်လတို့)တွင် ရွာသွန်းသော ပထမဆုံး မုတ်သုံမိုးနှင့် စတင်စိုက်ပျိုးပါသည်။ အချို့သော မြေဆီမြေနှစ်ပြည့်ဝသော မြေယာများမှာ မိုးကောင်းလျှင် (မိုးရာသီ အတွင်းတွင်) သီးထပ်နှစ်ကြိမ် စိုက်ပျိုးနိုင်ပါသည်။ ရိတ်သိမ်းချိန်ကွဲပြားသော်လည်း အများအားဖြင့် စပါးနှင့် ပြောင်း၊ သို့မဟုတ် ပဲပုပ်နှင့် ဆန်စေ့တို့ကို ကောတစ်ခုထဲတွင် ရောစပ်စိုက်ပျိုးသည်။ ရေရရှိသော နေရာများ၊ ဉပမာ - ဖလမ်းတွင် ဟင်းစားပင်တို့ကို ဆောင်းရာသီသီးနှံအဖြစ် စိုက်ပျိုးကြပါသည်။ ဤနည်းအားဖြင့် ကလေးဈေးတွင် သွားရောက်ရောင်းချစရာ သီးနှံများ ထုတ်လုပ်နိုင်သည်။

ချင်းပြည်နယ် တောင်ပိုင်းတွင် လယ်သမားများသည် စိုက်ပျိုးရာသီကို မတ် (သို့မဟုတ်) ဧပြီလတွင် စတင်ပါသည်။ ပြောင်းဆန်ဂါ၊ ပြောင်းဆန်နီ၊ ပဲမျိုးစုံတို့ကို မြေတစ်နေရာထဲတွင် အဆက်မပြတ် စိုက်ပျိုးကြပြီး ပြောင်းနှင့် ဆီထွက်သီးနှံတို့ကိုမူ သီးခြားစိုက်ပျိုးကြပါသည်။ ပြောင်းဆန်ဂါမှာ ပထမဦးဆုံး ရိတ်သိမ်းရသော သီးနှံဖြစ်ပြီး ပြောင်း၊ ပြောင်းဆန်နီနှင့် ပဲမျိုးစုံတို့ကိုမူ ဩဂုတ်မှ ဒီဇင်ဘာလများအတွင်းတွင် ရိတ်သိမ်းရပါသည်။ နောက်အကျဆုံး သီးနှံမှာ ဆီထွက်သီးနှံများဖြစ်ပြီး ၎င်းတို့ကို ဧပြီလတွင် ရိတ်သိမ်းရပါသည်။ အဓိက စိုက်ပျိုးသောသီးနှံများ၏ စိုက်ပျိုးမှုပုံစံ အသေးစိတ်ကို စိုက်ပျိုးရေးစာတမ်းတွင် ဖော်ပြထားပါသည်။

သို့သော် ချင်းပြည်နယ်၏ စပါးနှင့် ပြောင်းစိုက်ပျိုးမှုမှာ မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးစိုက်ပျိုးထုတ်မှုနှင့် ယှဉ်လျှင် အနည်းပါးဆုံးဖြစ်ပါသည်[၁၁]။ ထိုသို့ဖြစ်ရခြင်းမှာ မြေဆီလွှာမကောင်းခြင်း၊ မျိုးစေ့ကောင်းရနိုင်ရန် ခက်ခဲခြင်း၊ ဓာတ်မြေ ဩဇာအသုံးပြုမှု နည်းခြင်းနှင့်ရေရရှိမှုနည်းပါးခြင်းတို့ကြောင့် ဖြစ်ပါသည်။ အရည်အသွေးမြင့်သော မျိုးစေ့ကောင်းများ အသုံးပြုနိုင်ရေးနှင့် စပ်လျဉ်း၍ အစိုးရ၏ ၂၀၁၄ - ၂၀၁၅ စီမံချက်အရ ဂတ်မှုန်ကူး မျိုးပွားထားသော စပါး ၁၅၀ ဂရမ်၊ စပ်မျိုးစပါး ၁၃၃၀ ဂရမ်၊ ဂတ်မှုန်ကူး မျိုးပွားထားသော ပြောင်းစေ့ ၉၉ ဂရမ်နှင့် စပ်မျိုးပြောင်း ၃၇၅၀ ဂရမ်တို့ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါပမာဏမှာ အမှန်တကယ်စိုက်ပျိုးနိုင်သော မြေဧရိယာနှင့် နှိုင်းယှဉ်လျှင် မပြောပလောက်သော ပမာဏသာဖြစ်ပါသည်။ ထို့ကြောင့် လက်ရှိစိုက်ပျိုးနေသော သီးနှံများ အထွက်နှုန်းတိုးရေး အတွက် အရည်အသွေးမြင့်မားသော မျိုးစေ့နှင့် စိုက်ပျိုးရေးစက်ကရိယာများ အသုံးပြုနိုင်ရေးနှင့် ဓာတ်မြေဩဇာကို သင့်တော်မှန်ကန်စွာ အသုံးချနိုင်ရေးအတွက် အလေးထားစဉ်းစားသင့်ပါသည်။[၁၂].

## ၃.၄.၂။ မြေယာ အသုံးချပိုင်ဆိုင်မှု

ချင်းပြည်နယ်တွင် မြေယာအသုံးချပိုင်ဆိုင်ခွင့်နှင့် မြေနေရာသတ်မှတ်ချထားခြင်းတို့မှာ မိရိုးဖလာနည်းနာများအပေါ် တွင် အခြေခံထားပြီး မြန်မာနိုင်ငံအခြားသော နေရာဒေသများတွင် ပြုမူသော အလေ့အထများနှင့် အချို့နေရာများတွင် ကွဲပြားနေပါသည်။ သို့သော် ချင်းပြည်နယ်တွင် မြေယာမဲ့ဦးရေမှာ အခြားသော ပြည်နယ်များထက် နည်းပါးပါသည်။ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ရာတွင်လည်းကောင်း၊ စိုက်ပျိုးရေးတိုးတက်မှုအတွက် အစီအစဉ်များ ရေးဆွဲ ရာတွင်လည်းကောင်း ၎င်းတို့၏ မိရိုးဖလာ မြေယာအသုံးချပိုင်ဆိုင်မှုနည်းနာကို ထိန်းသိမ်းထားရန် အရေးကြီး ပါသည်။ အတည်တကျ စိုက်ပျိုးရေးအလေ့အထအတွက်ကိုမူ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ပြုပြင်ပြောင်းလဲမှု အချို့ ပြုလုပ်ရန်လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။

အိမ်ထောင်စုများအတွက် စိုက်ပျိုးရန်မြေနေရာ သတ်မှတ်ပေးခြင်းကို နှစ်စဉ် လူထုသဘောတူညီချက်ဖြင့် စုစု စည်းစည်း ဆုံးဖြတ်ချက်ချလေ့ရှိပါသည်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး (သို့) မြေယာအုပ်ချုပ်စီမံရေး ကော်မတီက

[၁၁] FAO နှင့် WFP မှ ဆောင်ရွက်သော "Special Report on Crop Food Security Assessment"၊ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၂ ရက်။

[၁၂] သီးနှံအမျိုးအစားများစွား တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့မျိုးပွားခြင်းနှင့် မျိုးစေ့များ မိတ်ဆက်ခြင်း စီမံကိန်းအဆိုပြုလွှာကို တင်ပြထားပါသည်။ အတွဲ (၂) တွင် ဖတ်ရှုရန်။

ဤဖြစ်စဉ်ကို စီမံကွပ်ကဲလေ့ရှိပြီး၊ အချို့သောနေရာများတွင် အမွေဆက်ခံရရှိသော မြေယာပိုင်ဆိုင်သူများလည်း[၁၃] ပါဝင်တတ်ကြပါသည်။ အချို့ကျေးရွာများတွင် အမွေဆက်ခံရရှိသော မြေယာပိုင်ဆိုင်သူများက ၎င်းတို့၏ မြေယာများကို မြေယာမဲ့များထံမှ ခေါင်ရည်တစ်အိုးလက်ဆောင်ပေးခြင်းမျိုးကဲ့သို့သော စတိပေးချေမှုကို လက်ခံပြီး ပြန်လည်ဖြန့်ဝေ ပေးလေ့ရှိသည်။ မိသားစုအရွယ်အစား၊ လုပ်သားရရှိနိုင်မှု၊ ယခင်က ရရှိခဲ့သော မြေကေများ အပေါ်မူတည်၍ တစ်အိမ်ထောင်လျှင် ၁ ကေမှ ၄ ကေအထိ ရရှိတတ်ပါသည်။ အမွေရရှိသော မြေယာပိုင်ရှင်များက ပေးဝေသည့် မြေဖြစ်သည့်တိုင်အောင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကိုမူ အသိပေးအကြောင်းကြားရန် လိုအပ် ပါသည်။

မြေယာဝယ်ခြင်းဆိုသည်မှာ မိရိုးဖလာဓလေ့ထုံးတမ်း စဉ်လာမဟုတ်သော်လည်း ကန်ပက်လက်မြို့နယ်ရှိ အချို့သော ကျေးရွာများတွင် စတင်ကျင့်သုံးနေပြီဖြစ်သည်။ အမြတ်တိုးပွားစေသော ဂဉ စိုက်ပျိုးခြင်းကို စိတ်ဝင်စားမှု မြင့်တက်လာ၍ စီးပွားဖြစ်စိုက်ပျိုးရန် မြို့ပေါ်မှ စီးပွားရေးသမားများသည် အနီးဝန်းကျင်ရှိ ကျေးရွာများမှ မြေယာများကို လိုက်လံဝယ်ယူလာကြသည်။ မြေယာတန်ဖိုးမှာလည်း မြင့်တက်လျှက်ရှိသောကြောင့် ရွာသားတို့မှာ မြေယာဆင့်ကမ်း လုပ်ကိုင်နိုင်မှုနည်းပါးသွားသဖြင့် ဆင်းရဲတွင်းပိုနက်စေပါသည်။ ထိုသို့သောလုပ်ဆောင်ချက်များတိုးချဲ့ရန်စီစဉ်ရာတွင် မြို့နယ်နှင့် ပြည်နယ် ဌာနဆိုင်ရာတို့အနေဖြင့် ဆင်းရဲသားများ အကျိုးခံစားခွင့် မရှိသည်ကို သေချာသိရှိ နားလည်ရန် လိုအပ်ပါသည်။

၃.၄.၃။ ကျား၊ မ လူမှုဘ ဂ (ဂျဲန်ဒါ )၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် စိုက်ပျိုးရေးတွင် လုပ်အားခွဲဝေမှု

ချင်းအမျိုးသမီး အများစုသည် ကလေးပြုစုခြင်း၊ မိသားစုအတွက် လိုအပ်သည်များ စီမံပေးရခြင်းကဲ့သို့သော များပြားသောတာဝန်များအပြင် စိုက်ပျိုးရေးလုပ်ငန်းတွင်လည်း ၎င်းတို့၏ အဓိကတာဝန်အဖြစ် ဝင်ရောက်လုပ်ကိုင်ကြ ရပါသည်။ မည်သည့်ထုတ်ကုန်ကို ရောင်းချမည် (သို့) မိသားစု စားသုံးမှုအတွက် သိမ်းဆည်းသိုလှောင်မည်ကို အမျိုးသမီးများက ဆုံးဖြတ်ချက်ချရပါသည်။ မြို့ဈေးများသို့ သွားရောက်ရောင်းချရာတွင် အမျိုးသမီးနှင့် အမျိုးသား တိုင်ပင်ဆုံးဖြတ်တတ်ကြပြီး ပိုင်ဆိုင်မှုများ (ဥပမာ - မြေယာနှင့် မွေးမြူရေးတိရစ္ဆာန်များ)ကို ရောင်းချ၊ ငှားရမ်း၊ ပေါင်နှံရာတွင် အမျိုးသားတစ်ဦးတည်းသာ ဆုံးဖြတ်လေ့ရှိသည်။

ဓလေ့ထုံးတမ်းစဉ်လာ ဥပဒေအရ အမျိုးသမီးများမှာ မြေယာ (သို့) အိမ်ကို အမွေဆက်ခံပိုင်နိုင်ခွင့် မရှိပေ။ များသောအားဖြင့် အမွေဆက်ခံနိုင်ခွင့်ကို အကြီးဆုံးသားနှင့် အငယ်ဆုံးသားတို့က ရရှိပြီး ကျန်သော သားများက ကျန်ရှိသော ဥစ္စာကိုသာ ခွဲဝေယူရပါသည်။

လုပ်အားခွဲဝေမှု - အမျိုးသားများမှာ တောင်ယာခုတ်ထွင်ရှင်းလင်းခြင်းနှင့် မီးရှို့ခြင်းစသော အလုပ်ကြီးတို့ကို လုပ်ရပြီး အမျိုးသမီးများမှာမူ ပေါ့ပါးသောတာဝန် (ဥပမာ - စိုက်ပျိုးခြင်း၊ ပေါင်းသင်ခြင်း၊ ရိတ်သိမ်းခြင်း) တို့ကို လုပ်ဆောင်ရသည်။ စိုက်ပျိုးရေးတာဝန်များကို အများအားဖြင့် ခွဲဝေယူကြရသော်လည်း အမျိုးသားများ၏ လုပ်ခမှာ အမျိုးသမီးများထက် ပိုမိုပါသည်။ MIID စိုက်ပျိုးရေးအဖွဲ့သည် အဓိကလယ်ယာလုပ်ငန်းများအပေါ် ကျား၊ မ လူမှု ကဏ္ဍအလိုက် တာဝန်ခွဲဝေယူကြပုံကို လေ့လာခဲ့ပါသည်။ တွေ့ရှိချက်များကို စိုက်ပျိုးရေးစာတမ်းတွင် အသေးစိတ်ဖော်ပြထားပါသည်။ အမျိုးသမီးများသည် နေ့စဉ်ဆောင်ရွက်ရသော တာဝန်ဝတ္တရားများကို ထမ်းဆောင်ရန် ၎င်းတို့၏ လုပ်အားကို အများဆုံး အသုံးချရပြီး အမျိုးသားများကမူ နည်းပညာနှင့် သက်ဆိုင်သော အလုပ်များ - ဥပမာ - ကိုင်းချိုင်ခြင်း၊ ပန်းသီးပင်များ ပေါင်းသင်ခြင်း၊ ဝန်တင်ခံနိုင်သော တိရစ္ဆာန်များ အသုံးပြုခြင်း တို့ကို တာဝန်ယူပါသည်။ ထို့ပြင် ချင်းပြည်နယ်သည် ပြည်နယ်များအားလုံးတွင် အိမ်သုံးရေရရှိရေး အတွက် အများဆုံး အချိန်ပေးရပြီး ချင်းအမျိုးသမီး ၈၉.၈% မှာ အဆိုပါတာဝန်ကြောင့် ၎င်းတို့၏ အချိန်များကို ကုန်ဆုံးစေရသည်။[၁၄]

[၁၃] ထုံးတမ်းစဉ်လာအရ မြေယာပိုင်ဆိုင်သော မိသားစု

[၁၄] UNICEF/MICS ၏ "Myanmar Multiple Indicator Cluster Survey 2009 – 2010"


## ၃.၄.၄။ အသုံးပြုမှုကျဆင်းလာသော စိုက်ပျိုးနည်းစနစ်

ချင်းပြည်နယ်တွင် မြေယာပေါ်များသော်လည်း မြေမျက်နှာသွင်ပြင်များမှာ ကြမ်းတမ်းနေပြီး သွင်းအားစုနည်း/ထွက်ကုန်လည်း နည်းသော မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရန်အခက်အခဲများနှင့် ရင်ဆိုင်နေရပါသည်။ စိုက်ပျိုးနည်းစနစ်အရ လူနေထိုင်မှု ပြန့်နှံ့လျက်ရှိရာ ထိုအခြင်းအရာကြောင့် အစိုးရအနေဖြင့် အုပ်ချုပ်ရေးအာဏာ သက်ရောက်မှု ကြီးပမ်းရာနှင့် လူမှုဖွံ့ဖြိုးရေးများ ဆောင်ရွက်ပေးရာတွင် အခက်တွေ့စေပါသည်။ ဝေးလံခေါင်ပါးသော နေရာများတွင် ဘိန်းစိုက်ပျိုးမှုရှိပြီး အစိုးရအနေဖြင့် ထိုဘိန်းစိုက်ပျိုးမှုကို ထိန်းချုပ်ဖို့အတွက် အုပ်ချုပ်ရေးမြှင့်တင်ရန် လိုအပ်ပါသည်။ ထို့အတူ လမ်းပန်းဆက်သွယ်ရေးရှိသော နေရာများတွင် အခြေချနေထိုင်မှုကို ဖန်တီးပေးရန်နှင့် အစိုးရကျောင်းနှင့် ကျန်းမာရေးဆေးပေးခန်းတို့ တည်ဆောက်ပေးရန်တို့လည်း လိုအပ်ပါသည်။
ခေတ်သစ်တွင် လယ်သမား အိမ်ထောင်စုများသည် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ၎င်းတို့၏ ကလေးများ ပညာရေး အတွက် လူမှုရေးဝန်ဆောင်မှုများ ရှာဖွေလာရာ အစိုးရ၊ ဘုရားကျောင်းနှင့် လူမှုအဖွဲ့အစည်းများနှင့် နီးစပ်ရာနှင့် လမ်းတံတား၊ ဆေးပေးခန်းနှင့် စာသင်ကျောင်းတို့နှင့် နီးစပ်ရာတို့တွင် စုရုန်းနေထိုင်မှုများ ရှိလာပါသည်။ ယင်းပြောင်းလဲမှုသည် ကျန်းမာရေးနှင့် ကလေးငယ်တို့၏ ပညာရေးအတွက် လူမှုဖူလုံရေး အကာအကွယ်များကို ဖန်တီးပေးနိုင်သော်လည်း တစ်ဘက်တွင်မူ မြေယာအတွက် စိုးရိမ်မှုတိုးပွားလာခြင်း၊ ရွှေ့ပြောင်းတောင်ယာအတွက် လှည့်ပြောင်း စိုက်ပျိုးနိုင်မှု ကာလတိုလာခြင်း၊ မြေဆီလွှာအရည်အသွေး နိမ့်ကျလာခြင်း၊ သီးနှံအထွက်နှုန်း လျော့ကျခြင်း၊ စားနပ်ရိက္ခာမဖူလုံမှု၊ ငတ်မွတ်ခေါင်းပါးခြင်း၊ ကလေးငယ်များ ကြီးထွားမှုနှုန်း နှေးကွေးခြင်းနှင့် ဆင်းရဲနွမ်းပါးမှု တိုးပွားခြင်းတို့ ဖြစ်ပေါ်လာပါသည်။
အနာဂတ်အတွက် အစီအစဉ်များရေးဆွဲရာတွင် ချင်းပြည်နယ်အစိုးရအတွက် အရေးပါဆုံးသောအကြောင်းအရာ တစ်ခုမှာ ဒေသခံလူထု၏ ရိက္ခာအာဟာရကို ဖြည့်ဆည်းပေးနိုင်ပြီး ရွှေ့ပြောင်းတောင်ယာစနစ်ကို အစားထိုးနိုင်သော အခြားသော ရွေးချယ်စရာအစီအစဉ် (လူမှုရေး၊ ငွေရေးကြေးရေးအရပါ ရေရှည်ခိုင်မာမှုရှိစေရမည်) ကို ရှာဖွေ သတ်မှတ်ရန် ဖြစ်သည်။ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှု လျော့ကျသွားသဖြင့် အတည်တကျ စိုက်ပျိုးနည်းပုံစံကို ဒေသခံတို့နှင့် မိတ်ဆက်ပေးရန် လိုအပ်နေပါသည်။ သို့သော် ကံအကြောင်းမလှစွာဖြင့် ချင်းပြည်နယ်၏ မြေမျက်နှာသွင်ပြင်မှာ မတ်စောက်လွန်းနေရာ သစ်တောစိုက်ပျိုးခြင်းနှင့် ရွှေ့ပြောင်းတောင်ယာအတွက်သာ သင့်လျော်နေသည်။ သို့သော် အတည်တကျစိုက်ပျိုးနည်းစနစ်သို့ ပြောင်းလဲလာမည်မှာ မလွဲဧကန်ဖြစ်သည်။ သို့ရာတွင် အတည်တကျစိုက်ပျိုးရန်ဖြစ်စေ၊ မြေပြင်ညီညှိရန်ဖြစ်စေ တောင်စောင်းများမှာ မတ်စောက်လွန်းနေသဖြင့် နွမ်းပါး အိမ်ထောင်စုများအတွက် ပြင်ပအကူအညီမရရှိလျှင် စရိတ်စက ကြီးမားလွန်းနေသည်။[၁၅] ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှုမှာ ကျဆင်းမြဲဖြစ်ပြီး စားနပ်ရိက္ခာမဖူလုံမှုသာလျှင် တိုးပွားလျက်ရှိသည်။

## ၃.၄.၅။ စိုက်ပျိုးရေးနှင့် ရိက္ခာဖူလုံရေး - ငတ်မွတ်ခေါင်းပါးခြင်းနှင့် အာဟာရပြတ်လပ် ၍ ကြီးထွားမှုနှုန်းနှေးကွေးေ သာ ကလေးငယ်များ

ချင်းပြည်နယ် ကျေးရွာအများစုတွင် အစားအစာပြတ်လပ်မှုမှာ များသောအားဖြင့် မတ်နှင့် ဧပြီလ၊ မှတ်သုံမိုးမစတင်မီ အချိန်တို့တွင် နှစ်စဉ် ဖြစ်ပေါ်လျက်ရှိသည်။ လတ်တလောတွင် အစားအစာ ဝယ်ယူနိုင်ရန် ဝင်ငွေရသီးနှံ စိုက်ပျိုး ရောင်းချခြင်းနှင့် ထင်းခုတ်ခြင်းတို့ဖြင့် ဖြေရှင်းနေကြရသည်။ MIID စိုက်ပျိုးရေးအဖွဲ့သည် ကျေးရွာများစွာကို ကွင်းဆင်းလေ့လာခဲ့ပြီး ထိခိုက်ခံစားရသော အိမ်ထောင်စုနှင့် ကျေးရွာခေါင်းဆောင်တို့နှင့် စားနပ်ရိက္ခာဖူလုံရေး ကိစ္စ အတွက် ဆွေးနွေးခဲ့ကြပါသည်။ အများစု၏ ပြောကြားချက်အရ စားနပ်ရိက္ခာမလုံလောက်မှုကို နှစ်စဉ်နှစ်တိုင်း လပေါင်းများစွာ တွေ့ကြုံခံစားနေရသည်။ ရိက္ခာမလုံလောက်ခြင်းနှင့် ငတ်မွတ်ခြင်းကို မတ်လမှ ဩဂုတ်လတိုင်အောင် သုံးလေးလ ခံစားရကြောင်း ဆိုကြပါသည်။ ချင်းပြည်နယ် စိုက်ပျိုးရေးဌာနက မြို့နယ်အလိုက် ဆန်လုံလောက်မှု ပမာဏမှာ ၃၂% မှ ၉၄% နှုန်းကြားတွင် ရှိကြောင်း ဆန်းစစ်ထားပါသည်။ ပုံ (၆) တွင် ကြည့်ရန်။

[၁၅] စိုက်ပျိုးရေးအဖွဲ့က တစ်ဧကစာ မြေပြန့်လွင်ပြင်ဖန်တီးခြင်းအတွက် လုပ်အားခအတွက် အမေရိကန်ဒေါ်လာ ၂၀၀၀ ကုန်ကျမည်ဟု ခန့်မှန်းပါသည်။




*ပုံ (၇) ချင်းပြည်နယ်တွင်း မြို့နယ်များ၏ စားနပ်ရိက္ခာဖူလုံမှုအခြေအနေ*[၁၆]

စားနပ်ရိက္ခာလုံလောက်စွာ မထုတ်လုပ်နိုင်ခြင်းသည် ချင်းပြည်နယ်ရှိ ကလေးများ၏ ကျန်းမာရေးကို သက်ရောက်မှုရှိစေသည်။ UNICEF/MICS ၏ "Myanmar Multiple Indicator Cluster Survey 2009 – 2010"အရ ချင်းပြည်နယ်ရှိ ကလေးများ၏ ၉.၄% မှာ မွေးကင်းစတွင် ၂၅၀၀ ဂရမ် (၅.၅ ပေါင်) အောက်သာ ရှိပြီး ချင်းပြည်နယ်သည် ပြည်ထောင်စုနိုင်ငံတွင် ကိုယ်အလေးချိန်ပေါင်ချိန်မပြည့်မီသော ကလေးအများဆုံး ရှိနေ၍ အညွှန်းကိန်း၏ အောက်ဆုံးသို့ ရောက်နေပါသည်။ ကလေးငယ် ၃၀% အထက်မှာ အာဟာရသုံးဆောင်နိုင်မှု နိမ့်ကျနေပြီး ၅၈% မှာမူ အသင့်အတင့်မှ အဆိုးဆုံး ကြီးထွားမှုနှုန်းနှေးကွေးမှုကို ခံစားနေရသူများ ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုနိုင်ငံ၏ ဒေသများကြားတွင် အာဟာရဆိုင်ရာအညွှန်းကိန်း၌ အနိမ့်ကျဆုံး ဖြစ်နေပါသည်။ လက်ရှိ စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်မှာလည်း ချင်းပြည်သူလူထု၏ အခြေခံ လိုအပ်ချက်နှင့် ကလေးများအတွက် လုံလောက်သော အစားအစာကို မဖြည့်ဆည်းပေးနိုင်ပေ။ ကိန်းဂဏန်းများသည် အိမ်ထောင်စုများအတွက် အစိုးရ၏ပံ့ပိုးမှုများ မလုံလောက်ခြင်းကို ညွှန်ပြနေပြီး အစိုးရအနေဖြင့်လည်း ကလေးငယ်များအတွက် အစားအစာ ထိရောက် လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းကို မဆောင်ရွက်နိုင်သေးပေ။ အနာဂတ်အတွက် စီမံကိန်းရေးဆွဲရာတွင် ကလေးငယ်တို့၏ အာဟာရရရှိမှုနှင့် ကြီးထွားမှုအခြေအနေကို စောင့်ကြည့်လေ့လာရန် အထူးအရေးပါပြီး အာဟာရနှင့် ကျန်းမာရေးလိုအပ်ချက်များ၊ ထို့အတူ စိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရေးတို့ကို ဦးစားပေး ဆောင်ရွက်သင့်ပါသည်။

အစီအစဉ်ရေးဆွဲခြင်း ရှုထောင့်မှကြည့်လျှင် ကလေးငယ်တို့ အာဟာရရရှိမှု အခြေအနေကို ထိထိရောက်ရောက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကြီးအကျယ် စားနပ်ရိက္ခာပြတ်လပ်သော နေရာဒေသများ သတ်မှတ်ခြင်းတို့မှာ အစိုးရလုပ်ငန်းစဉ်အတွက် အရေးပါလျှက်ရှိသည်။ အဘယ့်ကြောင့်ဆိုသော် သို့မှသာလျှင် အဆိုပါ အရေးပေါ် နေရာများတွင် စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ခြင်းဖြင့် ဒေသစားနပ်ရိက္ခာဖူလုံရေးအတွက် ကြားဝင်ဆောင်ရွက်ချက်များကိုလုပ်ဆောင်နိုင်မည်ဖြစ်သည်။ လက်ရှိတွင် ပြည်နယ်အစိုးရ၏ စိုက်ပျိုးရေးအတွက် ရသုံး ငွေစာရင်း လျာထားချက်မှာ ၃% အောက်တွင်သာ ရှိပြီး အထက်တွင် ဖော်ပြထားသော လူမှုရေးနှင့် စီးပွားရေး ပြဿနာများ ပြေလည်စေရန် စိုက်ပျိုးရေးကဏ္ဍတွင် ဆထက်တိုးပြီး ရင်းနှီးမြှုပ်နှံရန် လိုအပ်နေပါသည်။

[၁၆] ရည်ညွှန်းဇစ်မြစ် - အုပ်ချုပ်ရေးဦးစီးဌာန၊ ချင်းပြည်နယ်

## ၃.၅။ အခြေခံအဆောက်အအုံနှင့် ဆက်သွယ်ရေး

### ၃.၅.၁။ လမ်းပန်းဆက်သွယ်ရေး

ကြမ်းတမ်းသော မြေမျက်နှာသွင်ပြင်ကြောင့် လမ်းဖောက်လုပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက် စရိတ်စက ကြီးမားလွန်းခြင်းသည် ချင်းပြည်နယ်၏ လူမှုပတ်ဝန်းကျင်နှင့် စီးပွားရေးအပေါ် များစွာသက်ရောက်မှုရှိစေပါသည်။ ဒေသတွင် ပြည့်စုံကောင်းမွန်သော လမ်းတံတားအဆောက်အအုံ မရှိခြင်းကြောင့် ပြည်သူတို့၏ စိုက်ပျိုးရေးနှင့် စက်မှု လုပ်ငန်းမှသည် ပညာရေးနှင့် ကျန်းမာရေးတို့အထိ ထိခိုက်ကြရသည်။ လမ်းပန်းဆက်သွယ်ရေး အဆင်မပြေမှု ကြောင့် စက်မှုနှင့်စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့စရိတ်ကြီးမြင့်နေတတ်ပြီး ဈေးကွက်တွင်လည်း ယှဉ်ပြိုင်စွမ်းအား လျော့နည်း သွားသည်။ အလားတူ သွင်းကုန်စရိတ်မှာလည်း မြင့်တက်သောကြောင့် စိုက်ပျိုးရေးနှင့် စက်မှုထုတ်ကုန် ထုတ်လုပ်မှုစရိတ် တက်သွားပြီး ဒေသခံတို့၏ နေထိုင်မှုစရိတ်မှာ ဆတိုးသွားသည်။ ထို့ကြောင့် ဒေသခံတို့မှာ စားနပ် ရိက္ခာလုံလုံလောက်လောက် ဝယ်ယူစုဆောင်းရန် အခက်တွေ့နေရပါသည်။ လမ်းပန်း မပြည့်စုံမှုကြောင့် ပညာရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှုတို့ မရရှိနိုင်သဖြင့် ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ ပညာရေးနှင့် ကျန်းမာရေး အညွှန်း ကိန်းများ၌ အောက်ဆုံးအဆင့်သို့ ရောက်နေပါသည်။

ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် အလွန်အရေးကြီးပါသည်။ လမ်းဖောက်ခြင်းနှင့် ပြုပြင် ထိန်းသိမ်းရေး စရိတ်အတွက် ပြည်နယ်ဘတ်ဂျက်၏ ထက်ဝက်ကျော်ခန့်ကို အသုံးပြုနေရသည်။ နောင်အခါ စီမံကိန်းများ ရေးဆွဲသည့်အခါ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ငွေအလုံးအရင်းသက်သက် မြှုပ်နှံခြင်းထက် လက်ရှိ မြှုပ်နှံမှုများ ထိရောက်ပြည့်စုံမှုရှိစေရန် ဦးတည်ဆောင်ရွက်သင့်ပါသည်။ ဖောက်လုပ်မည့် လမ်းများသည် ဒေသ အတွက် စီးပွားရေးနှင့် လူမှုရေး အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရန် အရေးကြီးသည်။ ပြည်နယ်အတွင်း ရှိ လမ်းပန်းဆက်သွယ်ရေးအချိတ်အဆက်များ တိုးတက်ကောင်းမွန်ရေးနှင့် ဦးစားပေးဆောင်ရွက်သင့်သည်များကို သတ်မှတ်နိုင်ရန် ပြည့်စုံကောင်းမွန်သည့် အစီအစဉ်တစ်ရပ် ရေးဆွဲထားရန်လည်း အရေးပါလှပေသည်။ MIID ဆောက်လုပ်ရေးအဖွဲ့သည်လမ်းတည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့တွင်စရိတ်လျှော့ချနိုင်သောဆောက်လုပ်ရေး နည်းပညာများကို အကြံပြုထားပါသည်။ (အသေးစိတ်ကို လမ်းပန်းအခြေခံအဆောက်အအုံစာတမ်းတွင် တင်ပြထား ပါသည်။)

### ၃.၅.၂။ လေကြောင်းဆက်သွယ်ေ ရး

ချင်းပြည်နယ်တွင် မြန်မာနိုင်ငံ၏ အခြားဒေသများနှင့်လည်းကောင်း၊ ပြင်ပကမ္ဘာနှင့်လည်းကောင်း လေကြောင်းဖြင့် ဆက်သွယ်နိုင်ရန် လေယာဉ်ကွင်းမရှိပါ။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွင် လေကြောင်းဆက်သွယ်မှု အတွက် ဆောင်ရွက်ပေးရန် ထည့်သွင်းထားရာ ခရီးသွားလာရေးတိုးမြှင့်ရန်နှင့် ပြင်ပရင်းနှီးမြှုပ်နှံမှုများ ရရှိလာစေရန် ဤအရေးကိစ္စကို ဦးစားပေး ဆောင်ရွက်သင့်ပေသည်။

### ၃.၅.၃။ ရေရရှိမှု

မြန်မာနိုင်ငံရှိ အခြားဒေသများနှင့် နှိုင်းယှဉ်လျှင် ချင်းအိမ်ထောင်စုဝင်တို့သည် အိမ်သုံးရေရရှိမှု အသင့်အတင့် အနေ အထားတွင်ရှိသည်။ အိမ်ထောင်စုများအနက် ခန့်မှန်းခြေ ၁၁.၃% (နှမ်းပါးအိမ်ထောင်စု ၂၅.၂% သာ) မှာ ၎င်းတို့ နေအိမ်သို့ ရေပိုက်လိုင်းများ သွယ်တန်းထားနိုင်ပါသည်။ သို့ရာတွင် ရေပိုက်မသွယ်ထားနိုင်သော အိမ်ထောင်စု တို့မှာမူ ရေရရှိမှု ခက်ခဲပါသည်။ ချင်းပြည်နယ်သည် မြစ်ချောင်းနှင့် စမ်းရေအိုင်များသို့ ရေခပ်သွားရချိန် အကြာမြင့်ဆုံး ဒေသဖြစ်သည်။ အိမ်သုံးရေပြတ်လပ်မှုကို မြို့ကြီးများ၌ပါ ကြုံတွေ့နေလျက်ရှိရာ ပြည်နယ်အစိုးရနှင့် မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များက သည်ပြဿနာကို ဖြေရှင်းရန် အစီအစဉ်များ ရေးဆွဲလျက်ရှိသည်။

### ၃.၅.၄။ လျှပ်စစ်မီးရရှိမှု

ချင်းပြည်နယ်တွင် ၂၄ နာရီ လျှပ်စစ်မီးရရှိသော မြို့ အလွန်နည်းပါးပါးသည်။ လက်ရှိရရှိနေသော လျှပ်စစ်ကို ရေအား လျှပ်စစ်မှထုတ်ယူရပြီး လောက်ငအောင်မပေးဝေနိုင်သဖြင့် အလှည့်ကျသာပေးဝေရပါသည်။ ပြည်ထောင်စု အစိုးရသည် နိုင်ငံပိုင်လျှပ်စစ်ကို ချင်းပြည်နယ်၊ အနည်းဆုံး ဟားခါးမြို့နယ်သို့ တိုးချဲ့ပေးဝေနေပါသည်။ ကျေးလက်ဒေသ မီးလင်းရေးအတွက်မူ ပုဂ္ဂလိကပိုင် အသေးစားရေအားလျှပ်စစ်တို့ကို အားထားနေရပါသည်။ နိုင်ငံတော်ပင်မဓာတ်အားလိုင်းမှ လျှပ်စစ်သွယ်တန်းရန် စရိတ်ကြီးမြင့်လွန်းသည့် ဝေးလံခေါင်းပါးသော ဒေသများတွင် နေရောင်ခြည်စွမ်းအင်၊ လေဒဟက်စွမ်းအင်နှင့် အသေးစားရေအားလျှပ်စစ် စီမံကိန်းတို့ ထပ်မံတည်ဆောက်ရန် အခြေအနေကောင်းများ ရှိပါသည်။

### ၃.၆။ လူမှုဖွံ့ဖြိုးရေး အညွှန်းကိန်း

လူမှုရေးနှင့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုကို ကြည့်လျှင် ချင်းလူမျိုးများသည် မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိနေပါသည်။ ၂၀၁၃ - ၂၀၁၄ ခုနှစ် ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) တန်ဖိုးမှာ မြန်မာကျပ်ငွေ ၇၃၀၀၀၀ (အမေရိကန်ဒေါ်လာ ၇၄၅ ဒေါ်လာ) ရှိသော်လည်း ချင်းပြည်နယ်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ မြန်မာကျပ်ငွေ ၃၃၀၀၀၀ (အမေရိကန် ဒေါ်လာ ၃၃၆ ဒေါ်လာ) သာ ရှိပါသည်။[၁၇] ချင်းပြည်နယ်တွင် အလုပ်အကိုင်ရရှိမှုမှာ ခန့်မှန်းခြေ ၅၄% ရှိရာ ဒေသခံလူထု အများစုမှာ အလုပ်လက်မဲ့ဖြစ်နေကြောင်း ဖော်ပြနေပါသည်။[၁၈]

ချင်းပြည်နယ်သည် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုအမြင့်ဆုံးဒေသဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုနှုန်း ၇၃% ရှိပါသည်။[၁၉]. ပြည်နယ်သည် လိုအပ်ချက်၏ ၇၀% ခန့် အစေ့အနှံ ထုတ်လုပ်နိုင်သော်လည်း ဆင်းရဲသောအိမ်ထောင်စုများမှာ နှစ်စဉ်နှစ်တိုင်း လပေါင်းများစွာ ငတ်မွတ်ခေါင်းပါးမှုကို ရင်ဆိုင်ကြုံတွေ့ရသည်။ ရလဒ်အားဖြင့် ကလေးငယ် ၅၈% မှာ ကြီးထွားမှုနှုန်းနေးကွေးနေပြီး ထိုကိန်းဂဏန်းမှာလည်း ပြည်ထောင်စုနိုင်ငံတွင် အမြင့်မားဆုံးနှုန်းဖြစ်သည်။ မြေမျက်နှာသွင်ပြင် ကြမ်းတမ်းခြင်းနှင့် လူဦးရေ ပြန့်ကျဲနေထိုင်ခြင်းကြောင့် ကျေးလက်ဒေသများတွင် ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ပေးရန် အခက်တွေ့စေပါသည်။ ကျောင်းဆရာ၊ ဆရာမနှင့် ကျန်းမာရေးဝန်ထမ်းတို့ကို ရေရှည်တာဝန်ထမ်းဆောင်ရန် ထိန်းမထားနိုင်သည့်အတွက် ကလေးများ ကျောင်းထွက်နှုန်းမှာ မြင့်မားနေပြီး၊ လူမှုဖွံ့ဖြိုးရေးနိမ့်ကျသော ဒေသများတွင် အဖြစ်များသော ရောဂါဖြစ်ပွားမှုမှာလည်း မြင့်တက်လျှက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ချင်းပြည်နယ်၏ ကျန်းမာရေးအညွှန်းကိန်းမှာ အဆိုးဆုံးအခြေအနေတွင် တည်ရှိပါသည်။ ဆရာဝန် ၃၄၂ ဦး စေလွှတ်ခဲ့သော်လည်း ၆၄ ဦးသာလျှင် ချင်းပြည်နယ်သို့ လာရောက် တာဝန်ထမ်းဆောင်ကြပါသည်။ ထို့အတူ တာဝန်ခန့်အပ်ထားသော သူနာပြု ၈၈၈ ဦးရှိသော်လည်း ၄၁၃ ဦးသာ တာဝန်ထမ်းဆောင်ပါသည်။ ချင်းပြည်နယ်သည် ငှက်ဖျားနှင့် အူရောင်ငန်းဖျားရောဂါ အဖြစ်များဆုံး ဒေသဖြစ်ပါသည်။ UNICEF/MICS ၏ ""Myanmar Multiple Indicator Cluster Survey 2009 – 2010" အစီရင်ခံစာတွင် ချင်းပြည်နယ်တွင် မိခင်လောင်း ၅၀% ခန့်မှာ ကျွမ်းကျင်ကျန်းမာရေးဝန်ထမ်းများထံမှ ကလေးမီးဖွားချိန်ကျန်းမာရေးစောင့်ရှောက်မှုကို မရယူဘဲ မီးဖွားကြပါသည်။ ကလေး မီးဖွားရာတွင် ၂၅.၁% က မိရိုးဖလာ ဝမ်းဆွဲသည်များနှင့် မီးဖွားကြပြီး၊ ၁၀.၄% ရာခိုင်နှုန်းကမူ မည်သည့်အကူအညီမှ မပါဘဲ မီးဖွားကာ၊ ၅.၆% သာလျှင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူပြီး မီးဖွားကြောင်း တွေ့ရပါသည်။ ကလေးမွေးကင်းစတွင် ကာာကွယ်ဆေးထိုးသူ ၇၆.၄% ( မြန်မာနိုင်ငံတွင် တတိယအနိမ့်ဆုံး) ရှိပြီး၊ ဘီပိုးကာကွယ်ဆေးထိုးမှုမှာ ပြည်ထောင်စုနိုင်ငံတွင် ဒုတိယအနည်းဆုံး ဒေသဖြစ်သည်။

---

[၁၇] အစိုးရတရားဝင်ထုတ်ပြန်ထားသော ကိန်းဂဏန်းများအရဖြစ်ပါသည်။

[၁၈] ၂၀၁၀ ခုနှစ်တွင် ကောက်ခံခဲ့သော ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) ၏ အိမ်ထောင်စုစစ်တမ်း အချက်အလက်များမှ ထုတ်နုတ်ပါသည်။

[၁၉] UNICEF/MICS ၏ "Myanmar Multiple Indicator Cluster Survey 2009 – 2010"

သားဆက်ခြားခြင်းကိစ္စနှင့် ပတ်သက်၍ အိမ်ထောင်ရှင်အမျိုးသမီး ၇.၈% သာလျှင် ပဋိသန္ဓေတားဆေးသုံးရာ မြန်မာနိုင်ငံ တွင် အနည်းဆုံးပမာဏဖြစ်သည်။ ခုခံအားကျဆင်းသော HIV/AIDS ရောဂါနှင့်ပတ်သက်ပြီး အမျိုးသမီး ၃.၃% သာလျှင် မည်သည့်နေရာများတွင် ကုသမှု ခံယူနိုင်ကြောင်း သိထား၍ ၂၂.၂% မှာ အိပ်ချ်အိုင်ဗီပိုး ကူးစက်မှု ကာကွယ်ရန် နည်းလမ်းသုံးသွယ်ကို သိရှိထားပါသည်။

ဖော်ပြပါ ကိန်းဂဏန်းများသည် ကျန်းမာရေးဝန်ထမ်းလစ်လပ်မှုနှင့် ကျန်းမာရေးစောင့်ရှောက်ပေးသူတို့အနေဖြင့် ဝေးလံခေါင်းပါးသော အရပ်ဒေသများရှိ လူထုနှင့် ဆက်သွယ်ရန်ခက်ခဲခြင်းကြောင့် ဖြစ်ကြောင်း ညွှန်ပြလျှက်ရှိပါသည်။ ပြည်ထောင်စုအစိုးရအနေဖြင့် ဆရာဝန်နှင့် သူနာပြုများ ချင်းပြည်နယ်တွင် တာဝန်ထမ်းဆောင်လိုစိတ် ရှိစေရန် လစာတိုးမြှင့်ခြင်း မက်လုံးပေးခြင်းကဲ့သို့သော နည်းလမ်းအသစ် ကျင့်သုံးသင့်ပါသည်။ အမှန်တကယ် တာဝန် ထမ်းဆောင်မှု မရှိလျှင် ဆရာဝန်နှင့်သူနာပြုများ တိုးချဲ့ခန့်ထားခြင်းသည် မည်သို့သော အကျိုးရလဒ်မှ ဖြစ်ထွန်းစေ လိမ့်မည် မဟုတ်ပါ။

## ၃.၇။ အုပ်ချုပ်ရေးဖွဲ့စည်းပုံ

### ၃.၇.၁။ အုပ်ချုပ်ပုံအဆင့်ဆင့် - ခရိုင်၊ မြို့နယ်နှင့် ကျေးရွာများ

ချင်းပြည်နယ်၏ အုပ်ချုပ်ရေးမြို့တော်မှာ ဟားခါးဖြစ်ပြီး ပြည်နယ်ကို အောက်ပါအတိုင်း ခရိုင်သုံးခု၊ မြို့နယ် ကိုးခုဖြင့် ဖွဲ့စည်းထားပါသည်။[၁၀]

- ဖလမ်းခရိုင် - ဖလမ်း၊ တီးတိန်နှင့် တွန်းဇံမြို့နယ်များ
- ဟားခါးခရိုင် - ဟားခါးနှင့် ထန်တလန် မြို့နယ်များ
- မင်းတပ်ခရိုင် - မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ပလက်ဝမြို့နယ်များ

မြို့နယ်တစ်ခုချင်းစီကို ကျေးရွာများစုဖြင့် ဖွဲ့စည်းထားပါသည်။ ကျေးရွာများကို ကျေးရွာအုပ်စုအောက်တွင် ထားရှိပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကို ရွာသူရွာသားများက ရွေးချယ်တင်မြှောက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာအတွင်းကြီး လူကြီးများ၊ ကိုးစားထိုက်သူများပါဝင်သည့် ခေါင်းဆောင်များနှင့် ဖွဲ့စည်းပါသည်။

*ဇယား(၁) - ချင်းပြည်နယ် မြို့နယ်ဆိုင်ရာ အချက်အလက်များ*

| | ချင်းပြည်နယ်အချက်အလက် | | | | |
|---|---|---|---|---|---|
| | မြို့နယ် | လူဦးရေ** ၂၀၁၄ | အကျယ်အဝန်း* (စတုန်ရန်းမိုင်) | စိုက်ပျိုးမြေ* (ဧက) | တစ်ဦးချင်းဝင်ငွေ* (ကျပ်) ၂၀၁၂ |
| ၁ | တီးတိန် | ၈၇၃၈၉ | ၉၄၉.၆၉ | ၂၉၀၂၁ | ၂၁၉၅၆၅ |
| ၂ | တွန်းဇံ | ၂၁၂၆၁ | ၉၆၉.၇၃ | ၁၀၅၆၁ | ၃၂၄၃၈၃ |
| ၂က | ကျီခါး (မြို့နယ်ခွဲ) | ၁၁၁၃၉ | ၃၉၀.၆၂ | ၃၄၅၂ | |
| ၃ | ထန်တလန် | ၅၀၃၆၃ | ၁၃၇၁ | ၂၈၄၈၉ | ၂၆၃၉၅၃ |
| ၄ | ဖလမ်း | ၄၁၃၉၅ | ၉၁၄.၈၇ | ၂၄၉၂၅ | ၂၄၀၇၇၉ |
| ၄က | ရိဒ် (မြို့နယ်ခွဲ) | ၆၆၂၂ | ၇၅.၂၅ | ၂၇၃၁ | |
| ၅ | ဟားခါး | ၄၈၂၆၆ | ၁၆၀၈.၂ | ၂၅၁၇၃ | ၃၂၉၄၀၉ |
| ၆ | ကန်ပက်လက် | ၂၁၂၅၉ | ၉၆၃.၈၂ | ၉၅၈၃ | ၄၅၆၆၉၅ |
| ၇ | ပလက်ဝ | ၆၄၈၀၆ | ၃၁၂၇ | ၅၁၀၆၄ | ၂၃၂၄၀၈ |
| ၇က | ဆမီး(မြို့နယ်ခွဲ) | ၃၂၀၉၃ | | | |
| ၈ | မတူပီ | ၃၉၃၅၅ | ၁၉၀၆.၄ | ၂၁၂၃၅ | ၂၈၇၉၈၂၂ |
| ၈က | ရေးရွာ(မြို့နယ်ခွဲ) | ၁၂၂၀၂ | ၄၁၀.၄ | ၆၂၁၀ | |
| ၉ | မင်းတပ် | ၄၂၅၄၀ | ၁၂၁၉.၉ | ၂၃၈၄၉ | ၃၂၇၉၀၀ |
| | **စုစုပေါင်း** | **၄၇၈၆၉၀** | **၁၃၉၀၆.၈၈** | **၂၃၆၂၉၃** | **၂၇၅၀၂၈** |

ရည်ညွှန်းဇစ်မြစ် - *အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ချင်းပြည်နယ် , ၂၀၁၃ နှင့်** လူဦးရေသန်းခေါင်စာရင်း။ ၂၀၁၄

### ၃.၇.၂။ ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်အလုပ်အမှုဆောင် [၁၁]

၂၀၁၀ ခုနှစ်မှ စတင်၍ ချင်းပြည်နယ် လွှတ်တော်တွင် ရွေးကောက်ခံကိုယ်စားလှယ် ၂၄ ဦးနှင့် တပ်မတော်သား ကိုယ်စားလှယ် ၆ ဦးပါဝင်ပါသည်။ ပြည်နယ်အလုပ်အမှုဆောင်အဖွဲ့ကို ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်၍ ဝန်ကြီးချုပ် တိုက်ရိုက်ခန့်ထားသော ဝန်ကြီး နှစ်ဦးအပါအဝင် ဝန်ကြီး ၁၀ ဦးဖြင့် ဖွဲ့စည်းထားပါသည်။

### ၃.၇.၃။ မြို့နယ်အုပ်ချုပ်ရေးပုံစံမူဘောင်

ပြည်ထောင်စုအစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် အာဏာဖြန့်ကျက်ခွဲဝေမှုအသွင်သစ်ကို ဦးတည်နေပြီး စီမံကိန်းလုပ်ငန်းစဉ်များရေးဆွဲရာတွင် အောက်ခြေလူထုကိုယ်တိုင် တင်ပြနိုင်သော လမ်းကြောင်းကို တည်ဆောက်ထားသဖြင့် မြို့နယ်နှင့် ကျေးရွာအဆင့် အုပ်ချုပ်ရေးတို့တွင် ပြောင်းလဲမှုများစွာ ဖြစ်ပေါ်ခဲ့ပါသည်။ အရေးပါသော အပြောင်းအလဲများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ရေးအတွက် **ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ** ထုတ်ပြန်ခြင်း
- မြို့ကနယ် စည်ပင်သာယာအုပ်ချုပ်မှုအတွက် ပြည်နယ်လွှတ်တော်မှ **စည်ပင်သာယာရေး ဥပဒေ** ပြဋ္ဌာန်းပေးခြင်း။ အဆိုပါ အုပ်ချုပ်ရေးအဖွဲ့သည် လုပ်ငန်းလိုင်စင်ကြေး၊ အသုံးပြုခတို့ ကောက်ခံခြင်းဖြင့် ဝင်ငွေရရှိအောင် ဆောင်ရွက်နိုင်ခွင့်ရှိသည်။[၂၀]
- မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တိုင်းကို မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးရာ ကော်မတီနှင့် မြို့နယ်စီမံပံ့ပိုးရေးကော်မတီဟူသော ကော်မတီသုံးရပ်နှင့် ဖွဲ့စည်းထားပါသည်။ ယင်းကော်မတီများတွင် ပြည်သူလူထုကို ကိုယ်စားပြုသူ ပြည်သူ့ဝန်ထမ်းများ ပါဝင်ကြပါသည်။ ချင်းပြည်နယ် မြို့နယ်ကော်မတီဖွဲ့စည်းပုံနှင့် ပြည်နယ်စီမံမှုပုံစံကို နောက်ဆက်တွဲ (၃) တွင် လေ့လာနိုင်ပါသည်။

## **၄။ ချင်းပြည်နယ်ကို သက်ရောက်မှုရှိစေသော မြန်မာ့စီမံကိန်းလုပ်ငန်းစဉ်**

### **၄.၁။ အမျိုးသားအဆင့် စီမံကိန်းရေးဆွဲမှု ညွှန်ကြားချက်**

မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးအတွက် စီမံကိန်းသစ်များ ရေးဆွဲရာတွင် အလုံးစုံပြောင်းလဲမှုကိုဦးတည်သည့် နည်းလမ်းသစ်များကို သမ္မတကြီးဦးသိန်းစိန်က ညွှန်ကြားခဲ့ပါသည်။ ယခင်အစိုးရလက်ထက်က ဗဟိုချုပ်ကိုင်သော စီးပွားရေးစနစ်ကို ကျင့်သုံးရာ၊ လိုအပ်သော ဆုံးဖြတ်ချက်များအားလုံးကို ပြည်ထောင်စုအစိုးရကသာ ချမှတ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများသည် ၎င်းတို့ပြည်နယ်ကို သက်ရောက်မှုရှိစေမည့် အဆိုပါဆုံးဖြတ်ချက်နှင့် လုပ်ငန်းများကို အကောင်အထည်ဖော်ပေးရသော အခန်းကဏ္ဍတွင်သာ နိုင်ငံတော်၏ အစိတ်အပိုင်းများအနေနှင့် ပါဝင်နိုင်ခဲ့ပါသည်။ ပြည်ထောင်စုအစိုးရသည် ယခုအခါ အောက်ခြေလူထုမှ စီစဉ်တင်ပြခွင့်ရှိသော နည်းလမ်းအသစ်ကို စတင်ကျင့်သုံးရာ အဆိုပါစီမံကိန်းများ အကောင်အထည်ဖော်ရန် ပြည်နယ်တစ်ခုချင်းစီကို အာဏာခွဲဝေအပ်နှင်းပြီး လျာထားသောဘတ်ဂျက်ကိုလည်း ပြည်နယ်အစိုးရထံသို့ ခွဲဝေပေးပါသည်။[၂၁] ယခုအခါ ပြည်ထောင်စုအစိုးရမှာ ဘက်စုံအမျိုးသားဖွံ့ဖြိုးရေး စီမံကိန်း ကို ရေးဆွဲလျှက်ရှိရာ၊ အဆိုပါစီမံကိန်းသည် ၂၀၁၆ ခုနှစ်ဘဏ္ဍာရေးနှစ်အစမှ ၂၀၂၁ ခုနှစ်လယ်အထိ အကောင်အထည်ဖော်ရမည့် ငါးနှစ်တာစီမံကိန်း ဖြစ်ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့သည် ၎င်းတို့ပြည်နယ်နှင့် တိုင်းအတွက် ဖွံ့ဖြိုးရေးစီမံကိန်းအစီအစဉ်ကို သီးခြားရေးဆွဲရပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ

[၂၀] စည်ပင်သာယာ အုပ်ချုပ်ရေးအဖွဲ့ကို ယခင်က "စည်ပင်ဌာန" ဟု မြို့နယ်အဆင့်တွင် ခေါ်ဝေါ်ပြီး ၎င်းမှာ ပြည်နယ်အစိုးရအဖွဲ့အတွင်းရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားရေးဝန်ကြီးဌာန၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ (ကျေးလက်ဖွံ့ဖြိုးရေးဌာနမှာယခုအခါ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်တွင် တည်ရှိပါသည်။)

[၂၁] ပညာရေးနှင့် ကျန်းမာရေးကဲ့သို့သော အချို့သောကဏ္ဍများအတွက် စီမံကိန်းရေးဆွဲခြင်းကို ပြည်ထောင်စုအဆင့်တွင် ဆောင်ရွက်ဆဲဖြစ်ပါသည်။

ဘက်စုံဖွံ့ဖြိုးရေးသုတေသန အဖွဲ့အစည်း (MIID) ၏ စီမံကိန်းသည် ချင်းပြည်နယ်ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမည့် ၎င်းတို့၏ ဖွံ့ဖြိုးရေးစီမံကိန်းအစီအစဉ်ကို ပံ့ပိုးပေးနိုင်ပါသည်။

## ၄.၁.၁။ ပြည်နယ်နှင့် မြို့နယ်များ အစီအစဉ်ရေးဆွဲခြင်း

ပြည်နယ်နှင့် မြို့နယ်များတွင် ယခုအခါ အခြေခံစီမံကိန်းရေးဆွဲခြင်းအဖွဲ့ ရှိနေပြီဖြစ်ပါသည်။ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တွင် ကော်မတီလေးရပ်ပါဝင်ပါသည်။ (နောက်ဆက်တွဲ ၃ တွင် ကြည့်ရန်)

- မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ - မြို့နယ်စီမံခန့်ခွဲမှု ကော်မတီကို အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ကွပ်ကဲပြီး မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ ပါဝင်ပါသည်။ ၎င်းတို့သည် မြို့နယ်အတွက် အစီအစဉ်ရေးဆွဲခြင်း၊ ဘတ်ဂျက်လျာထားခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ အခွန်ကောက်ခံခြင်း၊ ပြည်သူ့ရေးရာ ဝန်ဆောင်မှုပေးခြင်းတို့ လုပ်ဆောင်ရပါသည်။ ဤကော်မတီ၏ အဖွဲ့ဝင်ရာထူးကို အစိုးရ/ အုပ်ချုပ်ရေးအဖွဲ့မှ ဝန်ထမ်းများက တာဝန်ယူပါသည်။ ကော်မတီကို (က) ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ (ခ) စီမံကိန်းရေးဆွဲခြင်းနှင့် ဘဏ္ဍာရေး၊ (ဂ) စီးပွားရေးနှင့် ထုတ်ကုန်ထုတ်လုပ်ခြင်း၊ (ဃ) ပညာရေး၊ ကျန်းမာရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ (င) ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ (စ) နိုင်ငံတကာ အကူအညီနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးနှင့် စီမံခန့်ခွဲရေး ဟူသော ကော်မတီခွဲ (၆) ခုဖြင့် ဖွဲ့စည်းထားပါသည်။ ထိုကော်မတီခွဲများသည် ကော်မတီတစ်ရပ်လုံးက လုပ်ငန်းစဉ်များ ချမှတ်ရာတွင် လိုအပ်သောပံ့ပိုးမှုများ ပေးရပါသည်။ ကော်မတီခွဲတစ်ခုစီတွင် အစိုးရ/အုပ်ချုပ်ရေးအဖွဲ့မှ လူနှစ်ဦးစီနှင့် လူထု၊ ပုဂ္ဂလိကကဏ္ဍနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများက ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်ခုနစ်ဦးစီ ပါဝင်ပါသည်။
- မြို့နယ်စည်ပင်သာယာရေးရာ ကော်မတီ - ရွေးချယ်တင်မြှောက်ထားသော ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ကိုးဦးအထိ ပါဝင်တတ်ပြီး အလုပ်အမှုဆောင် အတွင်းရေးမှူးမှာ မြို့နယ်စည်ပင်သာရာရေးဌာနမှ ဌာနမှူးဖြစ်ပါသည်။ နှစ်ဦးမှာ အစိုးရ/အုပ်ချုပ်ရေးဌာနမှဖြစ်ပြီး၊ ကျန်ခုနစ်ဦးမှာမူ လူထုထဲမှ ရွေးချယ်တင်မြှောက်ထားပါသည်။ ၎င်းတို့၏ အခန်းကဏ္ဍမှာ ကျေးလက်နှင့် မြို့ပြကိစ္စရပ်များတွင် အကူအညီပေးရန်၊ မြို့နယ်အခွန်စည်းကြပ် ကောက်ခံရေး၊ လမ်းတံတား၊ ရေရရှိရေးနှင့် ဈေးတို့အတွက် ပြည်သူ့ဝန်ဆောင်မှုပေးခြင်းတို့ ဆောင်ရွက်ပေးရပါသည်။
- မြို့နယ်ဖွံ့ဖြိုးမှုပံ့ပိုးရေးကော်မတီ - အဖွဲ့ဝင်ကိုးဦးက ၎င်းတို့၏အဖွဲ့ဥက္ကဋ္ဌကို ရွေးချယ်ရပါသည်။ ဤအဖွဲ့တွင် အစိုးရ/အုပ်ချုပ်ရေးဌာနမှ နှစ်ဦးနှင့် လူထုက ရွေးချယ်တင်မြှောက်ထားသူ ခုနစ်ဦးပါဝင်ပါသည်။ အစိုးရဌာနများ၏ ဌာနမှူးများသည် ကော်မတီခွဲတစ်ခုချင်းစီတွင် အလုပ်အမှုဆောင် အတွင်းရေးမှူးတာဝန်ကို ယူထားပါသည်။ ဤအဖွဲ့၏ အဓိကတာဝန်မှာ ရပ်ရွာနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ရပ်ရွာနှင့် အတူ အပြန်အလှန် ဆက်ဆံရေးကို ထူထောင်ရန်၊ အောက်ခြေလူထု တင်ပြသော အစီအစဉ်များ ထွက်ပေါ်လာစေရေး ပံ့ပိုးပေးရန်၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် မြှင့်တင်ပေးခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းတို့တွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် အစိုးရအဖွဲ့ထံသို့ ရပ်ရွာလူထု၏ မပြေလည်မှုများ တင်ပြရာတွင် ကြားခံဆောင်ရွက်ပေးခြင်းတို့ ဖြစ်ပါသည်။
- မြို့နယ် အစီအစဉ်ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ - ဤအဖွဲ့ကို အုပ်ချုပ်ရေးမှူးက ဦးဆောင်ပြီး အချက်အလက်များ ကောက်ယူ၍ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီထံသို့ အစီရင်ခံတင်ပြရန် တာဝန်ယူထားရပါသည်။

စီမံကိန်း ရေးဆွဲခြင်း လုပ်ငန်းစဉ်များ ကျေးရွာအဆင့် ရေ့ပြေးအကောင်အထည်ဖော်ရာတွင် မြို့နယ်ဖွံ့ဖြိုးမှု ပံ့ပိုးရေးကော်မတီ၏ အကူအညီကို ရယူရပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများကိုလည်း ဖွဲ့စည်းထားပြီး ၎င်းတို့သည် ဖွံ့ဖြိုးရေးအတွက် လိုအပ်သော အကြံဉာဏ်နှင့် အဆိုပြုလွှာများကို မြို့နယ်စီမံချက်တွင် ထည့်သွင်းစဉ်းစားရန် အတွက် မြို့နယ်အဖွဲ့ထံသို့ တင်ပြရန် လိုအပ်ပါသည်။

## ၄.၁.၂။ ချင်းပြည်နယ်သို့ အရင်းအမြစ်များ ရွှေ့ပြောင်းနေရာချထားရေးတွင် စီမံကိန်းလုပ်ငန်းစဉ်သစ်၏ သက်ရောက်မှု

ပြည်နယ်နှင့် မြို့နယ်များသို့ အစီအစဉ်ရေးဆွဲရေး တာဝန်ဝတ္တရား ခွဲဝေပေးခြင်းနှင့်အတူ ပြည်နယ်၏ အရင်းအမြစ်များ ရွှေ့ပြောင်းနေရာချထားခြင်းသည် ပြည်ထောင်စုအစိုးရထံသို့ တင်ပြသော ဘတ်ဂျက်နှင့် စီမံကိန်းအပေါ်တွင် မှီတည်ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုယ်စီတို့သည် ယခုအခါ ပြည်ထောင်စုအစိုးရနှင့် အလှူရှင် အဖွဲ့အစည်းများထံမှ လိုအပ်သော အရင်းအမြစ်များ ပံ့ပိုးရရှိရန် ယှဉ်ပြိုင်နေကြရသည်။ ပြည်နယ်က တင်ပြလိုက်သော ဖွံ့ဖြိုးရေးစီမံကိန်းမှာ ကောင်းမွန်ထိရောက်ပြီး လက်တွေ့ကျမှသာလျှင် ပြည်ထောင်စုအစိုးရနှင့် ဖြစ်စေ အလှူရှင်အဖွဲ့အစည်းများနှင့်ဖြစ်စေ ခိုင်ခိုင်မာမာ ဆွေးနွေးနိုင်မည်ဖြစ်ပြီး ဖွံ့ဖြိုးရေးရင်းမြစ်များစွာ ရရှိနိုင်ဖို့ အခွင့်အလမ်းဖြစ်လာပါလိမ့်မည်။

သတ္တုတွင်းထွက် ကြွယ်ဝသော အခြားသော ပြည်နယ်များနှင့်မတူဘဲ ချင်းပြည်နယ်သည် အခွန်စည်းကြပ်ရာတွင် အလွန်ခက်ခဲသောကြောင့် ပြည်နယ်များကိုယ်တိုင် စီမံကိန်းရေးဆွဲပြီး ဘတ်ဂျက်ပြည့်မီအောင် ဆောင်ရွက်ခွင့်ရှိသော နည်းလမ်းသစ်မှာ ၎င်းတို့အတွက် ထိရောက်မှုနည်းပါးသဖြင့် ဖွံ့ဖြိုးရေးအသုံးစရိတ်အတွက် ပြည်ထောင်စုအစိုးရကို အမှီပြုနေရဆဲဖြစ်ပါသည်။ သို့သော် ပြည်ထောင်စုအစိုးရကလည်း ချင်းပြည်နယ်၏ အခက်အခဲနှင့် စိန်ခေါ်မှုများကို နားလည်သဘောပေါက်သည့်အတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရန်ပုံငွေကဲ့သို့သော ရန်ပုံငွေအပိုထပ်ဆောင်းပေးသည်များ ရှိပါသည်။

အုပ်ချုပ်ရေးအာဏာခွဲဝေခြင်းနှင့် စီမံခန့်ခွဲရေးတာဝန်ကို ပြည်နယ်နှင့် မြို့နယ်များသို့ ခွဲဝေပေးခြင်းမှာ အပြုသဘောဆောင်သော အရွေ့တစ်ခုဖြစ်ပြီး စီမံအုပ်ချုပ်မှုကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပါလိမ့်မည်။ အဆိုပါ အပြောင်းအလဲကာလတွင် ပြည်နယ်နှင့် မြို့နယ်အုပ်ချုပ်ရေးဌာနများသည် အားစိုက်ထုတ် ဆောင်ရွက်ရပါသည်။ ဤအကြောင်းကြောင့်ပင် မြန်မာနိုင်ငံဘက်စုံဖွံ့ဖြိုးရေးသုတေသန အဖွဲ့အစည်း (MIID) အနေဖြင့် ချင်းပြည်နယ် အစိုးရကို စီမံကိန်းရေးဆွဲခြင်းကိစ္စရပ်တွင် ပံ့ပိုးကူညီရန် ဆုံးဖြတ်ခဲ့ပါသည်။


## ၄.၁.၃။ ၂၀၁၄ - ၂၀၁၅ ခုနှစ်အတွက် ချင်းပြည်နယ်၏ စီမံကိန်းနှင့် ဘတ်ဂျက်

MIID သုတေသနအဖွဲ့သည် ချင်းပြည်နယ်အစိုးရဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ (၂၀၁၄ - ၂၀၁၅) ပြုစုသော "နှစ်စဉ်ဖွံ့ဖြိုးရေးစီမံချက်နှင့် ရည်မှန်းချက်" နှင့် ချင်းပြည်နယ်အတွက် ဘတ်ဂျက်လျာထားချက်ကို ဖတ်ရှုသုံးသပ်ခဲ့ပါသည်။ အဆိုပါ စာရွက်စာတမ်းများအရ ပြည်ထောင်စုအစိုးရ ဖော်ဆောင်နေသော စီးပွားရေး ပြုပြင်ပြောင်းလဲမှုမူဝါဒကို အကောင်အထည်ဖော်ရန် ချင်းပြည်နယ်အနေဖြင့် ကြိုးပမ်းနေကြောင်း သိရှိရပါသည်။ "ချင်းပြည်နယ် အစိုးရအနေဖြင့် ပြည်ထောင်စုအစိုးရ ချမှတ်ထားသည့် ဒေသအတွက် ရေရှည်ခိုင်မာတည်တံ့သော ဖွံ့ဖြိုးရေး မူဝါဒနှင့် ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးတွင် ပါဝင်ဆောင်ရွက်မည်" ဟု ဖော်ပြထားပါသည်။

၂၀၁၄ - ၂၀၁၅ ခုနှစ် ပြည်နယ်က ချမှတ်ထားသော မူဝါဒရည်မှန်းချက်များမှာ -

*က) စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း တိုးချဲ့ရန်နှင့် တောင်ယာနှင့် မြေပြန့်စိုက်ပျိုးမှုများကို ပံ့ပိုးကူညီရန်*
*ခ) အသေးစားနှင့် အလတ်စားလုပ်ငန်းများ ထူထောင်ပေးရန်*
*ဂ) ကောင်းမွန်သော လမ်းပန်းအဆောက်အအုံနှင့် ဆက်သွယ်ရေးစနစ် ဖွံ့ဖြိုးရန်*
*ဃ) လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်*

၂၀၁၄ - ၂၀၁၅ ခုနှစ်အတွက် ဘတ်ဂျက်လျာထားချက် - ချင်းပြည်နယ်သည် လက်ရှိနှစ်အပိုင်းအခြားအတွက် စုစုပေါင်း မြန်မာငွေ ၁၂၂၇၉၇ သန်း (အမေရိကန်ဒေါ်လာ ၁၁၀.၅ သန်း) အသုံးစရိတ်လျာထားပြီး အဓိက အသုံးစရိတ်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။




ပုံ (၈) ချင်းပြည်နယ်၏ ဘဏ္ဍာရေးအသုံးစရိတ်လျာထားချက် (၂၀၁၄-၂၀၁၅)

ဘတ်ဂျက်၏ ၄၈% မှာ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းအတွက် လျာထားသည်ဖြစ်၍ ချင်းပြည်နယ်တွင်တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့အတွက် ကုန်ကျစရိတ်အလွန်ကြီးမားကြောင့် တွေ့နိုင်ပါသည်။ ၂၀၁၄ - ၂၀၁၅ ခုနှစ်အတွက် ရည်မှန်းထားသော အစီအစဉ်အနှစ်ချုပ်နှင့် အသုံးစရိတ်ကို နောက်ဆက်တွဲ (၂)၊ ချင်းပြည်နယ်၏ အသုံးစရိတ်လျာထားချက်နှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို သုံးသပ်ခြင်းတွင် လေ့လာနိုင်ပါသည်။

## ၅။ စီမံကိန်း

### ၅.၁။ စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်

#### ၅.၁.၁။ ချင်းပြည်နယ်အစိုးရ၏ စီမံကိန်းရေးဆွဲခြင်းလုပ် ငန်းစဉ်ကို ပံ့ပိုးပေးခြင်း

ချင်းပြည်နယ်အစိုးရထံသို့ စီမံကိန်းရေးဆွဲခြင်း ပံ့ပိုးမှုပေးရသည့် ရည်ရွယ်ချက် (၄) ရပ်ရှိပါသည်။

- ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ချင်းပြည်နယ်အစိုးရ စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းတွင် ပါဝင်ရန်နှင့် ဘက်စုံအမျိုးသားဖွံ့ဖြိုးရေး စီမံကိန်းတွင် လိုအပ်သောသွင်းအားစုများ ပံ့ပိုးပေးရန်
- လက်တွေ့ကျကျ ဆောင်ရွက်နိုင်သော ဖွံ့ဖြိုးရေးအဆိုပြုလွှာများပြင်ဆင်ပြီး စီမံကိန်းများ ရေးဆွဲရာနှင့် အလှူရှင်အဖွဲ့အစည်းများထံမှ ရန်ပုံငွေတောင်းခံရာတွင် အကူအညီပေးရန်
- ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) က မြန်မာနိုင်ငံ၏ အခြားသော ဒေသများတွင်ပါ အသုံးပြုမည့် နယ်မြေဒေသလူမှုဖွံ့ဖြိုးရေး အစီအမံအတွက် နည်းလမ်းများ ကူညီထုတ်ဖော်ပေးရန်။ အဆိုပါလူမှုဖွံ့ဖြိုးရေး အစီအမံမှာ ချင်းပြည်နယ်တွင် ရှေ့ဆောင် အကောင်အထည်ဖော်ခြင်းဖြစ်ပြီး လူမှုရေးကဏ္ဍအတွက် အစီအစဉ်ရေးဆွဲခြင်းနှင့် ရန်ပုံငွေတောင်းခံခြင်းတို့တွင် အဓိကကျလှသဖြင့် ချင်းပြည်နယ်၏ စီမံကိန်း ရေးဆွဲမှုလုပ်ငန်းစဉ်တစ်ခုလုံးကို အကျိုးပြုပါသည်။

- စီမံကိန်းရေးဆွဲမှု စွမ်းရည်မြင့်မားလာစေရန်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းဖြင့် အနာဂတ်တွင် ပြည်နယ်နှင့် မြို့နယ်များ၏ စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်

## ၅.၁.၂။ ရည်မှန်းချက်နှင့် မျှော်မှန်းရလဒ် များ ချမှတ်ခြင်း

စီမံကိန်းရေးဆွဲရာတွင် MIID သုတေသနအဖွဲ့သည် ပြည်ထောင်စုအစိုးရလမ်းညွှန်ထားသည့် ပူးပေါင်းဆောင်ရွက်မှု နည်းနာအတိုင်း ပြည်နယ်နှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများမှ အဓိကတာဝန်ရှိသူများနှင့် လက်တွဲ လုပ်ဆောင် ခဲ့ပါသည်။ စီမံကိန်းရေးဆွဲခြင်းကို စတင်မိတ်ဆက်ခြင်း အလုပ်ရုံဆွေးနွေးပွဲမှတဆင့် စတင်နိုင်ခဲ့ပြီး အဆိုပါ ဆွေးနွေးပွဲကို အစိုးရဌာနနှင့် အရပ်ဘက်လူ့အဖွဲ့အစည်း၏ ကဏ္ဍပေါင်းစုံတွင် ပါဝင်ဆောင်ရွက်နေသူများ တက်ရောက်ခဲ့ကြပါသည်။ ဆွေးနွေးပွဲတွင် တက်ရောက်သူများက အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ (SWOT) ကို ဆန်းစစ်ကာ လုပ်ငန်းဆောင်ရွက်မှု မူဘောင်တစ်ခု သတ်မှတ်ပေးခဲ့ပြီး မည်သို့သော ကနဦးလေ့လာမှုများ ပြုလုပ်သင့်သည်ကို ဆုံးဖြတ်ခဲ့ကြပါသည်။ ထို့ပြင် အောက်ဖော်ပြပါ ရည်မှန်းချက်၊ စီမံကိန်းနှင့် အတူ ထွက်ပေါ်လာမည့် ရလဒ်နှင့် စီမံကိန်း အကျိုးကျေးဇူးဖြင့် ရရှိမည့် မျှော်မှန်းရလဒ်တို့ကိုလည်း သတ်မှတ် ခဲ့သည်။

**ဗျူဟာနည်းကျသော ရည်မှန်းချက်**

- လုပ်ဆောင်နေသော အာဏာဖြေလျှော့ခွဲဝေမှု ပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံတော်အဆင့်နှင့် ချင်းပြည်နယ် တွင်းတွင် ခိုင်မာသောငြိမ်းချမ်းရေးတည်ဆောက်ခြင်းတို့တွင် ပါဝင်ကူညီရန်

**စီမံကိန်းနှင့်အတူ ထွက်ပေါ်လာမည့် ရလဒ်**

- နယ်မြေဒေသ လူမှုဖွံ့ဖြိုးရေး အစီအမံ (ရေးဆွဲ၊ ဆွေးနွေး၊ အတည်ပြုပြီး) အပါအဝင် ချင်းပြည်နယ် အတွက် လူမှုစီးပွားရေး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွင် ပါဝင်ကူညီနိုင်မှု
- ကဏ္ဍစုံတွင် ပတ်သက်ဆက်နွယ်သူများ ပါဝင်သော အောက်ခြေမှဆွေးနွေးတင်ပြလာသည့် အစီအစဉ် များကို မှတ်တမ်းတင်ထားနိုင်မှု။ ဤသို့သော ပူးပေါင်းပါဝင်မှုသည် ချင်းပြည်နယ်အစိုးရနှင့် ဒေသ ဖွံ့ဖြိုးရေးနှင့် ဆက်နွယ်သူများကို အဖွဲ့အစည်းမူဘောင်သွင်းခြင်းဆိုင်ရာအရည်အသွေး မြှင့်တင် ပေးရန် လေ့လာဆန်းစစ်ရာတွင် အကျိုးပြုပါသည်။
- ချင်းပြည်နယ် ဒေသလူမှုဖွံ့ဖြိုးရေးအစီအမံကို အခြားသော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်ပါ ဆင့်ပွားဆောင်ရွက်နိုင်မှုနှင့် နိုင်ငံတော်အဆင့် လူမှုကာကွယ်ရေးမူဝါဒနှင့် အသုံးစရိတ်လျာထားခြင်း ကိစ္စရပ် တို့တွင် ရည်ညွှန်းချက်တစ်ခုအဖြစ် လေ့လာနိုင်ခြင်း

**စီမံကိန်းအကျိုးကျေးဇူးဖြင့် ရရှိမည့် မျှော်မှန်းရလဒ်** - ပြုစုထားသော စာတမ်းများနှင့် စီမံကိန်းအကောင် အထည်ဖော်ခြင်းတို့တွင် အောက်ပါအခြင်းအရာတို့ ပါဝင်ပါသည်။

- ဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်များ ချမှတ်ရာတွင် ချင်းပြည်သူလူထုများ ပါဝင်နိုင်မှု မြင့်မားလာခြင်း
- ပြည်ထောင်စုအစိုးရထံမှ ရရှိသော ငွေကြေးထောက်ပံ့မှုနှင့် နိုင်ငံတကာ၏ အကူအညီကို ရယူနိုင်သော အခွင့်အရေးများ တိုးပွားလာခြင်း
- လမ်းတံတား၊ ရေရရှိရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စားနပ်ရိက္ခာဖူလုံရေး အစရှိသော ပြည်သူ့ဝန် ဆောင်မှုများ တိုးတက်လာခြင်း
- စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွင် လူမှုကာကွယ်ရေး အစီအမံထည့်သွင်း၍ ဘက်စုံ ကောင်းမွန် သော နည်းလမ်းကို ဖန်တီးနိုင်ခြင်း

- ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးများဘ၀ မြင့်တင်ခြင်း၊ ကလေးသူငယ်နှင့် မသန်စွမ်းတို့၏ အခွင့်အရေးတို့ကို တိုင်းတာသော လူမှုရေးအညွှန်းကိန်းများ တိုးတက်လာခြင်း
- စိုက်ပျိုးရေး၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ စားနပ်ရိက္ခာထုတ်လုပ်ခြင်း၊ ရိက္ခာဖူလုံခြင်း အရေးကိစ္စတို့အတွက် ဆန်းသစ်သောနည်းလမ်းဖြင့်ဖော်ဆောင်ခြင်း
- စိုက်ပျိုးရေးထုတ်ကုန် မြင့်မားလာခြင်းဖြင့် ဂင်ငွေနှင့် လယ်သမားမိသားစုများ၏ စားနပ်ရိက္ခာဖူလုံမှု အခြေအနေ တိုးတက်လာခြင်း
- အခြေခံအဆောက်အအုံ၊ အထူးသဖြင့် လမ်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွင် ပိုမိုပူးပေါင်း ဆောင်ရွက်လာကြခြင်းနှင့် ထိရောက်သော နည်းလမ်းအသုံးပြုခြင်း
- အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း
- ရေရှည်ခိုင်မာမည့် သဘာဂဂန်းကျင်အခြေပြု ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အခြေခံအုတ်မြစ်များ တည်ဆောက်ခြင်း
- ဖွံ့ဖြိုးရေးနှင့် စီမံကိန်းရေးဆွဲမှုတို့ကို စီမံခန့်ခွဲနိုင်သော အဖွဲ့အစည်းမှုဘောင်သွင်းခြင်းဆိုင်ရာ ဓလေ့ တိုးတက်ထွန်းကားလာခြင်း

၅.၁.၃။ ချင်းပြည်နယ်ဖွံ့ဖြိုးရေး မျှော်မှန်းချက်အတွက် SWOT လေ့လာဆန်းစစ်မှု

*ဇယား (၂) - ချင်းပြည်နယ်ဖွံ့ဖြိုးရေး မျှော်မှန်းချက်အတွက် အားသာချက်၊အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ (SWOT)ကို လေ့လာဆန်းစစ်ခြင်း*

| **အားသာချက် - အားပြုတည်ဆောက်ရန်** | **အားနည်းချက် - အလေးထားပြုပြင်ရန်** |
|---|---|
| • ဘုရားကျောင်းများအပါအဂင် တောင့်တင်းခိုင်မာပြီး အသွေးအရောင်စုံလင်သောအရပ်ဘက်အဖွဲ့အစည်း<br>• မြေယာကြွယ်ဂမှုနှင့် စိုက်ပျိုးရေးဖြစ်ထွန်းနိုင်ခြေများ<br>• သဘာဂအလှအပနှင့် ခရီးသွားလုပ်ငန်းအတွက် ရှင်းသန့်သော ပတ်ဂန်းကျင်အနေအထား<br>• တည်ငြိမ်ပြီးသဟဇာတဖြစ်သောလူမှုဂန်းကျင်ကြောင့် အပစ်အခတ်ရပ်စဲရေး အတည်တကျ ဖြစ်ခြင်း<br>• လူသားအရင်းအမြစ်အတွက် ပညာရေး | • လမ်းပန်းအဆောက်အအုံနှင့် ဆက်သွယ်ရေး နိမ့်ကျခြင်း<br>• ကျောင်းနှင့် ကျန်းမာရေးထောက်ကူပစ္စည်းစသော လူမှု အခြေခံအဆောက်အအုံများ နိမ့်ကျခြင်း<br>• ရေနှင့်ပတ်ဂန်းကျင်သန့်ရှင်းရေး၊ ကြေးနန်းဆက်သွယ်ရေးနှင့် လျှပ်စစ်စသော နည်းပညာ အဆောက်အအုံတို့ နည်းပါးခြင်း<br>• ဈေးကွက်သို့လက်လှမ်းမီနိုင်မှု အားနည်းခြင်း<br>• ရုပ်ပိုင်းနှင့် ဉာဏပိုင်း သီးခြားတည်ရှိခဲ့ခြင်း<br>အခြားသော အားနည်းချက်များ<br>• ပညာရေးသို့လက်လှမ်းမီနိုင်မှု နည်းပါးခြင်း (အတန်းပညာ အဆင့်အားလုံးပါဂင်သည်)<br>• လုပ်သားအင်အားမလုံလောက်ခြင်း၊ ကျွမ်းကျင်လုပ်သား ရှားပါးခြင်းနှင့် ဦးနှောက်ယိုစီးမှုပြဿနာ<br>• အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အရင်းအနှီးနည်းပါးခြင်း<br>• နည်းပညာနှင့် ကျွမ်းကျင်မှု မပြည့်စုံခြင်း<br>• မြေယာသယံဇာတကို အသုံးချမှုနည်းပါးခြင်းနှင့် ထုတ်လုပ်မှုနည်းပါးခြင်း (ရွှေ့ပြောင်းစိုက်ပျိုးမှု)<br>• မျိုးနွယ်နှင့် ဘာသာစကား ကွဲပြားမှုများ |

| | |
|---|---|
| | • သစ်တောနှင့် သဘာဝဂေဟစနစ်ကျင် ပျက်စီးမှု - တောမီး၊ ရွှေ့ပြောင်းတောင်ယာ၊ သစ်တောပြုန်းခြင်းများ |
| **အခွင့်အလမ်းများ - အမိအရဆုပ်ကိုင်ရန်**<br>• နယ်စပ်ကုန်သွယ်ရေးအတွက် အိန္ဒိယနှင့် နီးကပ်စွာ တည်ရှိခြင်း<br>• စိုက်ပျိုးရေးနှင့် သဘာဝအခြေခံ ခရီးသွားလာရေး အတွက် သဘာဝအရင်းအမြစ်များ ပေါများခြင်း<br>• ပြင်ပအကူအညီအတွက် ဆွဲဆောင်မှုများ<br>• လွတ်လပ်ခိုင်မာသော သတင်းပြန်ကြားရေး<br>• ကြေးနန်းဆက်သွယ်ရေးနှင့် အင်တာနက်တို့သည် ဒေသအထီးကျန်မှုကို လျှော့ချစေနိုင်သည်။ | **ခြိမ်းခြောက်စိန်ခေါ်မှုများ - စီမံခန့်ခွဲပြီးလျှော့ချရန်**<br>• ပြင်းထန်သောရာသီဥတု - မြေပြိုခြင်းများ<br>• ပထဝီအနေအထားအရ ဂေးလံခေါင်းပါးခြင်း<br>• ရာသီဥတုဖောက်ပြန်ခြင်း<br>• ပြင်ပသို့ရွှေ့ပြောင်းနေထိုင်ခြင်းကြောင့် ဦးနှောက်ယိုစီးမှုပြဿနာ<br>• သင်ကြားရေး သင်ထောက်ကူများ မရှိခြင်း<br>• သင်ကြားရေး အရည်အသွေး နိမ့်ကျခြင်း |

## ၅.၁.၄။ ဗျူဟာနည်းကျ အခြင်းအရာ

လေ့လာဆန်းစစ်မှုတွင် တွေ့ရသော အရေးပါသည့် အားသာချက်နှင့် အခွင့်အလမ်းတို့မှာ ချင်းလူမျိုးရေး စိတ်ဓာတ်အပြည့်အဝရှိခြင်းနှင့် ရပ်ရေးရွာရေးစိတ်ဓာတ် ခိုင်ခိုင်မာမာရှိခြင်းတို့ဖြစ်သည်။ ဘုရားကျောင်းသည် ချင်းလူထုအပေါ် ဩဇာလွှမ်းမိုးမှုအရှိဆုံးဖြစ်ပြီး လွန်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ လူထုဗဟိုပြုဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ဘုရားကျောင်းနှင့် ရပ်ရွာအခြေပြုအဖွဲ့များ၏ အဖွဲ့အစည်းဆိုင်ရာ အားသာချက်ကို အသုံးချပြီး စိန်ခေါ်မှုများကို ကျော်လွှားသင့်ပေသည်။[၂၂]

ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကစီးပွားရေးအားသာချက်အဖြစ် ရှုမြင်ပါသည်။ သို့သော် ထိုအားသာချက်ကို လက်တွေ့တွင် အသုံးမချနိုင်သေးပါ။ တစ်ပိုင်တစ်နိုင် စားနပ်ရိက္ခာဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးကဏ္ဍမှ များစွာပံ့ပိုးပေးပါလိမ့်မည်။ ၎င်းအပြင် ချင်းပြည်နယ်သည် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လူဦးရေသိပ်သည်းမှု အနည်းဆုံးပြည်နယ်ဖြစ်သည်။ ထိုသို့ သိပ်သည်းမှုနည်းခြင်းမှာ စိုက်ပျိုးထုတ်လုပ်မှု (နှင့်သစ်တောစိုက်ပျိုးမှု) တိုးချဲ့ရန် အားသာချက်ဖြစ်ပါသည်။ သို့သော် အဆိုပါအားသာချက်ကို ဟန့်တားနေသည်မှာ ကြမ်းတမ်းမတ်စောက်သော မြေမျက်နှာသွင်ပြင် အနေအထားဖြစ်သည်။ ၎င်းမြေမျက်နှာသွင်ပြင် အနေအထားမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေဆီလွှာဆုံးရှုံးမှုနှင့် မြေပြိုခြင်းကို အကာအကွယ်ပေးနိုင်သော သစ်တောစိုက်ပျိုးရေးတို့ကို အဟန့်အတား ဖြစ်စေပါသည်။ ဒေသဖွံ့ဖြိုးရေး အတွက် အခြားသောရွေးချယ်စရာနည်းလမ်းများတွင် ချင်းပြည်နယ် တောင်ယာစိုက်သူများ အဓိက အားထားနေရ သည့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှု (၈၀% ခန့်ရှိသည်)ကို အမြစ်လှန် ပြောင်းလဲပစ်ရန်လည်း အချက်တစ်ချက်အနေဖြင့် ပါဝင်သည်။ သို့သော် ထိုသို့ပြုလုပ်ရန်မှာ ရင်းနှီးမြှုပ်နှံမှုများစွာလိုအပ်သောကြောင့် (တစ်ဧကလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ အထိ ကုန်ကျနိုင်သည်) သာမန် ချင်းလယ်သမားများအနေဖြင့် လက်လှမ်းမမီနိုင်ပေ။

ထို့ပြင် လမ်းပန်းဆက်သွယ်ရေးအခက်အခဲကို အဓိကအားနည်းချက်အနေဖြင့် တွေ့ရပြီး ထိုအခြင်းအရာသည် ဒေသမှ စိုက်ပျိုးရေးထုတ်ကုန်များ ရောင်းချရာနှင့် စားနပ်ရိက္ခာသွင်းယူခြင်း အစရှိသော ချင်းပြည်သူတို့၏ ဘက်စုံဘဝကို ထိခိုက်စေပါသည်။ ထိုမျှမက ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုတို့ ရရှိရန်လည်း ခက်ခဲစေပါသည်။ ထို့ကြောင့် "ဂေးလံခေါင်းပါးလွန်းခြင်း" နှင့် "အသိဉာဏ်ပိုင်းဆိုင်ရာ သီးသန့်ကျန်ခဲ့ခြင်း" တို့ ဖြစ်ပေါ်စေသည်။ အကျိုးဆက်အားဖြင့် ကဏ္ဍတိုင်း အဆင့်အားလုံး၊ အထူးသဖြင့် အောက်ခြေလူထုအဆင့်တွင် နည်းပညာအသုံးပြုနိုင်မှု နည်းပါးပြီး

[၂၂] သုတေသနရလဒ်နှင့် လူထုဆွေးနွေးပွဲများက ဖွံ့ဖြိုးရေးတွင် ထိရောက်သော ငွေကြေးမြှုပ်နှံရန်နှင့် ချင်းပြည်သူလူထုတို့ ဘဝတိုးတက်ရေးတွင် အကျိုးသက်ရောက်မှု များပြားစေရန် ဒေသတွင်း လှုပ်ရှားနေကြသော ပြည်တွင်း၊ ပြည်ပ လူမှုရေးအဖွဲ့အစည်းနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများ ပိုမိုလက်တွဲပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း မီးမောင်းထိုးပြထားပါသည်။.

တီထွင်စွမ်းအားလည်း မရှိပေ။ ထို့ကြောင့် မြေဆီလွှာဆုံးရှုံးမှုနှင့် လှည့်ပြောင်းစိုက်ပျိုးချိန် တိုတောင်းလာ ခြင်းကြောင့် အထွက်နှုန်းကျဆင်းလာသော မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း နည်းစနစ်သည်ပင်လျှင် အရှည်သဖြင့် တည်တံ့နေရပါသည်။

ထို့ပြင်တဝ ပြင်းထန်သောရာသီဥတုနှင့် မြေဆီလွှာတိုက်စားမှုတို့သည် ချင်းပြည်နယ်တိုးတက်ရေးအတွက် စိန်ခေါ်မှု များဖြစ်သည်။ မြေဆီလွှာတိုက်စားသဖြင့် စိုက်ပျိုးရေးတွင်လည်း ဖြစ်ထွန်းအောင်မြင်မှု လျော့ကျလာပြီး မြေပြိုမှု ကြောင့်လည်း လမ်းပိတ်ဆို့မှု ဖြစ်ပွားသဖြင့် ဒေသအထီးကျန်ဆန်မှုကို အားဖြည့်သကဲ့သို့ ရှိနေသည်။ ရာသီဥတု ပြောင်းလဲမှုနှင့်အတူ ရာသီဥတုနှင့်ဆက်နွယ်သော ဘေးအန္တရာယ်များမှာလည်း တိုးပွားလာနိုင်ဖွယ်ရှိသည်။ သို့ရာတွင် ရာသီဥတု ပြောင်းလဲမှုကြောင့် ချင်းပြည်နယ်အနေဖြင့် ဥတုရာသီနှင့် လိုက်လျောညီထွေရှိနိုင်ရေး စီမံကိန်းအတွက် ရန်ပုံငွေရရှိရန် အခွင့်အလမ်းများ ရှိနေပါသည်။ မြန်မာနိုင်ငံအတွင်းရှိ အချို့ဒေသအနည်းငယ်သည် ချင်းပြည်နယ် ကဲ့သို့ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ဆိုးရွားစွာ ခံစားနေကြရရာ စည်းစနစ်ကျနသော စီမံကိန်းအစီအစဉ်ကိုသာ ရေးဆွဲပြင်ဆင်ထားနိုင်လျှင် ပြည်နယ်အနေဖြင့် ဥတုရာသီနှင့်လိုက်လျောညီထွေရှိနိုင်ရေးရန်ပုံငွေပံ့ပိုးမှုရရှိနိုင်ပါ သည်။

## ၅.၁.၅။ ကွင်းဆင်းသုတေသန

"အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနဲ့ စိန်ခေါ်မှု (SWOT)" လေ့လာဆန်းစစ်ချက်အပေါ် မူတည်ပြီး စီမံကိန်းနှင့် ပါဝင်သက်ဆိုင်သူများက ဦးစားပေးကဏ္ဍများအတွက် ထပ်မံဆောင်ရွက်သင့်သော သုတေသနနှင့် ဖွံ့ဖြိုးရေး အစီအစဉ်တို့ကို အောက်ပါအတိုင်း ဖော်ထုတ်ပေးခဲ့ကြသည်။

- လူမှုကာကွယ်ရေး
- စိုက်ပျိုးရေး
- အသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများ
- သဘာဝအခြေပြု ခရီးသွားလာရေး
- အခြေခံအဆောက်အအုံ
- အဖွဲ့အစည်းဆိုင်ရာ မူဘောင်သွင်းခြင်းဓလေ့ တိုးတက်မှု

မြန်မာနိုင်ငံဘက်စုံဖွံ့ဖြိုးရေးသုတေသန အဖွဲ့အစည်း (MIID) သည် ကဏ္ဍအလိုက် တွေ့ကြုံနေရသော အခက်အခဲ နှင့် အခွင့်အလမ်းများကို အသုံးချနိုင်မည့် စီမံကိန်းအဆိုပြုလွှာများ ပြင်ဆင်နိုင်ရန် နယ်ပယ်တစ်ခုချင်းစီအတွက် သုတေသနအဖွဲ့များ ဖွဲ့စည်းခဲ့ပါသည်။ ထိုအကြောင်းအရာကို ၂၀၁၄ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော ဦးစားပေး သင့်သည်များ သတ်မှတ်သော အလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြခဲ့ပြီးဖြစ်ပါသည်။ ပြည်နယ်နှင့် မြို့နယ်အုပ်ချုပ်ရေး အဖွဲ့များ၊ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများနှင့် ရပ်ရွာအခြေပြုအဖွဲ့များသည် သုတေသနတွေ့ရှိချက်များကို လေ့လာဆန်းစစ်ရန် အခွင့်အရေး ရမည်ဖြစ်ပြီး ထိုမှတဆင့် ဖွံ့ဖြိုးရေးအစီအမံများကိုလည်း ကိုယ်တိုင်ချမှတ်နိုင်မည် ဖြစ်ပါသည်။

## ၅.၁.၆။ အသေးစိတ်အစီအစဉ်များ ပြုလုပ်ခြင်း

ဦးစားပေးသင့်သည်များ သတ်မှတ်သော အလုပ်ရုံဆွေးနွေးပွဲရလဒ်နှင့် ကွင်းဆင်းသုတေသန ကနဦးတွေ့ရှိချက် များပေါ် မူတည်ပြီး ကဏ္ဍတစ်ခုချင်းစီအတွက် မဟာဗျူဟာနှင့် တွေ့ကြုံနေရသော စိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင် မည့် အစီအစဉ်များပါဝင်သော ဖွံ့ဖြိုးရေးအဆိုပြုလွှာများကို ပြင်ဆင်ခဲ့ပါသည်။ အဆိုပါ ကဏ္ဍအလိုက်မဟာဗျူဟာနှင့် စီမံကိန်းများကို ပေါင်းစပ်ပြီး ဖွံ့ဖြိုးရေးစီမံကိန်းမဟာဗျူဟာနှင့် နယ်မြေဒေသ လူမှုဖွံ့ဖြိုးရေးအစီအမံကို ဖန်တီး ထားပါသည်။ ရင်ဆိုင်ကြုံတွေ့နေရသော အဓိကအခက်အခဲနှင့် ၎င်းတို့ကို ဖြေရှင်းသင့်သည့် နည်းဗျူဟာ အဆိုပြု ချက်များကို အောက်တွင် ဖော်ပြထားပါသည်။ ဗျူဟာနည်းကျ ကြားဝင်အကူအညီများ ခိုင်ခိုင်မာမာပေး နိုင်ရေး အတွက် ကိစ္စရပ်တစ်ခုချင်းစီအလိုက် စီမံကိန်းအဆိုပြုလွှာများကို ပြင်ဆင်ထားပါသည်။

## ၅.၂။ ချင်းပြည်နယ်တွင် ရင်ဆိုင်ကြုံတွေ့နေရသော အဓိကပြဿနာများ

ချင်းပြည်နယ်တွင် ဖွံ့ဖြိုးမှုကို တားဆီးနေသော အဓိကပြဿနာများမှာ

- အသုံးပြုမှု လျော့ကျလာသော စိုက်ပျိုးထုတ်လုပ်မှုစနစ်ကြောင့် ဆင်းရဲနွမ်းပါးမှု၊ ဝော်မွတ်ခေါင်းပါးမှုနှင့် ကလေးငယ်များအတွက် ကြီးထွားမှုနှုန်းနေးကွေးခြင်းတို့ ဖြစ်ပေါ်စေခြင်း
- ဝေးလံခေါင်ပါးလွန်းခြင်းနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရန်နှင့် စိုက်ပျိုးကဏ္ဍ မြှင့်တင်ရန် မြေမျက်နှာသွင်ပြင်အနေအထား ခက်ခဲကြမ်းတမ်းလွန်းနေခြင်း
- မြန်မာနိုင်ငံရှိ ပြည်နယ်များအားလုံးတွင် လူမှုဖွံ့ဖြိုးမှုအခြေအနေ အနိမ့်ကျဆုံးဖြစ်နေခြင်း (အထူးသဖြင့် ကျန်းမာရေး၊ အာဟာရပြည့်ဝရေးနှင့် ပညာရေး)
- ဆယ်စုနှစ်များစွာ စီးပွားရေးကဏ္ဍတွင် နည်းပညာစွမ်းရည်နှင့် နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်နိုင်မှု မရှိခြင်း တို့ဖြစ်ပါသည်။

### ၅.၂.၁။ အသုံးပြုမှုလျော့ကျလာသော စိုက်ပျိုးရေးစနစ်

ချင်းပြည်နယ်ရှိ လူဦးရေအများစုမှာ စိုက်ပျိုးရေးကို ၎င်းတို့၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် အားထားနေကြရပါသည်။ ပြည်နယ်၏ လူမှုဖွံ့ဖြိုးရေးအခြေအနေ နိမ့်ကျနေရခြင်းမှာ စိုက်ပျိုးရေးတွင် မအောင်မြင်ခြင်း၊ အာဟာရပြည့်မီသော အစားအစာများ လုံလောက်စွာ မရရှိခြင်း၊ ကလေးများကို ကျောင်းထားရန် ငွေမရှိခြင်းနှင့် နာမကျန်းပါက ကုသရန်နှင့် ဆေးဝယ်ရန် ငွေမရှိခြင်းတို့ကြောင့် ဖြစ်သည်။ လက်ရှိ စိုက်ပျိုးနည်းစနစ် ကျင့်သုံးမှု လျော့ကျလာရခြင်းမှာ လွန်ခဲ့သော နှစ် (၅၀) အတွင်းတွင် လယ်သမားမိသားစုများမှာ ကျောင်း၊ ဆေးပေးခန်း၊ ကျေးရွာများနှင့် အခြားသော လူမှုအဆောက်အအုံများနှင့် နီးသောဝန်းကျင်သို့ ရွှေ့ပြောင်းနေထိုင်လာ ကြခြင်းမှ အစပြုသည်။ သို့သော် မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာနည်းစနစ်ကို ကျင့်သုံးနေဆဲ ဖြစ်ခဲ့သည်။ အုပ်ချုပ်ရေး ဒေသများတွင် လူဦးရေတိုးပွားလာသည်နှင့်အမျှ ကျေးရွာဧရိယာသည် ကျယ်ပြန့်လာပြီး တောင်ယာမြေများနှင့် နီးကပ်လာသည်။ ထိုအခါ မြေယာများကို ရွှေ့ပြောင်းတောင်ယာအတွက် အသုံးပြုမှု များလာသည်။ ထိုအခါ မြေဆီလွှာပျက်စီးဆုံးရှုံးမှု များလာသောကြောင့် လှည့်ပြောင်းစိုက်ပျိုးနိုင်သော ကာလလည်း တိုတောင်းလာပါသည်။ အကျိုးဆက်အားဖြင့် အထွက်နှုန်းကျဆင်းလာကာ နှစ်စဉ်စားနပ်ရိက္ခာပြတ်လပ်ခြင်း၊ ဝော်မွတ်ခေါင်းပါးခြင်းနှင့် ကလေးငယ်များ ကြီးထွား ဖွံ့ဖြိုးမှုနှုန်း နေးကွေးခြင်း စသော နောက်ဆက်တွဲ ရလဒ်များ ဖြစ်ပေါ်လာပါသည်။

### ၅.၂.၂။ ကြမ်းတမ်းမတ်စောက်သော မြေမျက်နှာသွင်ပြင်အနေအထားက ချင်းလူထုအပေါ် သက်ရောက်မှုများ

ဝေးလွန်ခေါင်းပါးခြင်းနှင့် ကြမ်းတမ်းသော မြေမျက်နှာသွင်ပြင်အနေအထားသည် ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ချင်းပြည်သူလူထု၏ အလုံးစုံသောဘဝတို့ကို ထိခိုက်စေပါသည်။ အဘယ့်ကြောင့်ဆိုသော် ပြည်နယ်မှာ တောင်များပတ်လည်ဝန်းရံလျှက်ရှိပြီး တောင်စောင်းများမှာလည်း မတ်စောက်နေရာ လမ်းတည်ဆောက်ခြင်းအတွက် ကုန်ကျစရိတ် အလွန်ကြီးမြင့်ပါသည်။ ဘဏ္ဍာရေးအခက်အခဲကြောင့် ပြည့်စုံကောင်းမွန်သော လမ်းချင်းချိတ်ဆက်မှု လည်း မဆောင်ရွက်နိုင်ပေ။ ဖောက်လုပ်ပြီးစီးသော လမ်းများမှာလည်း ကတ္တရာခင်းလမ်းမဟုတ်၍ မိုးတွင်းတွင် အသုံးမပြုနိုင်ပါ။ ကျေးရွာအများစုမှာ ဆိုင်ကယ်နှင့် ဝန်တင်မြင်းများအသုံးပြုရန် သင့်တော်သော လမ်းငယ်များ မှတဆင့် ဆက်သွယ်သွားလာနေကြရပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးထွက်ကုန်များ ရောင်းချရန်နှင့် ပညာရေး၊ ကျန်းမာရေးနှင့် အခြားသော လူမှုဝန်ဆောင်မှုများ ရရှိနိုင်ရေးတို့အတွက် အခက်အခဲဖြစ်ရပါသည်။ ထို့ပြင် ကျဉ်းမြောင်းလွန်းသော တောင်ကြားများနှင့် ဆင်ခြေလျှော တောင်စောင်းများတွင် စိုက်ပျိုးရန် အင်မတန်ခက်ခဲပြီး ရေသွင်းစိုက်ပျိုးနိုင်သော မြေပြန့်လွင်ပြင်ကိုလည်း မဖန်တီးနိုင်သေးပါ။ ထို့ကြောင့် ဝေးလံခေါင်းပါးခြင်းသည် စိုက်ပျိုးရေးမှရရှိသော ဝင်ငွေအပေါ်သက်ရောက်မှုရှိပါသည်။ ဝင်ငွေရရှိသော သီးနှံများမှာလည်း လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်သဖြင့် သယ်ယူပို့ဆောင်စရိတ် ကြီးမြင့်လွန်းသောကြောင့် ဈေးကွက်တွင် ဝင်ရောက်မယှဉ်ပြိုင်နိုင်ပေ။ ထို့ကြောင့် လယ်သမား

မိသားစု ဝင်ငွေလျော့နည်းပြီး အိမ်ထောင်စုအတွက် လိုအပ်သော အစားအစာ ဝယ်ယူခြင်း၊ ဆေးဝါးနှင့် ကလေးငယ် ပညာရေးတို့အတွက် အသုံးစရိတ်လျှော့ရပါသည်။

ဝေးလံခေါင်းပါးလွန်းခြင်းနှင့် လူဦးရေပြန့်ကျဲနေထိုင်ခြင်းတို့ကြောင့် အရည်အသွေးပြည့်ဝသော ပညာရေးရရှိနိုင်ရန် ခက်ခဲပါသည်။ မြန်မာနိုင်ငံ အခြားဒေသများမှ ဆရာ၊ ဆရာမများကို ခန့်ထားသော်လည်း ၎င်းတို့မှာ လမ်းပန်း ဆက်သွယ်ရေးအခက်အခဲနှင့် ဝေးလံလွန်းခြင်းတို့ကြောင့် ချင်းပြည်နယ်သို့ သွားရောက်ရန် တွန့်ဆုတ်နေကြ ပါသည်။ ချင်းပြည်နယ်အတွက် သင်ကြားရေးတာဝန်ခံရာထူး ထက်ဝက်ကျော်ခန့် လစ်လပ်နေဆဲဖြစ်သည်။ နေရာတော်တော် များများတွင် တစ်စတစ်စရန်းမိုင်တွင်နေထိုင်သော ကလေးငယ်အရေအတွက် နည်းပါးလွန်းသောကြောင့် ကျောင်းအသစ် တည်ဆောက်ရန် ချင့်ချိန်စဉ်းစားနေရပြီး လက်ရှိကျောင်းများမှာလည်း ကလေးတို့အတွက် ၎င်းတို့နေအိမ်နှင့် အလွန် ဝေးကွာသော နေရာတွင် တည်ရှိနေပါသည်။ ထို့ကြောင့် ပညာရေးရလဒ်ကောင်းထွက်ပေါ်မှု နိမ့်ကျနေပြီး၊ ချင်းကလေးငယ်တို့အတွက် အခြားသော ပညာသင်ကြားနိုင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းတို့မှာလည်း ကန့်သတ်ခံ ထားရသကဲ့သို့ ဖြစ်နေပါသည်။ ကျောင်းထွက်ရာခိုင်နှုန်း များပြားခြင်းကြောင့် ဆင်းရဲနွမ်းပါးမှု ရှည်ကြာပြီး လုပ်သားရှား ပါးမှုလည်း ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်၍ ချင်းအိမ်ထောင်စုတို့မှာ အဆင်မပြေနိုင်သော စိုက်ပျိုးနည်းစနစ်မှ ရရှိသော ဝင်ငွေအနည်းငယ်ကိုသာ ကလေးတို့ပညာရေးအတွက် ဖဲ့သုံးနေကြရသည်။

အလားတူ ကျန်းမာရေးကဏ္ဍတွင်လည်း ဒေသအထီးကျန်ဆန်လွန်းခြင်းနှင့် နေရေးထိုင်ရေး အခက်အခဲတို့ကြောင့် လိုအပ်သော ဆရာဝန်နှင့် သူနာပြုအရေအတွက်တိုင်း ချင်းပြည်နယ်တွင် မခန့်အပ်ထားနိုင်သေးပါ။[၂၉] ကျေးလက် ဆေးပေးခန်းများသို့ သွားရောက်ရန်လည်း ခက်ခဲသောကြောင့် ငှက်ဖျားနှင့် အူရောင်ငန်းဖျား ရောဂါဖြစ်ပွားမှု မြင့်တက် နေပါသည်။ ထို့ပြင် အထူးသဖြင့် အမျိုးသမီးများ ကလေးမီးဖွားရာတွင် အခက်အခဲများ ရှိနေပါသည်။ မီးဖွားမှု ၁၀% ကျော်မှာ မည်သည့်အကူအညီမှ မပါဘဲ မီးဖွားခဲ့ခြင်းဖြစ်ပြီး သန့်ရှင်းကောင်းမွန်စွာ မီးဖွားနိုင်သူ ၅.၆% သာ ရှိပါသည်။ မိခင်ကို ကျန်းမာရေးကူညီစောင့်ရှောက်မှုရနိုင်သော နေရာသို့ ညွှန်ပြပေးနိုင်သည့် သားဖွားဆရာမ တစ်ယောက် ကျေးရွာတွင် ရှိနေလျှင်တောင် ဝေးလံခေါင်းပါးမှုနှင့် သယ်ယူပို့ဆောင်ရေး လမ်းပန်းအခက်အခဲကြောင့် ကလေး မီးဖွားရေးကိစ္စမှာ ပိုမိုရှုပ်ထွေးစေပါသည်။ မီးဖွားနေစဉ်အတွင်း အသက်လုရသော အခြေအနေတွင် မိခင်ကို ကျန်းမာရေး အစောင့်အရှောက်ပြည့်စုံသော နေရာသို့ ရွှေ့ပြောင်းပေးရသည်မှာ ခက်ခဲပြီး မိခင်နှင့် ကလေးအသက် ကယ်တင်နိုင်မှု ရှားပါးပါသည်။ ထို့မျှမက ပြည်နယ်အုပ်ချုပ်ရေး မြို့တော်ဖြစ်သော ဟားခါးကဲ့သို့သော နေရာတွင် ဝေဒနာရှင်တစ်ဦး ရောဂါပြင်းထန်လာလျှင် ဒေသတွင် ကုသ၍ မရပဲ ခုနစ်နာရီကြာ ကားစီးရသော ကလေးသို့ သွားရောက်ကုသရပါသည်။

## ၅.၂.၃။ လူမှုဖွံ့ဖြိုးရေးနိမ့်ကျခြင်းနှင့် ကလေးသူငယ်၊ အမျိုးသမီးနှင့် မသန်စွမ်းတို့အပေါ် သက်ရောက်မှု

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပြည်ထောင်စုနိုင်ငံတော်တွင် ချင်းပြည်နယ်၏ လူမှုဖွံ့ဖြိုးရေးအညွှန်းကိန်းများမှာ အနိမ့်ကျဆုံးဖြစ်ပါသည်။ ကလေးများမှာ ပညာရေး၊ အာဟာရပိုင်းဆိုင်ရာနှင့် ကျန်းမာရေးအခြေအနေတို့တွင် ဆိုးရွားစွာထိခိုက်ခံစားရလျှက်ရှိသည်။ ပညာရေးတွင်ကလေးငယ်များ ကျောင်းသို့ရောက်ရှိရန်ဝေးလံစွာ လမ်းလျှောက် ရပြီး အများစုမှာ မူကြိုပညာရေး မရရှိကြပါ။ ကလေးများ ကျောင်းနေစတွင် မြန်မာဘာသာစကားနှင့် သင်ကြားရေး၌ အခက်အခဲ ရှိကြပါသည် (ချင်းကလေးငယ်များအတွက် မြန်မာဘာသာစကားသည် မိခင်ဘာသာ စကား မဟုတ်ပါ)။ ချင်းပြည်နယ်ရှိ ကျောင်းအများစုတွင် သင်ကြားရေးတာဝန်ထမ်းဆောင်နေသူ အနည်းငယ်သာ ရှိပြီး မြန်မာနိုင်ငံ အခြားသောဒေသမှ ဆရာ၊ ဆရာမများကလည်း ချင်းပြည်နယ်သို့ မပြောင်းရွှေ့လိုကြပါ။ မိသားစု ဆင်းရဲနွမ်းပါးခြင်းနှင့် မအောင်မြင်တော့သော စိုက်ပျိုးနည်းစနစ်တွင် ပါဝင်လုပ်ကိုင်ပေးမည့် အလုပ်သမား ရှားပါးခြင်းတို့ကြောင့် ကလေး ငယ်များ ကျောင်းထွက်ရာခိုင်နှုန်း တိုးတက်လာရသည်။ ၎င်းအပြင် ပညာရေးဆုံးခန်းတိုင် အောင် သင်ကြားနိုင်

[၂၉] တာဝန်ခန့်ထားသော ဆရာဝန် ၃၄၂ ဦးအနက် ၆၄ ဦးသာ တာဝန်ထမ်းဆောင်လျှက်ရှိပြီး သူနာပြုဆရာမ အရေအတွက်တွင်လည်း ခန့်အပ်ထားသူ၏ တစ်ဝက်ခန့်သာ တာဝန်ထမ်းဆောင်ပါသည်။

လျှင်တောင် သူတို့အတွက် ဒေသအတွင်းတွင် အလုပ်အကိုင်အခွင့်အလမ်း မရရှိနိုင်သဖြင့် မွေးရပ်မြေကို စွန့်ခွာပြီး အလုပ်ရှာကြရသည်။ ထို့အတူ ကလေးသူငယ် ကျန်းမာရေးစောင့်ရှောက်မှု ရလဒ်များကလည်း စိတ်မသက်မသာ ဖြစ်စေပါသည်။ အဘယ့်ကြောင့်ဆိုသော် ကလေးအများစုမှာ တစ်နှစ်လျှင် လပေါင်းများစွာ တွေ့ကြုံရသော ဝတ်မွတ်ခေါင်းပါးခြင်းဒဏ်ကို ခံစားနေရပြီး ကလေးငယ် ၅၀% အထက်မှာ ကြီးထွားမှုနှုန်းနေးကွေး နေပါသည်။ ဂမ်းရောဂါ၊ ငှက်ဖျားနှင့် အခြားသော ကူးစက်ရောဂါဖြစ်ပွားမှုမှာလည်း မြန်မာနိုင်ငံရှိ အခြားသော ဒေသများထက် ပိုမိုပါသည်။

အလားတူ ချင်းအမျိုးသမီးများမှာလည်း ခက်ခဲကြမ်းတမ်းသော ဘဝကို ဖြတ်သန်းနေရပါသည်။ ကလေးထိန်းခြင်းအပြင် သောက်သုံးရန်ရေနှင့် စားနပ်ရိက္ခာအလုံအလောက် ရရှိရေးတို့အတွက်လည်း ဆောင်ရွက်ရပြီး စိုက်ပျိုးရေးနှင့် စိုက်ပျိုးထုတ်ကုန် ရောင်းချရေးကိစ္စတို့အတွက်လည်း အချိန်ပြည့် တာဝန်ယူထားရပြန်သည်။ စိုက်ပျိုးထုတ်ကုန်များမှာ အိမ်ထောင်စုများအတွက် လိုအပ်သောအာဟာရရရှိရန် မလုံလောက်သောကြောင့် ရိတ်သိမ်းချိန်အလွန်တွင် ပြတ်လပ်မှုများ တွေ့ကြုံရပါသည်။ ပုံမှန်အားဖြင့် ခင်ပွန်းသည်က အိန္ဒိယသို့ ထုတ်ကုန်များ သွားရောက် ရောင်းချရေးကို တာဝန်ယူပါသည်။ ဤအခြေအနေတွင် ကျန်ရစ်သောဇနီးသည်က ခင်ပွန်းလုပ်ကိုင်နေရသော တောင်ယာလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်ကြရပါသည်။ ကမ္ဘာတဝှမ်းရှိ လူမှုအဖွဲ့အစည်းတော်တော်များများတွင် အမျိုးသမီးများသည် အစားအစာရှားပါးချိန်၌ မိသားစုအတွင်းတွင် အစာစားမှု အနည်းဆုံးဖြစ်ပြီး ဝတ်မွတ်မှုဒဏ်ကို အများဆုံး ခံကြရသည်။ အကျိုးရလဒ်အားဖြင့် ပေါင်ချိန်မပြည့်မီသော ကလေးငယ်များ မွေးဖွားစေပါသည်။ ထို့ပြင် အစောပိုင်းတွင် ရှင်းပြ ထားသည့်အတိုင်း ချင်းအမျိုးသမီးများမှာ အလွန်ဆိုးဝါးသော အခြေအနေအောက်တွင် ကလေးမီးဖွားကြရသည်။ ချင်းအမျိုးသမီးများသည် သားဆက်ခြားမှု မရှိခြင်းနှင့် ခုခံအားကျဆင်းသည့်ရောဂါ HIV/ AIDS အကြောင်း သိရှိနားလည်မှုတွင် မြန်မာနိုင်ငံရှိအခြားဒေသများထက် နိမ့်ကျပါသည်။ ထို့မျှမက ချင်းအမျိုးသမီးများသည် ရပ်ရွာ၏ အသိအမှတ်ပြုခံခြင်း နည်းသည့်အတွက် ရပ်ရွာနှင့် သက်ဆိုင်သော အရေးကိစ္စများတွင် ပါဝင်ပြောဆိုနိုင်မှုနည်းပါးပါသည်။ ဓလေ့ထုံးတမ်းစဉ်လာအရလည်း လယ်မြေကိုလည်းကောင်း၊မိသားစုအိမ်ရာကို လည်းကောင်း ချင်းအမျိုးသမီးများ အမွေဆက်ခံပိုင်ခွင့်မရှိပါ။ အဆိုးရွားဆုံးမှာ ချင်းအမျိုးသမီးများသည် အိမ်တွင်းအကြမ်းဖက်မှု၏ တန်ဆာခံအဖြစ် ကျရောက်နေခြင်း ဖြစ်ပါသည်။

ထို့ပြင်တဝ ချင်းပြည်နယ်တွင် မသန်စွမ်းသူများအတွက် လူမှုစောင့်ရှောက်ရေးစနစ် ပြည့်ဝစွာ မရှိပေ။ ရပ်ရွာတွင်လည်းကောင်း၊ အစိုးရအဖွဲ့တွင်လည်းကောင်း မသန်စွမ်းတို့၏ လိုအပ်ချက်နှင့် ၎င်းတို့၏ အခွင့်အရေးကို သိရှိနားလည်သူ နည်းပါးပါသည်။ မသန်စွမ်းကလေးငယ် အများစု ပညာသင်ကြားရာတွင်လည်း ၎င်းတို့အတွက် အကာအကွယ်ပေးနိုင်သည့် အစီအမံမရှိပေ။ သူတို့ကျောင်းသွားလျှင် အခြားသူများကြားတွင် ခွဲခြားဆက်ဆံခံရပြီး လှောင်ပြောင်စရာ၊ ကဲ့ရဲ့ရှုတ်ချစရာအဖြစ် ရှုမြင်ခံရတတ်ကြသည်။ လူထုနှင့် အစိုးရဌာနများအကြားတွင် မသန်စွမ်းတို့၏ အခြေအနေကို သဘောပေါက်နားလည်မှု တိုးတက်လာရန် လိုအပ်ပါသည်။ ထို့မျှမက မသန်စွမ်းများ ကိုလည်း ၎င်းတို့အခွင့်အရေးကို ကိုယ်တိုင်သိရှိနားလည်စေရန်နှင့် သူတို့အတွက် ကိုယ်ထူကိုယ်ထ အဖွဲ့ငယ်များ ဖွဲ့စည်းပေးရန်လိုအပ်ပါသည်။ မသန်စွမ်းတို့၏ စိုးရိမ်သောကနှင့် ပူပန်မှုများကို အစိုးရထံသို့ တင်ပြနိုင်သော ဆွေးနွေးပွဲတစ်ခု ကျင်းပသင့်ပါသည်။ အရေးအကြီးဆုံးမှာ အစိုးရက စီမံကိန်းများ ရေးဆွဲပြင်ဆင်ရာတွင် မသန်စွမ်းတို့ အတွက်လည်း ထည့်သွင်းစဉ်းစားပေးရန်ဖြစ်သည်။

ချင်းပြည်နယ် လူမှုညွှန်းကိန်းများ လေ့လာရာတွင် ကြုံတွေ့နေရသော ပြဿနာများကို ပြည်နယ် (သို့) ပြည်ထောင်စု အစိုးရက တုန့်ပြန်ဆောင်ရွက်မှု ပျက်ကွက်ခြင်းကြောင့် မဟုတ်ကြောင်း သိရှိရသည်။ ၎င်းထက် ချင်းပြည်နယ်တွင် စီးပွားရေးလုပ်ရန် စရိတ်ကြီးမြင့်နေခြင်း၊ လူမှုဝန်ဆောင်မှုများ ထိထိရောက်ရောက်ပေးရန် ပထဝီအနေအထားက တားဆီးနေခြင်း၊ အုပ်ချုပ်ရေးနှင့် နည်းပညာအသုံးပြုမှုစွမ်းရည်တွင် အားနည်းနေခြင်းတို့ကြောင့်သာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပြည်ထောင်စုအစိုးရအနေဖြင့် ၂၀၁၄ - ၂၀၁၅ ဘတ်ဂျက်တွင် ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုအတွက် မြန်မာကျပ်ငွေ (၅) ဘီလျံ အသုံးပြုမည်ဖြစ်ပါသည်။ ချင်းပြည်နယ်ထက် လူဦးရေပိုများသော အခြားပြည်နယ်နှင့် တိုင်းဒေသတို့တွင် မြန်မာကျပ်ငွေ တစ်ဘီလျံသာ အသုံးပြုမည်ဖြစ်၍ ၎င်းတို့နှင့် နှိုင်းယှဉ်လျှင် ချင်းပြည်နယ်အတွက် ငွေကြေးအသုံးပြုမှုအများဆုံးဟု ဆိုနိုင်ပါသည်။

## ၅.၂.၄။ နည်းပညာနှင့် အဆင့်မြင့်ပညာတို့နှင့် အလှမ်းဝေးနေခြင်း

ကွင်းဆင်းသုတေသနတတွင် တွေ့ရှိရသော အခြားသော အဓိကပြဿနာတစ်ခုမှာ စီးပွားရေးနှင့် စီမံကိန်းရေးဆွဲခြင်း ကဏ္ဍရပ်တို့တွင် နည်းပညာချို့တဲ့နေခြင်းဖြစ်သည်။ ပြည်ထောင်စုအစိုးရ၏ စီမံကိန်းလုပ်ငန်းစဉ် အသစ်တွင် ပြည်နယ်နှင့် မြို့နယ်များ၏ အားထုတ်မှုများစွာ လိုအပ်လျက်ရှိရာ အထူးသဖြင့် မြို့နယ်အဆင့် စီမံကိန်းရေးဆွဲခြင်း စွမ်းရည်မှာ နိမ့်ပါးနေပါသည်။ မြို့နယ်နှင့် ကျေးရွာကော်မတီများအနေဖြင့် ရန်ပုံငွေများမရရှိမီတွင် ပြည်ထောင်စုအစိုးရ ချမှတ်သော လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရန် နည်းပညာပံ့ပိုးမှု လိုအပ်နေပါသည်။

အလားတူ စိုက်ပျိုးရေးကဏ္ဍတွင်လည်း မြေနိမ့်ပိုင်း စပါးစိုက်ပျိုးထုတ်လုပ်မှု သုတေသနများကိုသာ အားစိုက် ဆောင်ရွက်ကြသဖြင့် မြန်မာနိုင်ငံတောင်တန်းဒေသများတွင် စိုက်ပျိုးရေးနည်းပညာနှင့် အလှမ်းဝေးနေပါသည်။ ချင်းပြည်နယ်တွင် ၎င်းတို့၏ ရာသီဥတု၊ ပင်လယ်ရေမျက်နှာပြင်အမြင့်နှင့် မြေဆီလွှာကို တုန့်ပြန်ခံနိုင်သော စိုက်ပျိုးရေး ကိရိယာများ ရရှိနိုင်မှု နည်းပါးပါသည်။ အထူးသဖြင့် တောင်ယာစပါးနှင့် ပြောင်းစိုက်ပျိုးမှု အတွက်ဖြစ်စေ၊ စပျစ်နှင့် အခြားသီးပင်များအတွက်ဖြစ်စေ မျိုးကောင်းမျိုးသန့်ရရှိနိုင်လျှင် စိုက်ပျိုးထုတ်လုပ်မှုနှုန်း တိုးတက်လာနိုင်ပါသည်။

သတင်းနည်းပညာနှင့် စပ်လျဉ်း၍ ချင်းပြည်နယ်တွင် အင်တာနက်နှင့် မိုဘိုင်းဖုန်းဆက်သွယ်ရေးလိုင်း ဖမ်းယူနိုင်သည့် နေရာ အလွန်နည်းပါးပါသည်။ သို့သော်သော် မကြာသော အနာဂတ်ကာလအတွင်းတွင် ဤအခြေအနေ တိုးတက် ပြောင်းလဲလာစေရန် အစိုးရက စီမံထားပြီးဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးတွင် ရင်းနှီးမြှုပ်နှံမှု စရိတ်ကြီး မားခြင်းနှင့် ကျေးရွာများသို့ သွားရောက်ရန် အချိန်ကြာမြင့်ခြင်းတို့ကြောင့် အင်တာနက်နှင့် မိုဘိုင်းဖုန်း ဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ပါက အနီးဝန်းကျင်ရှိ ကျေးရွာများကို အဖိုးနှုန်းနည်းစွာဖြင့် ဆက်သွယ် နိုင်ပါမည်။ ၎င်းအပြင် ပညာရေးနှင့် အခြားသောကဏ္ဍများတွင်လည်း အိုင်တီဖွံ့ဖြိုးမှုဖြင့် အဝေးရောက် သင်ကြားမှုတို့ ပြုလုပ်နိုင်ပါသည်။ ဒေသကောလိပ်နှင့် အခြားသောပညာရေး အဖွဲ့အစည်းများသို့ သွားရောက် ပညာမသင် ကြားနိုင်သော ဝေးလံခေါင်ပါးသော အရပ်ဒေသများမှ ကျောင်းသူ၊ ကျောင်းသားများအတွက် ဤနည်းလမ်းအားဖြင့် ပညာရေးအခွင့်အလမ်း တိုးပွားရရှိစေနိုင်ပါသည်။

ငါးနှစ်မှ ဆယ်နှစ်တာ ရေလတ်အစီအစဉ် အကောင်အထည်ဖော်ရာတွင် အတိတ်တွင် ကြုံတွေ့ဖြေရှင်းခဲ့ရသည်များ ကိုသာ သုံးသပ်ရုံမကဘဲ အနာဂတ်တွင် ကြုံတွေ့နိုင်သည်များကိုလည်း ရှေ့ရေးကြိုမြင်နိုင်ရန် အရေးကြီးပါသည်။ ကွန်ပြူတာနှင့် နည်းပညာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်ရန်နှင့် မိုဘိုင်းဖုန်းဖြင့် ဆက်သွယ်နိုင်သော ဇရိယာ တိုးချဲ့ကောင်းမွန်အောင် ဆောင်ရွက်ရန်မှာ အရေးအကြီးဆုံးအချက် ဖြစ်သည်။ အဆိုပါအစီအစဉ်ကို အခြေခံ အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် တပြိုင်နက်ထဲ အကောင်အထည်ဖော်သင့်ပြီး လုပ်ထုံးလုပ်နည်း အသစ် အတွက် အစီအစဉ်ရေးဆွဲပြီးချိန် (သို့) ဆက်သွယ်ရေး အဆောက်အအုံများ ပြီးစီးချိန်အထိ စောင့်မနေသင့်ပေ။

ထို့အတူ ပြည့်စုံကောင်းမွန်သော စီမံကိန်းတွင် မွမ်းမံသင်တန်းများလည်း ပါဝင်သည်။ ကဏ္ဍများအားလုံးတွင် နည်းပညာအသစ်နှင့် မိတ်ဆက်ကာ လက်တွေ့လုပ်ဆောင်မှုသင်တန်းများမှတဆင့် ကျွမ်းကျင်ပညာရှင်နှင့် ကျွမ်းကျင် လုပ်သားများကို မွေးထုတ်ပေးရန် လိုအပ်ပါသည်။ ပြည်ထောင်စုအစိုးရမှာ ယခုအခါ အလုံးစုံပြောင်းလဲရေး နည်းလမ်းဖြင့် စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်မှုတွင် ဦးဆောင်လျက်ရှိသည်။ အမိန့်ဖြင့် ဆောင်ရွက်ရ သော စီးပွားရေးပုံစံမှာ အတိတ်တွင် ကျန်ရစ်ခဲ့ပြီဖြစ်ပြီး ယခုအခါ သမ္မတကြီးက လူထုပိုမိုပူးပေါင်းပါဝင်သော လူထု ဗဟိုပြု နည်းလမ်းကို ကျင့်သုံးရန် လိုလားလျက်ရှိသည်။ သမ္မတကြီး၏ လိုလားချက်အတိုင်း ဆောင်ရွက်နိုင်ရန် အစိုးရ အရာရှိများမှာ လူထုနှင့်ထိတွေ့ဆက်ဆံမှုများ ရှိနေရပါမည်။ ထိရောက်သော ရလဒ်များ ပေါ်ထွန်းရေးအတွက် ၎င်းတို့ ကိုလည်း နည်းနာအသစ်များနှင့် မိတ်ဆက်ပေးမည့် မွန်းမံသင်တန်းများ ပို့ချပေးရန် လိုအပ်ပါသည်။ ထို့ပြင် အစိုးရ တာဝန်ရှိသူများအနေဖြင့် လက်တွေ့တွင် လူထုအခြေပြုနည်းလမ်းကို ကျင့်သုံးနေသော ပြည်တွင်း၊ ပြည်ပ လူမှုရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါသည်။ အတူတကွ လက်တွဲအလုပ်လုပ်ခြင်းဖြင့် အစိုးရနှင့် လူမှုအဖွဲ့အစည်းများ နှစ်ဦးနှစ်ဘက် အပြန်အလှန် အကျိုးကျေးဇူးများရရှိနိုင်ပြီး ထိုရလဒ်မှတဆင့် အမှန်တကယ် အကျိုးကျေးဇူးခံစားရမည့်သူများမှာ စိုက်ပျိုးရေးလုပ်ကိုင်သူများ ဖြစ်ပါသည်။

## ၅.၃။ ဖွံ့ဖြိုးရေးမျှော်မှန်းချက်

ချင်းပြည်နယ်၏ နှစ်စဉ် ဖွံ့ဖြိုးရေးအစီအစဉ်နှင့် ရည်မှန်းချက်များ (၂၀၁၄ - ၂၀၁၅) တွင် ဖွံ့ဖြိုးရေးမျှော်မှန်းချက်ကို ဖော်ပြထားပါသည်။

*"ချင်းလူမျိုးနှင့် ချင်းလူထုကို အကျိုးပြုနိုင်သော မျှတပြီး ရေရှည်ခိုင်မာမည့် ဖွံ့ဖြိုးရေးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်"*

သမ္မတကြီး အလေးထားနေသည့် လူထုအခြေပြုနည်းလမ်းကို ချင်းပြည်နယ်အစိုးရက ကြိုဆိုလက်ခံပြီး၊ ၂၀၁၄ - ၂၀၁၅ စီမံချက်တွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ပညာရေးနှင့်ကျန်းမာရေးတိုးတက်ရေး မျှော်မှန်းချက်များ ပြည့်မီရေး အတွက် အဆိုပါနည်းလမ်းကို ထည့်သွင်းအသုံးပြုထားပါသည်။

ချင်းလူဦးရေအများစုမှာ ၎င်းတို့အသက်မွေးဝမ်းကျောင်းအတွက် စိုက်ပျိုးရေးကို အားထားနေရပါသည်။ ဆင်းရဲနွမ်းပါးခြင်းနှင့် လူမှုရေးအခြေအနေမှာ နိမ့်ကျရခြင်း၏ အဓိက အကြောင်းရင်းမှာ စိုက်ပျိုးနည်းစနစ် မအောင်မြင်တော့သဖြင့် အာဟာရပြည့်ဝစေသော အစားအစာများ မရရှိတော့ခြင်းနှင့် ကလေးများကို ကျောင်းထားရန်နှင့် ဖျားနာသည့်အခါ လိုအပ်သောဆေးဝါး ဝယ်ယူရန်အတွက် ငွေမရှိတော့ခြင်းကြောင့် ဖြစ်သည်။ လက်တွေ့ဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေး မျှော်မှန်းချက်တွင် အောက်ပါအချက်များ ပါဝင်သည်။

- ကောက်ပဲသီးနှံထုတ်လုပ်ခြင်းများက တစ်ပိုင်တစ်နိုင်ရိက္ခာဖူလုံမှုအတွက် အထောက်အကူပြုစေရန်
- အာဟာရပြည့်မီစေရေးအတွက် အိမ်ထောင်စုတိုင်းက လုံလောက်သော စားနပ်ရိက္ခာ ဝယ်ယူ/ထုတ်လုပ်နိုင်ရန်နှင့် ရရှိသော အပိုဝင်ငွေဖြင့် ကလေးများ၏ ပညာရေးနှင့် ကောင်းမွန်သော ကျန်းမာရေး စနစ်တို့အတွက် အသုံးချနိုင်ရန်

## ၅.၄။ ဘက်စုံဖွံ့ဖြိုးရေး စီမံချက်နှင့် နယ်မြေဒေသ လူမှုဖွံ့ဖြိုးရေး အစီအမံ၏ အစိတ်အပိုင်းများ

နယ်မြေဒေသ လူမှုဖွံ့ဖြိုးရေးအစီအမံ (LSP) သည် ကုလသမဂ္ဂကလေးများအဖွဲ့ (UNICEF) ရှေ့ဆောင် ဆောင်ရွက်ချက်ဖြစ်ပြီး နိုင်ငံတော်တော်များများတွင် အောင်မြင်စွာ အကောင်အထည်ဖော်ခဲ့ပြီး ဖြစ်သည်။[၂၄] MIID နှင့် ယူနီဆက်ဖ်က ပေးသော အကူအညီများမှာ ချင်းပြည်နယ်အတွက် ဒေသ လူမှုဖွံ့ဖြိုးရေးအစီအမံများ (LSP)ကို ပေါ်ထွန်းရန်နှင့် မြန်မာနိုင်ငံ၏ အခြားဒေသများတွင်ပါ ဆင့်ပွား ကူးယူကျင့်သုံးနိုင်သော LSP နည်းလမ်းများရေးဆွဲရန်တို့အတွက် ဖြစ်ပါသည်။

အဆိုပါ LSP ကို ရေးဆွဲရာတွင် ရွေးချယ်ထားသော နယ်မြေ၏ လူမှုရေးနှင့် စီးပွားရေး ထိခိုက်မှုများကို အထူးထည့်သွင်း၍ ၎င်းတို့အတွက် အကောင်အထည်ဖော်ပေးမည့် လုပ်ငန်းစဉ်တို့ကို ရေးဆွဲပါသည်။ စီမံကိန်းတွင် ပါဝင်ဆက်နွှယ်မည့်သူများ၊ အထူးသဖြင့် ကွင်းဆင်းလုပ်ကိုင်နေရသော အရပ်ဘက်လူ့အဖွဲ့အစည်းတို့နှင့် ကြိမ်ဖန်များစွာ တွေ့ဆုံဆွေးနွေးပြီးမှ ရေးဆွဲခဲ့ခြင်းဖြစ်သည်။ အစီအမံ ရေးဆွဲရာတွင် လိုအပ်ချက်နှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာသော ကြားဝင်ဆောင်ရွက်မှု နည်းဗျူဟာကို ထည့်သွင်း အသုံးပြုထားပါသည်။ အစီအမံရေးဆွဲရာတွင် အစိုးရနှင့်နိုင်ငံပြုမဟုတ်သော ဇာတ်ကောင်များနှင့်ပါ မြဲမြံစွာချိတ်ဆက်ထားပြီး၊ ရေးဆွဲပြီးစီးသည့်အခါ စောလျင်စွာ ဖြေရှင်းပေးရမည့် ထိခိုက်လွယ်ကိစ္စရပ်များကို ထည့်သွင်းထားသော စီမံကိန်းအဆိုပြုလွှာများကို ပြင်ဆင် ခဲ့ပါသည်။ ယူနီဆက်ဖ်၏ လူမှုကာကွယ်ရေး မူဝါဒမှာ က) စကြာဝဠာတစ်ခုလုံးနှင့် ဆက်စပ်လွှမ်းခြုံမှုရှိသည့် အကြောင်းအရာများကို နားလည်သဘောပေါက်ခြင်း၊ ခ) နိုင်ငံတွင် ကျင့်သုံးနေသော နည်းစနစ်နှင့် ခေါင်းဆောင်မှု၊ (ဂ) ပူးပေါင်းပါဝင်မှု

[၂၄] UNICEF သည် လတ်တလောတွင် LSPကို အာမေးနီးယားတွင် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး ချင်းပြည်နယ် ဒေသ လူမှုဖွံ့ဖြိုးရေး အစီအမံအတွက် ဦးစားပေးသတ်မှတ်ချက်များ ချမှတ်သော အလုပ်ရုံဆွေးနွေးပွဲတွင် ယူနီဆက်ဖ်မှ တာဝန်ရှိသူကိုယ်တိုင် တက်ရောက်၍ LSP အဖွဲ့အတွက် လုပ်ငန်းပိုင်းဆိုင်ရာ အကြံဉာဏ်များ ပေးခဲ့သည်။

တို့တွင် အခြေခံပါသည်။ လူမှုကာကွယ်ရေးဟု ဆိုရာတွင် လူမှုရေးနှင့် စီးပွားရေးတို့တွင် ထိခိုက် လွယ်သူများနှင့် ထိခိုက်လွယ်အခြေအနေကို ကာကွယ်၊ လျှော့ချ၊ ပပျောက်အောင် ဆောင်ရွက်ရန် ရည်ရွယ်သည်။ လူမှုကာကွယ်ရေး စီမံကိန်းတွင် ဘေးအန္တရာယ် ကာကွယ်လျှော့ချခြင်းနှင့် စီမံခန့်ခွဲခြင်း၊ အလုပ်သမားတို့အတွက် ရှေ့ပြေးဆောင်ရွက်မှု၊ လုပ်ခအတွက် စားနပ်ရိက္ခာပေးခြင်း၊ ပင်စင်လစာနှင့် အမတော်ကြေး ကိစ္စရပ်များနှင့် ထိခိုက် လွယ်အုပ်စုများကို ကူညီပံ့ပိုးခြင်းတို့ ပါဝင်ပါသည်။

၅.၄.၁။ ချင်းပြည်နယ်ရှိ ထိခိုက်လွယ်အုပ်စုနှင့် အိမ်ထောင်စုတို့၏ သွင်ပြင်လက္ခဏာ

ကွင်းဆင်းသုတေသနအရ ချင်းပြည်နယ်လူထုများထဲတွင် (က) ကလေးများ၊ (ခ) သက်ကြီးရွယ်အိုများ၊ (ဂ) မသန်စွမ်းသူများ၊ (ဃ) အမျိုးသမီးများ၊ (င) ဆင်းရဲနွမ်းပါးသူများနှင့် (စ) ဖျားနာနေသူများကို ထိခိုက်လွယ်အုပ်စု အဖြစ် သတ်မှတ်ထားပါသည်။





*ပုံ(၉) ထိခိုက်လွယ်အုပ်စုများ*

ကွင်းဆင်းသုတေသနက ဖော်ထုတ်ထားသော ထိခိုက်လွယ်အိမ်ထောင်စုတို့၏ သွင်ပြင်လက္ခဏာတို့တွင် (က) ကလေးငယ်များကို ကျောင်းမထားနိုင်ခြင်း၊ (ခ) စားနပ်ရိက္ခာဝယ်ရန် ငွေမရှိခြင်း၊ (ဂ) အနိမ့်ဆုံးစီးပွားရေးတည်ငြိမ်မှု မရှိခြင်း၊ (ဃ) မြေယာ (သို့) အခြားသော ပိုင်ဆိုင်မှု မရှိခြင်း၊ (င) ကလေးများခြင်းနှင့် (စ) အလုပ်မလုပ်နိုင်သော မိသားစုဝင်များ (သက်ကြီးရွယ်အို၊ မသန်စွမ်းသူ စသည်တို့) ရှိနေခြင်းတို့ ပါဝင်ပါသည်။ ပုံ(၁၀) တွင် လေ့လာရန်။





*ပုံ (၁၀)* - အိမ်ထောင်စုများ ထိခိုက်လွယ်ဖြစ်ရသည့်အကြောင်းရင်း

သုတေသနက ကလေးများ ထိခိုက်လွယ်ရခြင်းအကြောင်းများမှာ ဆင်းရဲနွမ်းပါးမှု၊ စားနပ်ရိက္ခာမလုံလောက်မှု၊ ဖယ်ကြဉ်ခံရမှုနှင့် ၎င်းတို့၏ အခွင့်အရေးများ ဆုံးရှုံးနေရခြင်းတို့ကြောင့် ဖြစ်ကြောင်း လေ့လာတွေ့ရှိပါသည်။ အထိခိုက်အလွယ်ဆုံး ကလေးများတွင် မိဘမဲ့ကလေးများ၊ မသန်စွမ်းသူ ကလေးများ၊ ကလေးလုပ်သားအဖြစ် အသုံးချ ခံနေရသော ကလေးများ ပါဝင်သည်။ ကျောင်းမနေနိုင်သော ကလေးများကို အုပ်စုတွင်းဆက်နွယ်မှုရှိသော ထိခိုက်လွယ်အုပ်စုအဖြစ် ဖော်ပြပါသည်။ ပုံ (၁၁) တွင် လေ့လာရန်။




*ပုံ (၁၁)* - ကလေးငယ်များ ထိခိုက်လွယ်ရခြင်း

အမျိုးသမီးအခွင့်အရေးနှင့် ကျား၊ မ လူမှုကဏ္ဍညီမျှရေး (ဂျန်ဒါ)အကြောင်းကို ကွင်းဆင်းသုတေသနတွင် အသေးစိတ် လေ့လာခဲ့ပါသည်။ တွေ့ရှိချက်များအရ (က) ချင်းပြည်နယ်တွင် အမျိုးသမီးအခွင့်အရေးအကြောင်း သဘောပေါက်သိရှိမှု နည်းခြင်း၊ (ဂ) လူထုကြားတွင် ၎င်းတို့၏ စကားသံကို ကန့်သတ်ခံရခြင်း၊ စီးပွားရေး လုပ်ကိုင်စွမ်းရည် နည်းပါးခြင်း၊ ပိုင်ဆိုင်မှုအခွင့်အရေး မရှိသလောက် ဖြစ်နေခြင်းနှင့် ပညာရေးနိမ့်ပါးခြင်း၊ (ဃ) ပြင်ပသို့ ရွှေ့ပြောင်းသွားလာမှုကြောင့် လူကုန်ကူးခံရမည့် အလားအလာများ ဖြစ်ပေါ်နေခြင်း၊ (င) အိမ်တွင်း အကြမ်းဖက်ခံရမှုတို့ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေကြောင်း သိရပါသည်။




*ပုံ (၁၂) - အမျိုးသမီးများ ထိခိုက်လွယ်ရခြင်း*

မသန်စွမ်းသူတို့နှင့် ပတ်သက်သော လေ့လာရေးမှ (က) ချင်းပြည်နယ်တွင် မသန်စွမ်းသူ အမျိုးအစားနှင့် အရေအတွက်ဆိုင်ရာ အချက်အလက်များ စနစ်တကျ မကောက်ယူထားခြင်း၊ (ခ) မသန်စွမ်းတို့အတွက် အစိုးရက ထောက်ပံ့ပေးသော လူမှုကာကွယ်ရေး အစီအမံများမရှိခြင်း၊ (ဂ) မသန်စွမ်းသူရှိနေသော အိမ်ထောင်စုဝင်များ ပို၍ ထိခိုက်လွယ်နေရခြင်း၊ (ဃ) ကျောင်းများ၊ ကျန်းမာရေးဌာနများနှင့် လူထုအကြားတွင် မသန်စွမ်းတို့၏ အခွင့်အရေးကို နားလည်အသိအမှတ်ပြုမှု နည်းပါးခြင်းတို့ ဖြစ်ပေါ်နေကြောင်း သိရပါသည်။.

သက်ကြီးရွယ်အိုနှင့် သက်ဆိုင်သော ကွင်းဆင်းသုတေသနမှ (က) သက်ကြီးရွယ်အိုများမှာ ၎င်းတို့ မိသားစုဝင်များပေါ်သို့ အဓိက မှီခိုနေရပြီး သက်ကြီးရွယ်အိုများကို ပံ့ပိုးပေးနေရသော မိသားစုမှာလည်း စီးပွားရေး မပြေလည်ခြင်း၊ (ခ) ဆွေမျိုးများထံမှ အမှီအခိုကင်းစွာ ရပ်တည်နိုင်ရေးအတွက် ပြည်နယ်၏ ပံ့ပိုးမှုမရှိခြင်းနှင့် ဘုရားကျောင်းမှာ ၎င်းအတွက် အဓိကခိုလှုံရာဖြစ်နေခြင်း၊ (ဂ) သက်ကြီးရွယ်အိုတို့အတွက် ကျန်းမာရေး စောင့်ရှောက်မှု ပံ့ပိုးမှုနည်းခြင်းတို့ကို လေ့လာတွေ့ရှိရပါသည်။

## ၅.၄.၂။ (လစ်ဟာနေသော )လက်ရှိလူမှုကာကွယ်ရေးစနစ်

ချင်းပြည်နယ်လူမှုကာကွယ်ရေးစနစ်နှင့်အစိုးရဌာနများကို လေ့လာရာတွင်ဝန်ထမ်းနည်းပါးခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သော စွမ်းရည်နှင့် အရင်းအမြစ်နည်းပါးခြင်းတို့ကို အဓိကအားနည်းချက်အဖြစ် သုံးသပ်မိပါသည်။ ရလဒ်အားဖြင့် ဘုရားကျောင်းအခြေခံ အရပ်ဘက်လူ့အဖွဲ့အစည်းများက ပြည်နယ်၏ လူမှုကာကွယ်ရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်နေရပါသည်။

ကျန်းမာရေးတွင် ကျေးရွာအဆင့် ပြည်သူ့ကျန်းမာရေးကဏ္ဍမှာ ထိရောက်မှု နည်းပြီး ဝန်ဆောင်မှုပေးရာတွင်လည်း နိမ့်ကျလျှက်ရှိကြောင်း တွေ့ရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဘဏ္ဍာရေးမပြည့်စုံခြင်း၊ တာဝန်ခန့်အပ်ထားသော်လည်း လာရောက်မထမ်းဆောင်ကြသဖြင့် ဝန်ထမ်းနည်းပါးခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထို့အတူ ဆေးရုံများတွင်လည်း စက်ကိရိယာမပြည့်စုံပေ။ ထို့ပြင်အာဟာရ နည်းပါးခြင်းနှင့် မပြည့်စုံခြင်း၊ ငှက်ဖျားနှင့် အခြားသော ကူးစက်ရောဂါများနှင့် မျိုးပွားကျန်းမာရေး စောင့်ရှောက်မှု ကျယ်ပြန့်စွာ မဆောင်ရွက်နိုင်ခြင်းတို့က စိုးရိမ်စရာ အခြေအနေများကို ဖန်တီးလျှက်ရှိပါသည်။

ပညာရေးကို သုံးသပ်လေ့လာရာတွင် (က) (အထူးသဖြင့် နွမ်းပါးမိသားစုမှ ကလေးများ) မူကြိုမနေနိုင်ခြင်း၊ (ခ) မိသားစု ဝင်ငွေအခက်အခဲကြောင့် ကလေးများ ကျောင်းထွက်ရခြင်း၊ (ဂ) ချင်းပြည်နယ်ရှိ ကျေးလက်စာသင်ကျောင်းများ ပေးလံစွာတည်ရှိသောကြောင့် သင်ကြားရေးတာဝန်ခံရာထူးများစွာ လစ်လပ်နေခြင်း၊ (ဃ) သင်ရိုးညွှန်းတမ်းများ ပြုပြင်ရန်လိုအပ်ပြီး ကျောင်းနေစကလေးတို့အတွက် ချင်းဘာသာစကားနှင့် သင်ကြားခွင့်ရှိနိုင်သော သင်ရိုးညွှန်းတမ်း လိုအပ်နေခြင်း၊ (င) ဆရာဖြစ် သင်တန်းများ တိုးတက်ကောင်းမွန်ရန် လိုအပ်ပြီး၊ ပညာရေး

အရည်အသွေးမြှင့်တင်ရန် လက်ရှိ တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများအတွက်လည်း သင်ကြားရေး နည်းနာ သင်တန်းများ ပို့ချပေးရန် လိုအပ်နေကြောင်း တွေ့ရပါသည်။

## ၅.၄.၃။ ကြားဖြတ်ကူညီဆောင်ရွက်ပေးမည့် နယ်မြေဒေသ လူမှုဖွံ့ဖြိုးရေးအစီအမံ

နယ်မြေဒေသ ဖွံ့ဖြိုးရေးအစီအမံ(LSP) ကို ပြင်ဆင်ရာတွင် ဆောင်ရွက်ရန်နည်းနာကို ဖော်ပြသောစာတမ်းအဖြစ် လေ့လာနိုင်ရန် ပြင်ဆင်ထားပါသည်။ သို့သော် ၎င်းသည် စီမံကိန်းလုပ်ငန်းစဉ်ကြီး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ချိတ်ဆက်တည်ရှိပါသည်။ ပြည့်စုံကောင်းမွန်သော အမျိုးသားဖွံ့ဖြိုးရေး စီမံချက်နှင့် ဆက်နွယ်မှုရှိသည့် ချင်းပြည် နယ်အတွက် ဖွံ့ဖြိုးရေးအစီအစဉ်၏ အစိတ်အပိုင်းအဖြစ် ရေးဆွဲထားသည်။ ချင်းပြည်နယ် ဝန်ကြီးချုပ်က ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအစိုးရထံမှ ဘတ်ဂျက်လျာထားရာတွင် ဒေသဖွံ့ဖြိုးရေး အစီအမံများ ဆောင်ရွက် ရေးအတွက်ပါ ထည့်သွင်းတောင်းခံမည်ဟု ဆိုပါသည်။

နယ်မြေဒေသလူမှုဖွံ့ဖြိုးရေးအစီအမံသည်လူမှုရေးအကြောင်းအရာများကိုဦးတည်ထားသော်လည်း စီးပွားရေးကြောင့် ဖြစ်ပေါ်သော လူမှုရေးဘဝများကို စောင်းပေးထားပါသည်။ ဒေသ လူမှုဖွံ့ဖြိုးရေးအစီအစဉ်တွင် ပြည်သူ လူထု၏ ဘဝကို သက်ရောက်မှုရှိစေသော စီးပွားရေးအကြောင်းအရာများနှင့် ၎င်းတို့ ရပ်ရွာအဖွဲ့ဝင်းတွင် လက်လှမ်းမီ နိုင်သော လူမှုရေးဝန်ဆောင်မှုများကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ စီးပွားရေးနှင့် လူမှုရေးတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်စပ်နေပါသည်။ *အောက်ဖော်ပြပါ ပုံ (၁၃) တွင် ဒေသလူမှုဖွံ့ဖြိုးရေး အစီအမံတွင် အဆိုပါအကြောင်းအရာများကို မည်သို့ချိတ်ဆက်ထားသည်ကို တွေ့နိုင်ပါသည်။*





*ပုံ (၁၃) - ဗျူဟာနည်းကျသောအစီအစဉ်နှင့် နယ်မြေဒေသလူမှုဖွံ့ဖြိုးရေးအစီအစဉ်အချိတ်အဆက်*

## ၅.၄.၄။ ချင်းပြည်နယ် စိုက်ပျိုးကဏ္ဍမှ လူမှုရေးအခြေအနေအပေါ် သက်ရောက်မှု

ချင်းလူမျိုးအများစုမှာ အစားအစာ၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်စရိတ်တို့အတွက် စိုက်ပျိုးရေးကို ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်နေကြပါသည်။ စိုက်ပျိုးရေးသည် ၎င်းတို့အတွက် ပြည့်စုံ ကောင်းမွန်သော ဘဝကို ဖန်တီးပေးနိုင်သည်။ ပြည်နယ်၏ ကျန်းမာရေးအညွှန်းကိန်း နိမ့်ကျရခြင်း၏ အကြောင်းရင်း တစ်ခုမှာ လမ်းတံတားမရှိခြင်း (သို့) လမ်းတံတားများ ယိုယွင်းနေခြင်းတို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကင်းကွာနေခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် စီမံကိန်းရေးဆွဲရာတွင် စီးပွားရေးနှင့် လူမှုရေးအခြေအနေများကို

ပေါင်းစည်းတုန့်ပြန်ပေးမည့် ဘက်မျှသော ဖွံ့ဖြိုးရေးအစီအမံဖြစ်ရန် အရေးကြီးပါသည်။ လမ်းအရှည် မိုင်မည်မျှ ခင်းနိုင်ခဲ့သည်ဟု ဆိုခြင်းထက် ပြည်သူလူထု၏ ဘ၀ မည်မျှ တိုးတက်ပြောင်းလဲသွားသည်ဆိုသော အချက်ပေါ် မူတည်ပြီး အောင်မြင်မှုကို တိုင်းတာရပါမည်။




*ပုံ (၁၄) စိုက်ပျိုးရေးအခြေခံစီးပွားနှင့် ထိခိုက်လွယ်အိမ်ထောင်စုများအပေါ် သက်ရောက်မှု*

ဒေသ လူမှုဖွံ့ဖြိုးရေးအစီအမံ(LSP)ကို ပြည်နယ်အစိုးရ၏ ၂၀၁၅/၂၀၁၆ ခုနှစ်အတွက် စီမံကိန်းနှင့် ဘတ်ဂျက် လျာထားချက်တွင် ထည့်သွင်းမည်ဖြစ်သည်။ လာမည့်နှစ်များတွင် LSP သည် စီမံကိန်း၏ အဓိက အစိတ်အပိုင်း ဖြစ်လာမည်ဖြစ်ပြီး အစိုးရ၏ ဘတ်ဂျက်တွင် ပုံမှန်အစီအစဉ်အဖြစ် ထည့်သွင်းကာ ငွေကြေးထောက်ပံ့ရမည် ဖြစ်ပါသည်။ အလှူရှင်များထံမှ အလှူငွေများ ရရှိခဲ့လျှင် အစိုးရ၏ ပုံမှန်အသုံးစရိတ်နေရာတွင် အစားမထိုးဘဲ *"ထပ်ဆောင်း သုံးစွဲရသော ဘတ်ဂျက်"* အဖြစ် ဖော်ပြကာ ပံ့ပိုးပေးသင့်ပါသည်။ LSP အတွက် လုပ်ငန်းဆောင်တာများကို ဒေသရှိ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းနှင့် ရပ်ရွာအခြေပြုအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ဤသို့ လက်တွဲဆောင်ရွက်ခြင်းအားဖြင့် လူထုအတွက် ထိရောက်သောရလဒ်များ ရရှိစေနိုင်ပါသည်။ လူမှုရေး ကဏ္ဍတွင် *အရပ်ဘက်လူ့အဖွဲ့အစည်းများ*နှင့် ပူးပေါင်းဆောင်ရွက်ရန် အလိုအပ်ဆုံးဖြစ်ပြီး သို့မှသာ သိသာသော အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

### ၅.၅။ စီမံကိန်းအဆိုပြုချက်များ - လူမှုရေးလိုအပ်ချက်များကို သတ်မှတ်ခြင်းနှင့် LSP အတွက် ပါဝင်ကူညီခြင်း

စီမံကိန်းအဆိုပြုချက်များတွင် ချင်းပြည်နယ်တွင်းရှိ စီမံကိန်းပါဝင်ဆက်နွှယ်သူများနှင့် ကြိမ်ရေများစွာ တိုင်ပင်ဆွေးနွေးမှုများမှ ထွက်ပေါ်လာသော ပြဿနာနှင့် ဦးစားပေးဆောင်ရွက်သင့်သော လုပ်ငန်းများကို ထည့်သွင်းဖော်ပြထားပါသည်။ အဆိုပြုလွှာများကို အောက်ပါသတ်မှတ်ချက်များအပေါ် အခြေခံ၍ ပြင်ဆင်ထားပါသည်။

- အဆိုပြုချက်များသည်အဓိကထိခိုက်လွယ်ခံစားရသူများနှင့်ထိခိုက်လွယ်အခြေအနေကိုရည်ညွှန်းနိုင်ရမည်
- အဆိုပြုလုပ်ငန်းများသည် ပြည်နယ်နှင့် မြို့နယ်အဆင့်ရှိ တာဝန်ရှိသူများ အကောင်အထည်ဖော်နိုင်သော အနေအထားတွင် ရှိရမည်။
- အဆိုပြုလုပ်ငန်းများသည် လူ့အခွင့်အရေးကို အခြေခံသော လူမှုကာကွယ်ရေးဖြစ်ရမည်။

ကဏ္ဍပေါင်းစုံ၏ ရှုထောင့်မှ လေ့လာပြီး အကြောင်းအရာအခြေခံ ပြဿနာများကို ထုတ်ဖော်ထားသည်ဖြစ်ရာ လိုအပ်ချက်သတ်မှတ်ခြင်းနှင့် စီမံကိန်းအဆိုပြုလွှာ ရေးခြင်း စသဖြင့် အစဉ်အတိုင်း လုပ်ကိုင်ရန် မလိုပါ။ ထို့ကြောင့် ချင်းပြည်နယ် အလုံးစုံဖွံ့ဖြိုးမှု စီမံကိန်းတွင် အချို့သော ပြဿနာများမှာ ချက်ချင်းတုန့်ပြန် ဖြေရှင်းရန် လိုအပ်နေပါသည်။ ဥပမာ အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ တိုးတက်ကောင်းမွန်ရေးနှင့် သက်ဆိုင်သော ရေ့ဆောင် လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်သည်။ စီမံကိန်းအဆိုပြုချက်များကို စွမ်းရည်မြှင့်တင်ပေးခြင်း၊ ကလေးသူငယ် အခွင့်အရေး၊ မသန်စွမ်းသူတို့၏ အခွင့်အရေးနှင့် အမျိုးသမီးတို့၏ အခွင့်အရေးဟူ၍ အဓိက အုပ်စုလေးခု ခွဲပြီး ဖော်ပြထားပါသည်။ ဖော်ပြချက်အပြည့်အစုံကို အတွဲ (၂) တွင် လေ့လာနိုင်ပါသည်။

### ၅.၅.၁။ အဖွဲ့အစည်းမူဘောင်သွင်းခြင်း စွမ်းရည်မြှင့်တက်စေမည့် စီမံကိန်းများ

အဖွဲ့အစည်း မူဘောင်သွင်းခြင်း စွမ်းရည်နှင့် ပတ်သက်ပြီး လူမှုကာကွယ်ရေးအတွက် တာဝန်ယူ ဆောင်ရွက်ရသော အစိုးရဌာနနှင့် ရပ်ရွာအခြေပြုအဖွဲ့များမှ ထုတ်ဖော်သော အဓိကအခက်အခဲများမှာ (က) လက်ရှိလူမှုကာကွယ်ရေး မူဘောင်ကို လူထုက မသိရှိခြင်း၊ (ခ) ကျန်းမာရေး၊ ပညာရေးနှင့် အခြားသော လူမှုကာကွယ်ရေး ဝန်ဆောင်မှုများ ပေးဝေနိုင်ရန် ဝန်ထမ်းလုံလုံလောက်လောက် မရှိခြင်း၊ (ဂ) သင်ကြားရေးတာဝန်ခံဝန်ထမ်းများ၏ စွမ်းရည် နိမ့်ပါးခြင်း တို့ဖြစ်သည်။ စီမံကိန်းတွင် အဆိုပါအခက်အခဲများကို အောက်ပါအတိုင်း တုန့်ပြန်ဖြေရှင်းနိုင်ရန် ထည့်သွင်း ဖော်ပြထားပြီး အသေးစိတ်ကိုမူ အတွဲ (၂) တွင် လေ့လာနိုင်ပါသည်။

- လူမှုကာကွယ်ရေးနှင့် ထိခိုက်လွယ်အုပ်စုများ၏ အခွင့်အရေးအတွက် အစိုးရဌာနများ၏ စွမ်းရည်ကို မြှင့်တင်ပေးမည့် စီမံကိန်း - **သုံးနှစ်တာအတွက် အမေရိကန်ဒေါ်လာ ၃၅၀၀၀၀**
- မူလတန်းပညာ သင်ကြားရေးတွင် ဆရာ၊ ဆရာမ ပြတ်လပ်မှုကို ရွေ့လျားစာသင်ကြားရေးအဖွဲ့များ ခန့်အပ်ခြင်းဖြင့် ဖြေရှင်းပေးမည့် စီမံကိန်း - **သုံးနှစ်တာအတွက် အမေရိကန်ဒေါ်လာ ၇၅၀၀၀၀**
- သင်ကြားမှုနှင့်သင်ယူမှုစွမ်းရည်နိမ့်ပါးခြင်းနှင့်ချင်းပြည်နယ်ရှိကျောင်းများတွင်ကျောင်းထွက်နှုန်းမြင့်မားနေမှု ကိုတုန့်ပြန်ဆောင်ရွက်မည့်စီမံကိန်း - **သုံးနှစ်မှ ငါးနှစ်တာကာလအတွက် အမေရိကန်ဒေါ်လာ ၉၀၀၀၀၀**

### ၅.၅.၂။ ကလေးသူငယ်အခွင့်အရေးကို ကာကွယ်ပေးရန်နှင့် ၎င်းတို့၏ လိုအပ်ချက် ပြည့်မီအောင် ဆောင်ရန် စီမံကိန်းအဆိုပြုချက်များ

ချင်းပြည်နယ်၏ လူမှုရေးနှင့် စီးပွားရေးအခြေအနေအရ ကလေးငယ်များ၊ အထူးသဖြင့် ပိုမိုနွမ်းပါးသော မိသားစုမှ ပေါက်ဖွားသူနှင့် အလွန်ဝေးလံခေါင်ပါးသော ဒေသတွင်နေထိုင်သော ကလေးများမှာ အလွန်ထိခိုက်လွယ်ကြပါသည်။ သူတို့မှာ ပညာရေး၊ ကျန်းမာရေးနှင့် စားနပ်ရိက္ခာမပြည့်စုံမှုဒဏ်တို့ကို တွေ့ကြုံခံစားနေရပါသည်။ ကျန်းမာရေးနှင့် ပညာရေး ကွင်းဆင်းဝန်ထမ်းများနှင့် အိမ်ထောင်စုတစ်ခုချင်းစီက သတ်မှတ်သော ကလေးများကြုံတွေ့နေရသည့် စိန်ခေါ်မှုများမှာ (က) အစာရေစာပြတ်လပ်မှု ကာလရှည်ကြာခြင်း၊ အာဟာရမပြည့်မီခြင်းကြောင့် ကြီးထွားဖွံ့ဖြိုးမှု နှေးကွေးခြင်း၊ ငတ်မွတ်ခြင်းနှင့် ကျန်းမာရေးညံ့ဖျင်းခြင်း၊ (ခ) အထူးသဖြင့် မူလတန်းအဆင့် အပါအဝင် ပညာရေးသို့ လက်လှမ်းမီနိုင်မှု ဝေးကွာနေခြင်း၊ (ဂ) ကျောင်းနေစတွင် သင်ကြားရေး၌အသုံးပြုသော ဘာသာစကားကို နားလည်ရန် ခက်ခဲခြင်း၊ (ဃ) ရောဂါကာကွယ်မှုအတွက် ခုခံနိုင်စွမ်းအား လျော့နည်းသဖြင့် ကျန်းမာရေးချို့တဲ့ခြင်း နှင့် အဖြစ်များသော ငှက်ဖျားနှင့် အူရောင်ငန်းဖျားရောဂါအတွက် ကျန်းမာရေး ကုသစောင့်ရှောက်မှု ခံယူရန် လက်လှမ်းမမီခြင်းတို့ ဖြစ်ပါသည်။ အဆိုပါ ပြဿနာတို့ကို တုန့်ပြန်ဖြေရှင်းပေးမည့် စီမံကိန်းများကို အောက်ပါ အတိုင်း အဆိုပြုထားပါသည်။ အသေးစိတ်ကို အတွဲ (၂) တွင် ဖော်ပြပါသည်။

- ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေး အစီအစဉ်များ - အရည်အသွေးနိမ့်ကျခြင်းနှင့် မူလတန်းပညာရေးကို လက်လှမ်းမမီစေနိုင်သော အကြောင်းအရာများကို တုန့်ပြန်ဖြေရှင်းပေးမည့် စီမံကိန်း - **ငါးနှစ်တာအတွက် အမေရိကန်ဒေါ်လာ ၉၀၀၀၀၀**

- မြန်မာဘာသာ မတတ်မြောက်သော ကျောင်းနေစကလေးငယ်များ ပညာသင်ကြားရေးကို အထောက်အကူပြုမည့် ချင်းဘာသာစကားဖြင့် သင်ရိုးညွှန်းတမ်းပေါ်ပေါက်ရေးအတွက် စီမံကိန်း - **တစ်နှစ်တာအတွက် အမေရိကန်ဒေါ်လာ ၁၅၀၀၀၀**
- ကလေးသူငယ်နှင့် အမျိုးသမီးတို့၏ အစာအာဟာရ အခြေအနေကို တိုးတက်စေမည့် စီမံကိန်း - **ငါးနှစ်တာအတွက် အမေရိကန်ဒေါ်လာ ၅၀၀၀၀၀**

## ၅.၅.၃။ မသန်စွမ်းသူများ၏ အခွင့်အရေးကို ကာကွယ်ပေးရန်နှင့် ၎င်းတို့၏ လိုအပ်ချက်ပြည့်မီအောင် ဆောင်ရန် စီမံကိန်းအဆိုပြုချက်များ

ချင်းပြည်နယ်၏ မသန်စွမ်းသူများ၏ လက်ရှိပြဿနာမှာ ၎င်းတို့ ကလေးဘဝကတည်းက စတင်ခဲ့ပါသည်။ ကိစ္စရပ်များစွာတို့တွင် ပညာသင်ကြားရန် အခြေအနေပယ်ခံခဲ့ကြရသည်။ ထို့မျှမက ၎င်းတို့ကို လက်ကမ်းကြိုဆိုမည့် ကျောင်းအဂန်း အပိုင်းပုံစံမျိုး မရှိသည့်အပြင် အများအားဖြင့် ခွဲခြားဆက်ဆံခံကြရပါသည်။ လူထုအတွင်းနှင့် အစိုးရဌာနဆိုင်ရာများတွင် မသန်စွမ်းတို့၏ အခွင့်အရေးကို သိရှိနားလည်ရန် လိုအပ်လျှက်ရှိသည်။ ထို့ပြင် အစိုးရ၏ ဆွေးနွေးပွဲများတွင်လည်းကောင်း၊ ရပ်ရွာအတွင်း ဆုံးဖြတ်ချက်ချရန်လိုအပ်သော ကိစ္စရပ်များတွင်လည်းကောင်း မသန်စွမ်းတို့ ပါဝင်ပြောဆိုခွင့်ရသော ဖွဲ့စည်းပုံတစ်ရပ်ဖြင့် ၎င်းတို့ကို ပံ့ပိုးပေးသင့်သည်။ အဆိုပါ ပြဿနာများကို တုန့်ပြန်ဖြေရှင်းရန် အောက်ဖော်ပြပါ စီမံကိန်းအဆိုပြုချက်များကို မသန်စွမ်းများနှင့် ၎င်းတို့ကို ကိုယ်စားပြုသော အဖွဲ့အစည်းတို့နှင့် ဆွေးနွေးတိုင်ပင်ကာ ပြင်ဆင်ထားပါသည်။ အဆိုပြုချက်အသေးစိတ်ကို အတွဲ(၂) တွင် တင်ပြထားပါသည်။

- မသန်စွမ်းကလေးငယ်တို့ မူလတန်းပညာသင်ကြားနိုင်မှုကို မြှင့်တင်ပေးမည့် စီမံကိန်း - **သုံးနှစ်မှ ငါးနှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၇၅၀၀၀၀**
- မသန်စွမ်းတို့၏ လိုအပ်ချက်များကို ကိုယ်စားပြုအရေးဆိုပေးခြင်းနှင့် ၎င်းတို့အခွင့်အရေးဆိုင်ရာ အချက်အလက်များ ဖြန့်ဝေပေးခြင်း စီမံကိန်း - **နှစ်နှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၃၅၀၀၀၀**

## ၅.၅.၄။ အမျိုးသမီးတို့ အခွင့်အရေးအတွက် ထောက်ပံ့ပေးမည့် စီမံကိန်း

အမျိုးသမီးနှင့် အမျိုးသမီးရေးရာအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့များ၊ အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသူ အမျိုးသမီးများနှင့် တွေ့ဆုံဆွေးနွေးမှုမှတဆင့် သိရှိလာရသော အမျိုးသမီးများ၏ အခက်အခဲမှာ (က) အမျိုးသမီးအခွင့်အရေးကို သိရှိနားလည်မှု (သို့) အသိအမှတ်ပြုမှု နည်းသော အုပ်ချုပ်ပုံစနစ်၊ (ခ) ရပ်ရွာနှင့် မိသားစုရေးရာကိစ္စများတွင် အမျိုးသမီးများ ပါဝင်ပြောဆိုနိုင်ခွင့်ကို ကန့်သတ်ထားခြင်း၊ (ဂ) စီးပွားရေးလုပ်ကိုင်နိုင်မှု စွမ်းရည်မရှိခြင်းနှင့် ပိုင်ဆိုင်ဆက်ခံနိုင်ခွင့် မရှိသလောက် နည်းပါးခြင်း၊ (ဃ) အများအားဖြင့် ပညာရေးနိမ့်ကျခြင်း၊ (င) ခွဲခြားဆက်ဆံရသော လက်ထပ်ထိမ်းမြားခြင်းစနစ်၊ (င) ပြင်ပသို့ ရွှေ့ပြောင်းရမှုများ၏ လူကုန်ကူးခံရမည့် အလားအလာများ ဖြစ်ပေါ်နေခြင်း၊ (စ) အရေးကြီးဆုံးအချက်ဟု ယူဆနိုင်သည်မှာ အိမ်တွင်းအကြမ်းဖက်ခံ တန်ဆာခံများအဖြစ်သို့ ကျရောက်နေခြင်းတို့ ဖြစ်ပါသည်။အဆိုပါကိစ္စရပ်များကို တုန့်ပြန်ပေးနိုင်သည့်စီမံကိန်း အဆိုပြုချက်များ ကို အောက်ပါအတိုင်း ရေးဆွဲထားပါသည်။ အကျယ်ကို အတွဲ(၂) တွင် ဖော်ပြထားသည်။

- အမျိုးသမီးများ အခွင့်အရေးနှင့် မျိုးပွားကျန်းမာရေးကို လက်လှမ်းမီနိုင်မှု အခြေအနေကို တိုးမြှင့်ပေးမည့် စီမံကိန်း - **သုံးနှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၇၀၀၀၀၀**
- အမျိုးသမီးတို့၏ လူမှုဖွံ့ဖြိုးမှုအခြေအနေနှင့် ၎င်းတို့၏ အခွင့်အရေးကို တိုးမြှင့်ပေးမည့် စီမံကိန်း - အမျိုးသမီးတို့အတွက် ဥပဒေရေးရာ အသိပညာပေးမည့် သင်တန်းများ - **နှစ်နှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၂၁၅၀၀၀**

- ချင်းအမျိုးသမီးများအဖွဲ့ကွန်ယက်ကို ပံ့ပိုးရန်နှင့် ချင်းပြည်နယ်တွင် တည်ရှိနေသော အမျိုးသမီးအဖွဲ့များ ခိုင်မာရေးအတွက် ဆောင်ရွက်ပေးမည့် စီမံကိန်း - **တစ်နှစ်တာကာလအတွက် အမေရိကန်ဒေါ်လာ ၈၅၀၀၀**
- ကျား၊ မ လူမှုအခန်းကဏ္ဍ ညီမျှရေးနှင့် ရပ်ရွာဖွံ့ဖြိုးရေးနှင့် လူထုအတွက် ဆုံးဖြတ်ချက်ချရသော ကိစ္စရပ်တို့တွင် အမျိုးသမီးတို့၏ အခန်းကဏ္ဍကို မြှင့်တင်ပေးမည့် စီမံကိန်း - **တစ်နှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၆၅၀၀၀**

### ၅.၅.၅။ ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် စောလျင်စွာဖြေရှင်းရန် လိုအပ်သော ကိစ္စရပ်တို့အတွက် စီမံကိန်းများ

ဝေးလံခေါင်းပါးသော ဒေသများ၏ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီနိုင်သော အခြေအနေနှင့် လူထုအတွင်း အဖြစ်များသော ကူးစက်ရောဂါများအကြောင်းကို သုတေသနကာလတွင် လေ့လာခဲ့ပါသည်။ ကျွမ်းကျင် လူ့အရင်းအမြစ် မရှိခြင်းကြောင့် ဝေးလံဒေသများ၏ ကျန်းမာရေးစောင့်ရှောက်မှုမှာ အကန့်အသတ်ဖြင့် ရှိနေပါသည်။ သို့သော် ငှက်ဖျား၊ တီဘီနှင့် ခုခံအားကျဆင်းမှုရောဂါ (အိပ်ချ်အိုင်ဗွီ) ရောဂါများ ကူးစက်ပြန့်ပွားမှုကို တားဆီးရန်နှင့် ကာကွယ်ရေး အသိပညာများ ရရှိရန်အတွက် တုန့်ပြန်ဆောင်ရွက်ရန် လိုအပ်နေပါသည်။ စီမံကိန်းအဆိုပြုလွှာ အသေးစိတ်ကို အတွဲ (၂) တွင် ဖော်ပြထားပါသည်။

- သင်တန်းဆင်း ကျန်းမာရေးလုပ်သားများစွာ အသုံးပြုခြင်းဖြင့် ကျေးလက်ကျန်းမာရေးကဏ္ဍတွင် ကျွမ်းကျင် ကျန်းမာရေးဝန်ထမ်း ပြတ်လပ်မှုကို တုန့်ပြန်ဖြေရှင်းပေးမည့် စီမံကိန်း - **ငါးနှစ်တာကာလအတွက် အမေရိကန်ဒေါ်လာ ၁.၅၇၅ သန်း**
- အဓိကကူးစက်ရောဂါများ ကာကွယ်ရေးအတွက် ပံ့ပိုးမှု စီမံကိန်း - **သုံးနှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၁.၀၃၀ သန်း**

### ၅.၆။ မျှော်မှန်းရလဒ်၊ LSP ရှေ့ဆောင်လုပ်ငန်းများအကောင်အထည်ဖော်မှု

လူထုကြုံတွေ့နေရသော အခက်အခဲများကို တုန့်ပြန်ဖြေရှင်းပေးရန် အထက်တွင် ဖော်ပြထားသော နည်းဗျူဟာများကို အသုံးချပြီး ရရှိနိုင်သော အရင်းအမြစ်များအပေါ် မူတည်၍ နယ်မြေဒေသ လူမှုဖွံ့ဖြိုးရေး အစီအမံ (LSP) ကို ပြင်ဆင်ထားပါသည်။ ကဏ္ဍစုံမှ အမျိုးမျိုးသော စိန်ခေါ်မှုများကို ဖြေရှင်းရန် စီမံကိန်းအဆိုပြုလွှာများကို တစ်ခုချင်းစီအလိုက် ရည်ရွယ်ချက်၊ လုပ်ငန်း၊ မျှော်မှန်းရလဒ်များ သီးခြားပြင်ဆင်ထားသည့်အတိုင်း လက်တွေ့ အကောင်အထည် ဖော်ပါမည်။ ထိုသို့ အကောင်အထည်ဖော်ခြင်းအားဖြင့် အောက်ဖော်ပြပါ အကျိုးတရား ရလဒ်များ ထွက်ပေါ်လာလိမ့် မည်ဟု မျှော်လင့်ပါသည်။

| | |
|---|---|
| **စွမ်းရည်မြှင့်တင်ခြင်း** | • ထိခိုက်လွယ်အုပ်စုများ၏ အခွင့်အရေးများအကြောင်း အသိပညာတိုးပွားစေခြင်း<br>• ကျေးရွာများတွင် မူလတန်းလွန်ပညာရေး တိုးတက်လာခြင်း<br>• သင်ကြား၊ သင်ယူမှု စွမ်းရည် တိုးတက်ခြင်းနှင့် ကျောင်းထွက်နှုန်း လျော့ကျခြင်း |
| **ကလေးသူငယ် အခွင့်အရေး** | • အရည်အသွေးပြည့်ဝသော သင်ကြားမှုနှင့် ဘာသာရပ်အပေါ် နားလည်မှုစွမ်းရည် (ချင်းဘာသာ သင်ရိုးညွှန်းတမ်း) တိုးတက်ပြီး မူလတန်းပညာ သင်ကြားမှု အဆင့်မြင့်လာခြင်း<br>• ကျေးရွာများတွင် မိခင်နှင့် ကလေး ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်လာခြင်း<br>• အမျိုးသမီးနှင့် ကလေးငယ်တို့၏ အာဟာရရရှိမှုအခြေအနေ တိုးတက်လာခြင်း<br>• နွမ်းပါးမိသားစုဝင် ကလေးငယ်များနှင့် ဝေးလံသောကျေးရွာများမှ ကလေးများ |

| | |
|---|---|
| | မူကြိုပညာရေး လက်လှမ်းမီလာခြင်း<br>• ရှေးဦးကလေးသူငယ် ဖွံ့ဖြိုးရေးနှင့် ကာကွယ်စောင့်ရှောက်ရေး စံချိန်စံညွှန်းများ အသုံးပြုလာခြင်း |
| **မသန်စွမ်းသူများ၏ အခွင့်အရေး** | • သက်ကြီးရွယ်အိုနှင့် မသန်စွမ်းတို့အတွက် လူမှုကာကွယ်ရေး စီမံကိန်းများ အကောင် အထည်ဖော်နိုင်ခြင်း<br>• မသန်စွမ်းကလေးငယ်များ ပညာသင်ကြားခွင့်ရှိခြင်းနှင့် မသန်စွမ်းသူတို့အတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ထားရှိခြင်း |
| **အမျိုးသမီး အခွင့်အရေး** | • ကျွမ်းကျင်ဝန်ထမ်းများဖြင့် မျိုးပွားကျန်းမာရေးစောင့်ရှောက်မှု အခိုင်အမာ ရရှိစေခြင်းနှင့် မျိုးပွားကျန်းမာရေးဝန်ဆောင်မှုများ တိုးချဲ့ပေးနိုင်လာခြင်း<br>• အမျိုးသမီးတို့၏ ဆုံးဖြတ်ချက်ချနိုင်မှု စွမ်းရည်မြင့်မားလာခြင်းနှင့် သာတူညီမျှ ရှိရေး စီမံကိန်း တွင် ပါဝင်လာမှု တိုးတက်လာခြင်း<br>• ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် အမျိုးသမီးများ ညီလာခံအကြောင်း သိရှိနားလည်ခြင်း<br>• ကျား၊ မ လူမှုကဏ္ဍ ညီမျှရေးဆိုင်ရာ အသိပညာများ မြင့်တက်လာခြင်း |
| **ကျန်းမာရေး** | • ကျွမ်းကျင်ဝန်ထမ်းများဖြင့် ဆောင်ရွက်နိုင်မည့် ဝေးလံဒေသ ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေများ တိုးတက်ကောင်းမွန်လာခြင်း<br>• ကူးစက်ရောဂါများအကြောင်းနှင့် ၎င်းတို့ကို ကာကွယ်နိုင်မည့်နည်းလမ်းများ အကြောင်း အသိပညာများ မြင့်မားလာခြင်း<br>• ငှက်ဖျား၊ တီဘီနှင့် ခုခံအားကျဆင်းမှုရောဂါ (အိပ်ချ်အိုင်ဗွီ) ကဲ့သို့သော ရောဂါများ ကာကွယ်ရေးအတွက် ရွေ့လျားကာကွယ်ဆေးထိုး အစီအစဉ်များ၊ ခြင်ထောင်များ ဖြန့်ဝေပေးခြင်းနှင့် ဆေးကုသမှုအခြေအနေကောင်းများ ဖန်တီးပေးခြင်း အစရှိသော ပံ့ပိုးမှုများ တိုးပွားလာခြင်း |

# အပိုင်း (ခ) - ကဏ္ဍအလိုက် သုံးသပ်တင်ပြခြင်း

# စိုက်ပျိုးရေး/သဘာဝအရင်းအမြစ်

### ၁။ စိုက်ပျိုးရေး - ကြုံတွေ့နေရသော အခြေအနေနှင့် အခွင့်အလမ်းများ

စိုက်ပျိုးရေးသည် ချင်းပြည်နယ်စီးပွားရေးကို အဓိကပံ့ပိုးပေးနေရာ ချင်းလူထုအများစု၏ ဘဝနေထိုင်မှုမှာ စိုက်ပျိုးရေးအပေါ်တွင် မှီတည်နေသည်။ ထို့ပြင် ချင်းပြည်နယ် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) အတွက် အဓိကထုတ်ကုန်ဖြစ်ကာ အသေးစားစိုက်ပျိုးထုတ်လုပ်မှုတွင် ပိုမိုရင်းနှီးမြှုပ်နှံခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများ ရရှိနိုင်ပါသည်။ မြေယာပိုင်ဆိုင်မှု၊ အသုံးချမှု၊ သီးနှံစိုက်ပျိုးမှု၊ သီးနှံအမျိုးအစား၊ အထွက်နှုန်းနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ "နောက်ခံအကြောင်းအရာ" တင်ပြသောအပိုင်းတွင် ထည့်သွင်းဖော်ပြပြီး ဖြစ်သည်။ လာမည့် ငါးနှစ်တာကာလအတွက် စိုက်ပျိုးရေးကဏ္ဍ တိုးတက်မှုအတွက် အလေးထားစဉ်းစားသည့်သည်များကို အနှစ်ချုပ်၍ ဆက်လက်ဖော်ပြပါမည်။

#### ၁.၁။ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမှု အခက်အခဲများ

ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုအပေါ် မှီခိုအားထားလွန်းရခြင်းနှင့် အထွက်နှုန်းကျဆင်းနေရခြင်း အကြောင်းမှာ လယ်သမားများနှင့် အစိုးရဌာနမှ ဒေသစီမံကိန်းရေးဆွဲသူတို့ အဓိကရင်ဆိုင်နေရသော ပြဿနာဖြစ်ပါသည်။ လတ်တလောတွင် ရွှေ့ပြောင်းတောင်ယာအတွက် စိုက်ပျိုးမြေ ၈၀% ကျော်ကို အသုံးပြုနေကြောင်း တွေ့ရသည်။ လွန်လေပြီးသော ကာလတွင် မြေယာပေါကြွယ်ဝသဖြင့် ရွှေ့ပြောင်းတောင်ယာစနစ်သည် လယ်သမားတို့အတွက် အသင့်တော်ဆုံး နည်းစနစ်ဖြစ်ခဲ့သည်။ လှည့်ပြောင်းစိုက်ပျိုးမှုမှာလည်း ၁၀ နှစ်မှ ၁၅ နှစ်အထိ ရှည်ကြာစွာ အသုံးပြုနိုင်ခဲ့သည်။ မြေဆီလွှာကိုလည်း ထိန်းသိမ်းနိုင်ခဲ့ပြီး သီးနှံအထွက်နှုန်းလည်း မြင့်မားခဲ့ပါသည်။ သို့ရာတွင် ယနေ့ခေတ်တွင် လယ်သမားမိသားစုတို့သည် ကျန်းမာရေး၊ ပညာရေးတို့နှင့် လက်လှမ်းမမီနိုင်သော ကျေးရွာများ ဂန်းကျင်တွင် စုစည်းနေထိုင်လာကြပါသည်။ ထို့ပြင် လူဦးရေလည်း တိုးပွားလာရာ ရိက္ခာလုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးမြေ ချဲ့ထွင်မှုများလည်း များပြားလာသည်။ အကျိုးဆက်အားဖြင့် လှည့်ပြောင်းစိုက်ပျိုးရေးအတွက် မြေအသုံးပြုနိုင်မှု ကာလတိုတောင်းလာပြီး သုံးနှစ်တစ်ခါ မြေယာခုတ်ထွင်ချဲ့ထွင် ရတော့သည်။ မြေယာခုတ်ထွင်မှု များပြားလာခြင်းသည် မြေဆီလွှာ အရည်အသွေးနှင့် အထွက်နှုန်းကို ကျဆင်းစေပါသည်။ ထိုနေရာများသည် ရေရှည် ခံနိုင်စွမ်းအား မရှိတော့သဖြင့် လယ်သမားမိသားစုများမှာဝင်းတို့ ကိုယ်တိုင် စားသုံးဖို့ကို ပင်လုံလုံလောက်လောက် မထုတ်လုပ်နိုင်တော့ပေ။ ငတ်မွတ်မှု၊ အာဟာရ မပြည့်စုံ မှု၊ ကလေးငယ်များ ကြီးထွားဖွံ့ဖြိုးမှု နှေးကွေးခြင်းသည် ချင်းပြည်နယ်ရှိ ကျေးရွာများအတွက် ကြီးမားသော စိန်ခေါ်မှုများဖြစ်ပါသည်။



ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုစနစ်အတွက် ယခုအခါ အစိုးရအနေဖြင့်

နည်းလမ်းသစ်များ စတင်ကျင့်သုံးရန် အချိန်အခါရောက်နေပြီဖြစ်သည်။ ပြင်ညီမြေမျက်နှာပြင်များ တည်ဆောက်ရေးမှာလည်း မအောင်မြင်သေးဘဲ အကယ်၍ လက်ရှိပြဿနာကို မဖြေရှင်းနိုင်ပါက နောင်လာမည့် ဆယ်နှစ်တွင် အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိနိုင်ပါသည်။ ထို့ပြင် ချင်းပြည်နယ်အတွက် အကြီးမားဆုံးသော စိန်ခေါ်မှုမှာ မိမိတို့အိမ်ထောင်စု စားသုံးရန်အတွက် ပိုလျှံရုံသာမက ဒေသစီးပွားရေးတိုးတက်ရန်အတွက် အထောက်အကူပြုနိုင်သည့် အသေးစားစိုက်ပျိုးထုတ်လုပ်မှုတွင် ထိခိုက်ခံရမှု အများဆုံးဖြစ်နေခြင်းကြောင့် ဖြစ်သည်။

ရွှေ့ပြောင်းတောင်ယာစနစ်ကို အစားထိုးဖြေရှင်းနိုင်မည့် နည်းစနစ်အသစ်မှာ ရေရှည်ခိုင်မာပြီး ကုန်ကျစရိတ်နည်းပါးစွာဖြင့် အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းဖြစ်ရန် လိုအပ်ပါသည်။ မြေပြန့်စိုက်ပျိုးရေးမှာ ရေသွင်းစိုက်ပျိုးနိုင်လျှင် အဆင်ပြေနိုင်ဖွယ်ရှိသော်လည်း စီးပွားရေးအရ တွက်ခြေကိုက်နိုင်သော နည်းလမ်းတော့ မဟုတ်ပေ။ အစိုးရနှင့် လယ်သမားများအတွက်လည်း ဤနည်းလမ်းကို အကောင်အထည်ဖော်နိုင်ရန် ငွေကြေးမပြည့်စုံပါ။ သို့ရာတွင် မတ်စောက်မှုနည်းသည့်နေရာများတွင် ရေသွင်းခြင်းဖြင့် ကနဦးစမ်းသပ် စိုက်ပျိုးသင့် သည်များမှာ (က) ကျွဲ၊နွားနှင့် နွားနောက်တို့အတွက် စားကျက်မြေများ၊ (ခ) စပျစ်နှင့် နှစ်ရှည် သီးပင်စားပင်များ၊ (ဂ) စီးပွားဖြစ်သစ်တောတို့ ဖြစ်ပါသည်။ ဤနည်းလမ်းသည် ကုန်ကျစရိတ်နည်းပြီး ပြင်ညီမြေမျက်နှာပြင် တည်ဆောက်ရေးအတွက် မတ်စောက်လွန်းသော နေရာများအတွက်လည်း ပိုမိုသင့်တော်ပါသည်။

## ၁.၂။ စိုက်ပျိုးရေးတွင် တွေ့ကြုံနေရသော ရာသီဥတုပြောင်းလဲသည့်ဒဏ်

ချင်းပြည်နယ်၏ စိုက်ပျိုးထုတ်လုပ်မှုစနစ်သည် ဥတုဒဏ်မျိုးစုံကြောင့် ထိခိုက်လွယ်မှု အလွန်များပြားပါသည်။ ရေသွင်းစိုက်ပျိုးနည်းစနစ်မှာ "ရာသီဥတုကို အံတုနိုင်သော" ထိရောက်သည့် နည်းဖြစ်သော်လည်း ချင်းပြည်နယ်တွင် ရေသွင်းစိုက်ပျိုးမြေ ၃% အောက်သာ ရှိပါသည်။[၂၅] ထို့ကြောင့် လယ်သမားအများစုမှာ စိုက်ပျိုးမှုအတွက် မိုးရေကို အားထားရရာ မိုးခေါင်လျှင် ၎င်းတို့အတွက် ထိခိုက်ခံရမှုများသည်။ ရာသီဥတုပြောင်းလဲခြင်းသည် ထိုသို့ ထိခိုက်ခံစားနိုင်ဖွယ် အခြေအနေကို ပိုမိုတိုးပွားအောင် တိုးမြှင့်နေသယောင် ရှိသည်။ စားနပ်ရိက္ခာဖူလုံမှုကို ခြိမ်းခြောက်နေသောအခြေအနေများ လျော့ချရန် ရေသွင်းစိုက်ပျိုးနည်းစနစ် တိုးတက်လာစေရေးကို ဦးစားပေး ဆောင်ရွက်သင့်ပါသည်။

ဆည်မြောင်းတွင် ရေသိုလှောင်မှုပမာဏနှင့် နည်းစနစ် တိုးတက်ကောင်းမွန်လာစေခြင်းဖြင့် လက်ရှိပြဿနာကို ထိထိရောက်ရောက်ဖြေရှင်းနိုင်မည် ဖြစ်သည်။ ထို့ပြင် မိုးရာသီတွင် မြစ်ရေတင်စီမံကိန်းဖြင့် သီးနှံတစ်မျိုးတည်း စိုက်ပျိုးနေရာမှ ယခုနည်းလမ်းသစ်ဖြင့် သီးနှံနှစ်မျိုး စိုက်ပျိုးလာနိုင်ပါမည်။ ထို့မျှမက အဆိုပါ ဆည်မြောင်းများကို ရေအားလျှပ်စစ်နှင့် ချိတ်ဆက်ထားနိုင်လျှင် ခြောက်သွေ့ရာသီတွင် ရေသွင်းစိုက်ပျိုးရေးအတွက် ရေပေးဝေခြင်းနှင့် လျှပ်စစ်ထုတ်လုပ်ခြင်း ဟူ၍ တာဝန်နှစ်မျိုး လုပ်ကိုင်နိုင်မည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားများကို ရောင်းချခြင်းဖြင့် ဖွံ့ဖြိုးရေးအတွက်လိုအပ်သော အသုံးစရိတ်များကို ရရှိနိုင်ပြီး စိုက်ပျိုးထုတ်လုပ်မှု မြင့်မားလာခြင်းကမူ လယ်သမားတို့ ၏ ဘဝနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးမှုအတွက် များစွာ အထောက်အကူဖြစ်စေပါလိမ့်မည်။[၂၆]

## ၁.၃။ စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ခြင်း

လက်ရှိစိုက်ပျိုးနေသော သီးနှံထွက်ကုန်များ တိုးတက်လာစေရန် အလေးထားဆောင်ရွက်သင့်ပါသည်။ ကွင်းဆင်းလေ့လာရေးတွင် လယ်သမားနှင့် နည်းပညာရှင်များက ပြောင်း၊ တောင်ယာစပါး၊ ဆန်စပါး၊ စပျစ်နှင့် သီးပင်တို့ စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေးနည်းပစ္စည်းများ ပိုမိုဖြည့်တင်းပေးရန် လိုကြောင်း အလေးထား ပြောကြားကြပါသည်။ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဌာနက စပါးနှင့် ပြောင်းမျိုးကောင်းမျိုးစေ့များ နှစ်စဉ် ဖြန့်ဝေနေသော်လည်း ဒေသ

---

[၂၅] ဆည်မြောင်းတမံ ၃၉ ခုရှိရာ တစ်ခုမှာ ရေလှောင်တမံဖြစ်ပြီး ကျန် ၃၈ ခုမှာ ရေလွှဲတမံဖြစ်ပါသည်။ ဧကပေါင်း ၅၀၀ အတွက် ရေလှောင်တမံမှ ရေပေးဝေပြီး ဧကပေါင်း ၆၅၇၆ ဧကကမူ မြစ်ရေတင်စီမံကိန်းမှတဆင့် ရေလွှဲတမံသို့ ရောက်ရှိသော ရေဖြင့် ရေသွင်းစိုက်ပျိုးကြရရာ မြစ်ရေရရှိနိုင်သော အချိန်ကိုသာ အားထားနေရသဖြင့် များသောအားဖြင့် တစ်နှစ်လျှင်သီးနှံတစ်မျိုးအတွက် တစ်ကြိမ်သာလျှင် အသုံးပြုနိုင်ပါသည်။

[၂၆] ပြည်နယ်အစိုးရသည် အဆိုပါစီမံကိန်းကို ဟားခါးမြို့နယ်တွင် အကောင်အထည်ဖော်ရန် စတင်စဉ်းစားနေပြီဖြစ်သည်။

အတွက် လိုအပ်သောပမာဏ မပြည့်မီနိုင်သေးပေ။ ထို့ပြင် လက်ရှိပမာဏနှင့်လည်း ထုတ်လုပ်မှု တိုးတက်မြင့်မားလာအောင် မဆောင်ရွက်နိုင်သေးပါ။ ချင်းတောင်တန်းဒေသ ဂန်းကျင်နှင့် လိုက်လျောညီထွေမှု ရှိနိုင်သည့် အထွက်နှုန်းတိုးစေသော မျိုးကောင်းမျိုးသန့်များကို ရွေးချယ်အသုံးပြုရာတွင် အားစိုက်ထုတ် ဆောင်ရွက်သင့်ပါသည်။ ထို့ပြင် လယ်သမားတို့ ဆန္ဒရှိသည့်အတိုင်း အသုံးပြုနိုင်ရန် မျိုးကောင်းမျိုးသန့် လုံလုံ လောက်လောက် ထုတ်ယူနိုင်ရေးအတွက် မျိုးပွားခြင်းစနစ်ကောင်းတစ်ခု ရှိရန်လိုအပ်ပါသည်။ ထိုနည်းတူ အဆင့်မြင့်နည်းပညာများ အသုံးပြု၍ စိုက်ပျိုးပြီး ဈေးနှုန်းလည်း ကွာခြားမှုရှိသော ဈေးကွက်ဝင် သီးနှံများ စိုက်ပျိုးရန်လည်း အလားတူနည်းလမ်းကို အသုံးပြုသင့်ပါသည်။ ပြည်နယ်တွင်းရှိ စိုက်ပျိုးရေးကောလိပ်အသစ်သည် မျိုးစေ့သစ်များ မျိုးပွားခြင်းနှင့် စမ်းသပ်စိုက်ပျိုးခြင်းတို့ ရှေ့ဆောင် ဆောင်ရွက်ပေးပါလိမ့်မည်။

ဒုတိယအချက်အနေဖြင့် အရေးအကြီးဆုံးမှာ ဒေသအထွက်နှုန်းတိုးတက်ရေးအတွက် မြေဩဇာအသုံးပြုမှု ပုံစံဖြစ်သည်။ သို့သော် ဓာတ်မြေဩဇာအသုံးပြုခြင်းနှင့် ပတ်သက်ပြီး ပြည့်စုံအောင် အကြံဉာဏ် မပေးနိုင်သဖြင့် လယ်သမားများအနေဖြင့် အသုံးပြုရန် တွန့်ဆုတ်နေကြသည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့် အစိုးရ၏ စားနပ်ရိက္ခာဖူလုံရေး တိုးမြှင့်မှု အစီအစဉ်ကို ထိခိုက်စေပါသည်။ စပါးနှင့် ပြောင်းတို့တွင် သင့်တော်မှန်ကန်သော ဓာတ်မြေဩဇာပမာဏ အသုံးပြုခြင်းဖြင့် အထွက်နှုန်း ၃၀% တိုးလာကြောင်း တွေ့ရရာ၊ အခြားတစ်ဘက်တွင်လည်း ရိက္ခာဖူလုံမှုပြည့်မီရန် အထွက်နှုန်း ၃၀% လိုအပ်နေကြောင်း သိရသည်။ ထို့ပြင် သဘာဝစိုက်ပျိုးရေး နည်းစနစ် မှာလည်း မြေဆီလွှာထိန်းသိမ်းရေးအတွက် အထောက်အကူပြုပြီး အပင်အာဟာရရရှိရေးအတွက် အားစိုက် လုပ်ဆောင်ရန် မလိုသဖြင့် လယ်သမားတို့အနေဖြင့် အထွက်နှုန်းတိုးတက်စေရန် အလုပ်တာဝန်ပိုများ ဆောင်ရွက်ရန် မလိုပါ။ သို့ရာတွင် ဓာတ်မြေဩဇာအသုံးပြုမှုနှင့် ပတ်သက်ပြီး လယ်သမားတို့၏ အယူအဆအမှားများကို ရှင်းလင်းရန် အသိပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုအပ်ပါသည်။ ဓာတ်မြေဩဇာ ကောင်းမွန်စွာ အသုံးပြုခြင်းမှာ စိုက်ပျိုးထွက်ကုန် တိုးပွားလာခြင်းဖြင့် ဒေသစီးပွားရေးဖွံ့ဖြိုးမှုနှင့် ချင်းပြည်နယ်၏ စားနပ်ရိက္ခာ ဖူလုံရေးတို့အတွက် အဓိက အရေးပါသော အစိတ်အပိုင်းဖြစ်သည်။

## ၁.၄။ မြေယာ အ သုံး ချမှုနှင့် ပိုင်ဆိုင်ခွင့်

မြေယာမပိုင်ဆိုင်နိုင်ခြင်းသည် လူမှုရေးနှင့် စီးပွားရေးအခြေအနေများ ထိခိုက်လွယ်ရခြင်း၏ အဓိက အကြောင်းတရား ဖြစ်သည်။ စိုက်ပျိုးရေးတိုးတက်မှုအတွက် ပုံမှန်ငွေချေးလုပ်ငန်းများမှ ချေးငွေရယူရာတွင် မြေပိုင်ဆိုင်မှု ခိုင်မာခြင်းကို အရေးပါသော အချက်အဖြစ် ထည့်သွင်းစဉ်းစားကြသည်။ ထို့ပြင် လယ်သမားများက မြေပြန့်စိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံမည် (သို့) သီးပင်စားပင်ကဲ့သို့ နှစ်ရှည်အပင်များတွင် မြှုပ်နှံမည်ဟူ၍ ဆုံးဖြတ်ချက်ချရာတွင်လည်း မြေယာပိုင်ဆိုင်မှုမှာ အရေးကြီးသော အချက်ဖြစ်ပါသည်။ ရွှေ့ပြောင်းတောင်ယာစနစ်မှ ရရှိလာသော ဆိုးကျိုးများကြောင့် ပြည်နယ်အစိုးရအနေဖြင့် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမှုကို ဒေသခံများ အနေဖြင့် အဓိကနည်းလမ်းအဖြစ် အသုံးပြုပြီး မြေယာများ အသုံးချခြင်းကို ကာကွယ်တားစီးလာပါသည်။ ချင်းပြည်နယ်အတွက် စားနပ်ရိက္ခာမဖူလုံမှုကို ပိုမိုဖန်တီးသော အခြေအနေများကို လျှော့ချရန် ထိရောက်ပြီး မဟာဗျူဟာကျသော နည်းလမ်းများ လိုအပ်နေပါသည်။

ချင်းလူမျိုးများတွင် မြေနေရာချထားရာတွင် ၎င်းတို့မိရိုးဖလာနည်းလမ်းဖြင့်သာ ဆောင်ရွက်ကျပြီး ချင်းပြည်နယ်တွင် "မြေယာမဲ့" ဦးရေမှာ အခြားသောပြည်နယ်များနှင့် ယှဉ်လျှင် နည်းပါးပါသည်။ မိရိုးဖလာ ရိုးရာနည်းစနစ်သည် အတိတ်ကာလတွင် ကောင်းစွာအကျိုးပြုခဲ့သဖြင့် အဆိုပါနည်းစနစ်ကို အနာဂတ်တွင်လည်း ဆက်လက်ထိန်းသိမ်းရန်လိုပါသည်။ သို့သော် ပြင်ညီမြေမျက်နှာသွင်ပြင် ဖန်တီးခြင်း၊ သီးပင်နှင့် အစုအဖွဲ့ပိုင် သစ်တောများ စိုက်ပျိုးခြင်းအတွက်မူ အဆိုပါနည်းစနစ်ကို အနည်းငယ် ပြုပြင်ပြောင်းလဲရန် လိုပါသည်။ သို့ရာတွင် သုံးနှစ်အထက် အသုံးမပြုသော မြေရိုင်းများကို "ပလပ်မြေ"အဖြစ် ကြေညာမည်ဟူသော ပြည်ထောင်စုအစိုးရ လတ်တလော ထုတ်ပြန်လိုက်သော ဥပဒေမှာ ချင်းပြည်နယ်အတွက် အထောက်အကူ မဖြစ်နိုင်ပါ။ ဤဥပဒေကိုသာ ချင်းပြည်နယ်တွင် အသုံးပြုခဲ့လျှင် မြေယာမဲ့ဦးရေ တိုးပွားလာပြီး အကျိုးဆက်အားဖြင့် စားနပ်ရိက္ခာမဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှုတို့လည်း တိုးပွားလာပါလိမ့်မည်။ အဆိုပါဥပဒေမှာ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုကို ဟန့်တားရန်ဖြစ်

သော်လည်း ချင်းပြည်နယ်တွင် ပိုမိုဆိုးရွားသော အခြေအနေကို ဖန်တီးနိုင်ပါသည်။ ထို့ကြောင့် ရွှေ့ပြောင်းတောင်ယာ စနစ်ကို အစားထိုးနိုင်မည့် အခြားသော ဗျူဟာနည်းကျနည်းလမ်းကို ရှာဖွေရပါမည်။

## ၁.၅။ စိုက်ပျိုးရေးနည်းပညာနှင့် စွမ်းရည်မြှင့်တင်ခြင်း

ချင်းပြည်နယ်တွင် မကြာမီဖွင့်လှစ်တော့မည့် စိုက်ပျိုးရေးနည်းပညာကောလိပ်တွင် သုံးနှစ်ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါလိမ့်မည်။ စိုက်ပျိုးရေးနည်းပညာများ စုဆောင်းဖြန့်ဖြူးရာ အဓိကဌာနအဖြစ် ပြည်နယ်အတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်ပါသည်။ အဆိုပါဌာနကို လက်ရှိကွင်းဆင်းဝန်ထမ်းများကို နည်းပညာအသစ်များ သင်ကြားပို့ချရန်အတွက်လည်းကောင်း၊ မျိုးကောင်းမျိုးသန့်ကောင်းများနှင့် မျိုးစေ့သစ်များ စမ်းသပ်စိုက်မျိုးမှုအတွက်လည်းကောင်း အသုံးပြုနိုင်ပါသည်။ ထိုနည်းလမ်းများသည် ပြည်နယ်အတွင်းရှိ တိုးချဲ့အစီအစဉ်နှင့်လည်း လုံးဝဥဿုံ ချိတ်ဆက်ထားနိုင်ရန် အရေးကြီးပါသည်။ အိန္ဒိယနိုင်ငံ၊ မီဇိုးပြည်နယ်ရှိ စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သော နည်းလမ်းများကိုလည်း ရှာဖွေသင့်ပါသည်။

*ဗျူဟာနည်းကျ*ဟု ဆိုရာတွင် ချင်းလူထုအတွက် အဓိကအသက်မွေးဝမ်းကျောင်းဖြစ်သော ကဏ္ဍကြီး၏ အရေးပါမှုကို ထင်ဟပ်စေရန် စိုက်ပျိုးကဏ္ဍအတွက် အသုံးစရိတ်ကို လာမည့်ဘတ်ဂျက်များတွင် အများဆုံးထား ရေးဆွဲသင့်ပါသည်။ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ချင်းပြည်နယ်၏ ဘတ်ဂျက်လျာထားချက်တွင် စိုက်ပျိုးရေး ကဏ္ဍအတွက် အသုံးစရိတ်မှာ ၃% အောက်သာ ရှိပါသည်။ အရေးကြီးသည်ဟု ဆိုရခြင်းမှာ စိုက်ပျိုးရေးသည် အဓိကဝင်ငွေရရှိရာ ဇစ်မြစ်ဖြစ်ပြီး ချင်းပြည်နယ်လူထု ၇၀% ကျော်၏ စားနပ်ရိက္ခာဖူလုံရေးအတွက် ဖြည့်တင်းပေးနိုင်သောကြောင့် ဖြစ်သည်။ ဤကဏ္ဍတွင် ချွတ်ချော်အားနည်းပါးက လူထုတစ်ရပ်လုံး၏ လူမှုဘဝကို ကြီးမားစွာ ထိခိုက်စေနိုင်ပါသည်။ အလားတူ စားနပ်ရိက္ခာဖူလုံမှုနှင့် ကလေးငယ်တို့ အာဟာရမပြည့်မီခြင်း ကိန်းကဏန်းအပေါ်တွင်လည်းသက်ရောက်မှု ရှိပါသည်။

## ၁.၆။ စိုက်ပျိုးရေးအတွက် နည်းဗျူဟာ

လက်ရှိတွင် စိုက်ပျိုးရေးကဏ္ဍ မည်မျှ အားနည်းနေသည်ဟု ဆိုစေကာမူ စိုက်ပျိုးရေးသည် ချင်းပြည်နယ်၏ အဓိက စီးပွားရေးဖြစ်ပါသည်။ လူဦးရေအများစု ပါဝင်လုပ်ကိုင်လျှက်ရှိကြပြီး လူဦးရေအများစု၏ စားနပ်ရိက္ခာအတွက် အထောက်အပံ့လည်း ဖြစ်ပါသည်။ ဒေသရှိ အိမ်ထောင်စုတစ်ခုချင်းစီအတွက် အနည်းငယ်တိုးတက်ပြောင်းအောင် ဆောင်ရွက်ပေးနိုင်လျှင်ပင် ဒေသတစ်ခုလုံး၏ စီးပွားရေးတိုးတက်မှုအပေါ် ကြီးမားစွာ သက်ရောက်စေနိုင်ပါသည်။ စိုက်ပျိုးထုတ်လုပ်မှု နည်းပါးခြင်းသည် ချင်းပြည်နယ်၏ ဆင်းရဲနွမ်းပါးမှု၊ အာဟာရအခြေအနေ၊ ကျန်းမာရေးနှင့် ပညာရေးအခြေအနေများအတွက် အဆုံးအဖြတ်ပေးနိုင်သော အရာဖြစ်သည်။ လက်ရှိတွင် ပြည်နယ်ဘတ်ဂျက်အသုံးစရိတ်တွင် စိုက်ပျိုးရေးကဏ္ဍအတွက် ၂.၈% ရရှိထားပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် အခြားသော လူမှုဖွံ့ဖြိုးရေးအညွှန်းကိန်းများ အမှန်တကယ် တိုးတက်လိုပါက ထိုပမာဏထက် တိုးမြှင့်ရမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးထုတ်ကုန်နှင့် ကျေးလက်ဒေသစီးပွားရေး တိုးတက်စေရန်အတွက် ဗျူဟာနည်းကျ ရွေးပြေးဆောင်ရွက်ချက်များကို အောက်ပါအတိုင်း အဆိုပြုထားပါသည်။

- မြေနေရာချထားရေးအတွက် အသုံးပြုနေသော ရိုးရာနည်းစနစ်ကို ကျေးရွာအဆင့်တွင် အဆုံးအဖြတ်ပေးနိုင်သည့် မြေယာအသုံးချပိုင်ဆိုင်မှု နည်းလမ်းများ ဖော်ဆောင်ရာတွင် ထည့်သွင်းအသုံးပြုရေးနှင့် ရပ်ရွာအဖွဲ့များနှင့် ရွာသူရွာသားများအတွက် အထောက်အကူပြုစေမည့် မြေယာပိုင်ဆိုင်ရေးစနစ်ကို အကောင်အထည်ဖော်ခြင်း
- ထိုအဖွဲ့များကို ရေရှည်တည်တံ့မည့် စိုက်ပျိုးနည်းစနစ် ကျင့်သုံးစေခြင်းနှင့် သီးပင်များနှင့် နှစ်ရှည်ဥယျာဉ်ပင်များ စိုက်ပျိုးရန် တွန်းအားပေးခြင်း
- ရေသွင်းစိုက်ပျိုးနိုင်သော မြေဧက တိုးချဲ့ခြင်း
- လက်ရှိဆည်မြောင်းများကို တိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း

- ရေသွင်းစိုက်ပျိုးမြေဧရိယာများအနေဖြင့် မြေသြဇာအသုံးပြုခြင်းနှင့် သီးနှံစိုက်ပျိုးရေးတွင် အကောင်းဆုံး နည်းနာ အလေ့အထများအသုံးပြုနိုင်မှု သေချာစေခြင်း
- စိုက်ပျိုးထုတ်လုပ်မှုပုံစံအားလုံးတွင် သင့်တော်သော စိုက်ပျိုးရေးစက်ကိရိယာများ အသုံးပြုနိုင်မှု သေချာစေခြင်း
- အစေ့အနှံများ ထုတ်လုပ်ခြင်း၊ သီးပင်နှင့် ဥယျာဉ်များ စိုက်ပျိုးခြင်းတို့အတွက် ဒေသအတွင်း စမ်းသပ်ပွားယူထားသော မျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ခြင်း
- စီးပွားရေးအလားအလာရှိသော နေရာများတွင် ဓာတ်မြေသြဇာကို အများဆုံးအသုံးပြု စိုက်ပျိုးခြင်း
- ကာလရှည်ကြာစွာ လှည့်ပြောင်းစိုက်နိုင်ရာမှ လှည့်ပြောင်းစိုက်နိုင်မှု ကာလတိုသွားသော လက်ရှိ ရွှေ့ပြောင်းတောင်ယာနေရာတွင် ရေရှည်ခိုင်မာမှုရှိစေသော စိုက်ပျိုးနည်းစနစ်သစ်ကို ကျင့်သုံးပြီးထုတ်ကုန်များ တိုးမြှင့်ခြင်း
- ရေရှည်ခိုင်မာမည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထုတ်ကုန် ထုတ်လုပ်ရေးများအတွက် ကုန်ကျစရိတ်သက်သာသော နည်းလမ်းများ ရှာဖွေခြင်းနှင့် မိသားစုတစ်ခုချင်းစီအတွက် ဝင်ငွေနှင့် ရိက္ခာဖူလုံမှု အခြေအနေ တိုးပွားစေခြင်း
- ပြည်နယ်အစိုးရနှင့် ပြည်တွင်းပြည်ပ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ ဖော်ထုတ်ကာ လယ်သမားများ စိုက်ပျိုးရေးနည်းပညာနှင့် ချေးငွေများရရှိစေရန် ကြိုးဆောင်ပေးခြင်း
- အိန္ဒိယနိုင်ငံ၊ မီဇိုးပြည်နယ်ရှိ စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ကိုင်နိုင်ရန် ကြိုးဆခြင်း

အထက်ပါ နည်းဗျူဟာများသည် ပြည်နယ်၊ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဌာနနှင့် ပြည်တွင်း၊ ပြည်ပလူမှုရေး အဖွဲ့အစည်းများ အပြန်အလှန် ပံ့ပိုး၊ လက်တွဲဆောင်ရွက်ခြင်းအားဖြင့် စရိတ်စကနည်းပါးစွာနှင့် အောင်မြင်မှုရစေနိုင်သော နည်းလမ်းများဖြစ်ပါသည်။

**၁.၇။ စိုက်ပျိုးရေးစီမံကိန်း**

၁.၇.၁။ ရွှေ့ပြောင်းတောင်ယာအခက်အခဲကို တုန့်ပြန်ဖြေရှင်းပေးမည့် စီမံကိန်းများ

ကျေးလက်အိမ်ထောင်စု အတော်များများမှာ စားနပ်ရိက္ခာအတွက် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုအပေါ် အားထားနေရပါသည်။ လမ်းနှင့် ကျေးရွာများပန်းကျင်တွင် လူများ ပြောင်းရွှေ့နေထိုင်လာခြင်းနှင့် အသုံးပြုနိုင်သော မြေလွတ်မြေရိုင်း နည်းပါးလာခြင်းတို့ကြောင့် အထွက်နှုန်းလည်း ကျဆင်းလာပါသည်။ ယနေ့အထိ မြေဆီလွှာနှင့် အထွက်နှုန်းကျဆင်းသော ပြဿနာကြောင့် ရွှေ့ပြောင်းတောင်ယာမှ ရေရှည်ခိုင်မာမည့် စိုက်ပျိုးနည်းစနစ်ပြောင်း လဲရန်မှာလည်း မအောင်မြင်သေးပေ။ စိုက်ပျိုးရေးသွင်းအားစုနှင့် စိုက်ပျိုးရေမရရှိခြင်းကလည်း အကြောင်းတစ်ရပ် ဖြစ်သည်။ စီမံကိန်းတွင် အဆိုပါပြဿနာများကို တုန့်ဖြန်ဖြေရှင်းပေးမည့် နည်းလမ်းသုံးသွယ်ဖြင့် စမ်းသပ်လုပ်ကိုင် မည်ဖြစ်ပြီး၊ နည်းလမ်းတစ်ခုချင်းစီကို ဒေသ၏ လူမှုရေးစနစ်အရ လက်ခံနိုင်ဖွယ်ရှိခြင်းနှင့် စီးပွားရေးအရ အကျိုး ကျေးဇူးများခြင်း အချက်တို့အပေါ် မူတည် ပြင်ဆင်ထားပါသည်။ နည်းလမ်းများကို အကဲဖြတ် သုံးသပ်ရန်အတွက် (က) ရေသွင်း (သို့) စိုက်ရေမရရှိဘဲ မြေပြန့်စိုက်ပျိုးခြင်း၊ (ခ) မွေးမြူရေးအတွက် စားကျက်မြေများ ဖန်တီးခြင်း၊ (ဂ) သီးပင်နှင့် စပျစ်စသည်တို့စိုက်ပျိုးရေးအတွက် ဥယျာဉ်ခြံစိုက်ပျိုးရေး၊ (ဃ) အိမ် ထောင်စုများပိုင် စီးပွားဖြစ် သစ်တောများ စိုက်ပျိုးခြင်းတို့ ဆောင်ရွက်ပါမည်။ ထို့ပြင် ရွှေ့ပြောင်းတောင်ယာ စနစ်မှ ရေရှည်ခိုင်မာမည့် စိုက်ပျိုး ရေးနည်းစနစ် (သို့) သစ်တောများ ထူထောင်စိုက်ပျိုးလိုသူများအတွက် နှစ်ရှည် မြေယာ အသုံးချခွင့် ရရှိ နိုင်ရေး အတွက် ဥပဒေရေးရာမူဘောင်တစ်ခု ပေါ်ထွန်းရန် ကြိုးစားဆောင်ရွက်ရေးမှာလည်း စီမံကိန်း ၏ အစိတ် အပိုင်းတစ်ခုဖြစ်ပါသည်။ စီမံကိန်းကာလ (၅) နှစ်သတ်မှတ်ပြီး အမေရိကန်ဒေါ်လာ ၁.၅ သန်း ကုန်ကျ မည်ဟု ခန့်မှန်းပါသည်။ အသေးစိတ်အဆိုပြုချက်များကို အတွဲ (၂) တွင် ဖော်ပြထားပါသည်။

### ၁.၇.၂။ ရိက္ခာထုတ်လုပ်မှု တိုးတက်စေမည့် စီမံကိန်းများ

အိမ်ထောက်စုများ စားနပ်ရိက္ခာဖူလုံအောင် ဆောင်ရွက်ခြင်းမှာ အခြေခံကျသော လူမှုဖူလုံရေး ဆောင်ရွက်ချက်ဖြစ်သည်။ ပြောင်း၊ ဆန်၊ ပဲနှင့် ရိက္ခာများ ရေရှည်ခိုင်မာသော နည်းလမ်းများဖြင့် ထုတ်လုပ်ပြီး အိမ်ထောင်စုတို့၏ စားနပ်ရိက္ခာဖူလုံမှုအခြေအနေ တိုးပွားလာစေရန် အောက်ပါ စီမံကိန်းများကို ရေးဆွဲထားပါသည်။ စီမံကိန်း အဆိုပြုလွှာအပြည့်အစုံကို အတွဲ(၂) တွင် ဖော်ပြထားပါသည်။

- ပြောင်းထုတ်လုပ်မှုတိုးတက်ရေး စီမံကိန်း - **သုံးနှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၇၆၀၀၀၀**
- တောင်ယာစပါးထုတ်လုပ်မှု တိုးတက်ရေးစီမံကိန်း - **သုံးနှစ်တာကာလအတွက် အမေရိကန်ဒေါ်လာ ၇၅၀၀၀၀**
- ရေသွင်းစိုက်ပျိုးနိုင်သော မြေဧရိယာတိုးချဲ့ခြင်း စီမံကိန်း - **သုံးနှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၂.၆ သန်း**
- ဆည်မြောင်းများ ပြုပြင်မွမ်းမံမှုနှင့် တာတမံစီမံကိန်းအသစ်များ တည်ဆောက်ခြင်း - **သုံးနှစ်တာကာလအတွက် အမေရိကန်ဒေါ်လာ ၁.၅ သန်း**

### ၁.၇.၃။ ဝင်ငွေတိုးပွားရေး စီမံကိန်းများ

ဝင်ငွေရသီးနှံ စိုက်ပျိုးမှုမှာ စားသုံးမှုအတွက် ထုတ်လုပ်ရုံသာမက၊ လိုအပ်သော ရိက္ခာဝယ်ယူရရှိနိုင်ရေးအတွက်ပါ အရေးပါပါသည်။ အချို့သော အနေအထားများတွင် ဝင်ငွေရသီးနှံစိုက်ပျိုးခြင်းဖြင့် ရရှိသောအမြတ်မှာ စားသုံးမှုအတွက် စိုက်ပျိုးခြင်းမှရသော ထွက်ကုန်ထက် ပိုများပါသည်။ ဆိုလိုသည်မှာ ဝင်ငွေရသီးနှံစိုက်ပျိုးသူသည် ၎င်းရရှိသော အမြတ်ဖြင့် စားနပ်ရိက္ခာများ ပိုမိုဝယ်ယူနိုင်ရာ မိသားစု စားသုံးမှုအတွက် ကိုယ်တိုင် စိုက်ပျိုး ထုတ်လုပ်သော ထွက်ကုန်ထက်ပင် ပိုများပါသည်။ ထို့ကြောင့် လက်ရှိ ဝင်ငွေရသီးနှံများမှ အမြတ်ငွေ ပိုမိုရရှိရေး (သို့) အလားအလာရှိသော ဝင်ငွေရသီးနှံများကို သတ်မှတ်ခြင်းနှင့် ၎င်းတို့အတွက် စီမံကိန်းအဆိုပြုလွှာများ ထပ်မံပြင်ဆင်ရန် လေ့လာမှုများပြုလုပ်ရန် အောက်ပါစီမံကိန်းများကို ပြင်ဆင်ထားပါသည်။ စီမံကိန်းအသေးစိတ်ကို အတွဲ (၂) တွင် ဖော်ပြထားပါသည်။

- ဂဥ ထုတ်လုပ်ခြင်းနှင့် ဈေးကွက်မြှင့်တင်ပေးခြင်း စီမံကိန်း - **သုံးနှစ်တာ ကာလ (+ ကနဦးစတင်သည့်ကာလ) အတွက် အမေရိကန်ဒေါ်လာ ၁.၁ သန်း**
- အဆက်မပြတ်စိုက်ပျိုးနိုင်ရေး စနစ် ပြန်လည်အကောင်အထည်ဖော်ရေးအတွက် လေ့လာမှုများ ပြုလုပ်မည့် စီမံကိန်း - **နှစ်လတာ ကာလအတွက် အမေရိကန်ဒေါ်လာ ၅၀၀၀၀**
- ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးမှုအတွက် လေ့လာမှုများ ပြုလုပ်မည့်စီမံကိန်း - **သုံးလတာ ကာလအတွက် အမေရိကန်ဒေါ်လာ ၆၅၀၀၀**
- သဘာဝနည်းစနစ်ဖြင့်စိုက်ပျိုးရေးခြင်း၏ အလားအလာများကို လေ့လာမည့်စီမံကိန်း - **လေးလတာ ကာလအတွက် အမေရိကန်ဒေါ်လာ ၅၅၀၀၀**

## ၂။ မွေးမြူရေး ကြုံတွေ့နေရသော အခြေအနေနှင့် အခွင့်အလမ်းများ

မွေးမြူရေးမှာ ချင်းပြည်နယ်ရှိ ကျေးလက်နေအိမ်ထောင်စုတို့၏ အခြေခံစီးပွားရေးအတွက် အရေးပါသော အခန်းကဏ္ဍတွင် တည်ရှိသည်။ ထို့ပြင် နွမ်းပါးအိမ်ထောင်စုတို့အဖို့ သီးနှံစိုက်ပျိုးမှု မအောင်မြင်ချိန်များတွင် လိုအပ် သော ရိက္ခာဝယ်ယူရန် မွေးမြူရေးလုပ်ငန်းမှ ထွက်ကုန်များကို ရောင်းချခြင်းဖြင့် အစားထိုးဖြေရှင်းနိုင်သည်။ မွေးမြူရေးမှ ရရှိသော ဝင်ငွေဖြင့် ပညာရေးနှင့် ကျန်းမာရေးအသုံးစရိတ်အတွက်လည်း အသုံးပြုနိုင်သည်။

လက်ရှိအခြေအနေတွင် မွေးမြူရေးသမားများ ကြုံတွေ့နေရသော အဓိကအခက်အခဲမှာ (က) ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ထိရောက်သော ပံ့ပိုးမှုမရှိခြင်း၊ (ခ) လယ်ယာလုပ်ငန်းတွင် တိရစ္ဆာန်အစာနှင့် အာဟာရအတွက် ကောင်းမွန်စွာ မဖြည့်ဆည်းပေးနိုင်ခြင်း၊ (ဂ) မွေးမြူရေးလုပ်ငန်း တိုးချဲ့ရန် (သို့) အစပြုရန် ငွေကြေးမရှိခြင်းတို့နှင့် ဆက်စပ်နေပါသည်။ ဝက်နှင့်ကြက်မွေးမြူရေးနှင့် စပ်လျဉ်းပြီး အိမ်တွင်းမွေးမြူရေးအဖြစ် လုပ်ကိုင်ရန် အလားအလာ ကောင်းများ ရှိနေသော်လည်း စီးပွားဖြစ်မွေးမြူရန်အတွက်မူ လိုအပ်သော အရှိုးအစားအတိုင်း စနစ်တကျ ကျွေးနိုင်မည့် အစာစပ်စက်ရုံများ ဒေသတွင် မရှိပေ။ ကြက်နှင့် ဝက်စာများ တင်သွင်းရန်မှာလည်း လမ်းပန်းဆက်သွယ်ရေးကြောင့် တင်ပို့ခကြီးမားလွန်းနေပါသည်။

မွေးမြူထုတ်လုပ်ရေးအတွက် အလားအလာများတွင် စွန့်ပစ်သွားသော ရွှေ့ပြောင်းတောင်ယာ မြေလွတ်များတွင် ကျွဲ၊ နွား၊ နွားနောက်နှင့် ဆိတ်တို့အတွက် စားကျက်မြေများ ဖန်တီးနိုင်ခြင်း၊ (ခ) ရောဂါကာကွယ် တားဆီးမှုနည်းလမ်းများ မြှင့်တင်ပြီး စရိတ်အနည်းဆုံးဖြင့် ထုတ်လုပ်မှုကို တိုးမြှင့်နိုင်ခြင်း၊ (ဂ) စိုက်ပျိုးမြေများကို မွေးမြူရေး လုပ်ငန်းကြီးအတွက် တစ်လှည့်စီ တဖန်ပြန်လည်အသုံးချခြင်းဖြင့် မြေဆီလွှာကို ထိန်းသိမ်းပေးနိုင်ခြင်း တို့ပါဝင်သည်။

## ၂.၁။ မွေးမြူထုတ်လုပ်ရေးအတွက် ဗျူဟာများ

မွေးမြူထုတ်လုပ်ရေးအတွက် နည်းလမ်းမှာ ရွှေ့ပြောင်းတောင်ယာအတွက် အသုံးပြုသွားသော မြေနေရာများကို စားကျက်မြေအဖြစ်အသုံးပြုပြီး ကျွဲ၊နွား၊ နွားနောက်နှင့် သိုးအစရှိသော တိရစ္ဆာန်မွေးမြူမှု တိုးတက်ရန်ဖြစ်သည်။ ထို့ကြောင့် စားကျက်ကွင်းအတွက် လိုအပ်သော အပင်ငယ်များ စိုက်ပျိုးရန်နှင့် ကာကွယ်ဆေးထိုးခြင်းနှင့် ရောဂါထိန်းချုပ်ရေး ဆောင်ရွက်ချက်များ တိုးမြှင့်လုပ်ဆောင်ခြင်းဖြင့် ရောဂါဖြစ်ပွားမှုလျှော့ချရန် အဆိုပြုထားပါသည်။

## ၂.၂။ မွေးမြူရေးစီမံကိန်း

စီမံကိန်းတွင် ဝင်ငွေတိုးပွားရေးနှင့် နွမ်းပါးအိမ်ထောင်စုများ ထိခိုက်လွယ်မှု အခြေအနေများ လျှော့ချပေး နိုင်ရေးအတွက် မွေးမြူရေးရှေ့ပြေးဆောင်ရွက်ချက်များစွာ အဆိုပြုထားပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပြီး အသေးစိတ်ကို အတွဲ (၂) တွင် လေ့လာနိုင်ပါသည်။

- တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်စေရေးနှင့် မွေးမြူရေးကဏ္ဍတိုးချဲ့ခြင်း စီမံကိန်း - **ငါးနှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၈၃၀၀၀၀**
- အသေးစား ဝက်မွေးမြူရေး စီမံကိန်း - သုံးနှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၇၃၀၀၀၀
- ကျွဲ၊ နွားနှင့် နွားနောက် တစ်ပိုင်တစ်နိုင် အစာဖြည့်တင်းပေးရေးလုပ်ငန်း စီမံကိန်း - **သုံးနှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၁၃၅၀၀၀၀**
- ဆိတ်မွေးမြူရေးတိုးတက်မှုအတွက် စမ်းသပ်စီမံကိန်း - **ငါးနှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၆၀၀၀၀၀**
- အသေးစား နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းဆိုင်ရာ စမ်းသပ်စီမံကိန်း - **ငါးနှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၈၇၅၀၀၀**

## ၃။ ရေလု ပ်ငန်း - ကြုံတွေ့နေရသည့် အခြေအနေနှင့် အခွင့်အလမ်းများ

အိမ်တွင်းငါးမွေးမြူရေးကို ဒေသခံအိမ်ထောင်စုများ အစာအာဟာရ တိုးပွားရေးအတွက် ဖြည့်ဆည်းပေးနိုင်သော လုပ်ငန်းအဖြစ် ထည့်သွင်းစဉ်းစားနိုင်ပါသည်။ လက်ရှိ ချင်းပြည်နယ်တွင် အသေးစား ငါးမွေးမြူရေးလုပ်ငန်းများ ရှိသော်လည်း နည်းပညာအသုံးပြုမှု အားနည်းနေပြီး မွေးမြူရေးအတွက် သင့်တော်သော ပတ်ဂန်းကျင်နှင့် ငါးမျိုးစိတ် ရွေးချယ်ခြင်းတို့တွင် စနစ်ကျမှု လျော့ရဲနေပါသည်။ ချင်းပြည်နယ်မှာ မိုးရွာသွန်းမှု များပြားသဖြင့် ငါးမွေးမြူထုတ် လုပ်ခြင်း တိုးချဲ့ရန် အလားအလာကောင်းများစွာ ရှိနေပါသည်။

### ၃.၁။ ငါးမွေးမြူရေးအတွက် နည်းဗျူဟာ

ငါးမွေးမြူရေးအတွက်ဗျူဟာကျသော နည်းလမ်းများမှာ ငါးမျိုးကောင်းမျိုးသန့်များ ရွေးချယ်မွေးမြူခြင်းဖြင့်ထုတ်လုပ်မှု တိုးတက်စေခြင်းနှင့် ပိုမိုသင့်တော်ကောင်းမွန်သော အစာကျွေးမှုစနစ် ရှိစေရေးတို့ ဖြစ်ပါသည်။ ရရှိ လာသော ငါးကို အိမ်တွင်းစားသုံးမှုအတွက်လည်း အသုံးပြုနိုင်ပြီး ရပ်ရွာထဲတွင်လည်း ပြန်လည်ရောင်းချ နိုင်ပါသည်။ ကန်ကို ငါးမွေး မြူခြင်း အတွက်သာမကပဲ ခြံဂန်းထဲတွင် စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်အပင်များ အတွက် ခြောက်သွေ့ ရာသီများတွင် ရေလောင်းပေးရန်အတွက်ပါ အသုံးပြုနိုင်သည်။

### ၃..၂။ ငါးလုပ်ငန်းစီမံကိန်း

ရေလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်မှာ နွမ်းပါးမိသားစုများ ရိက္ခာတိုးပွား ရရှိရန်နှင့် ငါးမွေးမြူရောင်းချခြင်းမှ ဂင်ငွေ ရရှိစေရန် ဖြစ်ပါသည်။ ငါးမွေးကန်မှ ရေများကိုလည်း အိမ်ဂင်းအတွင်းရှိ သီးပင်စားပင်စိုက်ပျိုးရေးတွင် ပြန်လည် အသုံးချနိုင်ပါသည်။ စီမံကိန်းမှာ အောက်ပါအတိုင်းဖြစ်ပြီး အသေးစိတ်ကို အတွဲ (၂) တွင် လေ့လာနိုင်ပါသည်။

- အိမ်တွင်းငါးမွေးမြူရေး တိုးချဲ့ခြင်း စီမံကိန်း - သုံးနှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၈၅၅၀၀၀

## ၄။ သစ်တော - တွေ့ကြုံ နေရသော အခြေအနေနှင့် အခွင့်အလမ်းများ

သစ်ပင်သစ်တောများသည် ချင်းပြည်နယ်ရှိ အိမ်ထောင်စုတို့၏ ဂင်ငွေအတွက် အဓိကပံ့ပိုးပေးနေပါသည်။ အိမ်ထောင်စုတိုင်းမှာ ချက်ပြုတ်ခြင်း၊ မီးလှုံခြင်းတို့အတွက် ဒေသတွင်းရရှိသော ထင်းကိုသာ မှီခိုနေရပြီး၊ ထင်းခုတ်ခြင်း၊ ထင်းရောင်းခြင်းမှလည်း ဂင်ငွေရရှိစေပါသည်။ ထိုသို့သော ပြုမူဆောင်ရွက်မှုများသည် တရားဂင် ခွင့်ပြုထားသည် မဟုတ်၍ ရေရှည်ခိုင်မာသော စိုက်-ခုတ် နည်းစနစ်ကိုသာ မညွှန်ပြထားလျှင် ဒေသ၏ သဘာဂ ရင်းမြစ်များ ပြုန်းတီးမည့် အန္တရာယ်နှင့် ကြုံတွေ့နေရပါသည်။ အထူးသဖြင့် မြေဆီလွှာတိုက်စားမှုမှ ကာကွယ်ရန် တောင်ပေါ်အမြဲစိမ်းသစ်တောများကို ထိန်းသိမ်းထားရန် လိုအပ်ပြီး အဖိုးတန်သစ်တောထွက်ကုန်များ ဖြစ်သော ဆေးဘက်ဂင် အပင်များ၊ အဖိုးတန်သစ်ခွနှင့် ဂဥကဲ့သို့သော အရေးပါသော သစ်ပင်တို့ အလွန်အကျွံ ထုတ်ယူသုံး စွဲမှုကြောင့် မပပျောက်သွားစေရန် သတိပြုရမည်ဖြစ်သည်။ လူထုလိုက်နာရမည့် ဥပဒေများ ထုတ်ပြန်ခြင်းထက် လူထု ပညာပေးခြင်း လုပ်ငန်းက ပိုမိုလိုအပ်လျှက်ရှိပြီး ချက်ပြုတ်ခြင်းနှင့် ဆောင်းရာသီတွင် မီးလှုံရန်အတွက် အိမ်ထောင်စုများက လိုအပ်သော ထင်းရယူပိုင်ခွင့် အခွင့်အရေးကိုလည်း လေးစားလိုက်နာပေးရန် လိုအပ်ပါသည်။

ထင်းနှင့် ဆောက်လုပ်ရေးအတွက် အသုံးပြုနိုင်သော သစ်များ ထုတ်လုပ်ရန်အတွက် အစုအဖွဲ့ပိုင် သစ်တောများ တိုးပွားချဲ့ထွင်ရန် စီမံကိန်းရေးဆွဲထားပါသည်။ ထို့အတွက် ရေရှည်ခိုင်မာမည့် သစ်တောစီမံခန့်ခွဲမှု နည်းစနစ် အောက်တွင် လူထုအတွက် အကျိုးကျေးဇူး ပိုမိုရရှိနိုင်မည့် နည်းဥပဒေတို့အတွက် လေ့လာမှုများ ပြုလုပ်ရန် လိုပါသည်။

ချင်းပြည်နယ် သစ်တောကဏ္ဍတွင် ကြုံတွေ့နေရသည်များမှာ (က) ရွှေ့ပြောင်းတောင်ယာ ရာသီစက်ဝန်း တိုတောင်းသဖြင့် မိသားစုသုံး ထင်းအဖြစ်စုဆောင်းနိုင်သော သစ်တောမရှိခြင်း၊ (ခ) မြေယာအသုံးချခြင်းဆိုင်ရာ ပြဿနာရပ်များသည် အချို့သော နေရာများတွင် အစုအဖွဲ့ပိုင်သစ်တော ထူထောင်မှုကို အဟန့်အတား ပြုနေခြင်း၊ (ဂ) ရွှေ့ပြောင်းတောင်ယာကြောင့် အတားအဆီးမရှိ တောမီးရှို့နေခြင်းကြောင့် သစ်တောများ ဆုံးရှုံးရခြင်း၊ (ဃ) အိမ်ထောင်စုအဆင့်မှသည် ပြည်နယ်အဆင့်အထိ ရေရှည်ခိုင်မာသော သစ်တောများ စီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာများ လိုအပ်နေခြင်း တို့ဖြစ်ပါသည်။

ချင်းပြည်နယ်၏ သစ်တောကဏ္ဍမှာ အလားအလာကောင်းများစွာ ဖန်တီးပေးနိုင်ပါသည်။ ထိုအလားအလာ ကောင်းများသည် ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုစေနိုင်ပါသည်။ သစ်တောများသည် ပြည်နယ်၏ အကြီးမားဆုံး စီးပွားရေးအရင်းအမြစ်ဖြစ်ဖွယ်ရှိပြီး၊ ဖန်တီးပေးနိုင်သော အခွင့်အလမ်းကောင်းများမှာ (က) ရေရှည်ခိုင်မာသော သစ်တော စီမံခန့်ခွဲမှု အလေ့အထများ မိတ်ဆက်ပေးခြင်းဖြင့် အကျိုးကျေးဇူးများ ဆတိုးစေခြင်း၊ (ခ) အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်မြှုပ်နှံခြင်း၊ (ဂ) ထင်းရှူးစေး၊ သစ်ခွအပါအဝင် အခြားသော ဆေးဘက်ဝင် အပင်များ၊ ဂဥကဲ့သို့သော ကြွယ်ဝသော သစ်တောထုတ်ကုန် များကို ရေရှည်အသုံးပြုနိုင်ရန် ရင်းနှီးမြှုပ်နှံခြင်းတို့ ဖြစ်ပါသည်။

## ၄.၁။ သစ်တောကဏ္ဍအတွက် မဟာဗျူဟာ

သစ်တောထုတ်လုပ်ခြင်းအတွက် နည်းဗျူဟာမှာ ရွှေ့ပြောင်းတောင်ယာမှ အသွင်ပြောင်းထားသော မြေဧရိယာရှိ အပင်များကို ရေရှည်ပိုင်ဆိုင်မှုအဖြစ် ရပ်ရွာနှင့် အိမ်ထောင်စုများ ပူးတွဲပိုင်ဆိုင်ခွင့်ရှိရန်ဖြစ်သည်။ ဒုတိယအချက်မှာ တန်ဖိုးမြင့် သစ်ပင်မျိုးစိတ်များ ရှာဖွေဖော်ထုတ်ခြင်းဖြင့် သစ်တောထွက်ကုန်မှ ရရှိသော အမြတ်ငွေကို တိုးပွား စေရန်နှင့် သစ်အလွန်အကျွံထုတ်ယူသုံးစွဲမှုကို ကာကွယ်ရန်တို့ဖြစ်သည်။

## ၄.၂။ သစ်တောကဏ္ဍအတွက် စီမံကိန်း

သစ်တောစီမံကိန်းသည် လူထုအခြေပြုရေရှည်ခိုင်မာမည့် သစ်တောစီမံခန့်ခွဲမှု နည်းစနစ်အပေါ်တွင် အခြေပြု ရေးဆွဲထားပါသည်။ ပြည်နယ်အစိုးရ၏ လက်ရှိ အစုအဖွဲ့ပိုင်သစ်တောများ ထူထောင်ခြင်း ရှေ့ဆောင် လုပ်ငန်းများ တိုးချဲ့ခြင်းနှင့် ဆေးဘက်ဝင်အပင်နှင့် အလွန်အကျွံထုတ်ယူသုံးစွဲခံနေရသော အခြားသော အဖိုးတန် သစ်တော ထုတ်ကုန်များ ပြန်လည်စိုက်ပျိုးရန် နည်းလမ်းများကို လေ့လာခြင်းဖြင့် စီမံကိန်းအောင်မြင်မှု ရရှိနိုင်ပါသည်။ အောက်တွင် ဖော်ပြထားသည့် စီမံကိန်း အသေးစိတ်အချက်လက်များကို အတွဲ (၂) တွင် လေ့လာနိုင်ပါသည်။

- ချင်းပြည်နယ်တွင် အစုအဖွဲ့ပိုင်သစ်တောများ တိုးချဲ့စိုက်ပျိုးခြင်း - **သုံးနှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၂.၀၅၀ သန်း**
- ဆေးဘက်ဝင်အပင် လုပ်ငန်းများ လေ့လာရေး - **နှစ်လတာ ကာလအတွက် အမေရိကန်ဒေါ်လာ ၅၅၀၀၀**
- ထင်းရှူးစေးအသုံးချမှု ဖွံ့ဖြိုးရေး လေ့လာမှု - **နှစ်လတာ ကာလအတွက် အမေရိကန်ဒေါ်လာ ၇၀၀၀၀**

# အသေးစားနှင့် အလတ်စား လုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် သင်တန်းများ

### ၅။ အသေးစားနှင့် အလတ်စား လုပ်ငန်းများ (SME) - တွေ့ကြုံနေရသော အခြေအနေ နှင့် အခွင့်အလမ်း

ချင်းပြည်နယ်တွင်စက်မှုလုပ်ငန်းအအနည်းငယ်သာရှိပြီးအသေးစားနှင့် အလတ်စားစီးပွားရေးကဏ္ဍမှာလည်းကျဉ်းမြောင်းလွန်းကာ ဖွံ့ဖြိုးမှု နိမ့်ကျလျှက်ရှိပါသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရန် ရင်ဆိုင်နေရသော အခက်အခဲများမှာ

- (လမ်း၊ ရေ၊ မီးစသော) အခြေခံအဆောက်အအုံ နိမ့်ကျခြင်း
- ရင်းနှီးမြှုပ်နှံမှုအတွက် နှစ်လတ်ထုတ်ချေးပေးနိုင်သော ချေးငွေ မရရှိခြင်း
- စားသောက်ကုန် ပြုပြင်ထုတ်လုပ်ခြင်း၊ သန့်ရှင်းမှုနှင့် ဈေးကွက်မြှင့်တင်ခြင်းဆိုင်ရာ နည်းပညာမရှိခြင်း
- စိုက်ပျိုးရေးအတွက် လိုအပ်သော သွင်းကုန်မရရှိခြင်း
- အမျိုးမျိုးသောစိုက်ပျိုးထွက်ကုန်များနှင့်ရိတ်သိမ်းပြီးနောက်ထုတ်ကုန်ထိန်းချုပ်ခြင်းနည်းစနစ် အားနည်းခြင်း
- လျှပ်စစ်မီး၊ ငှားရမ်းခ၊ သယ်ယူပို့ဆောင်ရေးစရိတ်နှင့် မှတ်ပုံတင်ကြေးတို့ မြင့်မားသဖြင့် စီးပွားရေးလုပ်ကိုင်နိုင်ရန် အရင်းအနှီးကြီးလွန်းခြင်း
- စီးပွားရေး ကျွမ်းကျင်မှု နည်းပါးခြင်း
- အစိုးရမှ ထိရောက်သော ပံ့ပိုးမှုမရှိခြင်း
- လယ်သမား၊ ကုန်သည်၊ ထုတ်လုပ်ရောင်းချသူနှင့် အစိုးရဥပဒေပြုသူတို့အကြားတွင် ထိရောက်သော ဆက်ဆံရေး မရှိခြင်း တို့ ပါဝင်ပါသည်။

သို့ရာတွင် အတားအဆီးများ ရှိနေသော်လည်း ချင်းပြည်နယ်၏ နေရာတော်တော်များများတွင် နှိုင်းရအားသာချက်များ ကိုလည်း တွေ့နိုင်ပါသည်။ အားသာချက်များမှာ

- ရာသီဥတုအခြေအနေအရ တန်ဖိုးမြင့်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း (ဥပမာ - ဟင်းခတ်၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်)
- အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်ရှိ ဈေးများနှင့် နီးကပ်စွာ တည်ရှိခြင်း
- သစ်နှင့် ပန်းရံအစရှိသော ဆောက်လုပ်ရေးပစ္စည်းများ ထုတ်လုပ်နိုင်ရန် အလားအလာကောင်း ရှိခြင်း[၂၇]
- ခရီးသွားဧည့်သည်များ မှာယူဝယ်ဆင်ကြသည့် တမူထူးခြားသော ရိုးရာဂျပ်ခုတ်အထည် ရက်လုပ်ခြင်း တို့ဖြစ်ပါသည်။



ရွာဈေးဆိုင်ငယ်လေး

သို့ဖြစ်ပါ၍ ဈေးကွက်ဆိုင်ရာအသိပညာတိုးပွားပြီး လက်ရှိထုတ်ကုန်နှင့် စီမံကိန်းက အဆိုပြုထားသော ထုတ်ကုန် အသစ်များ ရောင်းချရာတွင် ထုတ်ကုန်တန်ဖိုးကွင်းဆက် (value chain) ပေါ်ပေါက်လာရေးအတွက် ဆောင်ရွက်ရန် လိုအပ်ပါသည်။ ချေးငွေမရရှိခြင်းမှာ ကဏ္ဍအားလုံးအတွက် အကြီးမားဆုံးစိန်ခေါ်မှု ဖြစ်ပြီး အသေးစားနှင့်အလတ်စား လုပ်ငန်းများအတွက်မူ ပိုမိုခက်ခဲ စေပါသည်။ ထို့ကြောင့် ပြည်နယ်အစိုးရအနေဖြင့် ချင်းပြည်နယ်တွင် တရားဝင်ချေးငွေပေးသည့်အဖွဲ့အစည်းများ လာရောက်လုပ်ကိုင်လာစေရန် တွန်းအားပေးသင့် ပါသည်။

[၂၇] ဆောက်လုပ်ရေးပစ္စည်းများကို ချင်းပြည်နယ်သို့ ပြင်ပမှ တင်သွင်းခြင်းမှာ ကုန်ကျစရိတ်များသဖြင့် ဒေသတွင်း၌ ထုတ်လုပ်ခြင်းအားဖြင့် နှိုင်းရအားသာချက်များ ရရှိစေနိုင်ပါသည်။

## ၅.၁။ စီးပွားရေးလုပ်ကိုင်ရန် သင့်လျော်သော ဂန်းကျင် ဖန်တီးပေးခြင်း

ချင်းပြည်နယ်အစိုးရအနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်သည့်ပါသည်။ လုပ်ငန်းတစ်ခု စတင်ရာတွင် လိုအပ်သော မြေနေရာမှသည် လုပ်ငန်းမှတ်ပုံတင်ခြင်း၊ လျှပ်စစ်မီး၊ ရေသွယ်တန်းမှု အစရှိသော ကိစ္စရပ်အားလုံးသည် လက်လှမ်းမီရယူနိုင်သော အနေအထားတွင် ရှိရန်လိုအပ်ပါသည်။ လုပ်ငန်းတစ်ခု လည်ပတ် နိုင်ရန်အတွက် နှောင့်နှေးကြန့်ကြာအောင် မည်သူက (သို့) မည်သည့်အရာက ပြုလုပ်နေသည်၊ မည်သည့်နေရာတွင် ကုန်ကျ စရိတ်များနေသည် စသည်တို့ကို လေ့လာသင့်ပါသည်။

မလိုအပ်သော အစိုးရလုပ်ထုံးလုပ်နည်းများကို ဖယ်ရှား၍ ကြန့်ကြာမှုနှင့် ကုန်ကျစရိတ်များကို လျှော့ချပေးမည့် ပုံစံသစ်ဖြင့် စီးပွားရေးလုပ်ကိုင်ရန် သင့်တော်သောဂန်းကျင်ကို ဖန်တီးပေးသင့်ပါသည်။ စနစ်သစ်တွင် လုပ်ငန်းစဉ်တစ်ခုချင်းစီအတွက် အပြီးသတ်ဆုံးဖြတ်ပေးနိုင်သော နေ့ရက်များ သတ်မှတ်ထားရန် လိုပါသည်။

ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဉ်ကို လွှတ်တော်ရေးရာ ကော်မတီက သက်ဆိုင်သော အစိုးရဌာနများနှင့် စီးပွားရေး လုပ်ကိုင်နေသူများ အပြည့်အဝပါဝင်မှုဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သင့်ပါသည်။ ကော်မတီသည် ဆွေးနွေးမှုရလဒ်နှင့် ရှင်းလင်းသော လုပ်ထုံးလုပ်နည်းများကို ဂန်ကြီးအဖွဲ့ထံသို့ တင်ပြပေးရန် လိုအပ်ပါသည်။ ထိုလုပ်ငန်းစဉ်ကို မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရေးအတွက် ချင်းပြည်နယ်အနေဖြင့် မြန်မာနိုင်ငံအတွင်းတွင် စီးပွားရေးမြှင့်တင်မှုတွင် အောင်မြင်နေသော အခြားပြည်နယ်တစ်ခုကို ရှာဖွေသင့်ပါသည်။ ထို့နောက် ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များပါဝင်သော ချင်းပြည်နယ်ကိုယ်စားလှယ်အဖွဲ့သည် ထိုပြည်နယ်/တိုင်းဒေသသို့ လေ့လာရေး သွားရောက်၍ ၎င်းတို့၏ ချဉ်းကပ်ပုံနည်းလမ်းများကို အတုယူဆောင်ရွက်သင့်ပါသည်။

စီးပွားရေးလုပ်ကိုင်နိုင်သော သင့်တော်သည့် လုပ်ထုံးလုပ်နည်းမူဘောင်တစ်ရပ် ပေါ်ထွန်းပြီးသည်နှင့် တပြိုင်နက် မှတ်ပုံတင်ခြင်းနှင့် လုပ်ငန်းထူထောင်ခြင်း လုပ်ငန်းစဉ်တို့တွင် စောင့်ကြည့်လေ့လာ/နောက်ယောင်ခံ စစ်ဆေးမည့်စနစ်ကိုလည်း အစိုးရဌာနထဲတွင် ဖန်တီးပေးရန် လိုအပ်ပါသည်။ ထို့ပြင် မည်သို့သောလုပ်ငန်းများ လုပ်ကိုင်ခွင့်အတွက် လျှောက်ထားနိုင်သည်၊ မည်သည့်အစိုးရအရာရှိနှင့် တာဂန်သက်ဆိုင်သည် စသည့်လုပ်ငန်းစဉ်တို့မှာလည်း ပွင့်လင်းမြင်သာမှုရှိရန် လိုပါသည်။

စီးပွားရေးကဏ္ဍနှင့် အစိုးရတို့ ပူးပေါင်းဆောင်ရွက်မှုကိုလည်း မြှင့်တင်သင့်ပါသည်။ စီးပွားရေးအကြံဉာဏ်များ ဖလှယ်ခြင်း၊ ထုတ်ကုန်တန်ဖိုးကွင်းဆက် (value chaines)အတွက် အချိတ်အဆက်များ ဖန်တီးခြင်းနှင့် အစိုးရ လုပ်ထုံးလုပ်နည်း ရှင်းရှင်းလင်းလင်းရှိရေးအတွက် အစိုးရနှင့် ပူးတွဲလုပ်ကိုင်ခြင်းနှင့် လုပ်ငန်းအတွက် ကုန်ကျစရိတ်များ လျှော့ချခြင်းတို့အတွက် စီးပွားရေးလုပ်ကိုင်နေသူများက ခိုင်မာသော စီးပွးရေးအဖွဲ့အစည်းတစ်ခု ကိုထူထောင်သင့်ပါသည်။

## ၅.၂။ စီးပွားရေးလုပ်ကိုင်ရန် အခြားသော စိန်ခေါ်မှုများ

နည်းဥပဒေ လုပ်ထုံးလုပ်နည်းမူဘောင် အခက်အခဲအပြင် ချင်းပြည်နယ်တွင် လုပ်ငန်းလုပ်ကိုင်ရန် တားဆီးနေသော အခြားသော အတားအဆီးများစွာ ကျန်ရှိပါသေးသည်။ ယင်းတို့မှာ ၂၄ နာရီ လျှပ်စစ်မီးရရှိရန် အားထားလို့မရခြင်းနှင့် သယ်ယူပို့ဆောင်ရေးစရိတ်တို့ကြောင့်ဖြစ်သည်။[၂၈] လျှပ်စစ်မီးရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေးစနစ် တိုးတက်ကောင်းမွန်ရေးမှာ ရေရှည်မျှော်မှန်းချက်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် လည်ပတ်နိုင်ရန် ပြည်နယ်အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်းတို့၏ လိုအပ်ချက်များကို အချိန်တိုအတွင်း ပြည့်မီနိုင်အောင် အားစိုက်ထုတ်ဆောင်ရွက်ပေးသင့်ပါသည်။

[၂၈] မြန်နှုန်းမြင့်အင်တာနက် ဆက်သွယ်ရေးကို လုပ်ငန်းအဆင်ပြေချောမွေ့မှုအတွက် အရေးပါသောကိစ္စရပ်အဖြစ် ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

ပြင်ပရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်အတွက်မူ ပြည်နယ်အစိုးရသည် ပြည်နယ်အတွင်းတွင် ၂၄ နာရီမီးရရှိနိုင်မှုနှင့် မြေပြိုမှုကြောင့် လမ်းပိုင်းဆိုင်ရာကို အနှောက်အယှက်မဖြစ်စေသော အာမခံချက်ပေးနိုင်သည့် နေရာကို သတ်မှတ်ဖော်ထုတ်ရန် လိုအပ်ပါသည်။[၂၉] ထိုကဲ့သို့သော နေရာမျိုးမရှိပါက ပြည်နယ်အစိုးရအနေဖြင့် နေရာတစ်နေရာ (သို့) နှစ်နေရာ သတ်မှတ်ပြီး အဆိုပါစံထားချက်များနှင့် ကိုက်ညီမှုရှိလာစေရန် အချိန်တိုအတွင်း ကုန်ကျစရိတ်အနည်းဆုံး နည်းလမ်းဖြင့် ဖော်ဆောင်သင့်ပါသည်။ ယင်းအချက်သည် ပြည်ထောင်စုအစိုးရနှင့် သဘောတူချုပ်ဆိုထားသော အပစ်အခတ်ရပ်စဲရေး စာချုပ်တွင် ပါရှိသည့် အထူးစီးပွားဇုန်တစ်ခု ချင်းပြည်နယ်တွင် ထူထောင်ပေးရန်ဟူသော အချက်နှင့်လည်း ကိုက်ညီပါသည်။

အိန္ဒိယနှင့် နီးကပ်သဖြင့် နိုင်ငံတကာနယ်စပ်ကုန်သွယ်ရေးမှတဆင့် အခွင့်အလမ်းကောင်းများ ဖန်တီးနိုင်ပါသည်။ အိန္ဒိယကုမ္ပဏီအနေဖြင့်လည်း နယ်စပ်ကုန်သွယ်အခွန်အခ ရှုထောင့်မှ ကြည့်လျှင်လည်း ဤအခြင်းအရာကို အားသာချက်အဖြစ် ရှုမြင်နိုင်ပါသည်။ ၎င်းတို့အတွက် ချင်းပြည်နယ်မှတဆင့် မြန်မာနိုင်ငံ အခြားသောဒေသများနှင့် သာမက တရုတ်နိုင်ငံသို့ပါ ချိတ်ဆက်နိုင်သည်ဖြစ်၍ ထုတ်လုပ်မှုတစ်စိတ်တစ်ပိုင်းကို ချင်းပြည်နယ်တွင် လာရောက်ဆောင်ရွက်နိုင်လျှင် ပိုမိုအကျိုးများမည် ဖြစ်ပါသည်။ ပြည်နယ်အစိုးရက လိုအပ်သောအခြေခံ အဆောက်အအုံတွင် မြှုပ်နှံမှုများ မစတင်ခင်တွင် ဤအရေးကိစ္စအတွက် စုံစမ်းလေ့လာမှုများ ပြုလုပ်ပြီး စိတ်ပါဝင်စားသူများကို ရှာဖွေရန်လိုအပ်ပါသည်။

ချင်းပြည်နယ်တွင် စီးပွားရေးလုပ်ကိုင်ရန် သင့်လျော်သော ဝန်းကျင်ဖန်တီးမှု အောင်မြင်ပါက ၎င်းတို့ တည်ရှိနေမှုနှင့် စီးပွားရေးတံခါးဖွင့်လိုက်သည့်အကြောင်းကို ကမ္ဘာသို့ အသိပေးနိုင်မည်ဖြစ်သည်။ ချင်းပြည်နယ် စီးပွားရေးအဖွဲ့အစည်း ဂဘ်ဆိုက်နှင့် ချင်းပြည်နယ် အစိုးရဂဘ်ဆိုက်တို့ ချိတ်ဆက်ပြီး အဖိုးအခနည်းစွာဖြင့် အဆိုပါ အရေးကိစ္စအောင်မြင်အောင် ဆောင်ရွက်နိုင်ပါသည်။ ချင်းပြည်နယ်အကြောင်း လူသိများအောင် စရိတ်စက သက်သာစွာဖြင့် မြှင့်တင်ပေးနိုင်သည့် အခြားသောနည်းလမ်းများမှာ စီးပွားရေးသမားများက ကျောထောက် နောက်ခံပြု၍ သတင်းဖြန့်ဝေပေးခြင်းနှင့် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံရှိ အိမ်နီးချင်းပြည်နယ်များရှိ ကုန်သွယ်ရေး ဆိုင်ရာ အစိုးရ အရာရှိများက သတင်းပေးကြခြင်း ဖြစ်ပါသည်။

## ၅.၃။ ဈေးကွ က်သတင်းအ ချက် အလက် ဖွံ့ဖြိုးတိုးတက်ခြင်း

ဈေးကွက်သတင်းအချက်အလက်များမှာ လယ်သမား-ထုတ်လုပ်သူမှသည် တန်ဖိုးမြှင့်ကုန် (သို့) ကုန်ချောထုတ်လုပ်သူအထိ စီးပွားရေးအလွှာမျိုးစုံတို့အတွက်အထူးအရေးပါပါသည်။ ချင်းပြည်နယ်တွင် ဈေးကွက်အကြောင်း သိရှိနားလည်မှုတိုးတက်မှုကို ဟန့်တားနေသော အကြောင်းနှစ်ရပ် ရှိပါသည်။ ပထမအချက်မှာ ချင်းပြည်နယ်ထုတ်ကုန်များမှာ ပမာဏနည်းပါးခြင်း (သို့) အရေးပါမှုနည်းခြင်းဖြစ်ပြီး ဒုတိယအချက်မှာ မည်သည့်ဈေးကွက်တွင်မဆို ဈေးကွက်ကွင်းဆက် ဖွံ့ဖြိုးမှု (သို့) ဈေးကွက်တည်ဆောက်မှုပုံသဏ္ဍာန် အားနည်းသောကြောင့် ဖြစ်ပါသည်။ လက်ရှိတွင်မူ မည်သည့်စီးပွားရေးလုပ်ငန်းကမှ ဈေးကွက်လေ့လာစောင့်ကြည့်ရေးအတွက် ငွေကြေးကုန်ကျခံခြင်းမျိုး မရှိပါ။ ထို့ကြောင့် အစိုးရအနေဖြင့် ချင်းပြည်နယ် စီးပွားရေးနှင့် သက်ဆိုင်သည့် ကုန်စည်များ၏ ဈေးကွက် သတင်းအချက်အလက်များ ဖွံ့ဖြိုးရေးအတွက် ဦးဆောင် ဆောင်ရွက်ပေးသင့်ပါသည်။ ဤအရေးကိစ္စ အတွက် ပုဂ္ဂလိကကဏ္ဍနှင့်တွဲဖက်လုပ်ကိုင်လျှင် အောင်မြင်ဖွယ်ရှိပြီး ဤစနစ်သက်ဝင်လာသည့်အခါ ထိုတာဝန်ကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးသင့်ပါသည်။

ချင်းပြည်နယ်က ထုတ်လုပ်သော ထုတ်ကုန် အနည်းသာရှိပြီး ၎င်းတို့ကို မြန်မာနိုင်ငံ၏ အခြားသောဈေးကွက်နှင့် အင်တာနက်ပေါ်တွင် တွေ့မြင်ရခဲပါသည်။ ဈေးကွက်သတင်းအချက်အလက် ဖြန့်ဖြူးရေးနည်းစနစ်ကို ပြင်ဆင်ရာတွင် သတင်းအချက်အလက် ကောက်ယူမှုအတွက် အချိန်ကုန်ပြီး ငွေကုန်ကြေးကျများသော နည်းလမ်း အပေါ် မမှီခိုမိရန် အရေးကြီးပါသည်။ ဈေးကွက်သတင်းအချက်အလက်များ၏ သတင်းလတ်ဆတ်မှု သက်တမ်းများ အလွန်

[၂၉] ဤလုပ်ငန်းစဉ်ကို က) အိန္ဒိယသို့ ကုန်စည်များပို့နိုင်ရန်နှင့် ခ) မြန်မာနိုင်ငံအခြားသော နေရာများ၊ တရုတ်နှင့် အခြားကမ္ဘာ့နိုင်ငံများသို့ ကုန်စည်များ ပို့နိုင်ရန်ဟူသော ရှုထောင့်နှစ်ခုမှ စဉ်းစားဆောင်ရွက်သင့်ပါသည်။.

တို တောင်းပြီး တစ်ပတ် (သို့) နှစ်ပတ်အတွင်းမှာပင် ထိုသတင်းအချက်အလက်များမှာ ဈေးကွက်နှင့် မသက်ဆိုင်တော့သော အနေအထားသို့ ရောက်ရှိသွားနိုင်သည်။

ဈေးကွက်သတင်းအချက်အလက် ဖြန့်ဝေခြင်းလုပ်ငန်းကို သူ့ချည်းသက်သက် ဆောင်ရွက်ရန် မဖြစ်နိုင်ပါ။ အုပ်ချုပ်ရေးနှင့် လုပ်ထုံးလုပ်နည်း၊ သဘာဝဘေးအန္တရာယ် စီမံကာကွယ်မှုနှင့် လုံခြုံရေး၊ မိုးလေဝနှင့် စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်များ၊ ကျန်းမာရေးသတိပေးချက်နှင့် စီမံကိန်းများအကြောင်းကို အစိုးရက ထုတ်ပြန်ပေးရန် လိုအပ်ပါသည်။ မည်သို့သောသတင်းအချက်အလက်ကို မည်သည့်လမ်းကြောင်း/ပုံစံဖြင့် ထုတ်ပြန် မည်ဟုလည်း ဆုံးဖြတ်ရန်အရေးကြီးပါသည်။ သတင်းအချက်အလက်များသည် ဦးတည်ပရိသတ် အပေါ်မူတည်၍ ဖြန့်ဝေပုံနည်းလမ်းများ ကွာခြားပါသည်။ မိုဘိုင်းဖုန်းများဖြင့် သတင်းပေးသော နည်းပညာကို အသုံးပြု၍ ပရိသတ် အနည်းဖြစ်စေ အများဖြစ်စေ ဦးတည် ပေးပို့နိုင်ပါသည်။ အစိုးရအနေဖြင့်လည်း မိုဘိုင်းကွန်ယက်ဖြင့် သတင်းစကား ဖြန့်ဝေခြင်းဆိုသော နည်းလမ်းကို အကောင်အထည်ဖော်ရန်နှင့် စီစဉ်ရေးဆွဲရန် ထည့်သွင်းစဉ်းစားသင့်ပေသည်။ မိုဘိုင်းဖုန်းဝန်ဆောင်မှုပေးသူများနှင့် ချိတ်ဆက်ထားလျှင် စရိတ်စကနည်းပါးစွာဖြင့် ဤနည်းလမ်းကို အကောင်အထည်ဖော်နိုင်ပါသည်။

## ၅.၄။ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (SME) တိုးချဲ့ခြင်းနည်းဗျူဟာ

အသေးစားနှင့်အလတ်စားလုပ်ငန်းတို့အတွက် အဆိုပြုသောနည်းလမ်းမှာ ဒေသ၏ စိုက်ပျိုးရေးနှင့် သစ်တောထုတ်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန်ဖြစ်သည်။ ထို့အတွက် စီးပွားရေးလုပ်ကိုင်နိုင်သော ဝန်းကျင်ဖန်တီးပေးခြင်းနှင့် မြန်မာနိုင်ငံအခြားဒေသများနှင့် အိန္ဒိယနိုင်ငံရှိ အိမ်နီးချင်းပြည်နယ်များတွင် ချင်းပြည်နယ် အကြောင်းကို မြှင့်တင်ပေးခြင်း နည်းလမ်းအားဖြင့် ဆောင်ရွက်နိုင်ပါသည်။ ဗျူဟာ၏ အခြားသော အစိတ်အပိုင်းတစ်ခုမှာ အပစ်အခတ်ရပ်စဲရေးစာချုပ်တွင် သဘောတူညီထားသည့် အထူးစီးပွားရေးဇုန်ပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းရန်ဖြစ်ပါသည်။ ထိုဇုန်အတွက် အရေးပါသော နေရာအကွက်အကွင်းကို အောက်ပါ အချက်များနှင့် ရွေးချယ်သတ်မှတ်နိုင်ပါသည်။

- အိန္ဒိယနှင့် ဆက်သွယ်ရေးကောင်းခြင်း
- ရာသီမရွေးအသုံးပြုနိုင်သော ကောင်းမွန်သောလမ်းများရှိခြင်း
- အရေးအသွေးမြင့်၊ ၂၄ နာရီ လျှပ်စစ်မီးရရှိခြင်း
- မြန်နှုန်းမြင့်အင်တာနက်နှင့်ဖုန်းလိုင်းဆက်သွယ်ရေး
- အားထားထိုက်သော ရေပေးဝေမှုစနစ်
- အသေးစားစက်ရုံ၊ အလုပ်ရုံတည်ဆောက်ရန် မြေနေရာလွယ်ကူခြင်း

နည်းဗျူဟာတွင် ကျေးရွာအဆင့်တွင် စိုက်ပျိုးရေးထုတ်ကုန်များကို အခြောက်ခံခြင်း၊ အစေ့ကြိတ်ခြင်းနှင့် ဆန်ကြိတ်ခွဲခြင်းအစရှိသော ထုတ်ကုန်ပြုပြင်ပြောင်းလဲမှု အသေးစားလုပ်ငန်းများကို မြှင့်တင်ပေးရန်လည်း ပါဝင်ပါသည်။ ဈေးကွက်သတင်းအချက်အလက်ဖြန့်ဝေရေးစနစ် ထူထောင်ပေးခြင်းအပြင် ဂဥကဲ့သို့သော ဝင်ငွေရထုတ်ကုန်များ၏ ထုတ်ကုန်တန်ဖိုးကွင်းဆက်ကို အသေးစိတ် လေ့လာဆန်းစစ်မှု ပြုလုပ်သင့်ပါသည်။ သို့မှသာ တန်ဖိုးမြင့် ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်မည်ဖြစ်သည်။

## ၅.၅။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SME)အတွက် စီမံကိန်းများ

အသေးစားနှင့်အလတ်စား စီးပွားရေးတိုးချဲ့ရေးနှင့် အဆိုပါလုပ်ငန်းလုပ်ကိုင်သူ အဖွဲ့တို့ကို တွန်းအားပေးရန်အတွက် စီမံကိန်းရေးဆွဲရာတွင် ချင်းပြည်နယ်တွင် အဆိုပါလုပ်ငန်းများ တည်ထောင်/လည်ပတ်ရာတွင် လက်ရှိ ကြုံတွေ့နေရသော အခက်အခဲများကိုပါ ထည့်သွင်းစဉ်းစားထားပါသည်။ အုပ်ချုပ်ရေးဆိုင်ရာ အခက်အခဲကို ဖြေရှင်းပေးရန်နှင့် အသေးစားနှင့်အလတ်စား လုပ်ငန်းများအတွက် ရှေ့ပြေးစီမံကိန်း အကောင်အထည်ဖော်ရန် အောက်ဖော်ပြပါ

စီမံကိန်းများကို အဆိုပြုထားပါသည်။ အဆိုပါစီမံကိန်းများ၏ အသေးစိတ်အကြောင်းအရာကို အတွဲ(၂) တွင် ဖော်ပြထားပါသည်။

- အသေးစားနှင့်အလတ်စားလုပ်ငန်းများ လုပ်ကိုင်နိုင်သော ဂန်းကျင်တိုးတက်ကောင်းမွန်လာရေး စီမံကိန်း- **သုံးနှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၈၀၀၀၀၀**
- စိုက်ပျိုးရေးထုတ်ကုန်များအတွက် ထုတ်ကုန်တန်ဖိုးကွင်းဆက်ဆိုင်ရာ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးရေး စမ်းသပ်စီမံကိန်း - **လေးနှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၁.၅ သန်း**

## ၆။ အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် သင်တန်းများ (TVET) - တွေ့ကြုံနရသည့် အကြောင်းအရာနှင့် အခွင့်အလမ်းများ

အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် ပတ်သက်လျှင် ချင်းပြည်နယ်တွင် အကျိုးခံစားရမှု နည်းပါးပါသည်။ ချင်းပြည်နယ်တွင် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်နေသော်လည်း ၎င်းတို့မှာ ကျောင်းသားများ အလုပ်ရရှိစေရန် လိုအပ်သော လက်တွေ့နည်းပညာ ဖြည့်ဆည်းပေးနိုင်ရေးနှင့် ချင်းပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးမှုတွင် အထောက်အကူပေးနိုင်ရေး တို့တွင် အားနည်းလျှက်ရှိပါသည်။ လုပ်ငန်းခွင်ဝင်ရန် လက်တွေ့လုပ်ငန်း အတွေ့အကြုံ ဖြည့်တင်းပေးနိုင်သော အရေးပါသည့် သင်ကြားထောက်ကူ ပစ္စည်းများနှင့် အလုပ်ရုံများ လစ်ဟာနေပါသည်။ သင်တန်းအများစုမှာ သင်တန်းဆင်း လက်မှတ်ပေးနိုင်ရေး ဦးတည်နေပြီး၊ စက်ရုံအလုပ်ရုံ၊ လယ်ယာနှင့် အခြားသော စီးပွားရေးကဏ္ဍတွင် ပါဝင်နိုင်ရန် လိုအပ်ချက်နှင့်မှု ကွာဟနေပါသည်။ သင်တန်းပြီးဆုံးသည့် အခါတွင်လည်း သင်တန်းဆင်းလက်မှတ်ကိုင်ဆောင်ထားသူ အများစုမှာ ဒေသကို စွန့်ခွာပြီး အလုပ်အကိုင်အခွင့် အလမ်းကောင်းများ ရှိသော မြန်မာနိုင်ငံ၏ အခြားဒေသများသို့ ထွက်ခွာသွားပါသည်။

ပြည်ထောင်စုအစိုးရသည် ILO, GIZ နှင့် UNESCO အဖွဲ့တို့၏ ကူညီပံ့ပိုးမှုဖြင့် အမျိုးသားအရည်အသွေး တိုးတက်ခြင်းဆိုင်ရာ မူဘောင်အတွက် အဓိကကျသော ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်နေပါသည်။ အဆိုပါ လုပ်ငန်းစဉ်သည် မှန်ကန်သောလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီးဖြစ်သော်လည်း အောက်ခြေတွင် သက်ရောက်မှု ရှိစေရန်အတွက်မူ အချိန်ယူဆောင်ရွက်ရဦးမည်ဖြစ်သည်။ စီမံကိန်းသည် ကဏ္ဍအလိုက် တိုးတက်မှုအလား အလာများသည့် သင်တန်းများပေးရန်နှင့် ချင်းပြည်နယ် ပုဂ္ဂလိကကဏ္ဍ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အတတ်ပညာအတွက် ဘာသာရပ်များကို ပြင်ဆင်ရန်တို့ကို ဦးတည်ထားပါသည်။ ဘာသာရပ်များ ရေးဆွဲ ပြင်ဆင်ရာတွင် ဦးတည်ထားသော ကဏ္ဍများမှ အလုပ်ရှင်တို့နှင့် ဆွေးနွေးတိုင်ပင်ရန် အရေးကြီးပါသည်။ လက်တွေ့ လုပ်ငန်း အတွေ့အကြုံတို့ကိုလည်း ဖြည့်ဆည်းပေးရန်လိုအပ်ပြီး၊ သို့မှသာလျှင် သင်တန်းပြီးဆုံးသည့်နောက်ပိုင်းတွင် သင်တန်းဆင်းတို့မှာ ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်နိုင်ပါလိမ့်မည်။

စီမံကိန်းသည် (က) အစားအသောက်နှင့် စိုက်ပျိုးရေးထွက်ကုန်များ ပြုပြင်ပြောင်လဲခြင်းလုပ်ငန်း နှင့် (ခ) တည်ဆောက်ရေးနှင့် အိမ်ဆောက်ကုန်သွယ်မှုတို့တွင် အသေးစားနှင့်အလတ်စား လုပ်ငန်းများ တိုးချဲ့ရန်အလား အလာ ရှိသည်ဟု သတ်မှတ်ပါသည်။

### ၆.၁။ TVET အတွက် နည်းဗျူဟာ

ချင်းပြည်နယ်ရှိ အသက်မွေးဝမ်းကျောင်းသင်တန်းများကို MIID ၏ SME/TVET အဖွဲ့က သုံးသပ်လေ့လာသည့်အခါ ၎င်းတို့သည် အလုပ်ရရှိရေးအတွက် လိုအပ်သော ကျွမ်းကျင်မှုအရည်အသွေးများ ပြည့်ဝသည့် သင်တန်းသားများ မမွေးထုတ်ပေးနိုင်ကြောင်း တွေ့ရပါသည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွံ့ဖြိုးရေး နည်းဗျူဟာတွင် သင်တန်းသားများ၊ ယခင်သင်တန်းဆင်းများ၊ စိတ်ပါဝင်စားသူ အလုပ်ရှင်များနှင့် ဦးစွာပထမ အနီးကပ်တွေ့ဆုံပြီး

လက်ရှိ သင်ကြားရေးကို အသေးစိတ် သုံးသပ်လေ့လာရန်ဖြစ်ပါသည်။ သင်ထောက်ကူပစ္စည်းများကို တိုးမြှင့်ရုံသာမက စက်ရုံအလုပ်ရုံနှင့် စီးပွားရေးလုပ်ငန်းများမှ လိုအပ်သော ကျွမ်းကျင်သင်တန်းသားများ မွေးထုတ်ပေးနိုင်သည့် သင်တန်းကျောင်း ဖြစ်စေရန်လည်း အရေးကြီးလှပေသည်။ သို့မှသာ ကျွမ်းကျင်အရည်အသွေး ပြည့်ဝနေသည့် သင်တန်းဆင်း ကျောင်းသားများမှာ အလုပ်အကိုင်ရရှိရေးအတွက် အာမခံချက်ရှိမည်ဖြစ်ပါသည်။ နည်းဗျူဟာ၏ ဒုတိယပိုင်းမှာ ဆောက်လုပ်ရေးလုပ်ငန်းခွင် (အထူးသဖြင့် အိမ်ဆောက်ခြင်း) တွင် အရည်အသွေးကျွမ်းကျင်မှု ကွာဟနေခြင်းကို ဖြည့်ဆည်းပေးရန်နှင့် စိုက်ပျိုးရေး ထုတ်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန်များသို့ ပြောင်းလဲရန်၊ အစားအသောက် ပြုပြင်ဖန်တီးရေးနည်းပညာနှင့် ပစ္စည်းကိရိယာများ ပံ့ပိုးပေးရန်တို့ဖြစ်ပါသည်။



*မင်းတပ်မြို့ရှိ ယက်ကန်းသင်တန်းကျောင်း*

### ၆.၂။ TVET အတွက် စီမံကိန်း

အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် သင်တန်းကျောင်းများ (TVET) အတွက် စီမံကိန်းရေးဆွဲရာတွင် အစိုးရက အဆိုပါကဏ္ဍအတွက် လက်ရှိရင်းနှီးမြှုပ်နှံ ဆောင်ရွက်နေသည်များနှင့် လက်ရှိလည်ပတ်နေသော အလုပ်များ အကျိုးအမြတ်များစွာ ရရှိစေနိုင်ရေးတို့ကို ထည့်သွင်းစဉ်းစားပါသည်။ ထို့ပြင် နည်းပညာအသစ်များတွင် ကျွမ်းကျင် အရည်အသွေးပြည့်ဝမှု လိုအပ်ချက်ကို စေလျှင်စွာဖြည့်ဆည်းပေးပါမည်။ အဆိုပြုထားသော စီမံကိန်းများမှာ အောက်ပါအတိုင်းဖြစ်ပြီး အသေးစိတ်ကို အတွဲ (၂) တွင် ကြည့်ရှုနိုင်ပါသည်။

- ချင်းပြည်နယ်အတွင်းရှိ လက်ရှိ အသက်မွေးဝမ်းကျောင်းသင်တန်းများကို ပြုပြင်မွမ်းမံရန်စီမံကိန်း - **သုံးနှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၁.၃သန်း**
- အစားအသောက်နှင့် စိုက်ပျိုးရေးထွက်ကုန်မျာ စီမံပြုပြင်သည့် သင်တန်းနှင့် တီထွင်မှုအတွက် ပညာပေး **စီမံကိန်း - လေးနှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၁.၅ သန်း**
- တည်ဆောက်ရေးနှင့် အိမ်ဆောက်ကုန်သွယ်မှုတို့အတွက် လက်သမားပညာ ကျွမ်းကျင်ရေး စီမံကိန်း - **လေးနှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၁.၉ သန်း**

# အခြေခံအဆောက်အအုံ

## ၇. အခြေခံအဆောက်အအုံ - တွေ့ကြုံနေရသောအကြောင်းအရာနှင့် အခွင့်အလမ်းများ

စီမံကိန်းတွင် ပါဝင်သက်ဆိုင်သူများအားလုံးမှာ ချင်းပြည်နယ်ဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများ (လမ်း၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ ကျောင်း၊ ဆေးပေးခန်း) မပြည့်စုံမှုမှာ ဒေသ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုကို အဟန့်အတားပြုနေကြောင်း ညွှန်ပြကြပါသည်။

ဒေသ၏ မြေမျက်နှာသွင်ပြင်နှင့် မြို့ရွာတည်မှု အနေအထားသည် ဈေးကုန်ကုန်စည်များ သယ်ပို့ပေးရေးကြောင့် စီးပွားရေးအတွက် အဓိကအရေးပါသော လမ်းများတည်ဆောက်ပြုပြင်ရေးတွင် စိန်ခေါ်မှုများ ဖန်တီးလျှက်ရှိပါသည်။ ချင်းပြည်နယ်တောင်ပေါ်ဒေသများတွင် လမ်းတစ်မိုင်ပြုပြင်တည်ဆောက်ရေးမှာ မြေပြန့်တွင် အဆိုပါလမ်းအရှည်အတွက် ကုန်ကျရသော ကုန်ကျစရိတ်ထက် အဆပေါင်းများစွာ ပိုပါသည်။ အဘယ့်ကြောင့်ဆိုသော် လူဦးရေနည်းပါးသဖြင့် လမ်းအတွက်ကုန်ကျစရိတ်မှာ စီးပွားရေးအရတွက်ခြေကိုက်နိုင်ခြေ နည်းပါးနေပါသည်။ တည်ဆောက်ရေးသည် ချင်းပြည်နယ်အစိုးရ၏ ဘတ်ဂျက်တွင် အဓိကအစိတ်အပိုင်းကြီးအဖြစ် (စုစုပေါင်း ဘတ်ဂျက်၏ ၄၈%) နေရာယူထားသဖြင့် ကျေးလက်ဆင်းရဲနွမ်းပါးမှုကို လျှော့ချစေနိုင်သည့် စိုက်ပျိုးရေးလုပ်ငန်း တိုးတက်မှု အစရှိသော စီးပွားရေးလုပ်ငန်းများ မြှင့်တင်ပေးရေးအတွက် အသုံးစရိတ် မကျန်ရှိတော့ပေ။

လူဦးရေကျဲပါးစွာဖြင့် တည်ထားသော ကျေးရွာများ ပြန့်ကျဲနေသဖြင့် ကြမ်းတမ်းသော မြေမျက်နှာပြင်တို့တွင် လျှပ်စစ်ပေးဝေမှု တိုးချဲ့ရန်ခက်ခဲလျှက်ရှိပါသည်။ ထို့ပြင်ဓာတ်အားပေးဝေရေးနှင့် ဓာတ်အားလိုင်း တည်ဆောက်ရေးအတွက် အမှန်တကယ်ကုန်ကျမှုစရိတ်ကို လူထုကမပေးနိုင်သဖြင့် ဤသို့ တိုးချဲ့ဆောင်ရွက်ရခြင်း၏ ရလဒ်ကို သုံးသပ်ရန် ခက်ခဲပါသည်။ လျှပ်စစ်ပေးဝေနိုင်ရန် ဝေးလံဒေသများသို့ ဓာတ်အားလိုင်း ချိတ်ဆက်ခြင်းထက် ဒေသတွင် ကျင့်သုံးနေသောနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းကပို၍ တွက်ခြေကိုက်ပါသည်။ချင်းပြည်နယ်တွင် ထိထိရောက်ရောက် လည်ပတ်နိုင်သော အသေးစားရေအားလျှပ်စစ်စီမံကိန်းများစွာရှိပြီး နေရောင်ခြည်နှင့် လေစွမ်းအင်များ လျှပ်စစ်ထုတ်ယူနိုင်သော အလားအလာကောင်းများလည်း ရှိနေပါသည်။ အသစ်တစ်ဖန် ထုတ်ယူနိုင်သည့် ပြည့်မြဲစွမ်းအင်ထုတ်ယူခြင်းနည်းလမ်းကို အသုံးပြုလျှင် ဥတုရာသီနှင့် လိုက်လျောညီထွေ ရှိစေရေး ရန်ပုံငွေကို ရရှိရန် ဆွဲဆောင်မှု ဖြစ်နိုင်ပါသည်။ (အကျယ်ကို အောက်တွင် လေ့လာရန်)

ချင်းပြည်နယ်တွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ဆိုးဝါးစွာ တွေ့ကြုံခံစားနေရပါသည်။ မြေဆီလွှာ တိုက်စားမှုနှင့် မြေပြိုခြင်းကို တိုးပွားစေမည့် အဆက်မပြတ် မိုးသည်းထန်မှုများ ချင်းပြည်နယ်တွင် တွေ့ကြုံခံစားလာရမည်ဟု ခန့်မှန်းပါသည်။ ဤအခြင်းအရာသည် စိုက်ပျိုးစီးပွားကို ကျဆင်းစေပြီး လမ်းတည်ဆောက်ပြုပြင်ရေးစရိတ်လည်း ကြီးမြင့်စေရာ စီးပွားရေးနှင့်ဆက်သွယ်ရေးတို့တွင် များစွာထိခိုက်ရပါသည်။ ပြည်နယ်အစိုးရအနေဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် တွေ့ကြုံလာရမည့် သက်ရောက်မှုများကို အလေးထားစဉ်းစားရန် လိုအပ်ပါသည်။ ထို့ပြင် လမ်းတည်ဆောက်ရေးအတွက် ပုံစံရေးဆွဲရာတွင် မိုးများမှုကို တုန့်ပြန်ခံနိုင်မည့် နည်းလမ်းများဖြင့် ပြုပြင်ရေးဆွဲသင့်ပါသည်။ ထို့အတွက် လမ်း ရေနုတ်မြောင်းများ တည်ဆောက်ရန် လိုအပ်လာပါလိမ့်မည်။

ရာသီဥတုပြောင်းလဲမှုဒဏ်ကို လိုက်လျောညီထွေရှိအောင် လူထုကို အကူအညီပေးသည့် နိုင်ငံတကာရန်ပုံငွေတစ်ရပ် ရှိပါသည်။ လတ်တလောတွင် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) ထံမှတဆင့် အဆိုပါရန်ပုံငွေကိုလျှောက်ထား ရရှိသွားသည့် အပူပိုင်းဒေသကဲ့သို့ပင် ချင်းပြည်နယ်သည်လည်း ထိုရန်ပုံငွေ ရရှိရန် ဦးစားပေးစံချိန်စံညွှန်းများနှင့် အထူးကိုက်ညီလျှက်ရှိပါသည်။


## ၇.၁။ အခြေခံအဆောက်အအုံဆိုင်ရာ ကွင်းဆင်းသုတေသနမှ တွေ့ရှိချက်များ

MIID ဆောက်လုပ်ရေးအဖွဲ့သည် ချင်းပြည်နယ်ရှိ အခြေခံအဆောက်အအုံများနှင့် စပ်လျဉ်း၍ အရေးပါသော အကြောင်းအရာများကို ထုတ်ဖော်ခဲ့ပါသည်။ ၎င်းတို့၏ တွေ့ရှိချက်များကို အောက်ပါခေါင်းစဉ်များနှင့် အနှစ်ချုပ် ဖော်ပြထားပါသည်။

### ၇.၁.၁။ လမ်းတည်ဆောက်ရေး နည်းပညာနှင့် ချဉ်းကပ်ပုံနည်းလမ်း


လမ်းအသုံးပြုနိုင်သည့်ကာလ ရှည်ကြာပြီး မြေပြိုမှုကိုလည်း လျော့ပါးစေမည့်အပြင် ဆောက်လုပ်ရေးစရိတ်ကိုပါ လျှော့ချပေးနိုင်သည့် နည်းလမ်းများစွာ ရှိပါသည်။ အောက်ပါလုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန် လိုအပ် ပါသည်။

***တောင်ပေါ်လမ်း ဖောက်လုပ်ရာတွင် အောက်ပါအစီအစဉ်တိုင်းဆောင်ရွက်သင့်သည်။***




ချင်းပြည်နယ်တွင် တွေ့ကြုံနေရသော လမ်းပန်းဆက်သွယ်မှုအခြေအနေ ဆိုးရွားမှုမှာ ဆင်ခြေလျှောစောက်ကို ကာကွယ်ပေးခြင်းနှင့် ရေထိန်းသိမ်းခြင်းတို့တွင် ပိုမိုဂရုစိုက်လုပ်ဆောင်ရန် လိုအပ်နေခြင်းကြောင့်ဖြစ်သည်။

မတ်စောက်သောနေရာများတွင် လမ်းအကျယ်ယူရာတွင် လက်ရှိကျင့်သုံးနေသော လျှောစောက်အတိုင်း ၁၀၀% စလုံး ယူ၍ဖောက်လုပ်ခြင်းထက် ၅၀/၅၀ လျှောစောက် တစ်ပိုင်းကို ဖြတ်၍ ကျန်တစ်ပိုင်းကို ဖို့ခြင်းဖြင့် ဆောင်ရွက် သင့်ပါ သည်။ ဤနည်းလမ်းသည် မြင့်မားမတ်စောက်မှုကိုလည်း လျှော့ချစေနိုင်ပြီး မြေပြိုမှုအန္တရာယ် ကိုလည်း နည်းပါး စေပါ သည်။ ယခုတင်ပြသော နည်းစနစ်မှာ ဆောက်လုပ်မှု မူလကုန်ကျစရိတ်ကို နည်းပါးသော်လည်း အင်္ဂတေနံရံများ တည်ဆောက်ရေးအတွက်မူ ကုန်ကျစရိတ်များသောနည်းလမ်းကို အခြေခံပါသည်။




*ပုံ (၁၅) - ဆင်ခြေလျှောစောက်များ မတည်ငြိမ်ရခြင်း အကြောင်းရင်း*

- တောင်နံရံများ ဆောက်လုပ်ရာတွင် ဘိလပ်မြေသုံး၍ အင်္ဂတေကိုင်ထားသော နံရံများထက် ကျောက်ထု ကို သံကွန်ယက်များဖြင့်ဖုံးအုပ်၍ တည်ဆောက်ထားသော နံရံများက ကုန်ကျစရိတ် ပိုမိုနည်း ပါးပါသည်။ အရွယ်အစားတူ နံရံအတွက် ၇၅% ကုန်ကျစရိတ်သက်သာပြီး နံရံအသုံးပြုခံနိုင်မှု သက်တမ်းမှာ ၂၅% သာ လျော့ကျပါသည်။


- ကျဉ်းမြောင်းကျပ်တည်းသော လျှိုမြောင်များနှင့် မြေပြိုမှုအန္တရာယ်ကို ကာကွယ်ရန် လမ်းဖောက်လုပ်ရေး ကိရိယာများ ကောင်းစွာ အသုံးချသင့်ပါသည်။ ဇီဝအင်ဂျင်နီယာ နည်းပညာကို အသုံးချခြင်းဖြင့် လမ်းဖောက်လုပ်ရေးကိရိယာများကို ကောင်းမွန်တည်ငြိမ်စွာ ထိန်းထားနိုင်ပါသည်။
- လမ်းကတ္တရာခင်းရေးအတွက် အခြားသောပစ္စည်းကိရိယာများလည်း လိုအပ်ပါသည်။ လူအားကိုအဓိက အသုံးပြုရသော နည်းလမ်းထက် ကတ္တရာကြိုခြင်း၊ ကတ္တရာလောင်းခြင်းနှင့် အချောသပ်ကတ္တရာခင်းခြင်း တို့အတွက် ပစ္စည်းကိရိယာလုံလောက်စွာ ရရှိနိုင်လျှင် ကတ္တရာလမ်း၏ သက်တမ်းကို ဆွဲဆန့်ထားနိုင်ပါ သည်။
- လမ်းပိုင်းဆိုင်ရာအရည်အသွေးများကို ထိန်းထားနိုင်ရန်အတွက် ချင်းပြည်နယ်တွင် လမ်းတည်ဆောက်မှု တွင် အသုံးပြုမည့် ပစ္စည်းများကို စမ်းသပ်မည့် ဓာတ်ခွဲခန်းတစ်ခု တည်ဆောက်ပေးရန် ထောက်ခံတင်ပြ အပ်ပါသည်။
- ပြည်သူ့လုပ်ငန်းဌာနသည် စီမံအုပ်ချုပ်မှုအခန်းကဏ္ဍကို ပိုမိုတာဝန်ယူဆောင်ရွက်သင့်ပါသည်။ လက်ရှိ တွင် ပြည်သူ့လုပ်ငန်းဌာနတွင် ဖြစ်ပေါ်နေသော လစ်လပ်နေသောအခန်းကဏ္ဍများကို ဦးစွာ ဖြည့်ဆည်း ရန်လိုပြီး ဤအခြင်းအရာအတွက် အများစုကို ပြင်ပမှ ထမ်းဆောင်နိုင်သူများထံသို့ ခေါ်ယူ လွှဲပြောင်း ပေးခြင်းဖြင့် အရေးပါသော စီမံအုပ်ချုပ်မှုကဏ္ဍတွင် ပိုမိုအချိန်ပေးဆောင်ရွက်နိုင်မည် ဖြစ်ပါ သည်။

## ၇.၁.၂။ လမ်းပိုင်းဆိုင်ရာ ဂျီသြမေတြီ

တီးတိန် - ရိဒ် လမ်းပိုင်းမှ လွဲ၍ ဆောက်လုပ်ရေးအဖွဲ့ ရွေးချယ်လေ့လာသော လမ်းများမှာ ပြင်ညီညီခြင်း အထူး ကောင်းမွန်ပြီး လမ်းအတက်အကျ အဆင့်များကိုလည်း သင့်တော်စွာ တည်ဆောက်ထားကြောင်း တွေ့ရသည်။ လမ်းအကျယ်ယူခြင်းမှာ နေရာများစွာတွင် အဆင်မပြေသော အကြောင်းအရာတစ်ခု ဖြစ်နေပြီး ၎င်းကြောင့် လျှောစောက်ပိုမိုမတ်စောက်ကာ ကုန်ကျစရိတ်လည်း များစေပါသည်။

## ၇.၁.၃။ လမ်းစနစ်တွင် ရေထိန်းချုပ်ခြင်း

ချင်းပြည်နယ်ရှိ လမ်းများ၏ အကြီးမားဆုံးသော အားနည်းချက်မှာ လမ်းတည်ဆောက်ရေးတွင် မိုးသည်းထန်မှုဒဏ် ကို မခံနိုင်ခြင်းဖြစ်သည်။ လမ်းအများစုတွင် မြေသားရေနုတ်မြောင်းများရှိသော်လည်း ၎င်းတို့နှင့် ချိတ်ဆက်ထားသော ရေသွယ်မြောင်းများ မလုံလောက်သဖြင့် ဤနည်းလမ်းသည်လည်း အလုပ်ဖြစ်သော နည်းလမ်းမဟုတ်ပေ။ ရလဒ်အားဖြင့် မြောင်းများတွင် ရေလျှံနေတတ်ပြီး လမ်းကျောက်ခင်းမျက်နှာပြင်နှင့် တောင်စောင်းများတွင် ပိုမိုထိခိုက်စေပါသည်။ ရေသွယ်မြောင်းများ မရှိခြင်းကြောင့် တောင်ကြားမှတဆင့် ရေဆင်းရရာ ထိုအခြင်းအရာသည် ကုန်းမြင့်ဆင်ခြေလျှောများမှ မြေများ ပြိုဆင်းခြင်းကို ဖြစ်ပွားစေပါသည်။ ထိရောက်သော ရေသွယ်မြောင်းများ မရှိသဖြင့် လမ်းပေါ်တွင် အတားအဆီးမရှိ ရေများ စီးဆင်းသောကြောင့် တောင်အောက်ပိုင်းတွင် လျှိုမြောင်ငယ်များ ဖြစ်ပေါ်စေပါသည်။




*ပုံ (၁၆)* - စနစ်ကျသော ရေအသုံးချစီမံခန့်ခွဲမှုမရှိခြင်း၏ ရလဒ်

ပုံ (၁၆) တွင် လမ်းကို ဖြတ်သန်းပြီး ရေများစီးဆင်း၊ ကိန်းဝပ်နေပုံကို ပြထားသည်။ ထိုသို့ဖြစ်ခြင်းကြောင့် လမ်းမျက်နှာပြင်ခိုင်ခံ့မှုကို ထိခိုက်စေပြီး ဖိအားကြောင့် ဘေးတွင်မြေများအိကျလာမှု ဖြစ်ပွားစေပါသည်။ ထိုပုံစံသည် အောက်ဘက်တောင်စောင်း ပုံသဏ္ဌာန်ကို ပျက်ပြားစေသည်။

ရေထိန်းချုပ်ရေးပြဿနာမှာ လမ်းတည်ဆောက်ရေးတွင် အဓိကကြုံတွေ့နေရသော အခက်အခဲဖြစ်ပါသည်။ လမ်းအသစ်တည်ဆောက်ရာတွင် ရေနုတ်မြောင်း ပုံစံရေးဆွဲမှု ကောင်းမွန်ပြီး စနစ်တကျတည်ဆောက်ထားပါက လမ်း၏ သက်တမ်းရှည်ကြာမည်ဖြစ်ပြီး လမ်းပြုပြင်မွမ်းမံမှု ကုန်ကျစရိတ်လည်း နည်းပါးမည်ဖြစ်ပါသည်။ မြေပြိုမှုကိုလည်း တားဆီးပေးနိုင်ပါသည်။ လက်ရှိလမ်းပိုင်းတွင် မှန်ကန်သောရေနုတ်မြောင်းစနစ် ရှိရေးကို ဦးစားပေး ဆောင်ရွက်သင့်ပါသည်။ ထိရောက်သော မြောင်းစနစ်မရှိလျှင် လက်ရှိလမ်းများ ပြန်လည်ခင်းလျှင်တောင် အဆိုပါလမ်းများသည် မိုးရာသီတွင် ထပ်မံပျက်ဦးမည်ဖြစ်၍ ငွေဖြုန်းတီးမှုသက်သက်သာ ဖြစ်နေပါလိမ့်မည်။



*လုံလောက်သော ရေသွယ်မြောင်းမရှိသဖြင့် ပျက်စီးနေသော ကျောက်ခင်းလမ်း (ဟားခါး - ဂန့်ဂေါ ကားလမ်း)*



*ရေဆင်းခြင်းနှင့် ရေဝပ်ခြင်းကြောင့် တောင်နံရံထိန်းသိမ်းမှု ပျက်စီးခြင်း (ကလေး - ဟားခါး ကားလမ်း)*



*ရေထိန်းသိမ်းမှု ညံ့ဖျင်းသော ကျောက်ခင်းလင်း (ဟားခါး - ဂန့်ဂေါ ကားလမ်း)*



*ကောင်းမွန်စနစ်ကျသော ရေထိန်းသိမ်းမှုစနစ်ရှိသည့် ကျောက်ခင်းလမ်း (ကျောက်ထု - မင်းတပ် ကားလမ်း)*


## ၇.၁.၄။ ဆင်ခြေလျှောစောက် တည်ငြိမ်ခြင်း အစီအမံများ

လမ်းများကို ကာကွယ်ရန် တည်ငြိမ်မှုရှိရေး အစီအမံများ ဆောင်ရွက်ထားရှိရန် လိုအပ်သည်။ တောင်ပြိုခြင်းကြောင့် ပျက်စီးမှုကို ကာကွယ်ရန် တောင်နံရံများ တည်ဆောက်ထားသင့်သည်။ သို့ရာတွင် ပြင်းထန်သော ရာသီဥတု အခြေအနေကြောင့် ထပ်မံဖြစ်ပွားမည့် မြေပြိုမှုကို ကာကွယ်တားဆီးရန် လုပ်ငန်းပိုင်းဆိုင်ရာ အင်ဂျင်နီယာ အတတ်ပညာ သက်သက်တစ်ခုထဲနှင့် ချဉ်းကပ်ရန် မလုံလောက်ပါ။ ဆောက်လုပ်ရေးအဖွဲ့သည် ထိုပြဿနာကို တုန့်ပြန်ဖြေရှင်းပေးမည့် နည်းလမ်းများစွာကို အဆိုပြုခဲ့ပါသည်။ ၎င်းတို့တွင် ဇီဝအင်ဂျင်နီယာအတတ်ပညာ၊ ရေနုတ်မြောင်းစနစ် ပံ့ပိုးပေးခြင်း၊ ဂန်ထုပ်ဂန်ပိုးများကို ဖယ်ရှားခြင်း၊ တမံတုတ်ခြင်း၊ ရွှေ့ကျလာသော မြေများကို ဖမ်းယူ သိုလှောင်ခြင်းနှင့် မြေပြိုမှု ဖြစ်ပွားစေသော အစုလိုက်အပြုံလိုက် မြေရွှေ့လျားမှုကို တားဆီးပေးရန် အခိုင်အခံ့ အင်အားဖြည့်တင်းခြင်းတို့ပါဝင်ပါသည်။ ဇီဝအင်ဂျင်နီယာနည်းပညာဆိုသည်မှာ သက်ရှိအပင်များကို တည်ဆောက်ရေး ရည်ရွယ်ချက်ဖြင့် ထည့်သွင်း အသုံးပြုသည့် နည်းလမ်းဖြစ်သည်။ အင်ဂျင်နီယာနည်းပညာဖြင့် သစ်ပင်များအသုံးပြု၍ တမံတုတ်ခြင်း၊ ပြိုကျလာသည့် မြေများကို တားဆီးခြင်း၊ ခိုင်ခံ့မှုရှိစေခြင်း၊ ဆင်ခြေလျှော ပြေဆင်းစေခြင်းစသည်တို့ကို လုပ်ကိုင်နိုင်ပါသည်။ ထို့ကြောင့် ၎င်းတို့သည် တောင်နံရံအဖြစ်လည်းကောင်း၊ မြေလွှာ ခိုင်ခံ့မှုနှင့် မြေဆီလွှာထိန်းသိမ်းမှု အတွက်လည်းကောင်း၊ ရေစီးဆင်းမှုအတွက်လည်းကောင်း အကျိုးပြုပါသည်။

မြို့ပြအင်ဂျင်နီယာ နည်းပညာအသုံးပြုမှုမှာ စီမံကိန်း၏မူလအဆင့်တွင် အကျိုးအရှိဆုံးဖြစ်ပြီး သစ်ပင်စိုက်ပျိုးမှုဖြင့် ကာကွယ်သောနည်းစနစ်မှာ နောင်းပိုင်းကာလတွင် စီမံကိန်းခိုင်ခံ့မှုအတွက် ဆက်လက်ထိန်းသိမ်းပေးရာတွင် အားသာချက်အရှိဆုံးဖြစ်သည်။ မြို့ပြအင်ဂျင်နီယာအတတ်နှင့် ဇီဝအင်ဂျင်နီယာအတတ်တို့ကို ပေါင်းစပ်၍ အသုံးပြုခြင်းအားဖြင့် အစပိုင်းတွင် မြို့ပြအင်ဂျင်နီယာအတတ်နှင့် တည်ဆောက်ထားသည့်အတိုင်း အဆောက်အအုံမှာ ကောင်းစွာတည်ရှိနေပြီး အဆိုပါအင်ဂျင်နီယာအတတ်၏ လုပ်ဆောင်ချက်များ ကျဆင်းလာသောအခါ စိုက်ပျိုးထားသောအပင်များ ကြီးရင့်သန်လာချိန်ဖြစ်၍ ဇီဝအင်ဂျင်နီယာအတတ်ဖြစ် ထိုလမ်းတို့ကို ဆက်လက်ထိန်းထား နိုင်ပါသည်။




*မြေပြိုမှုကို ထိန်းချုပ်ရန် တောင်နံရံကာခြင်း။ ယင်းတောင်နံရံမှာ ရေနုတ်မြောင်းနှင့် အခြားသော တုန့်ပြန်ဆောင်ရွက်ရမည့် နည်းလမ်းများ ထည့်သွင်းအကောင်အထည်မဖော်ထားသဖြင့် ရေရှည်မခံပါ။ (ဟားခါး - ဂန့်ဂေါ ကားလမ်း)*




*ပုံ (၁၇) မြေပြိုမှုထိန်းချုပ်ခြင်းဆိုင်ရာအသေးစိတ်နည်းလမ်းများ*

ဇီဝအင်ဂျင်နီယာနည်းပညာမှာ မြေသားရှိသော နေရာတွင်သာ အသုံးပြုရန် သင့်တော်ပြီး ကျောက်သား မြေမျက်နှာပြင်တွင်မူ အပင်ပေါက်ရောက်ရန် မဖြစ်နိုင်သဖြင့် ၎င်းနေရာကို အသုံးပြုလို့ မရပေ။

ပုံ (၁၈) တွင် ကျောက်သားများ ခိုင်ခံ့ရန်တည်ဆောက်ရာတွင် စရိတ်စကနည်းပါးသော နည်းလမ်းကို ရှင်းလင်း ပြထားပါသည်။




*ပုံ (၁၈) - တန်ဖိုးနည်းကျောက်တမံဖြင့် ဆင်ခြေလျှောက်စောက်များတည်ငြိမ်မှုကို ထိန်းသိမ်းပြပုံ*


## ၇.၁.၅။ စွန့်ပစ်မြေဧရိယာကို ခိုင်ခံ့အောင်စီမံခြင်း

လမ်းတည်ဆောက်ခြင်းနှင့် လမ်းတွင် မြေပြိုမှုကို ရှင်းလင်းပြီးသည့်အခါ စွန့်ပစ်မြေဧရိယာကို ခိုင်ခံ့အောင်စီမံရာတွင် အလေးထားဆောင်ရွက်သင့်ပါသည်။ မည်သည့်အစီအမံမှ မထားရှိလျှင် မြေများသည် လမ်း၏တစ်ဘက်တွင် ပုံနေပြီး (ဓာတ်ပုံ (၆) တွင် ပြထားသည့် ကလေး-ဟားခါး-ဖလမ်း ကားလမ်းအတိုင်း) ထိုမှတဆင့် မြောင်ငယ်များ ဖြစ်ပေါ်လာရပါသည်။ ဤပြဿနာကို လျော့ပါးစေရန် မြေပြိုမှုများ ကျဆင်းလာသော မြေများကို စနစ်တကျထား ရှိမှသာ မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်ပါသည်။ ချုံနှင့်မြက်များ စိုက်ပျိုးဖန်တီးခြင်းဖြင့် မြေဆီလွှာတိုက်စားမှု ကို တားဆီးနိုင်ပြီး လမ်းနံရံများဖြင့်လည်း ထပ်မံမြေပြိုမှုကို ကာကွယ်နိုင်ပါသည်။ တောင်စောင်း၏ အောက်ဘက် တလျှောက် ဂါးများစိုက်ပျိုးထားခြင်းသည် ရေရှည်တွင် သစ်ပင်စိုက်ပျိုးမှုဖြင့် အထိန်းအကွပ်ထားရှိခြင်းအသွင် ဆောင်ပါလိမ့်မည်။



*ကလေး-ဟားခါး-ဖလမ်း လမ်းပိုင်းတစ်နေရာ*

ဆောင်ရွက်သင့်သော နည်းလမ်းကို ပုံ (၉) တွင်ပြသထားပါသည်။




*ပုံ (၁၉) - မြေဆီလွှာ ထိန်းသိမ်းရန်နည်းလမ်းများ အသေးစိတ်သရုပ်ပြပုံ*

## ၇.၁.၆။ လမ်းခင်းခြင်း

ချင်းပြည်နယ်ရှိ လမ်းများ၏ မျက်နှာပြင်သည် အသုံးပြုနိုင်မှု သက်တမ်းတိုသော်လည်း ပြည့်စုံကောင်းမွန်သော ရေထိန်းစနစ် ပုံစံကောင်းဖြင့် တည်ဆောက်ထားနိုင်လျှင် ရေရှည်အသုံးခံနိုင်ကြောင်း ဆောက်လုပ်ရေးအဖွဲ့က လေ့လာတွေ့ရှိရသည်။ လမ်းမျက်နှာပြင်ကို ကတ္တရာခင်းရာတွင် ကတ္တရာကြိုရန်နှင့် လောင်းရန်အတွက် လိုအပ်သော ပစ္စည်းကိရိယာများ ဝယ်ရန်လိုအပ်ပါသည်။ ထိုပစ္စည်းကိရိယာတို့ ဝယ်ယူရာတွင် မြှုပ်နှံလိုက်ရုံဖြင့် လမ်းမျက်နှာပြင်၏ အသုံးပြုခံနိုင်မှု သက်တမ်းကို ဆွဲဆန့်ထားနိုင်ပြီး ပြုပြင်စရိတ်ကိုလည်း လျှော့ချပေးသည်။


ကတ္တရာခင်းနည်းကို အောက်ပါ ဓာတ်ပုံများတွင် ပြသထားသည်။


*အောက်ခြေအလွှာခင်းခြင်း*


*ကတ္တရာလောင်းခြင်း*

ဆောက်လုပ်ရေးအဖွဲ့အနေဖြင့် ယာဉ်အသွားအလာနည်းသည့် အချို့သော ဝေးလံခေါင်ပါးသောဒေသနှင့် မြို့များတွင် ကျောက်စရစ်လမ်းကို အသုံးပြုနိုင်ကြောင်း တွေ့ရှိရသည်။ ကျောက်စရစ်လမ်းမှာ အကြမ်းခံနိုင်ပါသည်။ ဒေသထွက်ပစ္စည်းများကို အသုံးချ၍ တည်ဆောက်နိုင်ပြီး ကျွမ်းကျင်ပညာအထူးလိုအပ်ပါသည်။ ထို့ပြင် ဤနည်းစနစ်အတွက် လုပ်အားများစွာလိုအပ်သဖြင့် အလုပ်အကိုင်အခွင့်အလမ်းကိုလည်း ဖန်တီးပေးနိုင်ပါသည်။ ထို့မှုမက

ဤနည်းလမ်းသည် သာမန်ကျောက်စရစ်လမ်းထက် ပြုပြင်ထိန်းသိမ်းစရိတ် ကုန်ကျမှုနည်းပြီး အဓိကလိုအပ်သော စက်ပစ္စည်းမှာ လမ်းကြိတ်စက်နှင့် ကျောက်တုံးများကို သယ်ယူရန် ကုန်တင်ကားတစ်စီးသာ ဖြစ်သည်။ ဆောက်လုပ်ရေးလုပ်ငန်းစဉ် အဆင့်ဆင့်ကို ပုံ (၂၈) တွင်ပြထားပါသည်။ .




*ပုံ (၂၈) - ကျောက်စရစ်လမ်းတည်ဆောက်ခြင်းလုပ်ငန်းစဉ်*



*နီပေါလ်တွင် ကျောက်စရစ်လမ်းမခင်မီနှင့် ခင်းပြီးအခြေအနေကို ပြထားပါသည်။*

### ၇.၁.၇။ ပြုပြင်ထိန်းသိမ်းခြင်း

**လမ်းပြုပြင်ထိန်းသိမ်းခြင်း** သည် လမ်းတံတားကဏ္ဍထဲတွင် ချင်းပြည်နယ်အတွက် အကြီးမားဆုံး စိန်ခေါ်မှုဖြစ်သည်။ ဆောက်လုပ်ရေးစရိတ်နှင့် ထိန်းသိမ်းရေးစရိတ်ကြီးမြင့်ခြင်းကြောင့် ဆိုးကျေ့ာသံသရာထဲတွင် ကျရောက်နေသည်။ ချင်းပြည်နယ်တွင် လမ်းဖောက်လုပ်ရေးစရိတ်အလွန်ကြီးမားရာ ဒေသစီးပွားရေးကို ပွင့်လန်းစေရန်အတွက် လိုအပ်သော လမ်းများ တည်ဆောက်နိုင်ရန် မည်သည့်အခါမှ ဘဏ္ဍာရေးအခြေအနေ ပြည့်စုံမနေပေ။ လိုအပ်သော ငွေကြေးကို ပြည်ထောင်စုအစိုးရက ချထားပေးမှုရှိသော်လည်း ကြီးမြင့်သောဆောက်လုပ်ရေးစရိတ်ကိုမူ ၎င်းတို့ သတိမမူမိကြပေ။ အင်ဂျင်နီယာများမှာ လျာထားသည့်လမ်းအရှည်မိုင်အတိုင်းခင်းနိုင်ရန် ၎င်းတို့၏ အင်ဂျင်နီယာ အတတ်ပညာဖြင့် ဆောင်ရွက်သောနည်းလမ်းထက် သုံးစွဲနိုင်သော ငွေပမာဏအတွင်းသာ ပြီးစီးလုပ်ကိုင်နိုင်သည့် နည်းလမ်းဖြင့် ဆောင်ရွက်ရပါသည်။ ထို့ကြောင့် လမ်းတည်ဆောက်ရေးကနဦးအဆင့်တွင် သေချာစွာဒီဇိုင်းဆွဲပြီး မလုပ်ဆောင်ခဲ့ရပါ။ ထိုအကြောင်းကြောင့်ပင် လမ်းပြုပြင်ရေးစရိတ် ကြီးမြင့်စေပြီး လမ်းအသစ်တည်ဆောက်ရန် ရန်ပုံငွေ နည်းပါးသွားစေ သည်။ လမ်းသစ်ဖောက်ရန် ငွေကြေးအသုံးပြုလျှင် လမ်းဟောင်းပြုပြင်မှုအတွက် အသုံး နည်းသွားပြီး ထိုလမ်းများ ပို၍ အခြေအနေဆိုးတော့သည်။

MIID ဆောက်လုပ်ရေးအဖွဲ့သည် လမ်းပြင်စရိတ်အတွက် ငွေကြေးချထား သုံးစွဲမှု မလုံလောက်သည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ပြုပြင်ရန်ရှိသည်များကို ခေတ္တဆိုင်းထားရပြီး အလုပ်ကြွေးများ များပြားလာရာ ပုံမှန်ထိန်းသိမ်း ပြုပြင်ရုံနှင့် စရိတ်စကနည်းပါးစွာနှင့် ပြီးစီးနိုင်သော အသေးစားပျက်စီးမှုလေးသည် နောင်တွင် ပျက်စီးမှုအတိုင်းအတာ ပိုများကာ ကုန်ကျစရိတ်ပိုမိုစေတော့သည်။ ထို့ကြောင့် ရေရှည်ထိန်းသိမ်းပြုပြင်ရန် နည်းလမ်းနှင့် နှစ်စဉ်ထိန်းသိမ်းပြုပြင်ရေး အစီအစဉ်တို့အတွက် ဘဏ္ဍာငွေလုံလောက်စွာ ချထားပေးသင့်ပါသည်။

### ၇.၁.၈။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုလုံခြုံရေးအစီအမံ

**သဘာဝပတ်ဝန်းကျင်နှင့် လူမှုလုံခြုံရေးအစီအမံများကို** ချင်းပြည်နယ်လမ်းတည်ဆောက်ရေးကိစ္စရပ်တို့တွင် ထည့်သွင်း မစဉ်းစားထားပါ။ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်ကဲ့သို့ အလှူရှင်များထံမှ လမ်းတည်ဆောက်ရေးအတွက် ရန်ပုံငွေလျှောက်ထားလျှင် ဤအစီအမံများ ထည့်သွင်းစဉ်းစားမှုမှာ အရေးပါလာပါသည်။ လက်ရှိ ဆောက်လုပ်ရေး လုပ်ငန်းစဉ်တွင် ဤအခြင်းအရာကို ရုတ်ချည်း ထည့်သွင်းလိုက်ခြင်းမျိုး မဖြစ်သင့်ပါ။ လမ်းအတွက် လိုအပ်သော ရန်ပုံငွေ လျှောက်ထားရန် ဤအစီအမံကို ကနဦးအဆင့်မှာပင် တင်ကြို ဆောင်ရွက်ထားသင့်ပါသည်။ ချင်းပြည်နယ် လမ်းများအားလုံး တည်ဆောက်ရေးတွင် နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီသော သဘာဝပတ်ဝန်းကျင်နှင့် လူမှု လုံခြုံရေး အစီအမံများအတွက် ဆောင်ရွက်သင့်သည်များကို ဆောက်လုပ်ရေးအဖွဲ့က အဆိုပြုထားပါသည်။ ဤအစီအမံ စတင်လိုက်သည်နှင့် တပြိုင်နက် ပြည်နယ်အစိုးရသည် လိုအပ်သော နည်းဥပဒေများ ထုတ်ပြန် ကြေညာရန် လိုအပ်ပြီး နိုင်ငံတကာအလှူရှင်အဖွဲ့များသို့လည်း မှတ်တိုင်တစ်ခု အောင်မြင်စွာစိုက်ထူနိုင်ပြီး ဖြစ်ကြောင်း အသိပေးသင့်ပါသည်။

### ၇.၁.၉။ ကုန်ကျစရိတ်သက်သာစေသောနည်းလမ်းများ

ချင်းပြည်နယ်ရှိ လမ်းများဖောက်လုပ်ပြုပြင်ထိန်းသိမ်းမှုအတွက် **ကုန်ကျစရိတ်သက်သာစေသော နည်းလမ်းများ** အထူး လိုအပ်လျှက်ရှိသည်။ ချင်းပြည်နယ်အစိုးရမှာ လမ်းအသစ်ဖောက်လုပ်ခြင်းနှင့် လမ်းအဟောင်းပြုပြင်ခြင်း အတွက် ငွေကြေးသုံးစွဲမှုကို ဘက်မျှစေရန် ခက်ခဲစွာ အစဉ်ထိန်းညှိနေရသည်။ သို့ရာတွင် ဆောက်လုပ်ရေးအဖွဲ့ သည် လမ်းပြုပြင်ထိန်းသိမ်းမှုစရိတ်ကို လျှော့ချရန် ကနဦး လမ်းတည်ဆောက်ရေး ဒီဇိုင်းရေးဆွဲသည့်အဆင့်တွင် အင်ဂျင်နီယာများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပေးရန် တင်ပြလိုပါသည်။ ထို့ပြင် အဖွဲ့သည် ကွဲပြားခြားနားသော နည်းပညာနှင့် ဆောက်လုပ်ရေးပစ္စည်းများ အသုံးပြုခြင်းဖြင့် ကုန်ကျစရိတ်လျှော့ချနိုင်သော နေရာများကိုလည်း ညွှန်ပြထားပါသည်။ ၎င်းတို့တွင်

- ကွန်ကရစ်နံရံထက် ကျောက်ထုကိုသံကွန်ယက်ဖြင့် ဖုံးအုပ်၍ တောင်နံရံတည်ဆောက်ရန်
- အသုံးပြုခံနိုင်မှု သက်တမ်းတိုပြီး လမ်းမျက်နှာပြင် ပြုပြင်ထိန်းသိမ်းရေးအတွက် ငွေကုန်ကြေးကျ များသော နေရာများတွင် ရေမြောင်းစနစ် တိုးတက်ကောင်းမွန်ရေးတွင် ပိုမိုသုံးစွဲရန်
- လမ်းခင်းရာတွင် ကတ္တရာခင်းရန် လက်လှမ်းမမီလျှင် သာမန်ကျောက်ခင်းခြင်းထက် အလယ်အလတ်ဖြစ်သော ကျောက်စရစ်ခင်းရန်

လမ်းတည်ဆောက်ခြင်းနှင့်ပုံစံရေးဆွဲခြင်းတို့တွင် စရိတ်လျှော့ချနိုင်သော အခြားသော နည်းလမ်းများကို ဇယား (၃) တွင် အနှစ်ချုပ်ဖော်ပြထားပါသည်။

| **နည်းပညာအကြံပြုချက်** | **ဆောက်လုပ်ရေးစရိတ်လျှော့ချခြင်း** | **လမ်းအသုံးပြုခံနိုင်မှု သက်တမ်း တိုးမြှင့်ခြင်း** |
|---|---|---|
| ဆင်ခြေလျှောစောက် တည်ငြိမ်ခိုင်ခံ့စေခြင်းနှင့် ဇီဝအင်ဂျင်နီယာနည်းပညာ | မြို့ပြအင်ဂျင်နီယာ နည်းပညာနှင့် ဇီဝအင်ဂျင်နီယာ နည်းပညာနှစ်ခု ပေါင်းစပ်၍ ဆောင်ရွက်ခြင်းသည် မြို့ပြအင်ဂျင်နီယာ နည်းပညာတစ်ခုထဲဖြင့် လုပ်ကိုင်ခြင်းထက် ကုန်ကျစရိတ် ၆၀% လျှော့ချနိုင်ပါသည်။ | ဇီဝအင်ဂျင်နီယာ အတတ်ပညာဖြင့် တည်ဆောက်လျှင် ပြုပြင်ထိန်းသိမ်းမှုများမှာ ငါးနှစ်အထိ သက်တမ်းခံနိုင်ပြီး မြို့ပြအင်ဂျင်နီယာနှင့် တည်ဆောက်လျှင်မူ အချိန်နှင့်အမျှ ပြုပြင်ရန် လိုအပ်နေသည်။ |
| နံရံတည်ဆောက်မှုအတွက် စျေးနှုန်းသက်သာသော ဆောက်လုပ်ရေးပစ္စည်းနှင့် နည်းပညာကို ရွေးချယ်ခြင်း | သံကွန်ယက်အုပ်ထားသည့် ကျောက်ထု နံရံသည် အင်္ဂတေကိုင်ထားသော နံရံထက် ၇၅% ကုန်ကျမှု သက်သာစေပါသည်။ | သံကွန်ယက် အုပ်ထားသည့် ကျောက်ထု နံရံ၏သက်တမ်းမှာ အင်္ဂတေကိုင်ထားသော နံရံ၏ ၇၅% ရှိပါသည်။ |
| ရေမြောင်းစနစ်နှင့် ရေထိန်းချုပ်မှုစနစ် | ရေမြောင်းနှင့် ရေထိန်းချုပ်မှုစနစ်သည် ချင်းပြည်နယ်ရှိ လမ်းများစွာအတွက် အစိတ်အပိုင်းအသစ်တစ်ခု ဖြစ်ပါသည်။ | ရေမြောင်းစနစ်နှင့် ရေထိန်းချုပ်မှု စနစ်ကောင်းသာရှိလျှင် လမ်းမျက်နှာပြင်၏ အသုံးပြုခံနိုင်မှု သက်တမ်းမှာ နှစ်ဆဖြစ်ရာ ပြုပြင်ထိန်းသိမ်းမှု စရိတ်ကိုလည်း တစ်ဝက်ခန့် လျှော့ချနိုင်ပါသည်။ |
| ကျေးရွာခြင်း ချိတ်ဆက်သော လမ်းများအတွက် ကျောက်စရစ်ခင်းလမ်း | ကျောက်စရစ်ခင်းလမ်းသည် ကတ္တရာခင်းလမ်းထက် ၆၅% ကုန်ကျစရိတ်သက်သာပြီး သာမန်ကျောက်ခင်းလမ်းထက်မှု ၂၅% ပိုမိုကုန်ကျပါသည်။ | ကျောက်စရစ်လမ်းသည် ကတ္တရာလမ်းထက် ၅၀% အသုံးပြုခံနိုင်မှု နည်းပြီး သာမန်ကျောက်ခင်းလမ်းထက်မှု ခံနိုင်မှုသက်တမ်း ၅၀% ပိုမိုပါသည်။ |

*ဇယား (၃) လမ်းတည်ဆောက်ခြင်းနှင့်ပုံစံရေးဆွဲခြင်းတို့တွင် စရိတ်လျှော့ချနိုင်သော အခြားသော နည်းလမ်းများ အနှစ်ချုပ်*

### ၇.၂။ လမ်းတည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး မဟာဗျူဟာ

နည်းဗျူဟာမှာ အောက်ပါအတိုင်းဖြစ်သည်။

လမ်းဆက်သွယ်မှု တိုးချဲ့ခြင်းအတွက် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အဓိကစီမံကိန်းတွင် မဟာဗျူဟာ ထည့်သွင်းသင့်ပါသည်။ ထို့ပြင် ၎င်းသည် ချင်းပြည်နယ်၏ ဖွံ့ဖြိုးလာသော စီးပွားရေး၊ အထူးသဖြင့် စီးပွားဖန်များ၏ လိုအပ်ချက်ကို ပြည့်မီစေရန်အတွက် စီးပွားရေးတွက်ခြေကိုက်ပြီး ဗျူဟာနည်းကျသော လုပ်ဆောင်မှု ဖြစ်သင့်ပါသည်။

ဗျူဟာ၏ ဒုတိယအချက်မှာ အသစ်တည်ဆောက်ခြင်းနှင့် ပြုပြင်ရေး အသုံးစရိတ်ကို ဘက်မျှစေခြင်းဖြစ်သည်။ ချင်းပြည်နယ်ဘတ်ဂျက်၏ တစ်ဝက်ခန့်မှာ လမ်းတည်ဆောက် ပြုပြင်ရေးစရိတ်ဖြစ်သည်။ MIID ဆောက်လုပ်ရေး အဖွဲ့သည် ပြည်သူ့လုပ်ငန်းဌာနမှ အင်ဂျင်နီယာများနှင့် တိုင်ပင်ဆွေးနွေး၍ မူလကနဦး လမ်းတည်ဆောက်ခြင်းနှင့် ရေရှည်လမ်းသက်တမ်းအတွက် နေရာများစွာတွင် ကုန်ကျစရိတ်လျှော့ချနိုင်သော နည်းလမ်းများကို ဖော်ထုတ်ခဲ့ ပါသည်။ အဆိုပါနည်းလမ်းများကို ပြည်သူ့လုပ်ငန်းဌာနအနေဖြင့် ချင်းပြည်နယ်တွင် အကောင်အထည်မဖော်မီတွင် ထိုနည်းလမ်းများ အသုံးပြုဆောင်ရွက်နေသည့် မြန်မာနိုင်ငံအခြားဒေသများသို့ သွားရောက်လည်ပတ်ကာ အခြေ အနေကို လေ့လာသင့်ပါသည်။

## ၇.၃။ လမ်းတည်ဆောက်ရေးအတွက် စီမံကိန်းအဆိုပြုချက်များ

လမ်းတည်ဆောက်ရေးအတွက် စီမံကိန်းအဆိုပြုလွှာများပြင်ဆင်ရာတွင် ဆောက်လုပ်ရေးအဖွဲ့သည် အဆိုပါကဏ္ဍ အတွက် လိုအပ်ချက်များနှင့် တည်ဆောက်ပြုပြင်ရေးတွင် အစိုးရရင်ဆိုင်နေရသော နည်းပညာနှင့်ပုံစံရေးဆွဲခြင်း အခက်အခဲများကို တုန့်ပြန်ဖြေရှင်းပေးမည့် အစီအစဉ်များ ထည့်သွင်းထားပါသည်။ စီမံကိန်းများမှာ အောက်ပါအတိုင်း ဖြစ်ပြီး အသေးစိတ်ကို အတွဲ (၂) တွင် လေ့လာနိုင်ပါသည်။ နည်းပညာနှင့်ပတ်သက်ပြီး အသေးစိတ်ကိုမူ လမ်းတည် ဆောက်မှု စာတမ်းတွင် သီခြားအကျယ်ချဲ့ ဖော်ပြထားပါသည်။

- ချင်းပြည်နယ် သယ်ယူပို့ဆောင်ရေးအတွက် အဓိကကျသော အစီအစဉ်များ ရေးဆွဲမှု စီမံကိန်း - (၁၂) လ တာ အတွက် အမေရိကန်ဒေါ်လာ ၄၉၀၀၀၀
- ချင်းပြည်နယ်လမ်းဆက်သွယ်မှုတွင် ဆင်ခြေလျှောက်စောက်များ တည်ငြိမ်ခံ့ခိုင်မှုနှင့် မြေပြိုမှု ထိန်းချုပ်ခြင်း များ တိုးတက်ကောင်းမွန်ရန် စီမံကိန်း - လေးနှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၃.၆၃ သန်း
- ချင်းပြည်နယ်အတွင်း ကျေးရွာချင်းချိတ်ဆက် လမ်းအတွက် စီမံကိန်း (မြို့နယ်သုံးခုအတွင်းရှိ လမ်းများ) - ငါးနှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၃၃ သန်း

## ၈။ ချင်းပြည်နယ် လေကြောင်းပို့ဆောင်ေ ရး - ကြုံတွေ့နေရသည့် အခြေအနေများ နှင့် အခွင့်အလမ်း

ချင်းပြည်နယ်တွင် ယခုအထိ လေယာဉ်ကွင်းမရှိသေးဘဲ မြန်မာနိုင်ငံ အခြားသောဒေသနှင့် နိုင်ငံတကာသို့ သွား ရောက်လိုသူများသည် ကလေး လေဆိပ် (သို့) ညောင်ဦး (ပုဂံ) လေဆိပ်မှ တဆင့် သွားရောက်ကြရသည်။ အုပ်ချုပ် ရေးမြို့တော်ဖြစ်သော ချင်းပြည်နယ်မှ ကလေးသို့ ရောက်ရှိရန် ခုနစ်နာရီကြာမြင့်ပြီး ချင်းပြည်နယ် တောင်ပိုင်းရှိ မင်းတပ်မှ ညောင်ဦးသို့သွားလျှင် ခုနစ်နာရီမှ ရှစ်နာရီအထိ ကြာမြင့်ပါသည်။ ထို့ကြောင့် ခရီးသွားကဏ္ဍ အတွက် လည်းကောင်း ချင်းပြည်နယ်တွင် စီးပွားရေးလုပ်ငန်း ဆောင်ရွက်လိုသူများအတွက်လည်းကောင်း ကြီးမား သော အခက်အခဲဖြစ်စေပါသည်။ စိုက်ပျိုးရေးအပြင် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ် ပေးမည့် အခြားအလားအလာရှိသော စီးပွားရေးလုပ်ငန်းများ ပြောင်းလဲလုပ်ဆောင်ရန်အတွက် မြန်မာနိုင်ငံ အခြား သော ဒေသများနှင့် နိုင်ငံတကာတို့နှင့် ချိတ်ဆက်နိုင်ရေးမှာ အရေးအကြီးဆုံး ဦးစားပေးအစီအစဉ် ဖြစ်ရပါမည်။

မြန်မာနိုင်ငံကဲ့သို့ သတ္တုတွင်းထွက်ကြွယ်ဝသော အခြားနိုင်ငံများရှိ ဝေးလံဒေသများ၏ မြို့ရွာတည်မှု အနေအထား မှာ ချင်းပြည်နယ်နှင့် အလားသဏ္ဍာန်တူသော်လည်း ၎င်းတို့တွင် လေကြောင်းဆက်သွယ်ရေးရှိပါသည်။ သို့မှသာ နိုင်ငံ တကာ သတ္တုတူးဖော်ရေး ကုမ္ပဏီများ ငှားရမ်းလုပ်ကိုင်ခွင့်နှင့် ၎င်းတို့လုပ်ငန်းအတွက် လိုအပ်သော ဝန်ဆောင်မှုများ ဖြည့်တင်းပေးနိုင်မည်ဖြစ်သည်။ ချင်းပြည်နယ် တီးတိန်မြို့နယ်တွင် သတ္တုတူးဖော်ရေးလုပ်ငန်းတစ်ခု အစပြုရန် ကြိုးပမ်းနေသဖြင့် လေကြောင်းပို့ဆောင်ရေးကို ဖန်တီးပေးသင့်ပါသည်။[၃၀].

[၃၀] နီကယ်၊ ခရိုမီယမ်၊ သံ၊ မဂ္ဂနီဆီယမ်ဒြပ်စင် တူးဖော်ရေးအတွက် တီးတိန်တွင် ရှာဖွေစမ်းသပ်မှုများ ပြုလုပ်နေသော်လည်း နည်းပညာဖြင့် တိုးမြှင့်ဆောင်ရွက်ရမည့် ကိစ္စရပ်များ ကျန်ရှိပါသည်။

ချင်းပြည်နယ်တွင် လေယာဉ်ကွင်းနှင့် လေကြောင်းဂန်ဆောင်မှု ဖြည့်တင်းပေးရန်မှာ ပြည်ထောင်စုအစိုးရနှင့် ချုပ်ဆိုသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွင် ပါဝင်ပါသည်။ ပြည်နယ်မှ မြန်မာနိုင်ငံ အခြားဒေသများသို့ လေကြောင်း ဆက်သွယ်မှု ပြုနိုင်ရန် အတွက် အစီအစဉ်များရေးဆွဲရာတွင်စီးပွားရေးအရ အကျိုးအမြတ်များပြီးဒေသလူထုအတွက် အမှန်တကယ်ထိထိရောက်ရောက် ဖြစ်စေမည့်လက်တွေ့ကျသော နည်းလမ်းများကို ပြည်နယ်အစိုးရ အနေဖြင့် လေ့လာဖော်ထုတ်သင့်ပါသည်။ ဒေသတွင်လေယာဉ်ငယ်များ ဆင်းသက်နိုင်ရန် လေယာဉ်ပြေးလမ်းများ တည်ဆောက်ပေးရန် လိုအပ်ပြီး ထိုမှတဆင့်ပြည်တွင်းလေကြောင်း လိုင်းများ ဆင်းသက်သော ကလေးနှင့် ညောင်ဦး (ပုဂံ) တို့နှင့် ချိတ်ဆက်နိုင်ပါသည်။


*လေယာဉ်ကွင်းဆောက်လုပ်ရန် သင့်တော်သောနေရာ*

ဤနည်းလမ်းကို ဆောင်ရွက်လျှင် တာဂန်ရှိသူများအနေဖြင့် (က) သေးငယ်ပေါ့ပါးသော လေယာဉ်ငယ်များ၊ (ခ) ချင်းပြည်နယ် မြို့ကြီးများ၏ မြေအမြင့်တွင် လေယာဉ်ဆင်းသပ်နိုင်မည့် ပြေးလမ်းတိုများ၊ (ဂ) ဆက်သွယ်မှု လွယ်ကူသော နေရာရွေးချယ်ခြင်း၊ (ဃ) (လေယာဉ်ပြေးလမ်းကို ချဲ့ခြင်းဖြင့်) ကုန်ကျစရိတ်အနည်းဆုံးဖြင့် တည်ဆောက်ခြင်းနှင့် လေယာဉ်ဆင်းသည်နိုင်ရန် မြေပြင်အချက်ပြမှုများ များစွာထားရှိချင်းဖြင့် လေကြောင်း ဂန်ဆောင်မှုကို ကောင်းမွန်စေခြင်း အစရှိသော အချက်များ ထည့်သွင်းစဉ်းစားရပါမည်။ ပြည်တွင်း လေကြောင်း ဂန်ဆောင်မှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် ချက်ချင်းရပ်တည်နိုင်ရန်ဟုဆိုခြင်းထက် ပေးနိုင်သော ဂန်ဆောင်မှုကို အကျဉ်းရုန်းထားခြင်းဖြင့် တည်ဆောက်ရေးအတွက် လိုအပ်သော ငွေကြေးကို ဖန်တီးနိုင်ဖွယ် ရှိပါသည်။

### ၈.၁။ လေကြောင်းပို့ဆောင်ရေးအတွက်နည်းဗျူဟာ

ချင်းပြည်နယ်တွင် လက်ရှိ မည်သို့သော ဂန်ဆောင်မှုရှိရန် လိုအပ်သည်ဆိုသော အချက်ကိုမူတည်ပြီး နည်းဗျူဟာကို ပြင်ဆင်ရပါသည်။ အောက်ပါ အကြောင်းရင်းများကြောင့် လေကြောင်းဂန်ဆောင်မှုရှိရန် လိုအပ်ပါသည်။

- ပြင်ပမှ ရင်းနှီးမြှုပ်နှံလိုသူများ ချင်းပြည်နယ်ရှိ ရောင်းဂယ်မြှုပ်နှံရန်နေရာများသို့ လာရောက်ရာတွင် အခက်အခဲမရှိဘဲ လာရောက်နိုင်ပြီး ဒေသစီးပွားရေးနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးကို အားပေးရန်
- ခရီးသွားလာမှုကို လမ်းဖွင့်ပေးရန်နှင့် ခရီးသွားကဏ္ဍတိုးတက်ရေးကို အားပေးရန် - အထူးသဖြင့် သက်ကြီးရွယ်အို ခရီးသွားများနှင့် နိုင်ငံတကာ ခရီးသွားအုပ်စုများအတွက် ဖြစ်သည်။
- ဒေသအတွင်း မဆောင်ရွက်နိုင်သော ကျန်းမာရေးအရေးပေါ် ကိစ္စကြောင့် အသက်မဆုံးရှုံးဘဲ သွားရောက်ကုသခွင့်နှုန်း မြင့်မားလာစေရန်
- ချင်းပြည်နယ်တွင် ကြုံတွေ့နေရသော ဖွံ့ဖြိုးရေးဆိုင်ရာ အခက်အခဲများကို ပါဂင်ကူညီဖြေရှင်းပေးခြင်းအားဖြင့် ပြည်ထောင်စုအစိုးရ၏ အကြီးတန်းအရာရှိတို့ အတွေ့အကြုံကောင်းများ ရရှိလာစေရန်။ ဤနည်းလမ်းအားဖြင့် ပြည်ထောင်စုအစိုးရက ချင်းပြည်နယ်အတွက် လိုအပ်သော ငွေကြေးပံ့ပိုးပေးလိုမှုစိတ်ဆန္ဒကို တိုးပွားလာစေမည်ဖြစ်သည်။

ဤလုပ်ငန်းကို လူ (၁၀) ဦးတင်နိုင်သော ရဟတ်ယာဉ်အငယ်စားဖြင့် ထိထိရောက်ရောက် စတင်ဆောင်ရွက်နိုင်ပါသည်။ ကုန်ကျစရိတ်အနည်းဆုံးနည်းလမ်းနှင့် ဂန်ဆောင်မှုကို အကောင်အထည်ဖော်လိုက်သည်နှင့် တပြိုင်နက်

ဝန်ဆောင်မှုတိုးချဲ့ခြင်းဖြင့် စီးပွားရေးအခွင့်အလမ်းများ ဆပွားတိုးလာနိုင်ကြောင်းကို လုပ်ငန်းရှင်များဘက်ကလည်း သုံးသပ်မိလာနိုင်ပါသည်။ ထို့ကြောင့် ၎င်းတို့လိုလားချက်များ ပြည့်မီရေးအတွက် လေယာဉ်ပြေးလည်း တိုးချဲ့ရေးကဲ့သို့သော ကိစ္စရပ်များတွင် ၎င်းတို့ကိုယ်တိုင် ပါဝင်ထည့်ဝင်မှုများ ရှိလာနိုင်ပါသည်။

### ၈.၂။ ချင်းပြည်နယ်တွင်း လေကြောင်းဆက်သွယ်မှုအတွက် စီမံကိန်းအဆိုပြုချက်များ

- မြန်မာနိုင်ငံအနှံ့အပြားနှင့်ဆက်သွယ်သော ပြည်တွင်းလေကြောင်းလိုင်းနှင့် ချိတ်ဆက်မိနိုင်သည့် လေကြောင်းဝန်ဆောင်မှုကို ချင်းပြည်နယ်တွင် ပံ့ပိုးပေးခြင်းအားဖြင့် ရရှိလာနိုင်သော စီးပွားရေးအလား အလာနှင့် လုပ်ငန်းဖြစ်နိုင်ချေကို တွက်ချက်ဆုံးဖြတ်နိုင်မည့် စီမံကိန်း - **ခြောက်လတာ ကာလအတွက် အမေရိကန်ဒေါ်လာ ၃၅၀၀၀၀**

## ၉။ လျှပ်စစ်မီး - တွေ့ကြုံ နေ ရ သည့် အခြေအနေနှင့် အခွင့်အလမ်းများ

ချင်းပြည်နယ်တွင် လျှပ်စစ်ဓာတ်အားရရှိမှု အလွန်နည်းပါးပါသည်။ ယေဘုယျအားဖြင့် မြို့ကြီးများသို့ ဓာတ်အား လိုင်းသွယ်တန်းနိုင်မှုမှာ အကန့်အသတ်ဖြင့်သာ တည်ရှိပြီး များသောအားဖြင့် ပေးဝေနိုင်မှုထက် လိုအပ်နေမှုက ပိုမို နေသော အနေအထားဖြစ်ပါသည်။ မြို့များတွင် လက်ရှိပေးဝေနေသော လျှပ်စစ်ဓာတ်အားမှာ အသေးစား ရေအား လျှပ်စစ်စီမံကိန်းများထံမှ ရပြီး ၎င်းတို့သည် မိုးရာသီတွင် အဆင်ပြေသော်လည်း နွေရာသီတွင် စမ်းများ ခမ်းခြောက် ကုန်၍ ရေမရသဖြင့် ဓာတ်အားပေးဝေနိုင်မှုကို လျှော့ချလိုက်ရသည်။

ဟားခါး ပြင်ပရှိမြို့အများစုမှာ ၂၄ နာရီမီးရရှိရေးအတွက် လိုအပ်သောဓာတ်အားကို မရရှိကြပါ။ မီးရရှိမည့် အချိန်များ သတ်မှတ်ထားလျှက်ပင် မကြာခဏ ဓာတ်အားပြတ်တောက်မှုများ ရှိပါသည်။ စီးပွားရေးနှင့် အသေးစားစက်မှု လုပ်ငန်းများ လည်ပတ်နိုင်ရန် အားကိုးထိုက်သော လျှပ်စစ်မီးပေးဝေမှု လိုအပ်ပြီး များသောအားဖြင့် ၂၄ နာရီပတ်လုံး ပေးနိုင်လျှင် ပိုမိုထိရောက်မှုရှိသည်။ သို့ဖြစ်ပါ၍ ချင်းပြည်နယ်တွင် လျှပ်စစ်မီးမရရှိမှုသည် ဒေသဖွံ့ဖြိုးရေးအတွက် အဟန့်အတားတစ်ခုဖြစ်နေပါသည်။

MIID ဆောက်လုပ်ရေးအဖွဲ့အနေဖြင့် ချင်းပြည်နယ် မြို့ကြီးများ၏ လျှပ်စစ်ပေးဝေမှု စနစ်ကို လေ့လာပြီး ကျေးရွာတစ်ပိုင်တစ်နိုင် လျှပ်စစ်ပေးဝေရေး စီမံကိန်းတို့ကိုလည်း ဆန်းစစ်ခဲ့ကြပါသည်။ *တွေ့ရှိချက်အသေးစိတ်ကို အခြေခံအဆောက်အအုံ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။* အဖွဲ့အနေဖြင့် လေ့လာခဲ့ရသော ဟားခါးမြို့၏ တွေ့ကြုံနေရသော အခြေအနေများကို အောက်တွင် အနှစ်ချုပ်ဖော်ပြထားပါသည်။

### ၉.၁။ လေ့လာ တွေ့ရှိ ချ က် - ဟားခါးမြို့တော်သို့ လျှပ်စစ်ဓာတ်အားပေးဝေ မှု

ဟားခါးမြို့တော်သို့ ပေးဝေနေသော ဓာတ်အားများကို မြို့တော်၏ မြောက်ဘက် မိုင် ၂၀ အကွာတွင် ရှိသော လိုင်ဗားဆည် ရေအားလျှပ်စစ်နှင့် ဒေါန်ဗား ရေအားလျှပ်စစ်တို့မှ ရရှိပါသည်။ လိုင်ဗာရေအားလျှပ်စစ်မှ ကီလိုဝပ် ၆၀၀ ထုတ်လုပ်နိုင်ပြီး ဒေါန်ဗားမှ ကီလိုဝပ် ၄၀၀ ထုတ်လုပ်နိုင်ပါသည်။ ၎င်းမှရရှိသော ဓာတ်အားများသည် ဟားခါးမြို့နယ် အတွင်းရှိ ရပ်ကွက် (၅) ခု၊ ကျေးရွာ (၅) ခုနှင့် ထန်တလန်မြို့နယ်အတွင်းရှိ ရပ်ကွက် (၂) ခုနှင့် ကျေးရွာ (၃) ခုကို ပေးဝေနိုင်ပါသည်။ ဓာတ်အားမှာ မလုံလောက်သောကြောင့် ရပ်ကွက်နှင့် ကျေးရွာများကို အလှည့် ကျစနစ်ဖြင့်သာ မီးပေးဝေရပါသည်။

၂၀၁၄ ခုနှစ်၊ ဇူလိုင်လမှစတင်ပြီး ဟားခါးမြို့ (ချင်းပြည်နယ်၏မြို့တော်)မှာ နိုင်ငံတော်ပင်မဓာတ်အားလိုင်းနှင့် ချိတ်ဆက်မိရာ ပြည်ထောင်စုအစိုးရက တာဝါတိုင်များ၊ ဓာတ်အားပို့လိုင်းများနှင့် ရုံးခွဲများတည်ဆောက်ပေးခြင်းဖြင့် ယခုအခါ ၂၄ နာရီပတ်လုံး မီးရရှိနေပြီဖြစ်ပါသည်။

ဟားခါးမြို့တော်ကို နိုင်ငံတော်လျှပ်စစ်ပေးဝေမှုနှင့်ချိတ်ဆက်ပေးသကဲ့သို့ လိုင်ဗားဆည်ကိုရေသိုလှောင်နိုင်မှုပမာဏ တိုးတက်ရန် ပေ (၃၀) ခန့်တိုးချဲ့ခြင်းဖြင့် ဓာတ်အားဖြန့်ဖြူးမှု တိုးပွားလာစေရန် စီစဉ်လျက်ရှိပါသည်။ ထို့ပြင် နှစ်စဉ် လိုင်ဗာချောင်းမှ ရေစီးဝင်မှု ၇၃၆၀ ကေပေ ရှိပြီး ဆည်မှ သိုလှောင်ထားနိုင်မှုမှာ ၁၉၅၄ ကေပေသာ ရှိသဖြင့် ဆည်ကို တိုးချဲ့လိုက်ခြင်းဖြင့် ပိုလျှံသော ရေများမှ ထုတ်ယူနိုင်သော ဓာတ်အားဖြင့် နွေရာသီတွင် လျှပ်စစ်မီးပေး ဝေနိုင်မည် ဖြစ်ပါသည်။ JICA က ယခုအခါ အဆိုပါစီမံကိန်းအတွက် လုပ်ငန်းဖြစ်နိုင်ချေများကို လေ့လာသုံးသပ် လျှက်ရှိသည်။ ထို့ပြင် ဟားခါးမှ ခုနစ်မိုင်ခန့်ကွာဝေးသော သီးမြစ်ချောင်းတွင် ရေလှောင်ဆည်တစ်ခု တည်ဆောက် ရေးအတွက်လည်း JICA က လေ့လာလျှက်ရှိပါသည်။ အဆိုပါ စီမံကိန်းသည် ရေသွင်းစိုက်ပျိုးရေးနှင့် ဓာတ်အား ထုတ်ယူရေး နှစ်ခုစလုံးအတွက် ရည်ရွယ်ပါသည်။

နိုင်ငံတော်ပင်မဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရခြင်းကြောင့် ဟားခါးမြို့၏ လျှပ်စစ်လိုအပ်မှုကို ဖြည့်ဆည်း နိုင်လျှင် တောင် လိုင်ဗားဆည်နှင့် သီးမြစ်ချောင်း ရေအားလျှပ်စစ်စီမံကိန်းကို တိုးချဲ့တည်ဆောက်ခြင်းဖြင့် စီးပွားရေးအရ အလားအလာ ကောင်းများ ဖန်တီးနိုင်ကြောင်းကို ထုတ်ဖော်ပြသရန် လိုအပ်သည်။ လတ်တလောတွင် အဆိုပါ စီမံကိန်းတစ်ခု (သို့) နှစ်ခုစလုံးတွင် မြှုပ်နှံရန်သင့်ပြီး ပြန်လည်အသုံးပြုနိုင်သော ပြည့်မြိုစွမ်းအင်ကို တိုးချဲ့ရယူ ထားခြင်းဖြင့် လျှပ်စစ်ဓာတ်အား အသုံးများသည့်ရာသီများတွင် နိုင်ငံတော်ဓာတ်အားလိုင်းမှ ဓာတ်အားပေးဝေမှု ခေတ္တရပ်ဆိုင်း ထားလျှင်တောင် ဒေသဓာတ်အားဖြင့် ဆက်လက်လည်ပတ်နိုင်ပါသည်။ ထို့ပြင်ရေများကို လျှပ်စစ် ဓာတ်အား ထုတ်လုပ်ခြင်းအတွက်နည်းတူ ရေသွင်းစိုက်ပျိုးရေးအတွက်လည်း သိုလှောင်ထားနိုင်ပါလိမ့်မည်။

လျှပ်စစ်ကဏ္ဍတိုးတက်ရေးကို အပစ်အခတ်ရပ်စဲရေးစာချုပ်တွင် ထည့်သွင်းထားရာ ပြည်ထောင်စုအစိုးရအနေဖြင့် ချင်းပြည်နယ်ရှိ အခြားသောနေရာများသို့ပါ တိုးချဲ့ပြီး နိုင်ငံတော်ပင်မဓာတ်အားလိုင်းနှင့်ချိတ်ဆက်ပေးထားခြင်းဖြင့် ၎င်းတို့၏ ကတိတည်မှုကို ပြသရန်ကြိုးပမ်းနေပါသည်။ သို့ရာတွင် ကျေးလက်ဒေသများသို့ ပင်မဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရာမှာ ပထဝီအနေအထားရသော်လည်းကောင်း စီးပွားရေးတွက်ခြေကိုက်မှုအရသော်လည်းကောင်း မဖြစ်နိုင်ပါ။ လူနေထိုင်မှုမှာ ပြန့်ကျဲနေပြီး မြေမျက်နှာသွင်ပြင်မှာလည်း ကြမ်းတမ်းမတ်စောက်လွန်းသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကျေးလက်ဒေသအများစုမှာ ၎င်းတို့၏ ဓာတ်အားလိုအပ်ချက်ကို ဒေသနည်းနာဖြင့်သာ ဖြေရှင်းသင့်ပါသည်။ ပြည်နယ်၏ နေရာများစွာတို့တွင် အသေးစားရေအားလျှပ်စစ် စီမံကိန်းများ ဆောင်ရွက်ရန် အလားအလာကောင်းများရှိပါသည်။ အလှူရှင်နှင့် ပြည်ပရောက် ချင်းလူမျိုးတို့၏ အကူအညီဖြင့် ရပ်ရွာဒေသ တော်တော်များများတွင် ထိုသို့သော အသေးစားစီမံကိန်းများ ထူထောင်ပြီးဖြစ်ပါသည်။

ဓာတ်အားထုတ်လုပ်မှု တိုးတက်ရေးနှင့် ပင်မဓာတ်အားလိုင်း တိုးချဲ့နိုင်ရေးမှာ ပြည်ထောင်စုအစိုးရ၏ ဦးစားပေး အစီအစဉ်ဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ကလည်း ပြည့်မြိုစွမ်းအင်နှင့် ပုံမှန်နည်းဖြင့် စွမ်းအင် ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းတို့အတွက် နည်းပညာနှင့် ချေးငွေများ ပံ့ပိုးပေးရန် သဘောတူညီပြီးဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်လျှပ်စစ်ဓာတ်အားစီမံကိန်းကို စတင်နေပြီဖြစ်သည်။ ထိုလုပ်ဆောင်ချက် အတွက် ပြည့်စုံကောင်းမွန်သော နည်းဗျူဟာ၊ စီးပွားရေးအကွက်အကွင်းကျရာ အဓိကနေရာများသို့ ဓာတ်အားပို့ လွှတ်နိုင်ရေး၊ လိုအပ်သောရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာရေးဖြည့်တင်းနိုင်သော နည်းလမ်းများ၊ ကောင်းမွန် ထိရောက် သော အဖွဲ့အစည်းဆိုင်ရာမူဘောင်များ၊ ကျွမ်းကျင်အရည်အသွေး၊ ကျား၊ မ လူမှုကဏ္ဍ အကာကွယ် အပါအဝင် လူ့အဖွဲ့အစည်းအတွင်းရှိ အလွှာများအားလုံးအပေါ်သို့ လူမှုစီးပွားရေး သက်ရောက်မှုနှင့် ဆင်းရဲနွမ်း ပါးသူတို့ လျှပ်စစ်မီးရရှိရေးတွင် လက်လှမ်းမီနိုင်မှုတို့ကို ထည့်သွင်းစဉ်းစားရပါမည်။ ချင်းပြည်နယ်အစိုးရအနေဖြင့် ထိုလုပ် ဆောင်ချက်များတွင် အပြည့်အဝ ပါဝင်ဆောင်ရွက်ရန်လိုအပ်ပြီး အမျိုးသားစီမံကိန်းအတွက် အဆုံးသတ် အစီရင်ခံ စာပေးပို့ရာတွင်လည်း အဆိုပါလိုအပ်ချက်များကို ထည့်သွင်း ဖော်ပြသင့်ပါသည်။

ပြည်ထောင်စုအစိုးရက ဒေသဖွံ့ဖြိုးရေးကို တိုးချဲ့လုပ်ဆောင်နေသကဲ့သို့ ချင်းပြည်နယ်အစိုးရအနဖြင့်လည်း အဆိုပါ လုပ်ငန်းစဉ်တွင် ပါဝင်နိုင်မှုနှင့် လိုအပ်သော ရန်ပုံငွေအတွက် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် JICA ကဲ့သို့သော အလှူရှင်ကြီးများနှင့် ချိတ်ဆက်ထားနိုင်မှု သေချာစေရန် အရေးကြီးပါသည်။ အလားတူ ရန်ပုံငွေ ပေးသည့် အဓိက အဖွဲ့အစည်းများ လိုလားသော ရွေ့ပြေးဆောင်ရွက်ချက်များကိုလည်း အကောင်အထည် ဖော်ထားသင့်ပါသည်။

ချင်းပြည်နယ်သည် ပြည့်မြဲစွမ်းအင်ထုတ်လုပ်ခြင်း၊ အထူးသဖြင့် ရေအားလျှပ်စစ်စီမံကိန်းများ လုပ်ကိုင်ရန် အထူးသင့်တော်ပါသည်။

## ၉.၂။ ပြန်လည်ပြည့်ဖြိုး မြဲစွမ်းအင်

ချင်းပြည်နယ် ကျေးလက်ဒေသများတွင် လူနေထိုင်မှု ကျဲပါးပြီး နေရာဒေသတစ်ခုတွင် လျှပ်စစ်ဓာတ်အား အသုံးပြုသူဦးရေ အလွန်နည်းပါးသောကြောင့် နိုင်ငံတော် ပင်မဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရာတွင် ကုန်ကျစရိတ် အလွန်များပြားသဖြင့် ပြည့်မြဲစွမ်းအင်ထုတ်လုပ်ရန်ကိုသာ ရွေးချယ်ကြသည်။

ချင်းပြည်နယ်တွင် အသေးစားရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ရန် အလားအလာကောင်းများ ရှိပြီး လက်ရှိတွင်လည်း အောင်မြင်စွာ လည်ပတ်နေသော ပုဂ္ဂလိကပိုင် ရေအားလျှပ်စစ်လုပ်ငန်းများစွာရှိပါသည်။ ထို့ပြင် လေဒဟတ်များနှင့် ဆိုလာပြားများ တပ်ဆင်ခြင်းဖြင့် လေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင် တို့ ထုတ်လုပ်ရန် အခွင့်အလမ်းကောင်းများ ရှိပါသည်။ ပြည့်မြဲစွမ်းအင်ထုတ်လုပ်ခြင်းနှင့် ပြည့်မြဲစွမ်းအင်ဖြင့် ကျေးရွာမီးလင်းရေးတို့တွင် နိုင်ငံတကာစိတ်ဝင်စားမှုများ မြင့်တက်နေပါသည်။ အဆိုပါစီမံကိန်းအတွက် လိုအပ်သော အထောက်အပံ့များ ရရှိစေရန် ပြည်နယ်အစိုးရအနေဖြင့် "လုပ်ငန်းဖြစ်နိုင်ချေအကြိုလေ့လာမှု" အဆင့် သဘောတရားရေးရာစာတမ်းပြင်ဆင်ရာတွင် ဗျူဟာနည်းကျရန်လိုအပ်ပြီး၊ အဆိုပါစာတမ်းကို ပြည့်မြဲစွမ်းအင် ကဏ္ဍတွင် စိတ်ပါဝင်စားနေသော အလှူရှင်များထံသို့ ပေးပို့သင့်ပါသည်။ အထူးသဖြင့် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအတွက် လူမှုဘဝသက်ရောက်မှုများကိုလည်း အလေးထားရန် ထည့်သွင်းစဉ်းစားရန် လိုပါသည်။ ဥပမာ - ကျန်းမာရေးဆေးပေးခန်းများအတွက် အအေးခန်းသိုလှောင်မှု၊ ကလေးငယ်များ စာကြည့်ရန်အတွက် နေအိမ်လျှပ်စစ်မီးနှင့် အင်တာနက်ဖြင့် ချိတ်ဆက်ထားသော အီလက်ထရောနစ် စာသင်ခန်းများ အစရှိသည်တို့ဖြစ်သည်။

## ၁၀။ ရေရရှိမှု- တွေ့ကြုံနေရသ ည့် အခြေအနေနှင့် အခွင့်အလမ်းများ

ချင်းပြည်နယ်တွင် နှစ်စဉ်ပျမ်းမျှ မိုးရွာသွန်းမှု ၇၄ လက်မ (၁၈၈၀ မီလီမီတာ) ရှိသဖြင့် ရေပြတ်လပ်မှု မရှိသင့်ပါ။ သို့သော် ရာသီအလိုက်မိုးရွာသွန်းမှု မမှန်ခြင်းနှင့် မိုးရေလှောင်ရန် အဆောက်အအုံများ မရှိသဖြင့် ရေပြတ်လပ်မှုနှင့် ကြုံတွေ့ရပါသည်။ ချင်းပြည်နယ်အတွက် အဓိက ရေအရင်းအမြစ်မှာ သဘာဝစမ်းရေအိုင်နှင့် စမ်းချောင်းများမှ လျှံကျလာသော ရေများဖြစ်ပါသည်။ သဘာဝစမ်းရေအိုင်နှင့် စမ်းချောင်းမှ ရေရနိုင်မှုမှာ လျော့ကျလာရခြင်းမှာ ဒေသကျွမ်းကျင်ပညာရှင်များက သစ်တောပြုန်းတီးမှုနှင့် ကမ္ဘာကြီးပူနွေးလာမှုတို့ကြောင့် ဖြစ်ကြောင်း ခန့်မှန်းကြပါသည်။ ရလဒ်အားဖြင့် နွေရာသီတွင် အသေးစားရေအားလျှပ်စစ်လုပ်ငန်းများ၊ ရေသွင်းစိုက်ပျိုးမှု စီမံကိန်းများနှင့် အိမ်တွင်းသုံးရေတို့အတွက် ပြတ်လပ်မှုများ ကြုံတွေ့ရပါသည်။

ပြည်နယ်အပုမ်းရှိ မြို့နှင့် ကျေးရွာအချို့တွင် ၎င်းတို့နေအိမ်အတွက် သုံးရေရရှိစေရန် ရေရရှိမှုအစီအမံများ ပြုလုပ်ထားသော်လည်း ၎င်းတို့လိုအပ်ချက်ကို ပြည့်မီအောင် မရကြပါ။ အများအားဖြင့် ၎င်းတို့သည် စမ်းရေအိုင် (သို့) စမ်းချောင်းများနှင့် အိမ်တွင်း သိုလှောင်ကန် (သို့) ရေကန်ကို ရေပိုက်များနှင့် သွယ်တန်းပြီး ရေရယူသော စနစ်ကို သုံးပါသည်။ အများစုမှာ နီးစပ်ရာ မြစ်ချောင်းများတွင် ပုံးဖြင့် သွားရောက်၍ ရေခပ်ယူသုံးစွဲရပါသည်။

ဆောက်လုပ်ရေးအဖွဲ့သည် ပြည်နယ်ရှိ မြို့ရွာများစွာတို့၏ ရေရရှိမှုအခြေအနေနှင့် လက်ရှိပေးဝေမှုနှင့် လိုအပ်မှု အခြေအနေ၊ ထို့ပြင် ပေးဝေမှုကို တိုးတက်ရန်နည်းလမ်းအဆင့်ဆင့်တို့ကို သုံးသပ်လေ့လာခဲ့ကြပါသည်။ ဟားခါး မြို့နယ်၏ အခြေအနေကို သုံးသပ်လေ့လာမှုကို အောက်တွင် ဖော်ပြထားပါသည်။ အခြားသော မြို့ရွာများ အခြေအနေကို အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဆိုင်ရာ အစီအရင်ခံစာတွင် အသေးစိတ် ဖော်ပြထားပါသည်။

### ၁၀.၁။ လေ့လာတွေ့ရှိချက် - ဟားခါး

ဟားခါးမြို့တော်တွင် လူဦးရေ ၂၅၆၆၇ ဦးနေထိုင်ပြီး ရေကို မြို့အနီးဝန်းကျင်ရှိ သဘာဝစမ်းရေအိုင် ၁၇ ခု ဆီမှ ရယူပေးဝေပါသည်။ အဆိုပါစမ်းရေအိုင်များထံမှ ရေကို ရေလှောင်ကန် ၁၄ ခုထံသို့ (စုစုပေါင်း ၂၂၁၄၅၀ ဂါလံဆံ့သည်) ပိုက်များဖြင့် သွယ်တန်းရယူပြီး ထိုမှတဆင့် ရေရယူနိုင်သော နေရာ (သို့) အချို့သောလုပ်ငန်းနှင့် နေအိမ်များသို့ တိုက်ရိုက်ပို့လွှတ်ပေးပါသည်။ လူတစ်ယောက်လျှင် တစ်နေ့လျှင် ရေဂါလံ ၂၀ လိုအပ်သည်ဟု ခန့်မှန်းဟာ ဟားခါးမြို့အတွက် တစ်နေ့တာ ရေလိုအပ်မှုမှာ ၅၁၃၀၀၀ ဂါလံဖြစ်ပါသည်။ သို့ရာတွင် ခြောက်သွေ့ရာသီတွင် နေ့စဉ် ၂၁၈၀၀၀ ဂါလံသာ ဖြန့်ဝေနိုင်သည့်ဖြစ်၍ ဂါလံပေါင်း ၁၉၅၀၀၀ ခန့် ပြတ်လပ်နေပါသည်။

အဆိုပါ ပြတ်လပ်မှုကို တုန့်ပြန်ဖြေရှင်းရန် ဟားခါး၊ စည်ပင်သာယာရေးရာကော်မတီနှင့် စည်ပင်ရေးရာဌာတို့ ပူးပေါင်းပြီး အောက်ဖော်ပြပါ ရေပေးဝေမှုစီမံကိန်းများ အကောင်အထည်ဖော်ရန် ကြိုးပမ်းလျှက်ရှိသည်။

**ဟားခါးမြို့တော်မှ ငါးမိုင်အကွာရှိ ဆာကျွန်း (Sacuan va)စမ်းရေအိုင်**

ဟားခါးမြို့တော်အတွင်းရှိ ဂါလံ ၁၅၀၀၀ ဆန့် သိုလှောင်ကန်သို့ 30 HP pump များဖြင့် ရေရယူပါမည်။ ထို့အတွက် ဘတ်ဂျက်အသုံးစရိတ်မှာ မြန်မာကျပ်ငွေ ၅၄.၅ မီလျံ ဖြစ်ပါသည်။

**ရေအားလျှပ်စစ် ပိုမိုထုတ်လုပ်နိုင်ရေးအတွက် လိုင်ဖားဆည်အမြင့်ကို တိုးချဲ့ရန်**

ရေများကို နေအိမ်သုံးရေအတွက် ပံ့ပိုးပေးသင့်ပါသည်။ ရေအားလျှပ်စစ်စီမံကိန်းမှာ လေ့လာဆဲဖြစ်ပြီး JICA ကလည်း နေအိမ်သုံး ရေပေးဝေမှုစနစ် လုပ်ငန်းဖြစ်နိုင်ခြေများကို လေ့လာလျှက်ရှိပါသည်။ သီးမြစ်ချောင်းသည် ဟားခါးမြို့မှ ခုနစ်မိုင် အကွာတွင် တည်ရှိပြီး ထိုနေရာတွင် စပါးစိုက်လယ် ဧက ၁၅၀ ကို ရေပေးသွင်းနိုင်ပြီး ဟားခါးမြို့သို့ ရေစုပ်စက်အသုံးပြုပြီး သုံးရေပေးဝေရန်အတွက် လိုအပ်သော ဓာတ်အားကို ထုတ်လုပ်ပေးနိုင်သော မြစ်ရေတင်စီမံကိန်းတစ်ခု တည်ဆောက်ရန် စီစဉ်နေပါသည်။ ထိုစီမံကိန်းမှာလည်း လေ့လာဆဲအဆင့်တွင် ရှိပါသည်။

ပြည်နယ်အစိုးရ၏ နှစ်စဉ်ဖွံ့ဖြိုးရေးစီမံကိန်း ၂၀၁၄/၂၀၁၅ တွင် တီးတိန်ရှိ ပွန်ပီးချောင်း၊ တွန်းဇံရှိ ဗျဲလ်ကျန်၊ ထန်တလန်ရှိ ငါဆစ်ချောင်း၊ ဟားခါးရှိ ဟရာန်ဟော၊ ကန်ပက်လက်ရှိ ရဲလောင်းချောင်း၊ မတူပီရှိ တလာဖားနှင့် မင်းတပ်ရှိ မူလောင်းချောင်းတို့တွင် သောက်သုံးရေပေးဝေမှု တိုးတက်ကောင်းမွန်စေရန်အတွက် ပံ့ပိုးပေးမှုကို ထည့်သွင်းထား ပါသည်။ ထို့ပြင် ကျေးလက်ဖွံ့ဖြိုးရေးဌာနသည် ကျေးရွာ ၃၅ ရွာသို့ သောက်သုံးရေဖြန့်ဝေပေးရေး စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ကူညီပေးပါမည်။ ၎င်းအစီအစဉ်တွင် စမ်းများမှ ရေကို သိုလှောင်ရန် အတွက် မြေသားရေကန် ငါးခုနှင့် သိုလှောင်ကန် ၃၀ ခုတို့ တည်ဆောက်ရေး ပါဝင်ပြီး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ ထို့ပြင်နယ်စပ်နှင့် တိုင်းရင်းသားရေးရာ ဌာနကလည်း ကျေးရွာများ သောက်သုံးရေရရှိရေးအတွက် မြန်မာကျပ်ငွေ ကျပ်သန်းပေါင်း ၂၂၅ မီလျံ (အမေရိကန်ဒေါ်လာ ၂၃၀၀၀၀) မြှုပ်နှံ ဆောင်ရွက်ပါလိမ့်မည်။

### ၁၀.၂။ ကျေးလက်ဒေသ ရေရရှိမှု


ချင်းပြည်နယ်တွင် အထူးသဖြင့် ကျေးလက်ဒေသများ၌ ရေကြောင့်ဖြစ်ပွားသော ရောဂါ (အများအားဖြင့် အူရောင်ငန်းဖျား) ဖြစ်ပွားမှု မြင့်တက်နေပါသည်။ လူထုကို အထူးသဖြင့် ကလေးများကို အန္တရာယ်ပြုစေရုံမက စီးပွားရေး ထိခိုက်မှုများကိုလည်း ဖြစ်ပေါ်စေပါသည်။ လုပ်သားထုတ်လုပ်မှု ကျဆင်းခြင်းနှင့် ကျန်းမာရေးကဏ္ဍတို့ အတွက် ကုန်ကျစရိတ်များခြင်းနှင့် ဖိအားတိုးလာခြင်း အစရှိသည်တို့မှာ နမူနာပြစရာ အကြောင်းများ ဖြစ်ပါသည်။ ထိုပြဿနာ ၏ ဇစ်မြစ်မှာ သန့်ရှင်းသောရေကို မရရှိခြင်း၊ သင့်တော်သော အိမ်သာအစီအမံမရှိခြင်းနှင့် လူ့အညစ် အကြေးစွန့် ထုတ်မှုကို ကောင်းစွာ မစီမံနိုင်ခြင်းတို့ကြောင့် ဖြစ်သည်။

နှစ်ပေါင်းများစွာ ကြာပြီးသည့်နောက်တွင် UNICEF, UNDP, JICA နှင့် အခြားသော အလှူရှင်များက ချင်းပြည်နယ် ကျေးလက်ဒေသများတင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကူညီထောက်ပံ့လာကြပါသည်။ ထိုစီမံကိန်း ကျေးရွာများတွင် အကျိုးခံစားရမှုရှိသော်လည်း ကျေးရွာအများစုမှာ စီမံကိန်းတွင် မပါဝင်ကြပါ။ အကောင်အထည် ဖော်သော စီမံကိန်းများကိုလည်း ထိန်းသိမ်းရန်နှင့် အကြီးစားပြင်ဆင်မှုများ ပြုလုပ်ရန် လိုအပ်လျှက်ရှိသည်။

အစိုးရ၏ကျေးလက်ဒေသ လူထုသုံးရေရရှိမှု တိုးတက်ရန် ထောက်ပံ့ကူညီမှုကို စိုက်ပျိုး၊ မွေးမြူရေးနှင့် ကျေးလက် ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာနလက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဌာနက တာဝန်ယူဆောင်ရွက် ပေးရပါသည်။ ၎င်းမှာ ပြည်ထောင်စုအစိုးရ၏ ဆင်းရဲနွမ်းပါးမှု ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဆင်ရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။၂၀၁၄/၂၀၁၅ ခုနှစ်တွင် ချင်းပြည်နယ်သည် အဆိုပါ အစီအစဉ်အတွက် မြန်မာကျပ်ငွေ ငါးဘီလျံ (အမေရိကန်ဒေါ်လာ ၅.၁ မီလျံ) ဘတ်ဂျက်ချထားပေး ခံရပြီး၊ ထိုရန်ပုံငွေများကို ကျေးလက်ဒေသနေ လူထု၏ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်စေရေးအတွက် ကျေးရွာရေရရှိရေးအတွက် အသုံးပြုမည် ဖြစ်ပါသည်။

ဆင်းရဲနွမ်းပါးမှု ရန်ပုံငွေ အသုံးချရေးအတွက် မြို့နယ်နှင့် ကျေးရွာအဆင့်များတွင် ကော်မတီများ ဖွဲ့စည်းထားပါ သည်။ ကျေးရွာရေရရှိရေးကော်မတီသည် ကျေးရွာစီမံအုပ်ချုပ်ရေးကော်မတီနှင့် ပူးပေါင်းပြီး ရေရရှိရေး အဆိုပြု လွှာများကို ပြင်ဆင်ကာ မြို့နယ်ဖွံ့ဖြိုးရေး ကော်မတီသို့ ပေးပို့ရပါသည်။ မြို့နယ်တွင် ရေပေးဝေရေးအတွက် နှစ်စဉ် စီမံချက်နှင့် ဘတ်ဂျက်အသုံးစရိတ်ရှိပြီး၊ မည်သည့်ကျေးရွာမဆို အဆိုပြုလွှာများကို လုပ်ငန်းအစီအစဉ်နှင့် ကုန်ကျ စရိတ်တို့နှင့်အတူ ပေးပို့ရပါသည်။ ယေဘုယျအားဖြင့် မြို့နယ်မှ ချထားပေးသော ရန်ပုံငွေမှာ ကျေးရွာများရှိ ရေသို လှောင်ကန်များသို့ ပိုက်ဖြင့်ရေသွယ်တန်းရယူခြင်း ကုန်ကျစရိတ်ကို ဖြည့်တင်းပေးနိုင်ပါသည်။

ရေရရှိရေးအစီအမံများ တိုးတက်ကောင်းမွန်သွားသော ရွာများ၏ ရေရယူသော အရင်းအမြစ်မှာ သဘာဝစမ်းရေအိုင် များမှ ဖြစ်ပါသည်။ သိုလှောင်ကန်များထဲသို့ ရေကို ပိုက်လိုင်း (သို့) မြောင်းဖြင့် သွယ်ယူပါသည်။ တစ်ခါတစ်ရံ ကျေးရွာတွင်းရှိ ရေပေးဝေရေးနေရာသို့ တိုက်ရိုက်ပေးပို့ပါသည်။ ကျေးရွာလူထုမှာ ရေရယူနိုင်သော ရေဘုံပိုင်များ တွင် လျှော်ဖွပ်ခြင်း၊ တစ်ကိုယ်ရည်သန့်ရှင်းခြင်းများ ပြုလုပ်ကြပြီး ရေကို အိမ်သို့လည်း ယူငင်ကြပါသည်။





ဓာတ်ပုံ (၁၂) နှင့် (၁၃) ကျေးရွာရေသိုလှောင်ကန်၊ ဖြန့်ဝေစနစ်နှင့် အကြောင်းမျိုးစုံအတွက် အသုံးပြုနိုင်သော ရေဘုံပိုင်များ

ဆောက်လုပ်ရေးအဖွဲ့မှာ သုတေသနအတွင်းတွင် ကျေးရွာ အိမ်သုံးရေရရှိရေး စနစ်များစွာကို လေ့လာခဲ့ပြီး ၎င်းတို့ကို အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ အစီရင်ခံစာတွင် စီမံကိန်း အကောင်အထည် ဖော်မှုနှင့် ပြုပြင်ထိန်းသိမ်းရေးတို့အတွက် ခန့်မှန်းကုန်ကျငွေများကိုလည်း ထည့်သွင်းထားပါသည်။ လုပ်ငန်း အရွယ်အစားနှင့် ရေရယူမည့် အရင်းအမြစ်နှင့်အကွာအဝေး အပေါ်မူတည်ပြီး စီမံကိန်းများမှာ မြန်မာကျပ်ငွေ သုံးသန်းမှ ဆယ်သန်း (အမေရိကန်ဒေါ်လာ ၃၀၀၀ မှ ၁၀၀၀၀) ကြား ကုန်ကျနိုင်ပါသည်။

## ၁၀.၃။ ချင်းပြည်နယ် ရေရရှိရေးအတွက် နည်းဗျူဟာ

### ၁၀.၃.၁။ ကျေးလက်ဒေသအတွက် နည်းဗျူဟာ

ပြည်နယ်အစိုးရသည် ဆင်းရဲနွမ်းပါးမှု ရန်ပုံငွေမှ ရရှိသော ငွေကြေးဖြင့် ကျေးလက်ဒေသ လူထု၏ လူမှုရေးနှင့် စီးပွားရေး အကျိုးရလဒ်များအပေါ် သက်ရောက်မှုရှိစေသော သန့်ရှင်းသောရေရရှိရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ပြီ ဖြစ်သည်။ ဤလုပ်ငန်းစဉ်များ ဝေးလံသော နေရာများသို့ ရေသွားခပ်ယူနေရသော အမျိုးသမီးများအတွက် အထူးအကျိုးရှိစေသည်။.

အစိုးရ၏ နည်းဗျူဟာတွင် ကျေးလက်လူထုထံသို့ ရေပေးဝေမှုထက် ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရန် စီစဉ်ရေးဆွဲခဲ့သည်။ အရေးအကြီးဆုံးသောအချက်မှာ သန့်ရှင်းမှုရှိရေးနှင့် လူထုကို ရေကြောင့် ဖြစ်ပွားသော ရောဂါမှ အကာအကွယ်ပေးနိုင်ရေးဖြစ်သည်။ ထိုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု အကျိုးသက်ရောက်မှု များစေရန် ကျန်းမာရေးဌာနနှင့် ပူးပေါင်းကာ အူရောင်ငန်းဖျားရောဂါ ဖြစ်ပွားမှုများသော ကျေးရွာများကို ဦးတည် ဆောင်ရွက်သင့်ပါသည်။ ကျောင်းနေကလေးများကို သန့်ရှင်းရေးနည်းစနစ်များနှင့် လုံခြုံစိတ်ချရပြီး သန့်ရှင်းသော သောက်သုံးရေများ၏ အရေးပါမှုကို သင်ကြားပေးနိုင်ရန် ပညာရေးဌာနသည်လည်း ပူးပေါင်းပါဝင်သင့်ပါသည်။

ရေရယူသော နေရာသည် အစာဟောင်းစွန့်ပစ်ထားသော နေရာများနှင့် ဝေးကွာနေရန် အရေးကြီးပါသည်။ ထို့အတူ လူထုကို အိမ်သာအသုံးပြုခြင်းဆိုင်ရာ ပညာပေးခြင်းများ ပြုလုပ်ပေးရန်လိုအပ်ပြီး အိမ်သာဆောက်လုပ်ရန်အတွက် ပံ့ပိုးပေးသင့်ပါသည်။ သို့မှသာ အညစ်အကြေးကင်းစင်သော ရေများ ပေးဝေနိုင်မည် ဖြစ်သည်။ သန့်ရှင်းသော ရေရ ရှိရေးစနစ် အကောင်အထည်ဖော်ပြီးနောက်ပိုင်း အူရောင်ငန်းဖျားရောဂါနှင့် ပတ်သက်ပြီး ဒေသကျန်းမာရေး ဆေးခန်းမှ အစီရင်ခံ တင်ပြလာလျှင် ကျေးရွာအဆင့် နောက်ဆက်တွဲ လေ့လာစုံစမ်းမှုများ အမြန်ဆုံးပြုလုပ်ကာ မည်သည့်နေရာတွင် မည်သို့မည်ပုံ ရေညစ်ညမ်းမှုဖြစ်ပေါ်ရသည်ကို ဖော်ထုတ်လျက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် တုန့်ပြန်ဆောင်ရွက်သင့်သည်များကို ပြုလုပ်သင့်ပါသည်။

ကျန်းမာရေးဌာနကလည်း မြို့နယ်နှင့် ကျေးရွာသို့ ပေးဝေနေသော ရေကို နှစ်စဉ် နမူနာယူ၍ ဝမ်းရောဂါပိုးရှိမရှိကို စမ်းသပ် စစ်ဆေးသင့်ပါသည်။ ညစ်ညမ်းသည်ဟု တွေ့ရှိရသော မည်သည့်ရေရရှိရေးစနစ်အတွက်မဆို စနစ် ပြန်လည်ကောင်းမွန်ရေးအတွက် ကူညီထောက်ပံ့ပေးမှုကို ရယူသင့်ပြီး လူထုကိုလည်း ရေနှင့်ပတ်ဝန်းသန့်ရှင်းရေး ဆိုင်ရာ သင်တန်းများ ပံ့ပိုးပေးသင့်ပါသည်။

အစိုးရနှင့် လူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရေဖြန့်ဝေမှုလုပ်ငန်းစဉ် ပိုမိုအကျိုးဖြစ်ထွန်းပြီး ထိုလုပ်ရပ်သည် သန့်ရှင်း သောရေ ဖြန့်ဝေရေးလုပ်ငန်းအတွက်ကိုပါ စံပြလုပ်ရပ်ဖြစ်လာနိုင်ပါသည်။ ထိုလုပ်ငန်းစဉ်တွင် ကျေးလက် ဖွံ့ဖြိုးရေး ဌာန၊ ကျန်းမာရေးဌာန၊ ပညာရေးဌာန၊ ကွင်းဆင်း၍ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေသော ပြည်တွင်း၊ ပြည်ပမှ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများ အားလုံး ပူးပေါင်းပါဝင်သင့် ပါသည်။ စီမံကိန်းတွင် ပါဝင်သက်ဆိုင်မည့်သူများအားလုံးနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူထုအတွက် ရလဒ်ကောင်းများ ဖြစ်ထွန်းပြီး ရင်းနှီးမြှုပ်နှံမှုအတွက် အကျိုးသက်ရောက်မှုများကိုလည်း တိုးပွားစေပါသည်။

ကျေးရွာ ရေရရှိရေးအတွက် စီမံဆောင်ရွက်ရာတွင် အခြားထည့်သွင်းစဉ်းစားစရာ အချက်တစ်ခုမှာ ရေရရှိမှု ပိုလျှံခဲ့လျှင် အိမ်တွင်းသီးပင်စားပင်များအတွက် အသုံးပြုရန်ဖြစ်သည်။ အဆိုပါ အိမ်တွင်းသီးပင်စားပင်များသည် ခြောက်သွေ့ရာသီတွင် မိသားစုအတွက် စားနပ်ရိက္ခာကို ထုတ်လုပ်ပေးနိုင်ပါသည်။ အချို့သော အိမ်တွင်းဥယျာဉ် ငယ်များ (သို့မဟုတ် အစုအဖွဲ့ပိုင်ဥယျာဉ်တွင် ရှိသော အိမ်ထောင်စုများ၏ အခင်း)သည် အိမ်ထောင်စုအာဟာရနှင့် ကလေးငယ်များအတွက် အာဟာရဆိုင်ရာရလဒ် တိုးတက်ကောင်းမွန်ရေးအတွက်များစွာ အထောက်အကူပြု ပါသည်။ ရရှိမည့် ရေပမာဏများလျှင် ရေပေးဝေရေးအတွက် လိုအပ်သော အခြေခံ အဆောက်အအုံကြီးများအတွက် ကုန်ကျစရိတ်မှာ လူထုက ရရှိမည့် အာဟာရဆိုင်ရာအကျိုးကျေးဇူးနှင့် နှိုင်းယှဉ်လျှင် မပြောပလောက်ပေ။

### ၁၀.၃.၂။ မြို့ပြရေရရှိရေး နည်းဗျူဟာ

မြို့ပြ ရေရရှိရေးစီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံရာတွင် ကျေးလက်စီမံကိန်းတွင် ကျင့်သုံးခဲ့သော နည်းနာများ အတိုင်း လိုက်နာကျင့်သုံးသင့်သည်။ အဓိက သေချာဆန်းစစ်ရမည်မှာ ပေးဝေနိုင်သော ရေပမာဏထက် ရေ၏ အရည်အသွေးကိုပင် ဖြစ်သည်။ ကျန်းမာရေးဌာနအနေဖြင့် ရေရယူမည့် အရင်းအမြစ်ရှိ ရေများ၏ အရည်အသွေး ပိုင်းကို စစ်ဆေးရာ ပါဝင်ဆောင်ရွက်ပေးသင့်ပါသည်။ လူထုကိုလည်း ကျန်းမာအောင် မည်သို့ နေထိုင်ရမည်၊ ရေကို သန့်ရှင်းစွာ မည်သို့ သိုလှောင်သင့်သည်ဆိုသော သန့်ရှင်းရေးစံချိန်စံညွှန်းများ ထိန်းသိမ်း လိုက်နာနိုင်ရေးအတွက် ပညာပေးသင့်ပါသည်။

ရေရရှိရေးတွင် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများအတွက် အဓိက လိုအပ်ချက်များကိုလည်း ထည့်သွင်း စဉ်းစားသင့်ပါသည်။ အစားအသောက်ထုတ်လုပ်သည့်လုပ်ငန်းတွင် မည်သည့်ရင်းနှီးမြှုပ်နှံမှုမျိုးမဆို ညစ်ညမ်းမှု မရှိသည့် အရည်အသွေးမြင့်မားသော ရေရရှိနိုင်ရေးမှာ ရှောင်လွှဲလို့မရသည့် အချက်ဖြစ်သည်။ ၎င်းအတွက် သန့်စင် ရေးကို ပိုးသတ်ထားသောနည်းစနစ်ဖြင့် ဆောင်ရွက်နိုင်ပါသည်။ ရေသန့်စင်မှု သေချာစေရန် အလုပ်ရုံ အတွင်း တွင်လည်း ရေကို သန့်စင်သင့်ပါသည်။ ထုတ်လုပ်သူများ အသုံးပြုနေသည့် ရေကို နမူနာယူခြင်းနှင့် အရည်အသွေး စစ်ဆေးခြင်းဆိုင်ရာတို့အတွက် ကျန်းမာရေးဌာနက ကူညီဆောင်ရွက်ပေးသင့်ပြီး အဆိုပါ ရေတို့၏ အရည်အသွေး ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များကိုပါ ထုတ်ပေးသင့်ပါသည်။

### ၁၀.၄။ ဆည်မြောင်းရေသွင်းခြင်း

ဆည်မြောင်းရေသွင်းခြင်းလုပ်ငန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ စီမံကိန်းအဆိုပြုလွှာတွင် တင်ပြပြီးဖြစ် သော်လည်း ရေစီမံခန့်ခွဲမှုမှာ အရေးပါလှသည်ဖြစ်၍ ဤနေရာတွင် ထပ်မံ တင်ပြပါဦးမည်။ ကျေးရွာ အိမ်သုံးရေ ရရှိရေးနှင့် ကျေးရွာအတွင်း ရေသွင်းစိုက်ပျိုးခြင်း ကိစ္စရပ်နှစ်မျိုးကို အောင်မြင်ပြီးမြောက်အောင် ပူးတွဲ အကောင် အထည် ဖော်နိုင်ပါသည်။ ကျေးရွာအတွက် ရေနှင့်စပ်လျဉ်းသော စီမံကိန်းများ ရေးဆွဲရာတွင် ကျေးရွာနှင့် မြို့နယ် ဌာနများသည် မျက်စိတဆုံးမြင်တတ်ရန် အရေးကြီးပါသည်။ လူထုအတွက် သန့်ရှင်းသော သောက်သုံးရေကို လုံလောက်စွာ ရရှိနိုင်ရန် လိုအပ်ပါသည်။ ရေအရင်းအမြစ်သည် ရေသွင်းရေးအတွက် လုံလုံလောက်လောက် ပေးဝေ နိုင်ပါက ရေသွင်းစီမံကိန်းများ အကောင်အထည်ဖော်ရေးအတွက်ပါ စဉ်းစားသင့်သည်။ သည်နည်းလမ်းသည် ရပ်ရွာ အတွင်းလူမှုရေးနှင့် စီးပွားရေးကိစ္စရပ်များအပေါ် အထောက်အပံ့ဖြစ်လာစေနိုင်ပါသည်။ ရေသွင်းစိုက်ပျိုးမှုကို လက်လှမ်းမီစေခြင်းသည် ချင်းပြည်နယ် စိုက်ပျိုးရေးထွက်ကုန်များနှင့် လယ်သမားတို့ ငွေကြေးအကျိုးအမြတ် ရှိစေရေးတို့တွင် သက်ရောက်မှုရှိစေသော အရေးပါသည့် အချက်တစ်ချက်ဖြစ်ပါသည်။

စိုက်ပျိုးရေးကဏ္ဍနှင့် "ချင်းပြည်နယ်တပှမ်း လက်ရှိ ရေသွင်းနည်းစနစ်များ ပြုပြင်မွမ်းမံရန်နှင့် ထပ်မံလုပ်ဆိုင်မည့် အသေးစား ရေသွင်းစီမံကိန်းအတွက် အစီအစဉ်ရေးဆွဲရန် စီမံကိန်း" တွင် ဆွေးနွေးတင်ပြခဲ့သည့်အတိုင်း အခြေ အနေပေးလျှင် စိုက်ပျိုးရေးတွင် ရေးသွင်းစိုက်ပျိုးမှု တိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံရန် လိုအပ်နေပါသည်။ စီမံကိန်းရေးဆွဲရာတွင် ကျေးလက်ဒေသ ရေစီမံခန့်ခွဲရေးအတွက် လိုက်လျောညီထွေရှိပြီး ပြည့်စုံကောင်းမွန်သည့် ချဉ်းကပ်နည်း ပါသင့်ပါသည်။ ထို့ပြင် ကျေးရွာနှင့် မြို့ပြဖွံ့ဖြိုးရေးကော်မတီများ၏ ချဉ်းကပ်နည်းလမ်းများနှင့်လည်း ပူးတွဲထားသင့်ပါသည်။ ဤလုပ်ငန်းစဉ်ကို စိုက်ပျိုးရေးနှင့် ဆည်မြောင်းဌာနက ဦးဆောင်မှု ပေးသင့်ပေသည်။ အလားတူ ပညာရေးနှင့်ကျန်းမာရေးဌာနများနှင့် ပြည်တွင်းပြည်ပ လူမှုအဖွဲ့အစည်းများပါ ပါဝင် ဆောင်ရွက် သင့်ပါသည်။

## ၁၁။ ခရီးသွားကဏ္ဍ - တွေ့ကြုံနေရသည့် အခြေအနေနှင့် အခွင့်အလမ်းများ

ချင်းပြည်နယ်တွင် ခရီးသွားတို့ကို ဆွဲဆောင်နိုင်သော နေရာများစွာရှိသော်လည်း ခရီးသွားအနည်းငယ်သာ လာရောက် လည်ပတ်ကြပါသည်။ ကွင်းဆင်းသုတေသနတွင် MIID ခရီးသွားအဖွဲ့သည် ခရီးသွားလာရေးကဏ္ဍ အတွက် ဆွဲဆောင်မှုရှိသောနေရာများ၏ အလားအလာများကို သုံးသပ်ရန်နှင့် ချင်းပြည်နယ်သို့ လာရောက်လည်ပတ် ရန် ဟန့်တားချက်များကို ဆန်းစစ်လေ့လာရန် အဆိုပါ နေရာများသို့ သွားရောက်လေ့လာခဲ့ကြပါသည်။ ထို့ပြင် အဖွဲ့ သည် အဓိက ခရီးသွားဆွဲဆောင်နယ်မြေနှင့် အနီးဝန်းကျင်တွင် နေထိုင်သူများအတွက် စီးပွားရေးအလားအလာများ ကို မည်သို့တိုးမြှင့်နိုင်သည်ကို ဆန်းစစ်လေ့လာခဲ့ကြသည်။ အရေးပါသော အမွေအနှစ်များ ထိန်းသိမ်းထားသော နေရာများကို ခရီးသွားလာမှု ဖွံ့ဖြိုးရေးအတွက် အဓိကနေရာနှင့် ပိုင်ဆိုင်မှုအဖြစ် သတ်မှတ်ခဲ့ပါသည်။

ချင်းပြည်နယ်တွင် လက်ရှိ ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသော ကုမ္ပဏီ ၁၉ ခုရှိပြီး အများစုမှာ ငှက်ကြည့်ခြင်းနှင့် ဂိတ်ဝိုရိယတောင်ဝန်းကျင် ခြေလျင်တောင်တက်ခြင်းတို့အတွက် ဝန်ဆောင်မှုပေးပါသည်။ ကာလတိုအတွင်းတွင် ခရီးသွားကဏ္ဍသည် အလားအလာရှိသော အသေးစားဈေးကွက်လေး ဖြစ်လာပါလိမ့်မည်။ ခန့်မှန်းထားသော ရေတိုမှ ရေလတ်ကာလအတွင်းတွင် တစ်နှစ်လျှင် ခရီးသွား ၅၀၀၀ ခန့်လာရောက်မည်ဟု မျှော်မှန်းပါသည်။

သုတေသနအဖွဲ့သည် အောက်ပါအချက်များကို ချင်းပြည်နယ် ခရီးသွားကဏ္ဍအတွက် အားသာချက်များအဖြစ် သတ်မှတ်ပါသည်။

- ခရီးသွားလာရေးအတွက် မဖော်ထုတ်ရသေးသော ဒေသဖြစ်ခြင်း
- သဘာဝအလှအပများစွာရှိသော နေရာများ
- ဝေးလံလွန်း၍ လာရောက်လည်ပတ်မှု နည်းသဖြင့် ဒေသရိုးရာယဉ်ကျေးမှုအပေါ် သို့ သက်ရောက်စေမည့် ဆိုးကျိုးများကို ကာကွယ်ပြီးသားဖြစ်ခြင်း

အားနည်းချက်များမှာ -

- ခရီးသွားများ လည်ပတ်နိုင်သည့်နေရာများသို့ သက်တောင့်သက်သာ သွားရောက်နိုင်ရန် လေကြောင်း ပို့ဆောင်ရေး ထားရှိရန် ခက်ခဲခြင်း
- ခရီးသွားလာရေးအတွက် လက်ရှိအဆောက်အဉုံများမှာ အရည်အသွေးညံ့ဖျင်းခြင်း
- ခရီးသွားကဏ္ဍနှင့် စပ်လျဉ်းပြီး ဒေသခံများတွင် အတွေ့အကြုံမရှိခြင်းနှင့် စီမံကိန်းကောင်းစွာ ရေးဆွဲနိုင် သည့် အရည်အချင်း နည်းပါးခြင်း
- အစားထိုးရွေးချယ်နိုင်သည့် နေရာ နည်းပါးခြင်း
- ခရီးသွားကဏ္ဍကို ချင်းလူမျိုးများမဟုတ်ဘဲ ပြင်ပက လူများကသာ စီမံနေခြင်း တို့ဖြစ်ပါသည်။

### ၁၂.၁။ ခရီးသွားကဏ္ဍတိုးတက်ရေးအတွက် နည်းဗျူဟာ

လေကြောင်းဆက်သွယ်ရေးနှင့် အလုမ်းမီနိုင်သော နေရာများ - ချင်းပြည်နယ်သို့ ခရီးသွားများ လာရောက်ရန် ဆွဲဆောင်ရာတွင် ဒေသနှင့် လည်ပတ်ရမည့်နေရာများသို့ သွားရောက်ရန် မလွယ်ကူမှုမှာ အကြီးမားဆုံးသော အဟန့် အတားဖြစ်သည်။ အဓိကလည်ပတ်ရန်နေရာများသို့ တစ်နာရီမှ နှစ်နာရီအကြာ မောင်းနှင်ရုံဖြင့် ရောက်ရှိနိုင် စေရန် စီစဉ်ပေးနိုင်သော ရဟတ်ယာဉ်ငယ်များ မရှိလျှင် ချင်းပြည်နယ်သို့ ကုန်ကျစရိတ်နည်းနည်းဖြင့် လာရောက် လည်ပတ်လိုသူများအတွက် အခက်တွေ့စေနိုင်ပါသည်။ ချင်းပြည်နယ်အတွက် လေကြောင်းပို့ဆောင်ရေးတွင် ဆွေးနွေးထားသည့်အတိုင်း ၎င်းတို့လိုအပ်သော လေကြောင်းဝန်ဆောင်မှုပုံစံ ဖြည့်ဆည်းပေးရန် ထည့်သွင်းစဉ်းစား သင့်ပါသည်။ ငွေကြေးတတ်နိုင်သူ ခရီးသွားတို့အတွက် လူဆယ်ယောက်ဆံ့ ရဟတ်ယာဉ်ငယ်အသုံးပြု၍ သွား ရောက် လည်ပတ်ရခြင်းအတွက် ပြဿနာမရှိသော်လည်း အကွေ့အကောက်များသော လမ်းပေါ် တွင် ခြောက်နာရီမှ ခုနစ်နာရီကြာ ကားစီးရခြင်းကိုမူ နှစ်သက်လိမ့်မည်မဟုတ်ပါ။ အဆိုပါ ငွေကြေးတတ်နိုင်သူ ခရီးသွား တို့အတွက် ရဟတ်ယာဉ် ဆင်းသက်ရန်နေရာများနှင့် ဆင်းသက်သည့်နေရာနှင့် လည်ပတ်မည့်နေရာ နီးကပ်စေရန် လိုအပ် သည်များ တည်ဆောက်ပေးသင့်ပါသည်။

ဒေသ ခရီးသွား စီမံအုပ်ချုပ်မှုစနစ်မှာလည်း ကောင်းစွာ မဖွံ့ဖြိုးသေးပေ။ ချင်းပြည်နယ် ခရီးသွားလုပ်ငန်းအများစုကို ဒေသပြင်ပတွင် အခြေချသော ကုမ္ပဏီများကသာ စီစဉ်ပေးပါသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် ဒေသဖွဲ့စည်းပုံ နည်းစနစ် ပေါ်ပေါက်လာရန် လိုအပ်ပါသည်။ ထိုကိစ္စရပ်အတွက် ဒေသခံ ပုဂ္ဂလိကကဏ္ဍမှ အုပ်စုများပါဝင်သော ချင်းခရီးသွားအဖွဲ့အစည်း ပေါ်ပေါက်လာရေးလည်း လိုအပ်ပါသည်။ ပြည်နယ်အစိုးရသည် အဆိုပါအုပ်စုများကို စုစည်းပေးမည့် ဆွေးနွေးပွဲကို ကျင်းပပေးခြင်းဖြင့် ဤလုပ်ငန်းကို ဦးဆောင်ဦးရွက် ပြုသင့်ပါသည်။ ထို့နောက် ယင်း ခရီးသွားအဖွဲ့အစည်းသည် အစိုးရ ဂဘ်ဆိုက်နှင့် ၎င်းတို့၏ဂဘ်ဆိုက်ကို ချိတ်ဆက်ခြင်းဖြင့် စီမံကိန်း၏ မူလကာလတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်နိုင်ပါသည်။

ချင်းပြည်နယ်တွင်ရှိသော အဓိကလည်ပတ်ရန်နေရာများအတွက် စီမံအုပ်ချုပ်ရေးအစီအစဉ်များ ရေးဆွဲရန် လိုအပ်သော လေ့လာရေးများ ပြုလုပ်သင့်ပါသည်။ ထို့ပြင် လည်ပတ်ရန်နေရာများ၏ သွင်ပြင်လက္ခဏာကောင်းများ ကို ထိန်းသိမ်းပေးထားခြင်းအားဖြင့် ခရီးသွားတို့အတွက် ထူးခြားကောင်းမွန်သော အတွေ့အကြုံများစွာ ပေးစွမ်း နိုင်စွမ်း ရှိစေရန် စီမံကိန်းကို ပြင်ဆင်ထားသင့်ပါသည်။

ထိုမျှမက ခရီးသွားမြှင့်တင်ရေးအတွက် လိုအပ်သည့်အရာများကိုလည်း ကြိုတင်ဖန်တီးထားသင့်ပါသည်။ ဂဘ်ဆိုက်ပေါ်တွင် အရည်အသွေးကောင်းမွန်သော ဓာတ်ပုံ၊ ဗီဒီယိုများ တင်ပေးခြင်းနှင့် လည်ပတ်ရန် နေရာသို့ မည်သို့သွားရောက်နိုင်သည်ဆိုသော အချက်များပါဝင်သည့် အခြေခံလမ်းညွှန်စာအုပ်တို့ ဖြစ်ပါသည်။ ထိုစာအုပ်သည် ခရီးသွားတို့၏ စိတ်ဝင်စားမှုကို မြှင့်တင်ရန် ဒေသအကြောင်း ရှင်းပြပါလိမ့်မည်။ ထိုစာရွက်စာတမ်း၊ ဗီဒီယို၊ ဓာတ်ပုံတို့တွင် တောင်တက်သူ၊ ငှက်ကြည့်သူ၊ သစ်ခွရှာသူ (သို့) ဒုတိယကမ္ဘာစစ် သမိုင်းကို စိတ်ဝင်စားသူ အစရှိသော သီးသန့်ပရိသတ်ကိုပါ ဆွဲဆောင်နိုင်သည့်အချက်များ ပါဝင်နေရန် လိုအပ်သည်။

ထို့ပြင် ခရီးသွားတို့အတွက် နှစ်လိုဖွယ်ဝန်းကျင်ကိုလည်း ဖန်တီးပေးထားသင့်ပါသည်။ အုပ်ချုပ်ရေးအဆင့်တွင် မလိုလားအပ်သော အတားအဆီးများ ဥပမာ- နိုင်ငံတကာခရီးသွားတို့ ခွင့်ပြုချက်ရယူနေရခြင်းကို ပယ်ဖျက်ပေး သင့်ပြီး နွေးထွေးစွာ ကြိုဆိုသောပုံရိပ်ကို မြှင့်တင်ရန်လိုအပ်ပါသည်။ ခရီးသွားတို့၏ လိုအပ်ချက်များနှင့် ၎င်းတို့ကို ပုဂ္ဂိုလ်ရေးနှင့်စီးပွားရေးအတွက် မည်သို့ဆက်ဆံသင့်သည်ဆိုသော ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဒေသခံများကိုအသိ ရှိစေရန် ဆောင်ရွက်သင့်သည်။

ဧည့်လမ်းညွှန်မှသည် ခရီးသွားကုမ္ပဏီမန်နေဂျာအထိ၊ ဟိုတယ်မန်နေဂျာများမှသည် စားဖိုမှူးများ၊ သန့်ရှင်းရေးဝန်ထမ်းများအထိ ကဏ္ဍတစ်ခုလုံးရှိ အဆင့်တိုင်းတွင် ကျွမ်းကျင်မှုရှိစေရန် စီမံထားသင့်ပါသည်။

ထို့ပြင် လက်ရှိလုပ်ငန်းပိုင်းနှင့်လည်း အချိတ်အဆက်များ ဖန်တီးထားရပါမည်။ ထို့သို့ ချိတ်ဆက်ထားခြင်းဖြင့် အဓိကလည်ပတ်ရန်နေရာများသို့ သွားရောက်လည်ပတ်သည့်အခါ ခရီးသွားတို့အတွက် ထူးခြားသည့် အတွေ့အကြုံများ ပေးနိုင်ရုံသာမက အချိန်နှင့်ငွေကုန်ကြေးကျသက်သာမှုကိုပါ ဖန်တီးပေးနိုင်ပါသည်။ ခရီးသွားကဏ္ဍအတွက် လက်ရှိဈေးကွက်မှာ သေးငယ်နေပြီး ဘတ်ဂျက်ရရှိနိုင်မှုလည်း နည်းပါးသောကြောင့် ရှိရင်းစွာ သင်တန်းနှင့် ဖွံ့ဖြိုးရေး အစီအစဉ်များကို တတ်နိုင်သမျှ အသုံးချပြီး ခရီးသွားကဏ္ဍတိုးမြှင့် လုပ်ဆောင်ရန် အရေးကြီးပါသည်။ ဤကိစ္စနှင့် ပတ်သက်ပြီး Action Aid က ပုဂံရှိ ရပ်ရွာလူထုနှင့် ပူးတွဲကာ လက်မှုပစ္စည်းများနှင့် ကမ္ဘာလှည့်ခရီးသည်တို့နှင့် သက်ဆိုင်သော အခြားသောလုပ်ငန်းများကို မြှင့်တင်နိုင်ခဲ့သဖြင့် ဒေသကျေးရွာလူထု အတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းခဲ့ရသည်ကို တွေ့ရှိရပါသည်။ ၎င်းမှာ လူထုဗဟိုပြု ဖွံ့ဖြိုးမှုလုပ်ငန်းတွင် အစိုးရနှင့် နိုင်ငံတကာများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကုန်ကျစရိတ်သက်သာပြီး နှစ်ဦးနှစ်ဘက် အပြန်အလှန် အကျိုးဖြစ်ထွန်းခဲ့ရသည့် နမူနာကောင်း တစ်ခုဖြစ်ပါသည်။

## ၁၂.၂။ သဘာဝအခြေခံခရီးသွားလာရေးအတွက် စီမံကိန်းအဆိုပြုချက်များ

MIID သုတေသနအဖွဲ့သည် ကဏ္ဍဖွံ့ဖြိုးမှုအတွက် အခြေခံလုပ်ဆောင်သင့်သည်များကို ဆောင်ရွက်ရန် စီမံကိန်းများကို ပြင်ဆင်ရေးဆွဲထားပါသည်။ အဆိုပါစီမံကိန်းများကို အောက်တွင် အနှစ်ချုပ်ဖော်ပြထားပြီး အသေးစိတ်ကို အတွဲ (၂) တွင် လေ့လာနိုင်ပါသည်။ ထိုစီမံကိန်းများသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်ရန် လိုအပ်ပြီး ကဏ္ဍတစ်ခုလုံး

အတွက် နည်းဗျူဟာနှင့်လည်း ဆက်စပ်နေရပါမည်။ ခရီးသွားအဖွဲ့အစည်း ပေါ်ပေါက်လာသည်နှင့် တပြိုင်နက် အစိုးရနှင့် ချိတ်ဆက်လုပ်ကိုင်ရန် လုပ်ငန်းဆိုင်ရာမူဘောင်တစ်ခု လိုအပ်လာပါသည်။ အဆိုပါ အဖွဲ့ အစည်းသည် ဤလေ့လာချက်များကို ပေါင်းစုကာ ချင်းပြည်နယ်၏ ခရီးသွားလာရေးအဓိကအစီအစဉ် ရေးဆွဲရာတွင် ကောင်းမွန်သော ရလဒ်ထွက်ပေါ်လာစေရန် ကြိုးပမ်းသင့်ပါသည်။ ရွေးချယ်ထားသော စီမံကိန်းများကို ဖော်ပြ ထားပါသည်။

- ချင်းပြည်နယ် ခရီးသွားကဏ္ဍအတွက် ဗျူဟာနည်းကျသောလမ်းညွှန်ချက်များ သတ်မှန်ရန်နှင့် ချင်းခရီးသွားအဖွဲ့အစည်းပေါ်ပေါက်လာရန် စီမံကိန်း - တစ်နှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၁၁၅၀၀၀
- ခရီးသွားလာမှု စီမံအုပ်ချုပ်မှု အစီအစဉ် ပေါ်ထွက်ရေးနှင့် နတ်မတောင် (ဂိတိုရိယတောင်) အမျိုးသားဥယျာဉ်သို့ တောင်တက်ခရီးစဉ် မြေပုံထွက်ပေါ်ရေး စီမံကိန်း - **တစ်နှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၁၃၆၀၀၀**
- ဧည့်လမ်းညွှန်များကို လေ့ကျင့်သင်ကြားရေးနှင့် ရွေးချယ်ထားသော လည်ပတ်ရန်နေရာများတွင် ဘာသာစကား အကူအညီပေးရေး စီမံကိန်း - **လေးလတာ ကာလအတွက် အမေရိကန်ဒေါ်လာ ၄၄၀၀၀**
- ဧည့်ရိပ်သာများ ကောင်းမွန်တိုးတက်ရေး စီမံကိန်း - **တစ်နှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၉၁၀၀၀**
- ညောင်ဦးမှ ကန်ပက်လက်အထိ အမွေအနှစ်နှင့် ယက်ကန်းပညာလေ့လာရေး ခရီးစဉ် ပေါ်ပေါက်ရေး စီမံကိန်း - **တစ်နှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၁၅၀၀၀၀**

## ၁၃။ အဖွဲ့အစည်း မူဘောင်သွင်းခြင်းဆိုင်ရာ ဓလေ့များ ထွန်းကားခြင်း - တွေ့ကြုံ နေရ သည့် အခြေအနေနှင့် အခွင့် အလမ်း

ပြည်ထောင်စုအစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် ပြည်နယ်နှင့် ဒေသအစိုးရများအတွက် ဖွံ့ဖြိုးတိုးတက်ရေး ဂန်းကျင်တစ်ခု ဖန်တီးပေးထားပါသည်။ ထိုချဉ်းကပ်နည်းဖြင့် စီမံကိန်းများ ရေးဆွဲရာတွင် ယခင်က ဗဟိုက စီမံရေးဆွဲခြင်းရာမှ အောက်ခြေလူထုပါဝင်သောပုံစံဖြင့် ရေးဆွဲခြင်းအဖြစ် ပြုပြင်ပြောင်းလဲထားပါသည်။ ထို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများသည် ယခုအခါ ၎င်းတို့၏ ဖွံ့ဖြိုးရေးအစီအစဉ်များအတွက် လိုအပ်သည်များကို ကိုယ်တိုင်ရေးဆွဲပြဌာန်းရပါမည်။ လက်ရှိအသွင်ကူးပြောင်းမှုသည် ကျေးရွာအုပ်စုအုပ်ချုပ်မှုး များမှသည် မြို့နယ်အုပ်ချုပ်ရေးခေါင်းဆောင်နှင့် ပြည်နယ်အစိုးရဌာနများအထိ ပါဝင်သက်ဆိုင်သူများအားလုံး အတွက် အမီလိုက်ပါဆောင်ရွက်နိုင်ရေးတွင် စိန်ခေါ်မှုများ ရှိနေနိုင်ပါသည်။ ချင်းပြည်နယ်သည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မရခင်အထိ နှစ်ကာလများစွာ ဒေသဖွံ့ဖြိုးရေး နောက်ကျခဲ့ရပြီး စီးပွားရေး ဖွံ့ဖြိုးမှုမှာလည်း နှောင့်နှေးခဲ့ရပါသည်။ ထို့ကြောင့် ချင်းပြည်နယ်၏ စီးပွားရေးမှာ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် ရင်ဘောင်တန်း အမီလိုက်နိုင်စေရန် သင်ယူလေ့လာမှုများစွာ လိုအပ်လျက်ရှိပါသည်။

ပြည်ထောင်စုအစိုးရသည် မြန်မာနိုင်ငံအနာဂတ် ဖွံ့ဖြိုးရေးအတွက် အလွန်ကောင်းမွန်သော ဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲပြင်ဆင်ပြီး ဖြစ်ပါသည်။ ထို့ကြောင့် နှစ်စဉ်စီမံချက်များနှင့် ဘတ်ဂျက် ပြင်ဆင်ရေးဆွဲမှုအတွက် ပြည်နယ်များ အတွင်း သင့်တော်သော အဖွဲ့အစည်းမူဘောင်သွင်းခြင်းဆိုင်ရာ ဓလေ့များရှိနေရန် လိုအပ်ပါသည်။ ၂၀၁၆/၂၀၁၇ တွင် စတင်မည့် ငါးနှစ်တာအတွက် ဘက်စုံကောင်းမွန်သော ဗျူဟာနည်းကျ ရေလတ် ဖွံ့ဖြိုးရေးစီမံချက်များသည် လူထုအတွင်းတွင် အခြေပြုထားရာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများသည် ကျေးရွာလူထုနှင့် ပူးပေါင်းကာ ဖွံ့ဖြိုးရေးဆိုင်ရာဦးစားပေးအချက်များ သတ်မှတ်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားရပါမည်။ ထိုအကြံပြုချက်၊ အဆိုပြုချက်များကို မြို့နယ်အဆင့် ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ထည့်သွင်းပေး၍ အဓိကအခန်းကဏ္ဍမှ တာဝန်ယူဆောင်ရွက် ပေးရပါမည်။

ပြည်ထောင်စုအစိုးရက အဆိုပြုသော စီမံကိန်းရေးဆွဲခြင်းမူဘောင်မှာ အထူးကောင်းမွန်ပါသော်လည်း ပြည်နယ်များစွာတို့မှာ ထိုလုပ်ငန်းစဉ်အတိုင်း အကောင်အထည်ဖော်နိုင်ရန် စွမ်းရည်နည်းပါးနေပြီး လိုအပ်သော ရလဒ်ဖော်ဆောင်ရာတွင်လည်း အထူးသဖြင့် မြို့နယ်အဆင့်မှာပင် အလွန်ရုန်းကန်နေရပါသည်။ ကွင်းဆင်းလေ့လာ ချက်များအပေါ် မူတည်၍ MIID ၏ သုတေသနအဖွဲ့တစ်ခုချင်းစီသည် ပြည်နယ်နှင့် မြို့နယ်အုပ်ချုပ်ရေးများတွင် စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးမည့် ပြည့်စုံကောင်းမွန်သော စီမံကိန်းတို့ကို ဖော်ထုတ်ခဲ့ပါသည်။ ဤသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရမှ ချင်းပြည်နယ်သို့ ချထားပေးသော ဘတ်ဂျက်များမြင့်မားလာရေးအတွက် ပြည်ထောင်စုအစိုးရ၏ စီမံကိန်းအသစ်နှင့် ဖွံ့ဖြိုးရေး နည်းလမ်းအသစ်များ ထိရောက်စွာ အကောင်အထက်ဖော်နိုင်ရေးနှင့် အရင်းအမြစ်များကို ကောင်းမွန်ထိရောက်စွာ အသုံးပြုမှု သေချာစေရေးတို့အပေါ်တွင် အလေးထားသင့်ပါသည်။

နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ပြည်ထောင်စုအစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၏ အရေးပါမှုကို အသိအမှတ်ပြုထားပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စီးပွားရေးဖွံ့ဖြိုးရေးတို့အတွက် ကူညီရန် လိုအပ်သော အရင်းအမြစ်များ မြှင့်တင်ပံ့ပိုးပေးထားခြင်းဖြင့် တုန့်ပြန်ဆောင်ရွက်ထားပါသည်။ ချင်းပြည်နယ်သည်လည်း နိုင်ငံတကာမှ အကူအညီများတိုးမြင့်ရရှိရေးအတွက် ရည်ရွယ်ပါသည်။ ပြည်နယ်အစိုးရအနေဖြင့် နိုင်ငံတကာ အကူအညီနှင့် အလှူရှင်များနှင့် ဆက်ဆံရာတွင် လိုအပ်သောပံ့ပိုးမှုကို ဆောင်ရွက်ပေးနိုင်သည့် အဖွဲ့အစည်းကို ဖွဲ့စည်းပြီးဖြစ်သည်။ ထို့ကြောင့် ထိုအဖွဲ့အနေဖြင့် ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲတင်ပြရာနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခြင်းနှင့် အစီရင်ခံစာရေးသားခြင်းတို့တွင် အလှူရှင်၏ လိုလားချက်များကို ပြည့်မီအောင် ဆောင်ရွက်ပေးနိုင်ရန် အရေးကြီးပါသည်။

*နည်းပညာစွမ်းရည်* ကို ကဏ္ဍများစွာအတွက် တည်ဆောက်ပေးသင့်ပါသည်။ ထို့ပြင် ပြည်ထောင်စုအစိုးရ၏ စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်ကို စီမံခန့်ခွဲရန် ပြည်နယ်၏ စွမ်းရည်ကို မြှင့်တင်ပေးသင့်သည်။ ဤအစီရင်ခံစာတွင် တင်ပြထားသော စီမံကိန်းအဆိုပြုလွှာများတွင် တိုးတက်သော နည်းပညာများနှင့်မိတ်ဆက်ရေးနှင့် စီမံကိန်း အကောင်အထည်ဖော်သော ဝန်ထမ်းများ၏ နည်းပညာစွမ်းရည်ကို မြှင့်တင်ပေးသော အစိတ်အပိုင်းများ ထည့်သွင်း ထားပါသည်။ စီမံကိန်းများတွင် ပြည်ထောင်စုအစိုးရက ဖေါင်းပေးပြောဆိုနေသော ဖွံ့ဖြိုးမှုဆိုင်ရာ နည်းလမ်း အသစ်များနှင့် ကျွမ်းဝင်အောင် လုပ်ပေးခြင်းများ ပါဝင်ပါသည်။ စီစဉ်ထားသည့်အတိုင်း စိုက်ပျိုးရေး ကောလိပ်ရှိ လာလျှင် ပြည်နယ်၏ စိုက်ပျိုးရေးဆိုင်ရာနည်းပညာနှင့် ဝန်ဆောင်မှုအပိုင်းများ ကောင်းစွာတိုးတက်လာမည် ဖြစ်ပါ သည်။ ထို့ပြင် ပြည်ထောင်စုအစိုးရကလည်း အခြားသော ဖွံ့ဖြိုးမှုအစီအစဉ်တစ်ခုအဖြစ် အိုင်တီသင်ကြားရေး စင်တာ တစ်ခု ထူထောင်ပေးရန် ကတိပေးထားပြီး ၎င်းအစီအစဉ်မှာ ချင်းပြည်နယ်အတွက် အလုပ်အကိုင်ဖန်တီးပေးရေးတွင် အကျိုးသက်ရောက်မှုများစွာ ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

TVET သုတေသနအဖွဲ့သည် ကုန်သည်များအတွက် တည်ဆောက်ရေး၊ စိုက်ပျိုးရေးထွက်ကုန်နှင့် အစားအသောက်များ စီမံထုတ်လုပ်ခြင်းကဏ္ဍတို့တွင် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ကူးသန်းရောင်းဝယ်သူများကို အသိပညာပေးနိုင်သည့် သင်တန်းကျောင်းတစ်ခု ထူထောင်ပေးရန် အဆိုပြုထားပါသည်။ အဆိုပါ သင်တန်းကျောင်းများသည် ဒေသစီးပွားရေးနှင့် ချိတ်စပ်နေရန် အထူးအရေးကြီးပါသည်။ ကဏ္ဍတစ်ခုချင်းစီတွင် အရေးပေါ် လိုအပ်ချက်များစွာ ပြည့်မီရန် အရေးကြီးနေကြောင်း ပုဂ္ဂလိကကဏ္ဍနှင့် ကြိမ်ဖန်များစွာ ဆွေးနွေး ခဲ့မှုများမှတဆင့် သိရှိခဲ့ရပါသည်။ ပြည်နယ်အစိုးရအနေဖြင့် အဆိုပါသင်တန်းကျောင်းများအတွက် အရည်အချင်းမြင့်မားသော သင်ကြားရေးဝန်ထမ်းများ ခေါ်ယူနိုင်ရန် ခက်ခဲလျှက်ရှိရာ သင်ရိုးပြင်ဆင်ရေးဆွဲခြင်း အတွက် အလှူရှင်တို့၏ အကူအညီကို ရှာဖွေသင့်ပါသည်။

### ၁၃.၁။ စွမ်းရည်မြှင့်တင်ခြင်း

ချင်းပြည်နယ်ရှိ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများကြားတွင် စွမ်းရည်မြှင့်တင်ရေးကိစ္စမှာ အဓိကအကြောင်းအရာတစ်ရပ်ဖြစ်သည်။ အစိုးရနှင့် လူမှုအဖွဲ့အစည်းတို့သည် သီးခြားလုပ်ကိုင်ခြင်းထက် လက်တွဲလုပ်ကိုင်ခြင်းအားဖြင့် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေပါသည်။ ဘက်နှစ်ဘက်တွင် ကွဲပြားခြားနားသော အရည်အချင်းများ ပိုင်ဆိုင်ထားကြရာ အစိုးရက နည်းပညာဆိုင်ရာကိစ္စရပ်တို့တွင် ကျွမ်းကျင်ပိုင်နိုင်ပြီး လူမှု အဖွဲ့အစည်းများက အောက်ခြေလူထုနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် လူထုဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း ကိစ္စရပ်များတွင် ကျွမ်းကျင်ပါသည်။ အတူတကွ အလုပ်လုပ်ခြင်းဖြင့် နှစ်ဦးနှစ်ဖက်စလုံးအတွက် အကျိုးရှိကာ ရပ်ရွာလူထုသည်လမ်းပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ရရှိလာနိုင်ပါသည်။ စွမ်းရည်မြှင့်တင်ပေးခြင်း လုပ်ငန်းရပ်တွင် အစိုးရနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းတွင် လုပ်ကိုင်နေသူများ ပါဝင်သင့်ပါသည်။

### ၁၃.၂။ စွမ်းရည်မြှင့်တင်ပေးခြင်းနှင့် အဖွဲ့အစည်းမှုဘောင်သွင်းခြင်းဆိုင်ရာ ဓလေ့များ တိုးတက်စေခြင်း စီမံကိန်း အဆိုပြုချက်များ

စွမ်းရည်မြှင့်တင်မှုအတွက် စီမံကိန်းအဆိုပြုရာတွင် ပြည်ထောင်စုအစိုးရ၏ စီမံကိန်းရေးဆွဲခြင်းနှင့် ဖွံ့ဖြိုးရေးအတွက် နည်းလမ်းအသစ်များဖော်ဆောင်မှုကို အထောက်အပံ့ပေးနိုင်စေရန် ပြင်ဆင်ရေးဆွဲထားပါသည်။ ရည်ရွယ်ချက်မှာ ပြည်နယ်အစိုးရအဖွဲ့တွင် အဆင့်များအားလုံး စီမံကိန်းရေးဆွဲခြင်းလမ်းညွှန်အသစ်ကို အပြည့်အဝအသုံးပြုနိုင်ရန် ဖြစ်သည်။ ဤအခြင်းအရာသည် ချင်းပြည်နယ်က ပြည်ထောင်စုအစိုးရထံမှ ရန်ပုံငွေတောင်းခံရာတွင် ပါဝင်သက်ဆိုင်နေသဖြင့် အရေးကြီးပါသည်။ ထို့ပြင် အောက်ခြေလူထုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးနှင့် ကျေးရွာကော်မတီများ ဦးစားပေးဆောင်ရွက်ချက်များကို တုန့်ပြန်ဆောင်ရွက်ရန် လိုအပ်သောအရင်းအမြစ်များ ရရှိစေရေးမှာလည်း အရေးပါလှပေသည်။

နိုင်ငံတကာအလှူရှင်အဖွဲ့စည်းတွင် စီမံကိန်းရေးဆွဲပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့အတွက် သီးခြားလိုအပ်ချက်များရှိပါသည်။ ချင်းပြည်နယ်အစိုးရ၏ အလှူရှင်များနှင့် ဆက်သွယ်ဆောင်ရွက်သောအဖွဲ့အနေဖြင့် ထိုလိုအပ်ချက်များနှင့် အကျွမ်းတဝင်ရှိထားရပါမည်။ အဓိကလိုအပ်ချက် မှာ အလှူရှင်အဖွဲ့အစည်းနှင့် ဆက်ဆံပြောဆိုနိုင်ရန် အဆိုပါအဖွဲ့မှာ အင်္ဂလိပ်ဘာသာစကားစွမ်းရည် မြင့်နေရန် ဖြစ်သည်။ အဆိုပြုလွှာများနှင့် အလှူရှင်များကို ရှင်းလင်းတင်ပြခြင်းတို့တွင်လည်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားရန် လိုအပ်ပါသည်။ အလှူရှင်များနှင့် ဆွေးနွေးရာတွင် အင်္ဂလိပ်ဘာသာစကား အသုံးပြုရန်လိုအပ်ရာ အဆိုပါ လုပ်ငန်းစဉ်ကို ကူညီနိုင်မည့် အရည်အချင်းပြည့်ဝသော စကားပြန်များ အစိုးရဘက်တွင် ခန့်ထားနိုင်ရေး အရေးကြီး ပါသည်။

အဖွဲ့အစည်းမှုဘောင်သွင်းခြင်းဆိုင်ရာ ဓလေ့အတွက် စွမ်းရည်မြှင့်တင်ပေးမည့် စီမံကိန်းအဆိုပြုချက်များကို ချင်းပြည်နယ်၏ စီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက်ပြင်ဆင်ခြင်း၊ စီမံကိန်းအကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းစဉ်များအားလုံးအတွက် ထည့်သွင်းပြင်ဆင်ထားပါသည်။ ဤနည်းအားဖြင့် ပြည်ထောင်စုအစိုးရနှင့် အလှူရှင်အဖွဲ့အစည်းများထံမှာ ချင်းပြည်နယ်အစိုးရ ရန်ပုံငွေများတောင်းခံရာတွင် အထောက် အပံ့ဖြစ်ရန် ရည်ရွယ်ပါသည်။ ထိုစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၂၇၀၀၀၀ ကုန်ကျမည်ဟု ခန့်မှန်းပြီး စီမံကိန်းကာလမှာ တစ်နှစ်ဖြစ်ပါသည်။ စီမံကိန်းအသေးစိတ်အကြောင်းအရာကို အတွဲ (၂) တွင် ဖော်ပြထားပါသည်။

# အပိုင်း (၈) - အလုံးစုံခြုံငုံမိသော ဖွံ့ဖြိုးရေးနည်းဗျူဟာနှင့် စီမံကိန်း အကောင်အထည်ဖော်မှုအတွက် ထောက်ခံချက်များ

## ၁။ လူမှုစီးပွားရေး ဖွံ့ဖြိုးမှုအတွက် လူထုဗဟိုပြုနည်းလမ်း

မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးရေး သုတေသန အဖွဲ့အစည်း (MIID) သည် ကဏ္ဍအလိုက် သုတေသနများ ပြုလုပ်ဆောင်ရွက်ကာ နည်းဗျူဟာများနှင့် ရင်းနှီးမြှုပ်နှံရန် အဆိုပြုလွှာများကို ပြင်ဆင်ပြီးဖြစ်ရာ ၎င်းအကြောင်းကို အထက်တွင် တင်ပြခဲ့ပြီးဖြစ်ပါသည်။ ကဏ္ဍတစ်ခုချင်းစီ အတွက် စီမံကိန်းစာတမ်းများတွင်လည်း ကြည့်ရှုနိုင်ပါသည်။ ဤအပိုင်းတွင် ကဏ္ဍမျိုးစုံမှ နည်းဗျူဟာများကို ပေါင်းစပ်ပြီး ချင်းပြည်နယ်၏ အလုံးစုံသောဖွံ့ဖြိုးရေးကိစ္စရပ်များအတွက် စုစည်းညီညွတ်ပြီး ဘက်မျှသောနည်းလမ်း ဖော်ထုတ်ရန် ရည်ရွယ်ပါသည်။ အဆိုပါ အလုံးစုံခြုံငုံမိသော နည်းဗျူဟာသည် ပြည်ထောင်စုအစိုးရက အကောင်အထည်ဖော်နေသည့် အမျိုးသား ဦးစားပေးအချက်များ - ဥပမာ - လူထုဗဟိုပြုဖွံ့ဖြိုးရေး - နှင့် အညီ ပြင်ဆင်ထားရန်လိုပါသည်။ လေ့လာဆန်းစစ်မှုကို အရေးပါသော ဖွံ့ဖြိုးရေးအကြောင်းအရာနှစ်ခုဖြစ်သော **လူမှုကာကွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် လိုအပ်ချက်များ** အတွက် ပြုလုပ်ထားပါသည်။

လက်တွေ့တွင် ဤအကြောင်းအရာနှစ်ခုမှာ ဆက်စပ်နေပြီး တစ်ခုကိုတစ်ခုလည်း အမှီပြုနေရပါသည်။ ပြည်ထောင်စုအစိုးရ၏ လိုလားချက်ကို ကြည့်လျှင်လည်း **လူထုဗဟိုပြုဖွံ့ဖြိုးရေး** ဖြစ်၍ ပြည်နယ်စီမံကိန်းများသည် ချင်းပြည်နယ်တွင် ဆိုးရွားစွာတွေ့ကြုံနေရသော စားနပ်ရိက္ခာပြဿနာကို ဦးစားပေးဖြေရှင်းပေးရန် လိုပါသည်။ စားနပ်ရိက္ခာပြတ်လပ်ခြင်းသည် လူမှုရေးပြဿနာဖြစ်ရုံသာမက နိုင်ငံရေးပြဿနာလည်းဖြစ်ပါသည်။ **ဒေသစီးပွားရေး အလွန်ကျဆင်းပြီး လူထုကို စားနပ်ရိက္ခာပေးရန် လိုအပ်နေကြောင်း**ကို မည်သည့်ပြည်နယ်အစိုးရကမှ ပြည်ထောင်စုအစိုးရနှင့် နိုင်ငံတကာအသိုင်းအဝိုင်းသို့ နှစ်စဉ် အစီရင်ခံတင်ပြမနေချင်ပေ။

**ဝတ်မွတ်ခေါင်းပါးခြင်းနှင့် ကလေးငယ်များ ကြီးထွားမှုနှုန်းနှေးကွေးခြင်းသည် အလွန်အရေးကြီးသည့် ပြဿနာဖြစ်သည်။ ချင်းလူထု ၇၀% အမှီပြုနေရသော စိုက်ပျိုးထုတ်လုပ်မှုစနစ်၏ အားနည်းချက်သည် ပြဿနာ၏ အကြောင်းရင်းခံ ဖြစ်သည်။** စီမံကိန်း၏ လူမှုရေးနှင့် စီးပွားရေး အဓိကအကြောင်းအရာများ ဤအရေးအရာကို ပြည့်မီရေးအတွက် ဆက်စပ်စဉ်းစားသည့်ပါသည်။ စိုက်ပျိုးရေးသည် လက်တလောတွင် ချင်းပြည်နယ်၏ အရေးပါသော ထုတ်ကုန်ဖြစ်နေပြီး ချင်းလူထုအများစုမှာ ၎င်းအပေါ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်ခြင်းဖြင့် လည်းကောင်း မှီခိုအားထားနေရပါသည်။ ချင်းပြည်သူလူထု ၇၃% ကို ဆင်းရဲနွမ်းပါးသူများအဖြစ် တရားဝင်သတ်မှတ်ထားရာ ကလေးငယ်များ၏ ၅၈% မှာ အပြင်းအထန် (သို့) အလယ်အလတ်အဆင့် ကြီးထွားမှုနှုန်းနှေးကွေးသူများ စာရင်းတွင်ပါဝင်ပြီး[၃၀] လက်ရှိစိုက်ပျိုးရေးစနစ်မှာလည်း ကျဆင်းနေရာ လူထု၏ လူမှုဘဝအခြေအနေမှာ စိုးရိမ်ဖွယ်အနေအထား ဖြစ်နေပါသည်။

စိုက်ပျိုးရေးစနစ် မအောင်မြင်မှုသည် ရေတိုပြဿနာမဟုတ်သည့်အပြင်[၃၂] ပြင်ပကိုပါ အကျိုးသက်ရောက်မှု[၃၃] ရှိစေကြောင်း ကွင်းဆင်းလေ့လာချက်များဖြင့် ဖော်ထုတ်ထားပါသည်။ စိုက်ပျိုး၏သည် ချင်းပြည်နယ် စီးပွားရေး၏ အဓိက အစိတ်အပိုင်းကြီးတစ်ခု ဖြစ်သော်လည်း ယခုအခါ ကျဆင်းနေပြီး ဆက်လက်ကျဆင်းဖွယ်အခြအနေလည်း ရှိသောကြောင့် ဒေသခံများအနေဖြင့် ရေရှည်ကို မျှော်တွေးကြည့်ထားရန်လိုပါသည်။ ဆင်းရဲနွမ်းပါးမှုသည် ချင်းလူ့အဖွဲ့အစည်းကို များစွာထိခိုက်စေပြီး စားနပ်ရိက္ခာလုံလောက်အောင် မထုတ်လုပ်နိုင်သဖြင့် ဒေသလူထု၏ ကျန်းမာရေးအခြေအနေမှာ နိမ့်ကျရပါသည်။ ထို့ပြင် မိသားစုဝင်ငွေ မလုံလောက်သဖြင့် ကလေးငယ်တို့၏ ပညာရေးစရိတ်

[၃၀] UNICEF/MICS “Myanmar Multiple Indicator Cluster Survey 2009 – 2010”

[၃၂] မကြာခဏဖြစ်ပေါ်နေသော ဆိုးရွားသောရာသီဥတု အစရှိသည်တို့

[၃၃] နည်းစနစ်ဆောင်ရွက်ပုံကြောင့်

မတတ်နိုင်ခြင်းနှင့် မိသားစုလုပ်ငန်းများတွင် ပါဝင်ကူညီရန် လိုအပ်သဖြင့် ကလေးငယ်များကို ကျောင်းမထားနိုင်တော့ခြင်းကြောင့် ကျောင်းထွက်ရာခိုင်နှုန်းမှာ အတော်မြင့်မားနေပါသည်။

ထို့ကြောင့် ချင်းပြည်နယ်တွင် တွေ့ကြုံနေရသော လူမှုရေးနှင့် စီးပွားရေးပြဿနာများကို တုန့်ပြန်ဖြေရှင်းနိုင်စေရန် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို ဦးစားပေးအချက်အနေဖြင့် စောလျင်စွာ ကိုင်တွယ်သင့်ပါသည်။ အဘယ့်ကြောင့်ဆိုသော် စိုက်ပျိုးရေးမှာ စီးပွားရေး၏ အဓိကအစိတ်အပိုင်းဖြစ်သောကြောင့် တစ်ပိုင်တစ်နိုင် အသေးစား စိုက်ပျိုးထုတ်လုပ်မှုသည် ဒေသစီးပွားရေးတစ်ခုလုံးကို ကိုယ်စားပြုသော အကြီးစားထုတ်လုပ်မှုဖြစ်လာ နိုင်ပါသည်။ အကြောင်းမှာ ဒေသခံများစွာသည် ၎င်းတို့ အသက်ရှင်နေထိုင်နိုင်ရေးအတွက် စိုက်ပျိုးရေးကို အမှီပြုအားထား နေရရာ သီးနှံဖြစ်ထွန်းအောင်မြင်မှုသည် ဒေသခံလူထုအများစုအတွက် အကျိုးရှိစေပြီး ဒေသ၏ လူမှုဖွံ့ဖြိုးရေး အညွှန်းကိန်းများ တိုးတက်မြင့်မားရန် တိုက်ရိုက်အကျိုးပြုစေပါသည်။

အသေးစားနှင့်အလတ်စား လုပ်ငန်းများ (SMEs) နှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းတို့သည် ဒေသခံလူထု အများစု၏ အလုံးစုံသောစီးပွားရေးဖွံ့ဖြိုးမှုနှင့် လူမှုရေးအခြေအနေများအပေါ် တိုက်ရိုက်အနည်းငယ်သက်ရောက်မှု ရှိစေပါသည်။ သို့ရာတွင် ရေလတ်ကာလတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ဒေသစီးပွားရေးအပေါ် သက်ရောက်မှုကြီးစေသော အနေအထားသို့ တိုးချဲ့ဖွယ် မရှိဘဲ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးရာ အဓိက အရင်းအမြစ်အဖြစ်လည်း မမှတ်ယူနိုင်သေးပါ။

## ၁.၁။ ကလေးသူငယ်တို့၏ အာဟာရဖွံ့ဖြိုးရေး

လေ့လာဆန်းစစ်မှုအပေါ် မူတည်ပြီး "ကလေးသူငယ်တို့၏ အာဟာရဖွံ့ဖြိုးရေး" ကို ချင်းပြည်နယ်အစိုးရ၏ ဖွံ့ဖြိုးရေးနည်းဗျူဟာတွင် ဗဟိုကျကဏ္ဍဖြစ်လာစေရန် အဆိုပြုခဲ့ပါသည်။ ၎င်းနှင့် ဒေသ၏ *စီးပွားရေး*[၃၄] *နှင့်လူမှုရေး အညွှန်းကိန်းများ* ဆက်စပ်မှုကို အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ မည်သည့်နယ်ပယ်တွင်မဆို စီးပွားရေး တိုးတက်မှုအတွက် ဆောင်ကြဉ်းပေးရာတွင် တိုးတက်မှုကိုထပ်ဟပ်စေသည့် ရွေးချယ်သတ်မှတ်ထားသော အညွှန်းကိန်းများအတွက် ရည်မှန်းချက်များကို အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် အရေးကြီးပါသည်။ ချင်းပြည်နယ် "*ဆင်းရဲနွမ်းပါးမှု*" နှင့် ၎င်းကို လျှော့ချခြင်းကိစ္စရပ်မှာ ဦးတည်ဆောင်ရွက်ရမည့် အဓိကပန်းတိုင် ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးမှုကို တိုင်းတာရန်ခက်ခဲရာ ကြုံတွေ့ရသည့် ကိစ္စတော်တော်များများတွင် ပါဝင်သူတို့က ၎င်းတို့၏ ဝင်ငွေအစရှိသော အချက်အလက်များကို ရိုးသားမှန်ကန်စွာ မပေးလိုကြပေ။ ထို့ကြောင့် မိသားစုဝင်ငွေ ကဲ့သို့သော အိမ်ထောင်စုများ၏ စီးပွားရေးအခြေအနေကို လေ့လာရခြင်းထက် လူမှုဘဝသက်ရောက်မှုများကို ပိုမိုလွယ်ကူတိကျစွာ တိုင်းတာနိုင်ပါသည်။

ကလေးသူငယ်တို့၏ အာဟာရအခြေအနေတို့ကိုမူ တိုင်းတာရန် လွယ်ကူပါသည်။ ကနဦးတိုင်းတာမှုများကို ကျောင်းများတွင် ဆောင်ရွက်နိုင်ပြီး၊ နောက်ပိုင်း ကျန်ရှိသောကိစ္စရပ်များကို ကျန်းမာရေးဆေးပေးခန်းတို့တွင်လည်း လေ့လာတိုင်းတာမှု ပြုလုပ်နိုင်ပါသည်။ ကလေးသူငယ်တို့၏ အာဟာရအခြေအနေမှာ ပဓာနအကျဆုံးသော လူမှုဖွံ့ဖြိုးရေးအညွှန်းကိန်းဖြစ်ပြီး မိသားစု၏ စီးပွားရေးအခြေအနေနှင့် ဒေသတစ်ခုလုံး၏ စီးပွားရေးအခြေအနေကိုပါ ထင်ဟပ်စေပါသည်။ အာဟာရဆိုင်ရာတိုင်းတာမှု စံနှုန်းများကို ကောင်းစွာသတ်မှတ်ထားပြီး နိုင်ငံတကာကလည်း အသိအမှတ်ပြုပါသည်။ ကလေးများ ကျောင်း (သို့) မူကြိုတက်စဉ်တွင် ကနဦးအချက်အလက်များကို လွယ်ကူစွာ ကောက်ယူနိုင်ပါသည်။ ကျောင်းများသည်လည်း အဓိကလိုအပ်ချက်များရှိနေသော နေရာများစွာတို့ကို ပထဝီ အနေအထားအရ ကောင်းစွာ လွှမ်းခြုံမိနိုင်သည့် နေရာများတွင် တည်ရှိကြပါသည်။ ထို့ပြင် ကလေးသူငယ်တို့၏ အာဟာရ

[၃၄] စိုက်ပျိုးရေးသည် ချင်းပြည်နယ်၏ အရေးပါသောစီးပွားရေးဖြစ်သည်။

အခြေအနေ၊ ဆင်းရဲနွမ်းပါးမှုနှင့် စိုက်ပျိုးထုတ်လုပ်ခြင်း (မိသားစုဖူလုံရေးအတွက် စိုက်ပျိုးခြင်းနှင့် စီးပွားဖြစ်ရောင်းချရန် စိုက်ပျိုးထုတ်လုပ်ခြင်း နှစ်မျိုးစလုံး) တို့မှာ အထူးဆက်စပ်နေပါသည်။

ဤနည်းလမ်းကို မှတ်သား၍ ချင်းပြည်နယ်တဝှမ်းရှိ ကျောင်းများအားလုံးတွင် အာဟာရစစ်တမ်းတစ်ခု ကောက်ယူရန်နှင့် ရရှိလာသော အချက်အလက်များကို အသုံးပြုပြီး ဆင်းရဲနွမ်းပါးမှုအရှိဆုံး နေရာများကို သတ်မှတ်ဖော်ထုတ်ကာ ၎င်းတို့အတွက် စိုက်ပျိုးထုတ်လုပ်မှုနှင့် စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်ပေးရန် အဆိုပြုထားပါသည်။ အဆိုပါသတင်းအချက်အလက်များကို ကျေးရွာ လမ်းတည်ဆောက်ခြင်းကဲ့သို့သော အခြားကဏ္ဍများအတွက် အစီအစဉ်ရေးဆွဲရာတွင် အသုံးပြုနိုင်ရန် ပေးပို့သင့်ပါသည်။ သို့မှသာ စီးပွားရေးရလဒ်များ တိုးတက်ကောင်းမွန်ရေးအတွက် မည်သည့်နေရာမှ ပြည်သူလူထုကို ဦးတည်ဆောက်ရွက်ပေးသင့်ကြောင်း သိနိုင်ပါမည်။

ဖွံ့ဖြိုးရေးအတွက် ဦးစားပေးအချက်များသတ်မှတ်ရာတွင် လူထုဗဟိုပြုနည်းလမ်းဖြင့် အကောင်အထည် ဖော်ခြင်းအားဖြင့် ပြည်နယ်အစိုးရအနေဖြင့် နိုင်ငံတကာအလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အခွင့်အရေး ရမည်ဖြစ်ပါသည်။ အလှူရှင်များသည် အာဟာရစစ်တမ်း ကောက်ယူမှုအတွက် ဦးဆောင်ခဲ့သော စောင့်ကြည့် လေ့လာရေးစနစ် ထားရှိမှုကို အသိအမှတ်ပြုကြပါလိမ့်မည်။ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးရေးအတွက် ကလေး သူငယ်တို့၏ အာဟာရနှင့်ကောင်းကျိုးကိစ္စအဂၢအပေါ် ဦးတည်ဆောက်ရွက်သင့်သည်။ ပြည်နယ်အစိုးရ အနေဖြင့် ပြည်ထောင်စုအစိုးရ အဆိုပြုသော လူထုဗဟိုပြုနည်းလမ်းဖြင့် အကောင်အထည် ဖော်သင့်ပါသည်။

## ၁.၂။ အရင်းအမြစ်အခြေပြုနည်းလမ်းဖြင့် ချင်းပြည်နယ် ဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲခြင်း

မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ရေးလမ်းကြောင်းမှာ ပြည်သူလူထုဘဝ တိုးတက်ကောင်းမွန်ရေးကို ဦးတည်နေပါသည်။ ထို့ကြောင့် မည်သည့်ဖွံ့ဖြိုးရေးစီမံကိန်းတွင်မဆို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူထုဘဝ တိုးတက်သာယာရေးကို ဆောင်ကြဉ်းပေးနိုင်မည့် အရင်းအမြစ်များရရှိနိုင်မှု အခြေအနေကို သတ်မှတ်ပြဋ္ဌာန်းပေးရပါမည်။

ဤအစီရင်ခံစာတွင် ပါရှိသော "နောက်ခံအကြောင်းအရာ" ခေါင်းဆောင်အောက်ရှိ ဇယား (၃) တွင် ချင်းပြည်နယ်တွင် မြေယာအသုံးချပုံ ပုံစံများကို ဖော်ပြထားပါသည်။ ခန့်မှန်းခြေ ၁၆% မှာ "သစ်တောကြိုးဝိုင်းများ" ဖြစ်ပြီး ၁၃% ကို "ကျန်သစ်တောဧရိယာများ" ဟု သတ်မှတ်ထားပါသည်။ ထို့ပြင် မြေယာ၏ ၃၄% ကို "စိုက်ပျိုးနိုင်သော မြေလွတ်မြေရိုင်းဧရိယာ"နှင့် အခြားသော ၃၄%ကို "ကျန်မြေဧရိယာ" ဟု သတ်မှတ်ထားပါသည်။ သို့ဖြစ်ပါ၍ စုစုပေါင်း မြေဧရိယာ၏ ၂၉% ကို ပိုင်ဆိုင်သော သစ်တောမြေဧရိယာ ပမာဏမှာ အလွန်ကြီးမားသည်ဟုဆိုနိုင်ပြီး စုစုပေါင်း ၂၅၉၄၂၀၅ ဧက (၁.၅ မီလျံဟက်တာ) ရှိမည်ဟု ခန့်မှန်းရပါသည်။ သို့သော် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ် (ချင်းပြည်နယ် နှစ်စဉ်ဖွံ့ဖြိုးရေးအစီအစဉ်နှင့် ရည်ရွယ်ချက်၊ ၂၀၁၄ - ၂၀၁၅ တွင်ဖော်ပြချက်အရ) တွင် သစ်တောမှ ပြန်လည်ရရှိမှုမှာ မြန်မာကျပ်ငွေ ၁၅၆၃ သန်း (အမေရိကန်ဒေါ်လာ ၁.၆ သန်း) သာ ရှိပါသည်။[၃၅] ချင်းပြည်နယ်၏ သစ်တောကဏ္ဍမှာ ဖွံ့ဖြိုးမှုနည်းပြီး သစ်ပင်မှ သစ်ထုတ်လုပ်ခြင်းမျိုး မရှိသလောက် နည်းပါးပါသည်။ သစ်တောများကို စနစ်တကျ ခုတ်ထွင်ခြင်းနှင့် ပြန်လည်စိုက်ပျိုးခြင်း (သို့) "တစ်ပိုင်တစ်နိုင်အဆင့်" ဖြင့် ဆောင်ရွက်နိုင်သော အစုအဖွဲ့ပိုင်သစ်တော စီမံကိန်းနှင့် ပတ်သက်ပြီး မည်သည့်အစီအစဉ်ကိုမှ မတွေ့ရှိရပေ။

ချင်းပြည်နယ်တွင် သတ်မှတ်ထားသော မြေအသုံးချမှုဧရိယာအရ သစ်တောကဏ္ဍမှာ ပြည်နယ်အတွက် စီမံကိန်းဆိုင်ရာ လုပ်ငန်းများ ရေးဆွဲခြင်းလုပ်ငန်းတွင် ရှေ့ဆုံးတွင် နေရာယူထားပါသည်။ ယခင်ကမူ ထိုသို့မဟုတ်ပါ။ ချင်းပြည်နယ်၏ သစ်တောဧရိယာမှာ ကြီးမားသဖြင့် စိုက်ပျိုးရေးနှင့် အခြားသောကဏ္ဍများမှ မည်သည့် ထုတ်ကုန်

[၃၅] အဆိုပါကိန်းဂဏန်းများမှာ တရားဝင်ထုတ်ပြန်ချက်ဖြစ်ပြီး၊ အိမ်ထောင်စုများက လောင်စာအတွက် ထင်းခုတ်ခြင်းနှင့် မိသားစုအတွက်လိုအပ်သော ရိက္ခာဂယ်ယူရန် ထင်းခုတ်ရောင်းချခြင်း စသော ထင်းပမာဏများကို ထည့်သွင်းမတွက်ချက်သဖြင့် သစ်တောကဏ္ဍမှ ရရှိသည့်တန်ဖိုးမှာ လျှော့ချဖော်ပြထားခြင်းဖြစ်နိုင်ပါသည်။

များ ထက်မဆို အလွန်များပြားသည်ဖြစ်ရာ ၎င်းသစ်တောများသည် အကျိုးအမြတ်များ ဖန်တီးပေးနိုင်သော ဒေသ၏ အဓိကပိုင်ဆိုင်မှုဖြစ်ပါသည်။

လက်ရှိအနေအထားတွင် အရင်းအမြစ်များအသုံးချပုံမှာ လွဲချော်နေပါသည်။ ချင်းပြည်နယ်လူထုအများစုမှာ စိုက်ပျိုးမှုဖြင့် ၎င်းတို့နေထိုင်စားသောက်မှုကို ဖြေရှင်းလိုသော်လည်း မြေယာများမှာ စိုက်ပျိုးရန်မသင့်တော်ဟူ၍ သတ်မှတ်ထားခံနေရပါသည်။ ထို့ကြောင့် ၎င်းတို့မှာ ကျရှုံးနေသော ရွှေ့ပြောင်းတောင်ယာစနစ်အောက်တွင် ပိတ်မိနေပြီး ရေရှည်ခိုင်မာသော စိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲရန်လည်း ဖိအားပေးခံနေရပါသည်။ သို့သော် ၎င်းတို့အတွက် အသုံးချနိုင်သည့်မြေယာများစွာ ပေးလျှင်တောင် ထိုမြေများသည် ရေရှည်ခိုင်မာသော စိုက်ပျိုးရေးကို အကောင်အထည်ဖော်ရန် သင့်တော်သော မြေယာများမဟုတ်ပါ။ ရေရှည်ခိုင်မာသော စိုက်ပျိုးရေးနည်းစနစ်တွင် အနိမ့်ဆုံးထုတ်လုပ်မှုအတွက်ဆိုလျှင်တောင် မြေပြင်ညီညှိခြင်းနှင့် ရေသွင်းစိုက်ပျိုးရန် ဆည်မြောင်းများ ပံ့ပိုးပေးခြင်းတို့တွင် အရင်းအနှီးပမာဏကြီးမားစွာ ထည့်ဝင်မြှုပ်နှံရန်လိုအပ်သဖြင့် ၎င်းစနစ်မှ ရရှိမည့် အကျိုး အမြတ်မှာ မပြောပလောက်တော့ပေ။ ထို့ကြောင့် ချင်းပြည်နယ်ရှိ အသေးစားထုတ်လုပ်သူတို့ ဘဝနေထိုင်ရေး တိုးမြှင့်ပေးရန် အစီအစဉ်များကို ပြန်လည်သုံးသပ်သင့်ပြီး ဒေသ၏ ပထဝီအနေအထားအရ ၎င်းတို့အတွက် အခြားဝင်ငွေ ရရှိစေသော လုပ်ငန်းများသို့ မည်သို့ကူးပြောင်းနိုင်သည်ဆိုသော နည်းလမ်းတို့ကိုလည်း ကြံဆပေးသင့်ပါသည်။

လူထုရင်ဆိုင်ကြုံတွေ့နေရသော စီးပွားရေးနှင့် လူမှုရေးပြဿနာများကို ထိရောက်စွာ ဖြေရှင်းပေးနိုင်ရန် သဘာဝ သယံဇာတရင်းမြစ်များအသုံးချမှုကို တော်တဲ့မှန်ကန်စွာ အသုံးချနိုင်ရန် ချင်းပြည်နယ်အစိုးရ အဆိုပြုလိုပါသည်။ စိုက်ပျိုးရေးလုပ်ငန်းတစ်ခုတည်းဖြင့် ချင်းပြည်သူလူထုကို ဆင်းရဲနွံမှ ဆွဲမထုတ်နိုင်ပါ။ ထို့ကြောင့် တိုးတက်လာသော လူဦးရေအတွက် ခရီးသွားလုပ်ငန်းနှင့် ပေါ့ပါးသေးငယ်သောလုပ်ငန်းများသည် အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ပါလိမ့်မည်။

ထို့ပြင် ရွှေ့ပြောင်းတောင်ယာအတွက် အသုံးပြုသော ဧရိယာများတွင် သစ်တောသယံဇာတ ထိန်းသိမ်းရေးအတွက် လူထုကို စည်းစနစ်ကျမှန်ကန်သောနည်းလမ်းများဖြင့် တာဝန်ပေးနိုင်လျှင် ချင်းပြည်နယ်၏ ဆင်းရဲနွမ်းပါးမှု ပြဿနာ အများစုကို ဖြေရှင်းပေးနိုင်ပါသည်။ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုမှာ ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်သို့ ကူးပြောင်းနိုင်လျှင် သစ်တောကဏ္ဍပိုမိုတိုးတက်နိုင်မည် ဖြစ်ပါသည်။ အလားတူပင် အိမ်ထောင်စုတစ်ခုချင်းစီသည် ရွှေ့ပြောင်းတောင်ယာမှ ပိုထွက်လာသည့် မြေဧရိယာများတွင် ဈေးကွက်ဝင်သစ်တောမျိုးစိတ်များ စိုက်ပျိုး၍ ၎င်းတို့၏ ပိုင်ဆိုင်မှု တိုးပွားအောင် ကြံဆောင်နိုင်သည်။ သစ်ပင်သက်တမ်းကြီးရင့်ချိန်တွင် ရရှိမည့် အကျိုးအမြတ်ဖြင့် အစိုးရထံသို့ နှစ်စဉ်အသုံးပြုခ ပေးဆပ်ရခြင်းကို ဖာထေးနိုင်ပြီး အနည်းဆုံး မိသားစုဝင်ငွေရရှိရေးတွင် အာမခံ ချက်ပေးနိုင်ပါသည်။ စိုက်ပျိုးမှုနှင့် ခုတ်ထွင်ရိတ်သိမ်းမှု ကာလများတွင် အဆိုပါအိမ်ထောင်စုများသည် ရေရှည် ခိုင်မာမြင့် ဝင်ငွေအခွင့်အလမ်းကို အဆက်မပြတ်ရနေမည်ဖြစ်သည်။ ဤနည်းလမ်းအားဖြင့် ပြည်နယ် အစိုးရ အတွက် အခွန်ငွေတိုးပွားရရှိမည်ဖြစ်ပြီး လိုအပ်သော ဘတ်ဂျက်အတွက် ပြည်ထောင်စုအစိုးရအပေါ် အမှီပြု နေရခြင်း ကို လျှော့ချနိုင်ပါသည်။ ဒေသတွင်း သစ်ပြုပြင်ထုတ်လုပ်ရေးနည်းဖြင့်လည်း သစ်တောထုတ်ကုန် များကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ်သို့ ပြောင်းလဲနိုင်ရာ ကျေးလက်ဒေသအတွက် အလုပ်အကိုင်များစွာ ဖန်တီးပေး နိုင်ပါ သည်။ သစ်တောစိုက်ပျိုးမှုအတွက် လိုအပ်သောအရင်းအနှီးမှာ စိုက်ပျိုးရေးအတွက် (ဆင်ခြေလျှော စောက်အပေါ် မူတည်၍) ပြင်ညီမြေမျက်နှာပြင်များ ဖန်တီးပေးရခြင်းထက် နည်းပါးသော်လည်း သစ်တောမှ ရရှိမည့် အကျိုး အမြတ်မှာ ပြင်ညီစိုက်ပျိုးရေးထက် ရရှိသော အမြတ်ငွေထက် ပိုမိုပါသည်။

### ၁.၃။ ဖွံ့ဖြိုးရေးအစီအစဉ်များတွင် လူထုဗဟိုပြုနည်းလမ်းနှင့် အရင်းအမြစ်အခြေပြုနည်းလမ်းတို့ကို ပေါင်းစပ်ခြင်း

ချင်းပြည်နယ်အတွင်းရှိ ကျေးလက်ဒေသအတွက် အကျိုးရလဒ် အများဆုံး ဆောင်ကြဉ်းပေးနိုင်ရန် လူထု ဗဟိုပြု နည်းလမ်းနှင့် အရင်းအမြစ်အခြေပြုနည်းလမ်းတို့ကို ပေါင်းစပ်ဆောင်ရွက်သင့်ပါသည်။ အဆိုပါ နည်းလမ်းသည် စားနပ်ရိက္ခာပြတ်လပ်ခြင်း ပြဿနာနှင့် ဝင်ငွေတိုးပွားမှု နည်းလမ်းတို့ကို တုန့်ပြန်ပေးရန် လိုအပ်ပါသည်။ ဤနည်း

အားဖြင့် သစ်တောမှတဆင့် ရေရှည် ဝင်ငွေဖူလုံမှုကို ဖန်တီးပေးနိုင်ပြီး လတ်တလော အငတ်ဘေးမှ လွတ်မြောက်ရန်လည်း ကယ်တင်ပေးနိုင်ပါသည်။ ထိုနည်းလမ်းကို အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်စေရန် ပြည်ထောင်စုနှင့်ပြည်နယ်အစိုးရသည် သစ်တောစီမံခန့်ခွဲမှု တာဝန်ဝတ္တရားများကို လူထုထံသို့ လွှဲပြောင်းပေးရန်လိုပါသည်။ အိမ်ထောင်စုများ၏ လုပ်ကိုင်ဆောင်ရွက်မှုများကို ကျေးရွာခေါင်းဆောင်များ က လေ့လာစောင့်ကြည့်ပြီး ပြည်နယ်အစိုးရတာဝန်ရှိသူများက ကြီးကြပ်သင့်ပါသည်။

ယခုအချိန်အခါသည် မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်၍ ကိစ္စရပ်များစွာတို့ကို အကောင်အထည်ဖော်နိုင်ရန် ဖြစ်နိုင်ချေရှိပါသည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ဦးဆောင်ပြီး စွန့်စားလိုစိတ် ရှိသူများသည် အဆိုပါအကျိုးအမြတ်၏ အသီးအပွင့်များကို ခံစားရမည်ဖြစ်သည်။

အချို့က သစ်တောသယံဇာတဆိုသည်မှာ စီးပွားရေးလုပ်ငန်းကြီးများအတွက် အကျိုးအမြတ်ယူလို့ အကောင်းဆုံးသော သယံဇာတဟု ယုံကြည်ထားရာ ချင်းပြည်နယ်ထက် ပထဝီအနေအထား ပြည့်စုံကောင်းမွန်သော နေရာဆိုလျှင်တော့ အဆိုပါ ကိစ္စရပ် ဖြစ်ပွားကောင်းဖြစ်ပွားနိုင်ပါသည်။ ချင်းပြည်နယ်တွင်မူ ကြမ်းတမ်းမတ်စောက်သော မြေမျက်နှာပြင်များ၍ သစ်တောကဏ္ဍတွင် စက်ကိရိယာများအသုံးပြု၍ စိုက်ပျိုးခြင်းနှင့် ခုတ်ထွင်ခြင်းမျိုး ပြုလုပ်ရန် မဖြစ်နိုင်ပေ။ ထိုမျှမက ရွှေ့ပြောင်းတောင်ယာအတွက် မြေအသုံးချမှုမှာ စိတ်ဖြာနေသဖြင့် သစ်တောကဏ္ဍမှ စီးပွားရေးလက်ကြီးသမားများ အကျိုးအမြတ်ယူရန် မလွယ်ကူတော့ပါ။ ၎င်းအပြင် မိသားစု တစ်ပိုင်တစ်နိုင်ထုတ်လုပ်ရန် နေထိုင်သူတို့အတွက်လည်း တောရိုင်းတိရိစ္ဆာန်နှင့် မီးဘေးအန္တရာယ်တို့မှာ အကာအကွယ်ပေးနိုင်ပါသည်။

သစ်တောကဏ္ဍဖွံ့ဖြိုးမှုမှာ ရေရှည်လုပ်ငန်းစဉ်ဖြစ်သဖြင့် လယ်သမားများအနေဖြင့် ထိုကဲ့သို့သော ရေရှည်စီမံကိန်းအတွက် အစိုးရ၏ စိတ်စေတနာအပေါ် ယုံကြည်ရန် လိုအပ်ပါသည်။ အကောင်အထည်ဖော်မည့် စနစ်အပေါ် အစိုးရက အာမခံချက်ပေးနိုင်ခြင်း၊ ၎င်းတို့လုပ်ဆောင်နိုင်မှုအပေါ် မူတည်၍သာ နှစ်စဉ်ကြေးကောက်ခြင်း တို့ဖြင့် ဒေသခံတို့၏ သံသယကို ဖြေရှင်းနိုင်ပါသည်။ ရိတ်သိမ်းခုတ်ထွင်ချိန် ကာလအထိ တစ်လျှောက်လုံး နှစ်စဉ်ကြေးများကောက်ယူခြင်းဖြင့် အစိုးရသည်လည်း ထိုဖြစ်စဉ်အပေါ် ထိန်းချုပ်ပေးထားနိုင်သည်။

ဆိုခဲ့သည့်အတိုင်း စီးပွားဖြစ်သစ်တောစိုက်ပျိုးမှု ဖွံ့ဖြိုးရေးတွင် အဆိုပါ လူထုဗဟိုပြုအစီအစဉ်ကို ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုမှ ရေရှည်ခိုင်မာသော စိုက်ပျိုးနည်းစနစ်ကို ကူးပြောင်းရာတွင် ထည့်သွင်းအသုံးပြု ခြင်းအားဖြင့် လူထုကိုယ်တိုင် ဦးဆောင်စေသောအသွင် ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် မြေဆီလွှာကို ထိန်းသိမ်းရန် ရေရှည်ခိုင်မာသော နည်းစနစ်အတွက် သစ်ပင်များပြန်လည်စိုက်ပျိုးရန် ဆွဲဆောင်မှုဖြစ်နိုင်ပါသည်။ ထိုနည်းတူ ၎င်းတို့အပင်များကို ကာကွယ်ရန်နှင့် ကြီးပိုင်းတောရှိ သစ်တောသယံဇာတများ ထိခိုက်မှုကို လျှော့ချရန် တောင်ယာမီးရှို့မှုကို ထိန်းချုပ်လာနိုင်ပါသည်။

**၁.၄။ စိုက်ပျိုးထုတ်ကုန် တိုးမြင့်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံရေး၊ ကလေးသူငယ်များ ကြီးထွားမှုနှုန်း နေးကွေးခြင်း၊ ဆင်းရဲနွမ်းပါးမှု၊ ကျန်းမာရေးနှင့် စီးပွားရေးအခြေအနေများ တိုးတက်ကောင်းမွန်လာခြင်း**

ဒေသဂမ်းစာထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးထွက်ကုန်တိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည်များကို စီမံကိန်းအဆိုပြုလွှာတွင် အကျယ်ချဲ့ တင်ပြထားပါသည်။ အောက်ပါ ရှေ့ဆောင်လုပ်ငန်းများတွင် စောလျင်စွာ ဆောင်ရွက်သင့်သည်များနှင့် လိုလားသောရလဒ်ထွက်ပေါ်လာရန် အချိန်သတ်မှတ်ချက်တို့ကို ဖော်ပြထားပါသည်။

- ဓာတ်မြေဩဇာ အသုံးပြုမှု မြင့်မားခြင်းဖြင့် ရေသွင်းစပါးစိုက်ပျိုးခြင်း၊ မိုးရေဖြင့်စိုက်ပျိုးသော စပါး၊ ပြောင်းနှင့် တောင်ယာစပါးအထွက်နှုန်းကို တိုးတက်စေနိုင်ပါသည်။ ၎င်း၏ ရလဒ်ကို တစ်နှစ်အကြာတွင် တွေ့မြင်နိုင်ရာ ဦးစားပေးအမြင့်ဆုံးအဆင့်တွင် ထား၍ ဆောင်ရွက်သင့်သည်။
- ဒုတိယဦးစားပေးလုပ်ငန်းမှာ မျိုးစေ့ကောင်းများ ရရှိရေးဖြစ်သည်။ ဆန်နှင့်ပြောင်း မျိုးစေ့ကောင်းများ အသုံးပြုနိုင်လျှင် ကုန်ကျစရိတ်နည်းပါးစွာဖြင့် အကျိုးရလဒ်များစွာကို ရရှိစေနိုင်ပါသည်။ ဓာတ်မြေဩဇာ

အသုံးပြုမှုထက် မျိုးစေ့ကောင်းအသုံးပြု၍ စိုက်ပျိုးခြင်းမှာ ပိုမိုထိရောက်မှုရှိပြီး ထည့်ဝင်ရင်းနှီးမြှုပ်နှံမှု အတူတူဖြစ်သော်လည်း မျိုးစေ့ကောင်းကြောင့် အထွက်နှုန်းပိုမိုကောင်းမွန်စေပါသည်။

- လက်ရှိရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသူများထံ မျိုးစေ့ကောင်းဖြန့်ဖြူးခြင်းဖြင့် အကျိုးအမြတ်ရလဒ် မြန်ဆန်နိုင်သော်လည်း မြေပြန့်တွင် ရေသွင်းစိုက်ပျိုးသူများနည်းတူတော့ မမြန်ဆန်နိုင်ပါ။ ၈၀% သော စိုက်ပျိုးထုတ်လုပ်မှုမှာ ရွှေ့ပြောင်းစိုက်ပျိုးစနစ်အပေါ် အခြေခံထားသည်ဖြစ်၍ ၎င်းတို့အတွက် အထွက်နှုန်းတိုးစေမည့် နည်းလမ်းများကို ကြံဆောင်ပေးရပါမည်။ မျိုးစေ့ကောင်းပံ့ပိုးပေးခြင်းကို နိုင်ငံတကာ လူမှုအဖွဲ့အစည်းနှင့် ရပ်ရွာပြုအဖွဲ့အစည်းများက စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် တုန့်ပြန်ဆောင်ရွက်သင့်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့ဆောင်ရွက်ပေးမှုကြောင့် လယ်သမား မိသားစုများစွာ အကျိုးဖြစ်ထွန်းခဲ့ပြီးဖြစ်သည်။ ထို့ပြင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသော မြေအများစု၏ မြေဆီလွှာမှာ မကောင်းမွန်သဖြင့် ဓာတ်မြေသြဇာ အသုံးစရိတ် တိုးမြှင့်ပြီး စိုက်ပျိုးလျှင်တောင် လိုအပ်သလောက် အထွက်နှုန်းတိုးတက်လိမ့်မည် မဟုတ်ပေ။
- တောင်စောင်းတောင်ယာစိုက်ပျိုးနည်းပညာ (SALT) အသုံးပြုမှုကို မြှင့်တင်နိုင်လျှင် အထွက်နှုန်းတိုးတက်နိုင်သော်လည်း ချင်းပြည်နယ်နှင့် အခြားနေရာများတွင် တွေ့ကြုံခဲ့ရသော ယခင်အတွေ့အကြုံများအရ လယ်သမားများသည် အဆိုပါ နည်းပညာကို အသုံးပြုမှု နှောင့်နှေးကြောင်း သိရှိရသည်။ ထို့ကြောင့် တတ်နိုင်သမျှ SALT နည်းလမ်း အသုံးပြုရေးကို မြှင့်တင်သင့်သည်။
- လက်ရှိ ဆည်မြောင်းစနစ် ပြုပြင်ရေးမှာ တတိယဦးစားပေးအချက် ဖြစ်ပြီး ၎င်းသည်လည်း ရေထိန်းချုပ်မှု မှန်ကန်တိုးတက်ခြင်းဖြင့် စပါးအထွက်နှုန်းအပေါ် ချက်ချင်းသက်ရောက်မှု ရှိစေသောအချက်ဖြစ်သည်။ ရေများ အလဟာသမဖြစ်စေရန် စိုက်ကွေများတိုးချဲ့၍ ရေပေးဝေသင့်ပါသည်။ တပြိုင်နက်တည်းမှာပင် မျိုးစေ့ကောင်းနှင့် ဓာတ်မြေသြဇာကိုသာ ပံ့ပိုးပေးနိုင်လျှင် အကျိုးသက်ရောက်မှုမှာ သာ၍ပင် တိုးလာဦးမည်။ ထို့ပြင် ဆည်မြောင်းအသစ်တည်ဆောက်ခြင်းထက် လက်ရှိစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုထည့်ဝင်ခြင်းက အကျိုးအမြတ်ပိုများစေနိုင်ပါသည်။ ရလဒ်ကောင်းကို တွေ့မြင်နိုင်ရန် ပြုပြင်သည့်လုပ်ငန်းများ ဆောင်ရွက်ချိန်မှာ နှစ်နှစ် ကြာမြင့်မည်ဖြစ်သည်။
- ဆည်မြောင်းစီမံကိန်းအသစ်အတွက် ဒီဇိုင်းနှင့် တည်ဆောက်ရေးအတွက် လိုအပ်သည့် ကုန်ကျငွေ ပမာဏတို့ကြောင့် ရေသွင်းစိုက်ဧက တိုးချဲ့ရေးမှာ အချိန်ကြာမြင့်ဦးမည်ဖြစ်သည်။ သို့သော် ဆည်မြောင်းစီမံကိန်းမှာ စိုက်ပျိုးထုတ်လုပ်မှု အရှည်သဖြင့် တိုးတက်ရေးအတွက် အသေချာဆုံးသော နည်းလမ်းဖြစ်သည်။ စီမံကိန်းတစ်ခုချင်းစီအတွက် အကောင်အထည်ဖော်ချိန် သုံးနှစ်ဝန်းကျင် ကြာမြင့်နိုင်ပါသည်။
- အိမ်ထောင်စုများအတွက် အာဟာရအတွက် လိုအပ်သော အသားဓာတ်ဖြည့်တင်းပေးရန်နှင့် အပိုဝင်ငွေရရှိစေရန် တစ်ပိုင်တစ်နိုင် ငါးမွေးကန်များ တည်ဆောက်ပေးရန် အဆိုပြုထားပါသည်။ ငါးမွေးကန်မှ ရေကို အိမ်တွင်းစိုက်ပျိုးမှုအတွက် ပြန်လည်အသုံးချနိုင်ပါသည်။
- အိမ်တွင်း ဟင်းသီးဟင်းရွက်အပင်များ စိုက်ပျိုးမှုသည် ရေအလုံအလောက်သာ ရရှိပါက ခြောက်သွေ့ရာသီတွင် အိမ်ထောင်စုများအစာအာဟာရအတွက် သိသိသာသာ ဖြည့်စွက်ပေးနိုင်ပါသည်။ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် အစာအာဟာရလိုအပ်ချက်ကို ဖြည့်ဆည်းပေး မည့် ဟင်းသီး ဟင်းရွက်မျိုးစေ့များကို စနစ်တကျ ရွေးချယ်သင့်ပါသည်။
- သီးနှံအထွက်နှုန်း ကျဆင်းချိန် (သို့) သီးနှံသစ်များ မရိတ်သိမ်းမီတွင် ဝတ်မွတ်ခေါင်းပါးနေချိန်တွင် အရံစားနပ်ရိက္ခာရရှိစေရန် ပီလောပီနံ[၃၆]နှင့် ကန်စွန်းဥကဲ့သို့သော အပင်များကို စိုက်ပျိုးသင့်ပါသည်။

[၃၆] ပီလောပီနံသည် ထိုင်းနိုင်ငံနှင့် နိုင်ငံတော်တော်များများ၏ စားနပ်ရိက္ခာဖူလုံရေးအတွက် အရေးပါသောသီးနှံဖြစ်သော်လည်း ချင်းပြည်နယ်တွင် ပင်လယ်ရေမျက်နှာပြင်နိမ့်သော နေရာများတွင်သာ စိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။

စီးပွားဖြစ်ဝင်ငွေရသီးနှံစိုက်ပျိုးမှုမှာ အရေးကြီးပါသည်။ အထက်တွင် အနှစ်ချုပ်ဖော်ပြခဲ့သော နည်းလမ်းများက လိုအပ်သောအာဟာရပြည့်မီရေးအတွက် အိမ်ထောင်စုများ တိုက်ရိုက်စိုက်ပျိုးစားသုံးသော သီးနှံများ အထွက်တိုးရေးနှင့် ဆက်စပ်သော နည်းလမ်းဖြစ်ပါသည်။ မိသားစုအတွက် စားသုံးမှုပိုလျှံလျှင် ၎င်းတို့ကျေးရွာထဲရှိ အခြားသော အိမ်ထောင်စုများကို ရောင်းချလေ့ရှိပါသည်။ ထို့ကြောင့် ထိုပိုလျှံသော သီးနှံများ ရောင်းချရေးအတွက် ဈေးကွက်မြှင့်တင်ရေးကုန်ကျစရိတ်မကုန်ဘဲ ဒေသကုန်ကို ဒေသအတွင်းတွင် ရောင်းချနိုင်ရာ စီးပွားရေး အကျိုးအမြတ် များစွာရရှိပါသည်။ ထို့ပြင် ဒေသစားသုံးမှုဖူလုံစေရေးကိုပါ ဆောင်ရွက်နိုင်သဖြင့် စားနပ်ရိက္ခာပြတ်လပ်ချိန်တွင် ပြင်ပမှာ မှာယူတင်သွင်းမည့် ရိက္ခာအတွက် သယ်ယူပို့ဆောင်ရေးစရိတ်ကိုပါ လျှော့ချထားနိုင်ပါသည်။ ထို့ကြောင့် စီးပွားဖြစ်ဝင်ငွေရသီးနှံဆိုသည်မှာ အခြေအနေတစ်ချို့အတွက် အရံအစီအစဉ်ဖြစ်သည်။ သယ်ယူပို့ဆောင်ရေးတွင် လျှော့ချနိုင်လိုက်သော စရိတ်စကကြောင့် ထုတ်လုပ်သူတို့အတွက် အမြတ်နည်း စေနိုင်သည်။ ပြင်ပတွင် အဆိုပါဝင်ငွေရသီးနှံများသည် ဝယ်လိုအားနှင့် ရောင်းလိုအားအပေါ် မူတည်ပြီး သက်ရောက်မှုရှိနိုင်ပါသည်။ ဈေးနှုန်းပြောင်းလဲမှုများ ရှိသော်လည်း ချင်းပြည်နယ်ရှိ လယ်သမားများမှာ သီးသန့်ကျန်နေသူများဖြစ်သောကြောင့် ၎င်းတို့သည် ဈေးနှုန်းကို ဆုံးဖြတ်သူများမဟုတ်၊ ပေးသလောက်ဈေးကိုသာ ယူသူများဖြစ်ပြီး ကုန်သည်များကသာ ဈေးနှုန်းဆုံးဖြတ်သူများဖြစ်သည်။

ဟုဆိုကဲ့သို့သော အချို့သောသီးနှံများမှာ ဝယ်လိုအားအလွန်များ၍ ချင်းပြည်နယ်စီးပွားရေးတိုးတက်မှုအတွက် သိသာထင်ရှားသော ထောက်ပံ့မှုကို ပေးစွမ်းနိုင်ပါသည်။ ၎င်းကို စိုက်ပျိုးခြင်းဖြင့်လည်း အိမ်ထောင်စုများ ရိက္ခာဖူလုံရရှိရေး;အတွက် အထောက်အကူများစွာ ပြုသည်။ ထို့ကြောင့် ဟုဆို၊ စပျစ်ဝိုင်ထုတ်လုပ်မှုအတွက် စပျစ်၊ ဆီထွက်သီးနှံနှင့် သစ်သီးခြောက်ပြုလုပ်နိုင်သော စပျစ်၊ သစ်တော်၊ ပန်းသီးနှင့် မက်မွန်တို့ကို တိုးချဲ့စိုက်ပျိုး သင့်ပါသည်။ ထို့ပြင် အသေးစားအစားအသောက်ပြုပြင်မွမ်းမံခြင်း (ဥပမာ - အခြောက်ခံခြင်း) ဖြင့် သစ်သီးပင် ထွက်ကုန်များကို ရေရှည်ခံနိုင်ရန် စီမံနိုင်ပြီး ရာသီပေါ်ထွက်ကုန်များအတွက် ဈေးကွက်ဝင်ဖြစ်နိုင်ပါသည်။

## ၁.၅။ မွေးမြူရေးအအုံးကဏ္ဍ အရေးပါသော စီးပွားဖြစ်ဝင်ငွေရ "သီးနှံ" နှင့် ဘေးကင်းလုံခြုံရေးအစီအမံ

ချင်းပြည်နယ်တွင် မြေလွတ်မြေရိုင်းဧရိယာများစွာ ရှိသဖြင့် ကျွဲ၊နွား၊ဆိတ်နှင့် နွားနောက်မွေးမြူရေးအတွက် အလွန်သင့်တော်ပါသည်။ ထို့ပြင် အဆိုပါဖုန်းဆိုးမြေများကို စားကျက်မြေအဖြစ် အသွင်ပြောင်းနိုင်လျှင် မွေးမြူရေးလုပ်ငန်းထုတ်လုပ်မှု တိုးတက်စေမည့် အလားအလာများ ဖြစ်ထွန်းလာပါလိမ့်မည်။ ၎င်းတွင် စားကျက်မြေ ပေါ်၌ နောင်အခါသီးနှံစိုက်ပျိုးမှုကို ပံ့ပိုးပေးရန် မြေဆီလွှာအရည်အသွေးကိုမြင့်မားစေသည့် ပဲစိုက်ပျိုးမှုလည်း ပါဝင်သည်။ ဤနည်းလမ်းကို ရွှေ့ပြောင်းတောင်ယာအတွက် အသုံးချနေသော မြေယာပေါ်တွင် သစ်တောပြန်လည် စိုက်ပျိုးရေးနည်းအစား အစားထိုးအသုံးပြုနိုင်ပါသည်။ ဒေသခံတို့က နွားနောက်ကို အဖိုးတန်သတ္တဝါအဖြစ် သတ်မှတ်ပြီး မွေးမြူလိုသော်လည်း ၎င်းမှာ ဈေးကြီးပြီး ထိန်းသိမ်းရန် ခက်ခဲသောကြောင့် ၎င်းတို့ကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးရသည်။ ဆိတ်မှာ ကုန်ကျစရိတ်သက်သာပြီး ထိန်းသိမ်းရန်လည်း လွယ်ကူသဖြင့် နွမ်းပါးသူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အသင့်တော်ဆုံးသတ္တဝါဖြစ်သည်။ သို့ဖြစ်ပါ၍ ချင်းပြည်နယ်တွင် ဆိတ်မွေးမြူရေး တိုးချဲ့သင့်ပြီး ပိုလျှံသော အကောင်များသည် အနီးအနားရှိ အိန္ဒိယတွင် ဈေးကွက်ဝင်ဖြစ်နိုင်ပါသည်။

အလားတူ မိသားစုဝင်ငွေအတွက် ဝက်မွေးမြူရေးမှာလည်း အလွန်အရေးပါသည်။ သို့သော် ဝက်စာအတွက် အစေ့အနှံ ပြတ်လပ်မှုနှင့် ဒေသတွင် ၎င်းတို့လိုအပ်သော ပရိုတိန်းဓာတ်ကို မဖြည့်ဆည်းပေးနိုင်သောကြောင့် စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေး အလားအလာမှာ မှေးမှိန်လျက်ရှိသည်။ သို့ရာတွင် ပိုမိုဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများသည် ပူးတွဲ၍ ဝက်မွေးမြူနိုင်လျှင်မူ အဆင်ပြေနိုင်ပါသည်။

ထို့ကြောင့် မွေးမြူရေးသည် ဒေသစီးပွားရေးအကျပ်အတည်းကို ဖြေရှင်းပေးရာတွင် လုံခြုံရေးအစီအမံအဖြစ် အရေးပါသော အခန်းကဏ္ဍမှနေ၍ ပါဝင်လှုပ်ရှားနေပါသည်။ ရိက္ခာပြတ်လပ်ချိန်များတွင် ၎င်းတို့ကို ရောင်းချ၍ လိုအပ်သော အစားအစာဝယ်ယူရန်၊ ပညာရေးနှင့် ကျန်းမာရေးအသုံးစရိတ်ပေးရန်နှင့် သာရေးနာရေးအတွက် လိုအပ်သော

ငွေကြေးပေးနိုင်ရန်အတွက် အထောက်အကူပြုပါသည်။ ၎င်းတို့သည် နွမ်းပါးမိသားစုများအတွက် ခိုင်မာသော ဘဏ်စနစ်သဖွယ် တည်ရှိပြီး မွေးမြူပိုင်ဆိုင်နိုင်မှု အခြေအနေမြင့်မားခြင်းသည်။[၃၇] စီမံချက်တွင် တင်ပြထားသော စီမံကိန်းအဆိုပြုလွှာတွင် မွေးမြူပိုင်ဆိုင်နိုင်မှု မြင့်မားစေရန်နှင့် အသေးစားထုတ်လုပ်သူများ ကဏ္ဍတွင်စွန့်စား လုပ်ကိုင်ရမည့် အခြေအနေများကို လျှော့ချရန်အတွက် ထည့်သွင်းပြင်ဆင်ထားပါသည်။ စီမံကိန်း စီစဉ်ရေးဆွဲရာ၌ မွေးမြူရေးကို စီးပွားရေးဖွံ့ဖြိုးမှုနှင့် လူမှုရေးအကျိုးအမြတ် (ဥပမာ- ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုကို လက်လှမ်းမီစေနိုင်ခြင်း) အစရှိသော တာဝန်နှစ်မျိုးထမ်းဆောင်နိုင်သည့် ကဏ္ဍအဖြစ် ရှုမြင်ပါသည်။

## ၁.၆။ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွ င် အမျိုးသမီးများကို စွမ်းရည်မြှင့်တင်ရန်နှင့် ကျား၊ မ လူမှုကဏ္ဍရေးရာနှင့် ချိတ်ဆက်ခြင်း

ကျား၊ မ လူမှုကဏ္ဍ (ဂျဲန်ဒါ) နှင့် အမျိုးသမီးတို့၏ အခန်းကဏ္ဍဆိုင်ရာ သုတေသနအစီရင်ခံစာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပိုမိုပြောရေးဆိုခွင့်ရှိရေးအတွက် နေရာပေးရန် အလေးထားတင်ပြထားပါသည်။ *အာဟာရဖြည့်တင်းရေး*ကို အဆိုပြုသော ဖွံ့ဖြိုးရေးနည်းဗျူဟာ၏ ထိပ်ပိုင်းတွင် ထားရှိထားသဖြင့် စီမံကိန်းရေးဆွဲမှုလုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပါဝင်နိုင်ရေးအတွက် နေရာဖန်တီးပေးထားပါသည်။ အမျိုးသမီးများသည် မိသားစုအာဟာရအတွက် ထိန်းသိမ်းစောင့်ရှောက်ပေးနေရသူများဖြစ်သည်။ ၎င်းတို့ အထူးသဖြင့် ကလေးရှိသူအမျိုးသမီးများမှာ ဝတ်မွတ်မှုဒဏ်ကို အပြင်းထန်ဆုံး ခံစားရသူများဖြစ်ပါသည်။ ထို့ကြောင့် ၎င်းတို့ကို မိသားစု၊ ကျေးရွာ၊ မြို့နယ်နှင့် ပြည်နယ်အလိုက် အာဟာရဆိုင်ရာအခြေအနေများကို လေ့လာစောင့်ကြည့်ရေးတွင် ဦးဆောင်မှုနေရာ ပေးသင့်ပါသည်။ သို့ဖြစ်ပါ၍ လူမှုဖူလုံရေးဌာနအတွင်းတွင် ထိုသို့ စောင့်ကြည့်လေ့လာရေးတာဝန်များကို ရေးဆွဲပြင်ဆင်ပေးသင့်ပြီး မြို့နယ်တစ်မြို့နယ်စီတွင်ရှိသော လူမှုရေးလုပ်သားများဖြင့် ပူးပေါင်းကာဆောင်ရွက်သင့်ပါသည်။ အဆိုပါ လူမှုရေးလုပ်သားများသည် ကျေးရွာအလိုက် အိမ်ထောင်စုများ၏ စားနပ်ရိက္ခာဖူလုံမှုအခြေအနေကို အမျိုးသမီးအဖွဲ့များနှင့် ပူးတွဲ၍ စောင့်ကြည့်လေ့လာနိုင်ပါသည်။ အမျိုးသမီးအဖွဲ့ကိုယ်စားလှယ်များကလည်း တွေ့ရှိချက်များကို ကျေးရွာနှင့်မြို့နယ် ဖွံ့ဖြိုးရေးကော်မတီများထံသို့ အစီရင်ခံပေးပို့နိုင်ပါသည်။ ဤလုပ်ငန်းစဉ်ကို လုပ်ငန်းအဆင့်ငယ်အဖြစ် သတ်မှတ်နိုင်သော်လည်း အုပ်ချုပ်ရေးဖွဲ့စည်းပုံ၏ အရေးပါသော အစိတ်အပိုင်းတွင် အမျိုးသမီးများကို တာဝန်ခွဲဝေပေးရာတွင် သိသာထင်ရှားသော ပြယုဂ်ဖြစ်ပါသည်။

## ၁.၇။ စီမံကိန်းရေးဆွဲမှု မူဘောင်တွင် ပါရှိသော SMEs ၏ အခန်းကဏ္ဍ

ချင်းပြည်နယ်၏ အသေးစားနှင့်အလတ်စား လုပ်ငန်းများ (SMEs) ဖွံ့ဖြိုးရေး စီမံချက်တွင် ဒေသဈေးကွက်နှင့် ဒေသပြင်ပဈေးကွက်တို့၌ ဒေသတွင်းစိုက်ပျိုးရေးထုတ်ကုန် ဈေးကောင်းရရှိစေရန်ရေးအတွက် အဆိုပါထုတ်ကုန်များကို တန်ဖိုးမြင့်ကုန်စည်အဖြစ် တိုးမြှင့်ထုတ်လုပ်နိုင်ရန် အထူးပြုရေးဆွဲထားပါသည်။ SMEs သည် ဆောက်လုပ်ရေး၊ အိုင်တီဝန်ဆောင်မှုနှင့် ဆက်သွယ်ရေး အစရှိသော အခြားသော စီးပွားရေးလုပ်ငန်းများကိုလည်း အထောက်အကူပြုကာ စိုက်ပျိုးရေးနှင့် သစ်တောအတွက်ကိုမူ ပံ့ပိုးမှုပေးနေရသော အဓိကထွက်ပေါက်ဖြစ်သည်။ ထိုမျှမက ကျေးလက်ဒေသနှင့် ကျောင်းနတ်ထွက်ထားသူများအတွက်လည်း အလုပ်အကိုင်ဖန်တီးပေးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားလျက်ရှိသည်။ သို့သော် ချင်းပြည်နယ်၏ SME ကဏ္ဍ ဖွံ့ဖြိုးမှုမှာ နှေးကွေးနေသဖြင့် စီမံချက်သည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းထူထောင်ရာတွင် ကြုံတွေ့နေရသော အုပ်ချုပ်ရေးဆိုင်ရာ အတားအဆီးများ ဖယ်ရှားရေးနှင့် လုပ်ငန်းထူထောင်မှုနှင့် ထုတ်လုပ်မှုတွင် ကုန်ကျစရိတ်သက်သာစေရန် လမ်း၊ လျှပ်စစ်မီးနှင့် ရေရရှိနိုင်သော နေရာများ သတ်မှတ်ဖော်ထုတ်ရေးတို့ကို ဦးတည်ထားပါသည်။ ရေလတ်

[၃၇] အိမ်ထောင်စုအများစုမှာ ကိုယ်ပိုင်မွေးမြူရေး ရှိပါသည်၊ လူအနည်းငယ်ကသာ မွေးမြူသောတိရိစ္ဆာန်များစွာကို ပိုင်ဆိုင်နေခြင်း မဟုတ်ဟု ဆိုလိုခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မွေးမြူရေးအတွက် မည်မျှပိုင်ဆိုင်သည်ဆိုသည်မှာ ဆင်းရဲ၊ ချမ်းသာ ခွဲခြားရန် မေးလေ့မေးထရှိသော မေးခွန်းဖြစ်သည်။

ကာလတွင် SME ဖွံ့ဖြိုးမှုသည် အစားအသောက်ပြုပြင်ရေးလုပ်ငန်းများ (ချင်းပြည်နယ်ပြင်ပတွင် ဈေးကွက်မြှင့်တင်ရန် သယ်ပို့စရိတ်လျှော့ချရန်အတွက်ဖြစ်သည်) (သို့) ဒေသ၏ လိုအပ်ချက်ကို ပံ့ပိုးပေးနိုင်သော ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ဖွံ့ဖြိုးလာနိုင်ပါသည်။ အခွင့်အလမ်းတစ်ခုအတွက် ထပ်မံလေ့လာရန် လိုအပ်သည့် အပိုင်းမှာ အသေးစားသစ်ခွဲလုပ်ငန်းနှင့် ဒေသမှ တင်ပို့ရောင်းချနိုင်ရန်အတွက် တန်ဖိုးနည်း ပရိဘောဂများ ထုတ်လုပ်ခြင်းလုပ်ငန်းတို့ အလားအလာအကြောင်း ဖြစ်သည်။

## ၁.၈။ စီမံကိန်းရေးဆွဲမှု မူဘောင်တွင် ပါရှိသော သဘာဝအခြေခံခရီးသွားလုပ်ငန်း၏ အခန်းကဏ္ဍ

မြန်မာနိုင်ငံ အခြားသော ဒေသများနှင့် ချိတ်ဆက်ရန် အကယ်၍ ချင်းပြည်နယ်တွင် ထိရောက်ပြီး သက်တောင့်သက်သာဖြစ်စေမည့် လေကြောင်းဆက်သွယ်ရေးသာ မရှိလျှင် ခရီးသွားလာရေးဈေးကွက်မှ အကျိုးအမြတ်များစွာ ရရှိရန်မှာ စိန်ခေါ်မှုဖြစ်နေပါသည်။ စီမံကိန်းသည် တောင်တက်ခြင်းနှင့် မြန်မာနိုင်ငံ နေရာအနှံ့အပြားသို့ သွားရောက်လည်ပတ်ခြင်းတွင် စိတ်ဝင်စားမှုရှိသော ခရီးသွားများကို ဝန်ဆောင်မှု ပေးနိုင်သော ဒေသအခြေပြု ခရီးသွားလုပ်ငန်းငယ် ပေါ်ပေါက်ရေးအတွက် ရေခံမြေခံတို့ ဖန်တီးပေးရန် ဦးတည်ထားပါသည်။ ရေလတ်ကာလတွင် ခရီးသွားလုပ်ငန်းသည် ထိုလုပ်ငန်းအပေါ်အမှီပြုနေရသော ဒေသခံလူအနည်းငယ်အတွက် ဝင်ငွေနှင့် ဘဝတိုးတက်ကောင်းမွန်စေခြင်းဖြင့် ပြည်နယ်၏ စီးပွားရေးတွင် အရေးပါသော အခန်းကဏ္ဍတွင် တည်ရှိလာပါလိမ့်မည်။

## ၁.၉။ စီမံကိန်းရေးဆွဲမှု မူဘောင်တွင် ပါရှိသော အခြေခံအဆောက်အအုံ၏ အခန်းကဏ္ဍ

လမ်းတည်ဆောက်ရေးစရိတ်ကြီးမြင့်ခြင်းသည် ချင်းပြည်နယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အကြီးမားဆုံးသော အဟန့်အတားဖြစ်သည်။ ပြည်နယ်၏ ဘတ်ဂျက်အသုံးစရိတ်အများစုမှာ လမ်းအတွက် ကုန်ကျခံနေရခြင်းဖြစ်သည်။ စီမံကိန်းသည် တည်ဆောက်ခြင်းနှင့် ပြုပြင်ရေးကုန်ကျစရိတ်ကို လျှော့ချကာ လမ်း၏ အကြမ်းခံနိုင်မှုကို မြှင့်တင်ပေးမည့် လမ်းတည်ဆောက်ရေး ဒီဇိုင်းများနှင့် မိတ်ဆက်ပေးမည့် လမ်းပိုင်းဆိုင်ရာ ပဓာနအစီအမံတစ်ခု ပေါ်ပေါက်လာနိုင်ရန် ပြင်ဆင်ရေးဆွဲထားပါသည်။ ထို့ပြင် ပြည်နယ်၏ ဘတ်ဂျက်အများစုကို လမ်းအတွက် အသုံးပြုရသဖြင့် စိုက်ပျိုးရေးနှင့် သစ်တော အစရှိသော ထုတ်လုပ်ရေးလုပ်ငန်းတို့တွင် အနည်းငယ်သာ အသုံးပြုနိုင်ပါသည်။ လမ်းတည်ဆောက်ရေးကို စီးပွားရေးရှုထောင့်မှ အထူးအလေးပေး စဉ်းစားဆောင်ရွက်သင့်ပြီးလမ်းအတွက် ဘတ်ဂျက်အသုံးစရိတ်ကိုလည်း စီးပွားရေးအကျိုးအမြတ် အများဆုံး ဖော်ဆောင်ပေးမည့် လမ်းချိတ်ဆက်မှုများအတွက် ဦးတည်အသုံးပြုသင့်ပါသည်။

ထို့ပြင် လူမှုရေးအကျိုးသက်ရောက်မှုများကြောင့် အိမ်သုံးရေရရှိမှု တိုးတက်ရေးမှာ ဖွံ့ဖြိုးရေးဦးစားပေး အစီအစဉ်တစ်ခု ဖြစ်ပါသည်။ သန့်ရှင်းသော သောက်သုံးရေမရရှိမှုကြောင့် အူရောင်ငန်းဖျားရောဂါ ဖြစ်ပွားရခြင်းဖြစ်ပြီး ချင်းပြည်နယ်သည် ပြည်ထောင်စုနိုင်ငံတွင် ရေကြောင့်ရောဂါဖြစ်ပွားမှု များသည့် ဒေသဖြစ်သည်။ ရေပေးဝေရေးစနစ်မဖွံ့ဖြိုးသေးသည့် ကျေးလက်ဒေသများတွင် မြစ်နှင့် စမ်းပေါက်မှ ရေသွားရောက် ခပ်ယူရန်အတွက် ချင်းအမျိုးသမီးများ အသုံးပြုရသော အချိန်မှာ ပြည်ထောင်စုအတွင်းရှိ အခြားသော မည်သည့်ဒေသထက်မဆို ပိုမိုကြာညောင်းပါသည်။[၃၈] ထို့ကြောင့် အစိုးရအနေဖြင့် ကျေးလက်နှင့် မြို့ပြ ရေရရှိရေး စနစ်များ တိုးတက်ကောင်းမွန်အောင် စီမံပေးခြင်းအားဖြင့် ဤပြဿနာများကို တုန့်ပြန်ဆောင်ရွက်သင့် ပါသည်။ ထို့ပြင် အိမ်သုံးရေရရှိရေးကဲ့သို့ပင် ရေပေးဝေနေရသော အိမ်ထောင်စုများ၏ အိမ်တွင်း သီးပင်စားပင် အကွက်များ ရေရရှိရေးအတွက်ပါ ရေပေးဝေသည့်စနစ် ဖန်တီးပေးရန် စဉ်းစားသင့်ပါသည်။

[၃၈] UNICEF/MICS ၏ "Myanmar Multiple Indicator Cluster Survey 2009 – 2010" အစီရင်ခံစာ

ချင်းပြည်နယ်၏ စွမ်းအင်ကဏ္ဍအတွက်မှု ပြည့်မြိုစွမ်းအင် ထုတ်လုပ်နိုင်သော နည်းလမ်းများစွာ ရှိပါသည်။ ကျေးလက်ဒေသမီးလင်းရေးအတွက် နိုင်ငံတော် ပင်မဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရာတွင် စီးပွားရေးအရ တွက်ခြေကိုက်မှုနည်းသော နေရာများတွင် အသေးစား ရေအားလျှပ်စစ်နှင့် လေအား စီမံကိန်းတို့မှာ များစွာ အလားအလာရှိပါသည်။ ထို့မှုမက ပြည်နယ်အစိုးရအနေဖြင့် "စိမ်းရောင်စိုစီမံချက်" နည်းလမ်းများကို ဖွံ့ဖြိုးရေးလုပ်ငန်း၏ ကဏ္ဍအားလုံးတွင် ဗျူဟာနည်းကျ ထည့်သွင်းအသုံးပြုသင့်ပါသည်။ ၎င်းသည် ရွှေ့ပြောင်းတောင်ယာစနစ်နှင့် ဂေဟကွာလာစေရေး၊ ရေရှည်ခိုင်မာသော သစ်တောစီမံမှု အလေ့အထများ ဖွံ့ဖြိုးရေးနှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ရှိရေးတို့နှင့် ကိုက်ညီသော နည်းလမ်းဖြစ်ပါသည်။ ဤနည်းလမ်းဖြင့် ဆောင်ရွက်ခြင်းအားဖြင့် ရာသီဥတုနှင့် လိုက်လျောညီထွေ ရှိစေရေးနှင့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လုပ်မှု လျှော့ချရေးတို့ အတွက် နိုင်ငံတကာရန်ပုံငွေများကို လျှောက်ထား တောင်းခံနိုင်ပါသည်။.

## ၂။ အရင်းအမြစ်များ ပြောင်းရွှေ့ခြင်း - ရှိရင်းစွဲ အခွင့်အလမ်းများ

မြန်မာနိုင်ငံဘက်စုံဖွံ့ဖြိုးရေးသုတေသန အဖွဲ့အစည်း (MIID) သည် ချင်းပြည်နယ်၏ ပုံမှန်စီမံကိန်းနှင့် ဘတ်ဂျက် လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်နိုင်မည့် စီမံကိန်းအဆိုပြုလွှာများစွာကို ပြင်ဆင်ပေးခဲ့ပါသည်။ အဆိုပါ စီမံကိန်း အဆိုပြုချက်များကို ဖွံ့ဖြိုးရေးကို ဖော်ဆောင်နိုင်မည့် ကဏ္ဍများစွာနှင့် တစ်ပေါင်းတစ်စည်းထဲ ရေးဆွဲထား သဖြင့် ပြည်နယ် အစိုးရအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုချင်းစီအတွက် ရန်ပုံငွေတောင်းခံရတွင် အလှူရှင်များထံသို့ သီးခြားစီခွဲခြား၍ ပေးပို့နိုင်ပါသည်။

မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် ပံ့ပိုးကူညီနေသော ဖွံ့ဖြိုးရေးအဖွဲ့အစည်း/အလှူရှင် အမျိုးအစား ငါးမျိုးရှိပါသည်။

- အစိုးရနှင့် ရပ်ရွာအခြေပြုအဖွဲ့များ၏ ဆောင်ရွက်ချက်များကို ပံ့ပိုးပေးသည့် အလှူရှင်များ
- UNICEF, WFP, UNDP, ILO, EC စသော နိုင်ငံတကာ ဘက်စုံပါဝင်သော အဖွဲ့အစည်းများ
- နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းနှင့် ရပ်ရွာအခြေပြုအဖွဲ့များများထံမှ ပံ့ပိုးမှု
- ကမ္ဘာ့ဘဏ်(World Bank)၊ အာရှဘဏ် (ADB)နှင့် IFAD အစရှိသော နိုင်ငံတကာငွေကြေးအဖွဲ့ အစည်းများ၊
- ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာကူပံ့သောအရာများ (Global Environmental Facility) ကဲ့သို့ ကမ္ဘာ့ရန်ပုံငွေ (Global funds)၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် IFIs တို့မှ စီစဉ်ကွပ်ကဲသည့် the Adaptation Fund တို့ဖြစ်ပါသည်။

ချင်းပြည်နယ်တွင် ပြည်နယ်အစိုးရ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော လူမှုကူညီရေးအဖွဲ့အစည်းတို့နှင့်ပူးပေါင်း၍ ဖွံ့ဖြိုးရေးအစီအစဉ်နှင့် စီမံကိန်းများ ဆောင်ရွက်နေသော အလှူရှင်အဖွဲ့ များစွာ ရှိပါသည်။ ပြည်နယ်အစိုးရသည် အဆိုပါအလှူရှင်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အဖွဲ့တစ်ခုကို ဖွဲ့စည်းထားသည်။ ထိုအဖွဲ့သည် ဖွံ့ဖြိုးရေးကို ပံ့ပိုးပေးရန် နိုင်ငံတကာအလှူရှင်များထံမှာ လိုအပ်သော ဘဏ္ဍာငွေ ပံ့ပိုးမှုများ တောင်းခံရေးအတွက် အခရာကျပါသည်။

သို့ရာတွင် စီမံကိန်းအဆိုပြုလွှာ ပြင်ဆင်ရာတွင် ရန်ပုံငွေပံ့ပိုးမှုအတွက် အလှူရှင်တစ်ဖွဲ့ချင်းစီ မည်သို့ဆုံးဖြတ်ချက်ချသည်ကို နားလည်သဘောပေါက်ရန်လိုပါသည်။ ဥပမာ- မည်သို့သော စီမံကိန်းနှင့် ဖွံ့ဖြိုးရေးကဏ္ဍအတွက် အလှူရှင်က ရန်ပုံငွေပေးရန် ပြင်ဆင်နေသည်ကို သိရှိထားရန် လိုအပ်ပါသည်။ ထို့ပြင် စီမံကိန်း၏ အရွယ်အစားနှင့် အခြေအနေအရ အသေးစားပံ့ပိုးပေးသည့်အစီအစဉ်များအကြောင်းကိုလည်း သိထားရပါမည်။ ထို့မှုမက ပြည်ထောင်စုအစိုးရထံသို့ ပံ့ပိုးထားသောအလှူငွေများအတွက် မည်သို့ ပံ့ပိုးပေးထားသည်ကိုလည်း သိရှိထားရပါမည်။ အလှူရှင်နှင့်ချိတ်ဆက်သောအဖွဲ့မှာ အလှူရှင်နှင့် ဘဏ္ဍာငွေ ပံ့ပိုးပေးသော အဖွဲ့အစည်းများထံသို့ စီမံကိန်းအဆိုပြုလွှာများ ရေးသားပြင်ဆင်ပြီး အကူအညီရရှိရေး ရှာဖွေရန် ဖြစ်သည်။ အလားတူ အသေးစိတ်

စီမံကိန်းရေးဆွဲခြင်းနှင့် သက်ဆိုင်သော အစိုးရဌာနများ၊ ပုဂ္ဂလိကကဏ္ဍနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် တွဲဖက်လုပ်ကိုင်နိုင်သော ဂန်းကျင်ဖန်တီးပေးရာတွင် အလှူရှင်တို့ကို အဆိုပါ အဖွဲ့က ပံ့ကိုးကူညီပေးသင့်ပါသည်။

ချင်းပြည်နယ်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာလူမှုကူညီရေးအဖွဲ့နှင့် အရပ်ဘက်အဖွဲ့အစည်းများစွာတို့ အင်တိုက် အားတိုက် ပါဝင်ကြပါသည်။ ၎င်းတို့သည် ရပ်ရွာလူထုအတွက်၊ အထူးသဖြင့် ကျေးလက်နေသူများအတွက် လူမှုရေး နှင့် စီးပွားရေးအတွက် ပမာဏများစွာ ကူညီပံ့ပိုးပေးခဲ့ကြသည်။ ထိုအကူအညီများသည် ဒေသအတွက် အဖိုးမဖြတ် နိုင်သော်လည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်နယ်အစိုးရကြားတွင် ပူးပေါင်းဆောင်ရွက်မှု နည်းသဖြင့် နှစ်ဦး နှစ်ဘက်ရရှိမည့် စီမံကိန်းအကျိုးကျေးဇူးများမှာ ထင်သလောက်မရရှိဘဲ ဖြစ်ခဲ့ရသည်။ လူမှုအဖွဲ့အစည်းများ၏ အခက်အခဲ၊ အတားအဆီးကို ဖယ်ရှားပေးရန်အတွက် အဖွဲ့အစည်းမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကို ဖြေလျှော့ပေးရန် လိုပါသည်။ သို့မှသာ ပူးပေါင်းဆောင်ရွက်မှုနှင့် အကြံဉာဏ်ဖလှယ်မှုများ တိုးပွားလာပြီး အကျိုးရလဒ်ဖြစ်ထွန်းမှု များပြားလာပါလိမ့်မည်။ လူမှုအဖွဲ့အစည်းများကို ပံ့ပိုးကြိုဆိုသော ဂန်းကျင် ဖန်တီးပေးထားခြင်းဖြင့် အရပ်ဘက် လူ့အဖွဲ့အစည်းဖြင့် အခြေခံဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်လိုသော အလှူရှင်များထံမှ ရန်ပုံငွေရရှိရန် ပိုမိုလွယ် ကူလာပါလိမ့်မည်။

နိုင်ငံတကာရန်ပုံငွေအဖွဲ့အစည်း (ADB, The World Bank နှင့် FAD) သည် ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာရေးပံ့ပိုးမှု အများဆုံးပေးသော အဖွဲ့အစည်းဖြစ်သည်။ အခြားသော ပြည်နယ်နှင့် တိုင်းဒေသကြီးတစ်ခုနှင့် တစ်ခုထက်ပို၍ ဘဏ္ဍာရေးပံ့ပိုးမှု ပေးနေသကဲ့သို့ပင် ၎င်းတို့သည် ချင်းပြည်နယ်တွင် ရှေ့ပြေးလုပ်ဆောင်ချက်များ လုပ်ကိုင်နိုင်ရန် အလှူငွေပံ့ပိုးမှုတွင် စိတ်ပါဝင်စားမှု ရှိနိုင်ပါသည်။ ပြည်နယ်အစိုးရအနေဖြင့် စီမံကိန်း လုပ်ငန်းအပိုင်းများကို သတ်မှတ်ထားပြီး အစီအစဉ်များ တစ်စိတ်တစ်ပိုင်း ရေးဆွဲထားပြီးဖြစ်ပါက အလှူရှင်တို့ ပိုမိုစိတ်ဝင်စားနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ယခင်အစီအစဉ်တွင် လုပ်ဆောင်ချက်အနည်းငယ် ထပ်ဆောင်းထည့်သွင်းလိုက်ရုံဖြင့် ကြီးမားသော စီမံကိန်းအဖြစ်သို့ ပြောင်းလဲနိုင်သည့်အတွက်ဖြစ်သည်။ ထိုနည်းတူ the World Bank, ADB နှင့် IFAD တို့ ဆောင်ရွက်နေသော စီမံကိန်းနှင့် ဆောင်ရွက်ရန်စီစဉ်နေမှုများကို စောင့်ကြည့်လေ့လာရန်လိုအပ်ပြီး ချင်းပြည်နယ်အပေါ် စိတ်ဝင်စားမှု တစ်စုံတစ်ရာရှိလာခဲ့လျှင် မိမိတို့အနေဖြင့်လည်း နိုင်ငံတကာငွေကြေးအဖွဲ့အစည်း (IFI) နှင့် ပြည်ထောင်စုအစိုးရတို့နှင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြသသင့်ပါသည်။

နှစ်ဦးနှစ်ဘက် ပူးပေါင်းဆောင်ရွက်မည့် အလှူရှင်များသို့ ဦးတည်သင့်ပြီး၊ MIID အဖွဲ့မှ ရေးဆွဲပြင်ဆင်ထားသော စီမံကိန်းများသည် သီးခြားအလှူရှင်များကို ဆွဲဆောင်နိုင်ပါလိမ့်မည်။ ချင်းပြည်နယ်သည် မြန်မာနိုင်ငံအခြားသော ဒေသများထက် ပိုမိုရရှိသော နှိုင်းရအားသာချက်မှာ အိန္ဒိယနိုင်ငံနှင့် နီးကပ်စွာတည်ရှိသဖြင့် နယ်စပ်သွင်ပြင် လက္ခဏာတူညီပြီး တိုင်းရင်းသားများအချင်းချင်း နယ်စပ်ဖြတ်ကျော် ဆက်သွယ်မှု ရှိပါသည်။ အိန္ဒိယသည် စိုက်ပျိုး ရေးအတွက် နည်းပညာအကူအညီပေးနိုင်ရာ ဌာနဖြစ်နိုင်သဖြင့်[၇၉] အိန္ဒိယနိုင်ငံမှ ထုတ်လုပ်သူများအနေဖြင့် နယ်စပ် ဧရိယာတွင် ထုတ်လုပ်ရေးဆိုင်ရာပံ့ပိုးအဆောက်အအုံများ ထူထောင်ရန် အခွင့်အလမ်းဖြစ်နိုင်ပါသည်။ ဤသို့သာဖြစ် လာခဲ့လျှင် ထိုသို့သောစက်ရုံများသည် လျှပ်စစ်ဓာတ်အား၊ ရေရရှိရေးစနစ်နှင့် လမ်းတံတား ကဏ္ဍများအတွက် ဂန်ဆောင်မှုများ အဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်ပေးနိုင်ပါလိမ့်မည်။ ထို့ကြောင့်ဒေသ၏ ဂန်ဆောင်မှု ကွန်ယက်များအတွက် စီစဉ်ရေးဆွဲသည့်အခါ ပြည်နယ်အစိုးရအနေဖြင့် အရယူနိုင်သော အခွင့်အလမ်း အမျိုးအစား ကို ဖော်ထုတ်ရန်လိုအပ်ပါသည်။

လိုက်လျောညီထွေရှိရေး ရန်ပုံငွေ (The Adaptation Fund) သည် ကမ္ဘာ့နိုင်ငံများ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိရေးအတွက် ပံ့ပိုးပေးခြင်းဖြစ်သည်။ ချင်းပြည်နယ်သည် အဆိုပါရန်ပုံငွေအတွက် အလားအလာ ရှိသော ဒေသဖြစ်သည်။ ဒေသသည် မိုးရေဖြင့်စိုက်ပျိုးရမှုအပေါ် လုံးလုံးလျားလျား မှီခိုအားထား နေရသဖြင့် ရာသီ ဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်သောဆိုးကျိုးကို အခြားပြည်နယ်နှင့်တိုင်းများထက် ပိုမိုတွေ့ကြုံခံစားနေရပါသည်။ မည်သည့်ဒေသမှ ချင်းပြည်နယ်လောက် ရာသီဥတုဒဏ်ကို တွေ့ကြုံခံစားရလိမ့်မည် မဟုတ်ပေ။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) မှ တဆင့် အဆိုပါရန်ပုံငွေ ထောက်ပံ့မှုကို အပူပိုင်းဒေသ မိုးခေါင်မှုကို

[၇၉] အဆိုပြုထားသော စိုက်ပျိုးရေးကောလိပ်အသစ်အတွက် နည်းပညာပံ့ပိုးမှုများ ရနိုင်ပါသည်။

တုန့်ပြန်နိုင်သည့် ဆည်မြောင်းစနစ်ကောင်းမွန်အတွက် ရရှိထားပြီးဖြစ်သည်။ အလားတူ ချင်းပြည်နယ် စိုက်ပျိုးထုတ်လုပ်မှုအပေါ် သက်ရောက်သော ရာသီဥတုပြောင်းလဲမှုဒဏ် လျှော့ချရေးအတွက် ထိုရန်ပုံငွေကို တောင်းခံနိုင်သည့် အခြေခံအကြောင်းရင်းများ ပြည့်စုံနေပါသည်။ ထိုအစီအစဉ်တွင် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမှုကို အစားထိုးနိုင်ပြီး ဆည်မြောင်းစနစ်တိုးတက်ကောင်းမွန်ခြင်းနှင့် တောင်ယာမီးရှို့ခြင်းကို လျှော့ချပေးနိုင်သည့် နည်းလမ်းများအတွက် ဘဏ္ဍာရေးပံ့ပိုးမှုတို့ ပါဝင်သင့်ပါသည်။


## ၃။ နိဂုံးချုပ်

ဤအစီရင်ခံစာသည် ချင်းပြည်နယ်၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် သက်ဆိုင်သော ဆက်နွှယ်သူများအားလုံးပါဝင်မှုဖြင့် ရေးဆွဲခဲ့သော စီမံကိန်းလုပ်ငန်းစဉ်၏ ရလဒ်တစ်ခုဖြစ်ပါသည်။ ချင်းပြည်နယ် စီးပွားရေး ဖွံ့ဖြိုးမှုအတွက် ကဏ္ဍပေါင်းစုံကို လေ့လာသုံးသပ်ပြီး ထိုပြဿနာများနှင့် မျှော်မှန်းချက်များကို တုန့်ပြန်ဆောင်ရွက် ပေးနိုင်သော အစိုးရနှင့် ချင်းပြည်သူလူထုတို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုမှတဆင့် စီးပွားရေးတွင် လူထုကြုံတွေ့နေရသော ပြဿနာများကို ဖြေရှင်းပေးနိုင်သည့် ဖွံ့ဖြိုးရေးအစီအစဉ် ပေါ်ထွက်လာရန် ကြိုးပမ်းခဲ့ပါသည်။ ထိုစီမံကိန်း ရေးဆွဲသည့် လုပ်ငန်းစဉ်တွင် ဒေသလူမှုဖွံ့ဖြိုးရေး စီမံကိန်း (LSP) အကောင်အထည် ပေါ်ရေးတို့လည်း ပါဝင်ပြီး အဆိုပါစီမံကိန်းသည် ဘက်စုံစီမံကိန်းတစ်ခုလုံးအပေါ် အကျိုးသက်ရောက်မှု ရှိစေပါသည်။ LSP ပြင်ဆင်ရန်အတွက် ပြုလုပ်ခဲ့သော လေ့လာဆန်းစစ်မှုများသည် ချင်းပြည်သူလုထု၏ နေ့စဉ်ဘဝတွင် တွေ့ကြုံရသော ရိက္ခာပြတ်လပ်မှု၊ ကလေးငယ်များ ပညာရေးအတွက် အသုံးစရိတ် မရှိခြင်းနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမီရန် အားနည်းချက်များ အစရှိသော အခက်အခဲများကို ဂရုထား ဖော်ပြပါသည်။ ဤအကြောင်းအရာများ၊ အထူးသဖြင့် ရိက္ခာပြတ်လပ်မှုပြဿနာ၏ အရေးပါမှုကို အသိအမှတ်ပြုပြီး ၎င်းတို့ကို ဖြေရှင်းပေးမည့် ဖွံ့ဖြိုးရေးနည်းဗျူဟာကို သတ်မှတ်ဖော်ထုတ်ကာ ဝတ်မွတ်ခြင်းနှင့် အစာရေစာပြတ်လပ်ခြင်း၊ ကလေးသူငယ်အာဟာရနှင့် ကြီးထွားဖွံ့ဖြိုးမှုတို့ကို ဖွံ့ဖြိုးတိုးတက်ရေး အခြေအနေများကို တိုင်းတာသော အမှတ်အသားများအဖြစ် သတ်မှတ်ခဲ့ပါသည်။ စီမံကိန်းသည် စီးပွားရေးဖွံ့ဖြိုးမှု လုပ်ငန်းဆောင်တာများနှင့် အခွင့်အလမ်းတို့ တစ်စုတစ်စည်း အသုံးချပြီး လူမှုဖွံ့ဖြိုးရေးအညွှန်းကိန်းများ တိုးတက်မှုကို အထောက်အကူပြု နိုင်သော လူထုဗဟိုပြုဖွံ့ဖြိုးရေး အောင်မြင်စေရန် ဦးတည်ဆောင်ရွက်ပါမည်။ စီမံကိန်းအဆိုပြုလွှာတွင် ဖော်ပြထားသော ရှေ့ပြေးလုပ်ငန်းများ ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၆၅ သန်း ကုန်ကျပါမည်။ အဆိုပါ လုပ်ငန်းတို့ကို ပြည်နယ်အစိုးရ၏ စီမံကိန်းနှင့် ဘတ်ဂျက်အခြေအနေတို့နှင့် ပေါင်းစပ် ရေးဆွဲထားပြီး အလှူရှင်အဖွဲ့အစည်းများထံမှ ရန်ပုံငွေ လျှောက်ထားတောင်းခံရာတွင် ထည့်သွင်းအသုံးပြုရန် ပြင်ဆင်ထားသည်။

# နောက်ဆက်တွဲ ဇယားများ

## နောက်ဆက်တွဲ (၁)
## စီမံကိန်းအစီအစဉ် ရေးဆွဲမှု လုပ်ငန်းစဉ်အသစ်

### ပုံ (၁) - မြန်မာနိုင်ငံတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်း လုပ်ငန်းစဉ်



# နောက်ဆက်တွဲ (၂)

## ချင်းပြည်နယ်၏ (၂၀၁၄ - ၂၀၁၅) ဘဏ္ဍာနှစ်အတွက် အသုံးစာရင်းလျာထားချက်နှင့် ဆောင်ရွက်မည့်လုပ်ငန်းများကိုသုံးသပ်ခြင်း

ပြည်နယ်အစိုးရသည် "ဒေသအတွင်း ဘက်စုံမျှတစွာ ဖွံ့ဖြိုးရေး" နှင့် "ရေရှည်တည်တံ့ခိုင်မာသော ဖွံ့ဖြိုးမှု" အတွက် တာဝန်ရှိပါသည်။ ၂၀၁၄ - ၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်လျာထားချက်အောက်ရှိ ဦးစားပေးဖွံ့ဖြိုးမှု အစီအစဉ်များမှာ (က) ရေရရှိမှုနည်းလမ်းများ တိုးတက်စေရေး၊ (ခ) ကျေးရွာ (၃၀) သို့ လျှပ်စစ်ပေးဝေမှု တိုးချဲ့ရန်၊ (ဂ) (၁၁ မိုင်အရှည်ရှိ ကျောက်ခင်းလမ်းနှင့် မိုင် ၅၀ အရှည်ရှိ ဆိုင်ကယ်သွားလမ်း အပါအဝင်) ၇၉ မိုင်ရှည်လျားသော လမ်းတစ်ခု ဖောက်လုပ်ရေး ၊ (ဃ) ရေသွယ်မြောင်းစနစ် (၅) ခု၊ တံတား (၁၁) စင်းနှင့် ကြိုးတံတား (၃) ခုနှင့် လက်ရှိ လမ်းများ မိုင် (၇၀) အရှည် ပြုပြင်ထိန်းသိမ်းခြင်း တို့ ပါဝင်သည်။ မြန်မာနိုင်ငံဘက်စုံဖွံ့ဖြိုးရေးသုတေသန အဖွဲ့ အစည်း (MIID) ၏ လေ့လာရေးအရ ချင်းပြည်နယ်အတွင်း စည်ပင်သာယာရေးရာ အစီအစဉ်သစ်များ ရေးဆွဲမှု အတွက် မြန်မာကျပ်ငွေသန်းပေါင်း ၂၁၆၈.၄၈ မီလျံ (အမေရိကန်ဒေါ်လာ ၂.၁ သန်း) ချထားပေးကြောင်း သိရသည်။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲမှု စွမ်းရည်တိုးတက်လာရေးမှာလည်း အရေးပါသော ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါသည်။ .

လက်ရှိစီမံကိန်းရေးဆွဲထားမှုအရ ပြည်နယ်အစိုးရသည် ပြည်တွင်းပြည်ပ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်နေပါသည်။ နည်းပညာဖလှယ်ရေးနှင့် သုတေသနအဖွဲ့ (GRET) သည် စိုက်ပျိုးထုတ်လုပ်သူများကို အသေးစားချေးငွေများပေးနိုင်ရန် မြန်မာကျပ်ငွေ သန်းပေါင်း ၁၅၀၀ (အမေရိကန်ဒေါ်လာ ၁.၅ မီလျံ)နှင့် မြေပြင်ညီ တည်ဆောက်ရေး၊ ရေရရှိရေး၊ အစုအဖွဲ့ပိုင်သစ်တော ထူထောင်ရေး၊ နွားနှင့်ဆိတ်မွေးမြူရေး လုပ်ငန်းတို့အတွက် မြန်မာကျပ်ငွေသန်းပေါင်း ၃၂၀ (အမေရိကန်ဒေါ်လာ ၃၅၀၀၀၀ သန်း) ပံ့ပိုးပေးထားပါသည်။ World Vision အဖွဲ့ကမူ တီးတိန်မြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုအတွက် မြန်မာကျပ်ငွေသန်းပေါင်း ၂၀၀ နီးပါး (အမေရိကန် ဒေါ်လာ ၂၀၀၀၀၀) ပံ့ပိုးထားပြီး အစိမ်းရောင်လူမှုအဖွဲ့အစည်း (NGO GREEN) ကလည်း မြေပြင်ညီ တည်ဆောက်ရေးတို့အတွက် ကူညီထောက်ပံ့ပေးပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) သည် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် ကျေးရွာချင်းချိတ်ဆက် လမ်းများအတွက် ကူညီပေးသည်။

၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်လျာထားချက်မှာ မြန်မာကျပ်ငွေသန်းပေါင်း ၁၂၂၇၉၇ သန်း (အမေရိကန်ဒေါ်လာ ၁၁၀.၅ သန်း) ရှိရာ၊ အသုံးစရိတ်အများစုမှာ - တည်ဆောက်ရေး (၄၈%)၊ မြို့နယ်စည်ပင် သာယာရေးကိစ္စများ (၁၀%)၊ ရေရှိရေး (၈%)၊ ပြည်နယ်အစိုးရရုံးများ (၇%)၊ ကျေးလက်ဖွံ့ဖြိုးရေး (၇%)နှင့် မီးရရှိရေး (၄%) တို့ဖြစ်သည်။ ပညာရေးမှာ ဘတ်ဂျက်၏ (၃%)၊ ကျန်းမာရေးအသုံးစရိတ်လျာထားချက်မှာ (၂%) နှင့် စိုက်ပျိုးရေးမှာလည်း စုစုပေါင်းဘတ်ဂျက်၏ ၂% သာရှိပါသည်။ ဆောက်လုပ်ရေးအတွက် ဘတ်ဂျက် ၄၈% ချထားပေးခြင်းကို ကြည့်ခြင်းအားဖြင့် ချင်းပြည်နယ်တွင် လမ်းတည်ဆောက်ရေးနှင့် ပြုပြင်ရေးအတွက် အသုံးစရိတ် အလွန်ကြီးမားကြောင်း သိနိုင်ပါသည်။

| ဇယား (၁) ချင်းပြည်နယ်အစိုးရဘတ်ဂျက်ချထားခြင်းများ(၂၀၁၄ - ၂၀၁၅) | | | |
|---|---|---|---|
| **ဇရိယာ/ဌာန** | **ခန့်မှန်းဘတ်ဂျက် (မြန်မာကျပ်ငွေသန်းပေါင်း)** | **ခန့်မှန်းဘတ်ဂျက် (အမေရိကန်ဒေါ်လာ သန်းပေါင်း)** | **%** |
| တည်ဆောက်ရေး | ၅၄.၂၆၈ | ၅၄.၂ | ၄၈ |
| သောက်သုံးရေရရှိရေး | ၈.၄၁၂ | ၈.၆ | ၈ |
| လျှပ်စစ်မီး | ၄.၁၅၁ | ၄.၂ | ၄ |
| စိုက်ပျိုးရေး | ၂.၅၈၇ | ၂.၅ | ၂ |
| ကျေးလက်ဖွံ့ဖြိုးရေး | ၇.၅၁၀ | ၇.၄ | ၇ |
| ပြည်နယ်အစိုးရရုံး | ၇.၇၃၃ | ၇.၆ | ၇ |
| အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၁.၆၂၂ | ၁.၆ | ၁ |
| တရားစီရင်ရေးဌာန | ၄၁၂ | ၀.၄ | (< ၁) |
| လွှတ်တော် | ၁.၃၅၅ | ၁.၃ | ၁ |
| ပြည်နယ်စာရင်းစစ် | ၂၁၈ | ၀.၂ | (< ၁) |
| မီးသတ် | ၂.၅၅၅ | ၂.၅ | ၂ |
| စည်ပင်သာယာရေး | ၁၁.၃၇၅ | ၁၁.၁ | ၁၀ |
| နယ်စပ်ရေးရာ | ၂.၄၈၇ | ၂.၄ | ၂ |
| အခြေခံပညာရေး | ၃.၂၅၁ | ၃.၂ | ၃ |
| ကျန်းမာရေး | ၂.၀၅၈ | ၂.၀ | ၂ |
| အခြား | ၂.၈၀၂ | ၂.၇ | ၃ |
| **စုစုပေါင်း** | **၁၁၂.၇၉၇** | **၁၁၀.၅** | **၁၀၀%** |

**၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် အဓိကဖွံ့ဖြိုးရေးကဏ္ဍများအတွက်လျာထားချက်များ သတ်မှတ်ခြင်း**

၂၀၁၄ - ၂၀၁၅ ခုနှစ်၊ ပြည်နယ်စီမံကိန်းများ၏ ဖွံ့ဖြိုးရေးဦးစားပေးအချက်များမှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ ပညာရေး၊ ကျန်းမာရေး၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများ၊ ဆက်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းတို့တွင် တိုးတက်ရန်ဖြစ်သည်။

စိုက်ပျိုးရေးအတွက် အဆိုပြုချက်များတွင် စက်မှုလယ်ယာတိုးတက်ရေးနှင့် စိုက်ပျိုးနိုင်သော သီးနှံများ တိုးချဲ့ရေး တို့ဖြစ်ပါသည်။ ပြင်ညီမြေတွင် စိုက်ပျိုးရန် ဧက စုစုပေါင်း ၆၀၀ တိုးချဲ့ရန် စီစဉ်ထားရာ ဧက ၁၅၀ ကို အစိုးရ၊ ၃၅၀ ကို လယ်သမားများကိုယ်တိုင်နှင့် ကျန်ဧက ၁၀၀ ကို အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများက ဖော်ထုတ်ရမည် ဖြစ်သည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းအစီအစဉ်များတွင် မွေးမြူနိုင်သော အကောင်ရေတိုးတက်မြင့်မားခြင်းနှင့် အသားထုတ်လုပ်မှု တိုးတက်ခြင်း၊ ငါးမွေးကန်မြေနေရာကို ဧက ၃၀၀ ခန့်အထိ တိုးချဲ့နိုင်ရေးတို့ ပါဝင်ပါသည်။

သစ်တောကဏ္ဍအတွက် အဆိုပြုသောအသုံးစရိတ်များတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများကို ဖွံ့ဖြိုးစေလျှက် သစ်ခွဲသားနှင့် ပရိဘောဂပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းဖြင့် သစ်အလုံးလိုက်ရောင်းချခြင်းမှ ကင်းဝေးရေး အစီအစဉ်များ ပါဝင်သည်။ ကြိုးဝိုင်းသစ်တောဧရိယာကို ၁၀၃ စတုရန်းမိုင် တိုးချဲ့ရန် ရည်ရွယ်ပြီး သစ်တော စိုက်ပျိုးရေးအတွက် မြန်မာကျပ်ငွေသန်းပေါင်း ၄၇.၅ သန်း (အမေရိကန်ဒေါ်လာ ၄၇၅၀၀ သန်း) အသုံးပြုပါမည်။

အသေးစားနှင့်အလတ်စားစက်မှုကဏ္ဍတွင် လက်ရှိ SMEs လုပ်ငန်းများ တိုးချဲ့ရေးနှင့် သွင်းကုန်ကို ဒေသထွက်ကုန်များနှင့် အစားထိုးနိုင်ရေးကို ဦးတည်ထားပါသည်။ ကျေးရွာနှင့် မြို့နယ်အဆင့်များတွင် စပါးနှင့်ဆီထွက်သီးနှံကြိတ်ခွဲရေးကဲ့သို့သော အခြေခံအစားအသောက် ပြုပြင်မွမ်းမံရေးလုပ်ငန်းကို တိုးချဲ့ရန် မျှော်မှန်းထားရာ စီမံကိန်းကာလအတွက် စက်မှုထုတ်ကုန်များ ၂၆.၃% တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။

တည်ဆောက်ရေးကဏ္ဍအတွက် စီမံကိန်းတွင် မြန်မာကျပ်ငွေသန်းပေါင်း ၃၃၉၀၈.၅ မီလျံ (အမေရိကန်ဒေါ်လာ ၃၃.၂၃ မီလျံ) အထိ တည်ဆောက်ရေးအတွက် အသုံးပြုမည်ဖြစ်ရာ ယခင်နှစ်ထက် ၃၄.၃% တိုးတက်လာပါသည်။

ထို့ပြင် အစိုးရအနေဖြင့် ဆက်သွယ်ရေးကဏ္ဍကို ဒေသချိတ်ဆက်မှုနှင့် ပညာရေး၊ ကျန်းမာရေး အစရှိသော လူမှုကဏ္ဍနှင့် စီးပွားရေးအတွက် အထောက်အကူပြုနိုင်သော အရေးကြီးသည့်ကဏ္ဍအဖြစ် ရှုမြင်ပါသည်။ သို့ဖြစ်ပါ၍ အော်တိုအိတ်ချိန်းနှင့် လိုင်းတိုရုံး အခု ၈၀ တိုးချဲ့တည်ဆောက်ရန် ရည်မှန်းထားပါသည်။စီမံကိန်းကာလအတွင်း မိုဘိုင်းဖုန်းအလုံးပေါင်း ၅၀၀၀၀ ခန့် အသုံးပြုနိုင်ရေးအတွက် မျှော်မှန်းထားပါသည်။ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ မြန်မာကျပ်ငွေသန်းပေါင်း ၄၇၉၁.၃ မီလျံ (အမေရိကန်ဒေါ်လာ ၄.၇ သန်း) ဖြစ်သည်။

## လူမှုရေးကဏ္ဍ

ပြည်နယ်၏ စီမံကိန်းတွင် လူမှုရေးကဏ္ဍ၏ အရေးပါမှုကို အသိအမှတ်ပြု၍ သမ္မတကြီး ညွှန်းဆိုသော "လူထုဗဟိုပြု" ချဉ်းကပ်နည်းကို စီမံကိန်းရေးဆွဲခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ထည့်သွင်း အသုံးချထားပါသည်။ ဤနည်းအားဖြင့် အောက်ပါ ပညာရေးနှင့် ကျန်းမာရေးအတွက် ဦးစားပေးအရာများကို သတ်မှတ်ထားပါသည်။

ပညာရေးကဏ္ဍအတွက် အစိုးရ၏ အစီအစဉ်မှာ (က) ကလေးသူငယ်များအားလုံး ပညာသင်ကြားခွင့်ရှိရေး၊ (ခ) ချင်းပြည်နယ်တွင် ပညာရေးအရည်အသွေးပိုင်း တိုးတက်မြင့်မားမှု၏ အရေးပါချက်၊ (ဂ) မူလတန်းပညာရေးမှ တက္ကသိုလ်အထိ မသင်မနေရပညာရေးစနစ်ကို ပြဌာန်းပေးရေးနှင့် ထိုစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ရေး၊ (ဃ) အမျိုးသားသွေးစည်းညီညွတ်ရေးအတွက် ပညာရေးကို နည်းလမ်းတစ်ခုအဖြစ် အသုံးချရန်၊ (င) ပညာရေးစနစ်သည် ဒေသဖွံ့ဖြိုးရေးအတွက် ပင်မအချက်ဖြစ်ရေးတို့ ဖြစ်ပါသည်။

ထို့အတွက် (က) ပညာရေးအခြေခံအဆောက်အအုံများ တိုးတက်မြင့်မားရန်၊ (ခ) အခြေခံမူလတန်းအဆင့်တွင် စာအုပ်များ အခမဲ့ ဖြန့်ဝေပေးရန်၊ (ဂ) လူတိုင်းအတွက် အခြေခံပညာရေး၊ (ဃ) မူကြိုမှသည် အထက်တန်းပညာရေးအထိ အဆင့်အားလုံး မြင့်တင်ရန်၊ (င) သင်ကြားရေးဝန်ထမ်းများ လစ်လပ်နေမှုနေရာတွင် ပြင်ပသင်ကြားရေးနှင့် အုပ်ချုပ်ရေးဝန်ထမ်းများဖြင့် အစားထိုးခန့်ထားရန်၊ (စ) ဆရာ၊ ဆရာမများ၏ အရည်အချင်းနှင့် သင်ကြားရေး လိုအပ်ချက် ကိုက်ညီမှုရှိရန်တို့အတွက် ရည်မှန်းချက်ချထား ဆောင်ရွက်ပါမည်။ စီမံကိန်းအရ ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် ပြည်ထောင်စုအဆင့်၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် ဟားခါးရှိ အစိုးရနည်းပညာကောလိပ်ကို ပံ့ပိုးပေးမည်ဖြစ်ပြီး (က) သင်ထောက်ကူပစ္စည်းများ၊ (ခ) ကျောင်းကားများအတွက် အကူအညီ၊ (ဂ) အင်ဂျင်နီယာ သင်ရိုးစာအုပ်များ၊ (ဃ) ကွန်ပြူတာနှင့် သုတေသနပစ္စည်းများ၊ (င) စာသင်ခန်းများ၊ (စ) ကျောင်းသားဘော်ဒါဆောင်နှင့် ဝန်ထမ်းတို့ နေထိုင်ရေး၊ (ဆ) ပညာသင်ဆုပေးရေး၊ (ဇ)စာကြည့်တိုက် အဆောက်အအုံနှင့် (ဈ) အားကစား

ထောက်ကူပစ္စည်းများအတွက် နိုင်ငံခြားအကူအညီဖြင့် ဆောင်ရွက်ပါမည်။၂၀၁၄ - ၂၀၁၅ ခုနှစ်တွင်အခြေခံမူလတန်း ပညာသင်ကြားမှု မြင့်မားရန် မြန်မာကျပ်ငွေသန်းပေါင်း ၃၂၄ သန်း (အမေရိကန် ဒေါ်လာ ၃၁၇၅၂၀) ကျခံသုံးစွဲမည် ဖြစ်ပြီး မူလန်းတန်းကျောင်းအသစ် ၄၃ ကျောင်း တည်ဆောက်ရေးအတွက် မြန်မာကျပ်ငွေသန်းပေါင်း၂၁၄၆ သန်း (အမေရိကန်ဒေါ်လာ ၂.၁ မီလျံ) အသုံးပြုပါမည်။

ထို့ပြင် ကျန်းမာရေးကဏ္ဍအတွက် အစိုးရ၏ အစီအစဉ်တွင် အောက်ပါ မူဝါဒပိုင်းဆိုင်ရာ ရည်ရွယ်ချက်များ ထည့်သွင်းထားပါသည်။ (က) ရောဂါဖြစ်ပွားရသည့် အခြေခံပြဿနာများနှင့် သေဆုံးမှုကို လျှော့ချရန်၊ (ခ) လူထုကျန်းမာရေး အသိပညာ မြင့်မားရန်၊ (ဂ) ငါးနှစ်အောက်ကလေးများအတွက် ကျန်းမာရေးပြုစု စောင့်ရှောက်မှု တိုးချဲ့ရန်နှင့် (ဃ) ဝန်ထမ်းတို့၏ ဆောင်ရွက်နိုင်စွမ်းမြှင့်တင်ရန်တို့ ဖြစ်ပါသည်။ ထိုလိုအပ်ချက်များ ပြည့်စုံရန်အတွက် (က) ဆရာဝန်များ ပိုမိုခန့်ထားရေး၊ (ခ) ကုန်ကျစရိတ်သက်သာစေသော ကျန်းမာရေးပြုစုစောင့်ရှောက် ကာကွယ်သည့် နည်းလမ်းများနှင့် မိတ်ဆက်ပေးရေး၊ (ဂ) မိခင်သေဆုံးမှုနှုန်း လျှော့ချရေးနှင့် (ဃ) မြို့ပြနှင့် ကျေးလက် ကျန်းမာရေးအခြေအနေ ကွာဟမှု များပြားလာခြင်းကို တုန့်ပြန်ဆောင်ရွက်ပေးရေးတို့အတွက် ရည်ရွယ် လုပ်ဆောင်ပါမည်။

ထို့ကြောင့် ၂၀၁၄ - ၂၀၁၅ ခုနှစ် စီမံကိန်းတွင် (က) ကျေးလက်ကျန်းမာရေးဆေးခန်းများ တိုးချဲ့ဆောက်ထားရေး၊ (ခ) ဖလမ်းမြို့နယ်တွင် မူကြိုကျောင်းတစ်ခု ဆောက်ထားရေး၊ (ဂ) ဆေးဝါးနှင့်ကိရိယာများ ဝယ်ယူနိုင်ရေး၊ (ဃ) ကာကွယ်ဆေးများ သိုလှောင်ရာတွင် ဆိုလာစွမ်းအင်အသုံးပြုရေး၊ (င) အာဟာရဆိုင်ရာသုတေသနပြုလုပ်ရေးတို့ ပါဝင်ပါသည်။ ဆေးဝါးရရှိမှု၊ မျိုးပွားကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးနှင့် ကျန်းမာရေး ကဏ္ဍ လေ့လာစောင့်ကြည့်ရေးလုပ်ငန်းတို့တွင် နိုင်ငံခြားအကူအညီဖြင့် ဆောင်ရွက်ပါမည်။

သောက်ရေရရှိမှုစီမံကိန်းတွင် မြို့ပြဧရိယာများစွာနှင့် ထပ်တိုးကျေးရွာ ၃၅ ရွာတွင် ရေရရှိမှု တိုးတက်ရန် စီမံဆောင်ရွက်ပါမည်။ ထို့ပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားရေးရာဌာနသည် ယခုနှစ်ကာလအတွင်း အဆိုပါရေရရှိရေး စီမံကိန်းအတွက် မြန်မာကျပ်ငွေသန်းပေါင်း ၂၂၅ သန်း (အမေရိကန်ဒေါ်လာ ၂၉၆၀၀) ကျခံသုံးစွဲပါမည်။

လူမှုဖူလုံရေးနှင့် လူမှုကာကွယ်ရေးစီမံကိန်းတွင် (က) နိုင်ငံသားကောင်းများအနေဖြင့် အမျိုးသားမှတ်ပုံတင်ကဒ် ရရှိနိုင်ခွင့်ရှိရေး၊ (ခ) အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် အလုပ်အကိုင်ရရှိမှု တိုးတက်ရေး၊ (ဂ) အငြိမ်းစား ယူပြီးနောက် အသက်မွေးဝမ်းကျောင်းအထောက်အပံ့ရရှိရေးနှင့် (ဃ) သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ဖြစ်ပွားပြီးနောက် အကူအညီရရှိရေးတို့ ပါဝင်ပါသည်။

ဆက်သွယ်ရေးကဏ္ဍအတွက် စီမံကိန်းတွင် (က) မိုဘိုင်းဖုန်းဖြင့် ဆက်သွယ်နိုင်သည့် ဧရိယာတိုးချဲ့ခြင်း၊ (ခ) ပြည်ထောင်စုအစိုးရ၏ အကူအညီဖြင့် နည်းပညာဗဟိုဌာန ထူထောင်ရေး၊ (ဂ) အကယ်၍ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့လျှင် ကြိုးမဲ့စနစ်ဖြင့် ဆက်သွယ်နိုင်ရေးနှင့် (ဃ) ဟားခါးမြို့တွင် ဝန်ထမ်းလေ့ကျင့်ရေးကျောင်း ထူထောင်ပေးရေးတို့ကို အဆိုပြုထားပါသည်။.


ခရီးသွားလာရေးကဏ္ဍအတွက်မှ အစိုးရသည် ပုဂ္ဂလိကကဏ္ဍကို လိုအပ်သော တည်းခိုခန်းများ ဆောက်လုပ်ထားရန် တိုက်တွန်းနှိုးဆော်သင့်ပါသည်။ မကြာသော အနာဂတ်ကာလအတွင်း ချင်းယဉ်ကျေးမှုပြတိုက် ပေါ်ပေါက်လာရေးအတွက်လည်း ဘဏ္ဍာရေးအားဖြင့် ပံ့ပိုးပေးသင့်ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေး- ဆင်းရဲနွမ်းပါးမှု လျှော့ချရေး - ဆင်းရဲနွမ်းပါးလျှော့ချရန်ပုံငွေ**

အစိုးရသည် ဆင်းရဲနွမ်းပါးမှုနှုန်းကို ၇၃.၃% မှ ၂၆.၇% သို့ ၂၀၁၅ - ၂၀၁၆ ခုနှစ်တွင် လျှော့ချနိုင်ရန် ရည်မှန်းချက်ထားရှိပါသည်။ ထိုရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်နိုင်ရန် ကော်မတီ (၈) ခု ဖွဲ့စည်းထားပါသည်။ ၎င်းတို့သည် (က) စိုက်ပျိုးရေးအတွက် ရေရရှိမှု တိုးချဲ့ရေး၊ (ခ) အရည်အသွေးပြည့်ဝသော မျိုးစေ့ကောင်းများ ဖြန့်ဝေရေး၊ (ဂ) လယ်ယာစံပြစိုက်ကွက်များ၊ (ဃ) လယ်သမားအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ (င) စိုက်ပျိုးရေးထုတ်ကုန်များဖြင့်

တန်ဖိုးမြင့်ထွက်ကုန် ထုတ်လုပ်ရေး၊ (စ) ဈေးကွက်သတင်းအချက်အလက်စနစ် နှင့် (ဆ) စိုက်ပျိုးရေးထွက်ကုန် ပြုပြင်မွမ်းမံရေးအတွက် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ပေါ်ပေါက်ရေးတို့ကို ဦးတည်ဆောင်ရွက်ပါမည်။ ထို့ပြင် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် အဖွဲ့များဖွဲ့စည်းခြင်း၊ ပူးပေါင်းမွေးမြူခြင်း၊ တိရစ္ဆာန်အစာစပ်ခြင်းနှင့် ရောဂါထိန်းချုပ်ရေးအတွက် နည်းပညာအကူအညီနှင့် ကျွဲ၊ နွား အထီး၊ အမ မျိုးကောင်းများ ဖြန့်ဝေပေးခြင်း တို့ကို အလေးထားဆောင်ရွက်ပါမည်။ ဆင်းရဲနွမ်းပါးလျှော့ချရေး ရန်ပုံငွေဖြင့် လယ်ထွန်စက် ၄၁ စီး ဝယ်ယူထားပြီး အိန္ဒိယနှင့် တရုတ်အစိုးရတို့ကလည်း လယ်ထွန်စက်နှင့်အခြားသော စက်ကိရိယာများ ထပ်မံပံ့ပိုးပေးပါသည်။

## နောက်ဆက်တွဲ (၃) - မြို့နယ်ကော်မတီ ဖွဲ့စည်းပုံ




Sources: Presidential Decree no. 27/2013, 26 February 2013; Municipal by-laws of Mon and Chin State; Field work in Chin and Mon State.